www.burmeseclassic.com

# သီဟအောင်

## ကြယ်တံခွန်ဂိုဏ်း




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၁၁၅ / ၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၀၅ / ၂၀၀၃ (၄)

ပထမအကြိမ်၊ ၂၀၀၃-ခုနှစ်၊ မေလ
အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးဇော်နိုင်(ရွှေတော်သီစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

❀

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ဓမာသီလမ်း
မြောက်ဥက္ကလာမြို့နယ်၊ ရန်ကုန်မြို့။

❀

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း (မိုးဝအော့ဖ်ဆက်)
အမှတ် ၁၄၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်
# သိဟအောင်

# ကြယ်တံခွန်ဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com

# “ကြယ်တံခွန်ဂိုဏ်း”

ထင်းရှူးစားသောက်ဆိုင်။

စင်းလုံသည် ထင်းရှူးစားသောက်ဆိုင်သို့ ရောက်ရှိလာသောအခါ ဆိုင်ရှင်နှင့် ဆိုင်လုလင်များက ပျာပျာသလဲကြိုဆိုပြီး နေရာထိုင်ခင်းပေးကြသည်။ စားသောက်ဖွယ်ရာများ အကောင်းစားအရက်များဖြင့် တည်ခင်းဧည့်ခံကြလေသည်။

စင်းလုံသည် အပြာရောင်အဝတ်အစားများကို ခန္ဓာကိုယ်အချိုးအစားနှင့် လိုက်ဘက်ညီအောင် ချပ်ချပ်ရပ်ရပ်ဝတ်ဆင်၍ ဆံပင်များကိုလည်း သေသပ်စွာဖြီးသင်ထားပြီး တည်ကြည်သော မျက်နှာရှိသူ စာပေသမားတစ်ယောက်နှင့် တူသူဖြစ်ပါသည်။

ခါး၌ ဓားတစ်လက်ချိတ်ထား၍ သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေရုံမျှသာရှိပြီး အခြားသော စား

www.burmeseclassic.com

www.burmeseclassic.com



သော်က်သူများနှင့် အခြားသော သူလိုငါလို သာမန်လူ တစ်
ယောက်သာ ဖြစ်ပါသည်။

စင်းလုံအား ဆိုင်ရှင်ကိုယ်တိုင်အရေးထား၍ ဧည့်ခံနေ
ခြင်းမှာ 'ကြယ်တံခွန်ဂိုဏ်း'ကြောင့် ဖြစ်သည်။

ကြယ်တံခွန်ဂိုဏ်းဆိုလျှင်....

အများအကျိုး၊ သိုင်းလောကအကျိုး စွမ်းစွမ်းတမံ
ဆောင်ရွက်နေသည့် အဖြူရောင် သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်း
ဖြစ်ကြောင်းလည်း လူသိနေလှအောင်း မြင်းဇောင်း
မကျန် အားလုံးသိကြလေသည်။

ထို့အပြင်....

သိုင်းလောကရှိ ထိပ်သီးသိုင်းဂိုဏ်းကြီးများ၏ ကြည်ညို
လေးစားမှုကို ခံယူရရှိထားသော ဂိုဏ်းတစ်ခုလည်းဖြစ်ရ
ကြယ်တံခွန်ဂိုဏ်းမှ ဌာနမှူးတစ်ယောက်ဖြစ်သော စင်းလုံ
အား အများက ကြည်ညိုလေးစားမှု ရှိနေသည်မှာ မဆန်း
တော့ပေ။

စင်းလုံသည် ကြယ်တံခွန်ဂိုဏ်းချုပ်၏အမိန့်ဖြင့် နယ်ခြား
တစ်နေရာ၌ သောင်းကျန်းနေသော လူဆိုးဓားပြများ သွား
ရောက်နှိမ်နင်းခဲ့ပြီး ကြယ်တံခွန်သို့ ပြန်လာခဲ့မှုင်း လမ်းချိုး
ခေတ္တအနားယူ စားသောက်လိုက်ခြင်း ဖြစ်သည်။

ဆိုင်ရှင်နှင့် ဆိုင်လုပ်လက်များသည် သူ့အားသိရှိနေကြ
ဧည့်ဝတ်ပျူငှာမှုကြောင့် စင်းလုံ ကျေနပ်သွားသည်။



"ကျုပ်က နေရာအနှံ့အပြားကို ရောက်ခဲ့ဖူးမယ့် ခင်ဗျား
တို့ဆိုင်က ဟင်းလျာတွေလောက် ခံတွင်းမတွေ့ဖူးဘူး။ ခုမှပဲ
စားရသောက်ရတာကို ကျေနပ်မှုရတော့တယ်"

ဆိုင်ရှင်အား ချီးကျူးစကားဆိုလိုက်လေသည်။

စင်းလုံကဲ့သို့ ထင်ရှားသော ဌာနမှူး တစ်ယောက်၏
ချီးမွမ်းခြင်း ခံလိုက်ရသဖြင့် ဆိုင်ရှင်၏မျက်နှာ ပြုံးဖြီးဖြီးဖြစ်
သွားပါတော့သည်။

"ဆရာစင်းလုံတို့ ကြယ်တံခွန်ဂိုဏ်းအတွက်ဆိုရင် ကျုပ်
တို့စားသောက်ဆိုင်ဟာ အချိန်မရွေး တံခါးဖွင့်ထားပါတယ်
ဗျာ၊ စားစရာ သောက်စရာတွေကို အကောင်းဆုံးက်လက်ရာ
ဖြစ်အောင် အစွမ်းကုန်ကြိုးစားပြီး ဧည့်ဝတ်ပြုသွားမှာပါ၊
ဆရာစင်းလုံ နယ်ခြားဒေသဘက်ကို ခရီးထွက်သွားတာ
အတော်ကြာပြီနော်"

စင်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သွားတုန်းကတော့ ဂိုဏ်းချုပ်အမိန့်နဲ့
လူဆိုးကြီး တစ်ယောက်ကို နှိမ်နင်းဖို့ပဲ၊ နယ်ခြားကိုရောက်
တော့ အခြားဆိုးသွမ်း သောင်းကျန်းနေသူတွေကိုပါ တွေ့
ရတော့ မထူးပါဘူးဆိုပြီး တစ်လက်စတည်းဆုံးမနေတော့
အချိန်ကြာသွားတာ"

"အင်း.... ကြယ်တံခွန်ဂိုဏ်းကတော့ အများပြည်သူ
အတွက် တကယ့်ကို အားကိုးအားထားရလောက်ပါပေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါထက် ပြောရဦးမယ်၊ ကြယ်တံခွန်ဂိုဏ်းကို ဒုက္ခပေးဖို့ကြံစည်နေသူတွေ ရှိနေတယ်လို့ သတင်းကြားမိတယ်ဗျ"

ဆိုင်ရှင်စကားကြောင့် စင်းလုံ ပြုံးလိုက်လေသည်။

"ကြယ်တံခွန်ဂိုဏ်းကို သူခကောင်းတွေက ချစ်ခင်လေးစားပြီး လူဆိုးတွေက မုန်းတီးနေကြတာ မဆန်းပါဘူးဗျာ၊ ချီးကျူးတဲ့လူရှိသလို အကောက်ကြံမယ့်လူလဲ ရှိနေကြမှာပဲ မဟုတ်လား"

လောက၏ သဘာဝတရားကို နားလည်ထားဟန်ဖြင့် ပြောသည်ကို ဆိုင်ရှင်က ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သော်လည်း တစ်စုံတစ်ခု ပြောလိုဟန် ရှိနေပါသည်။

သို့သော် ပြောမထွက်သည့်အလား ပင့်သက်ရှိုက်ကာ စိတ်လျှော့လိုက်လေသည်။

"ကျုပ်မှာ တခြားအလုပ်ကလေးတွေ ရှိနေသေးလို့ ခွင့်ပြုပါဦး ဆရာစင်းလုံ၊ လိုတာရှိရင် အားမနာပါနဲ့"

"အို...ကိစ္စမရှိဘူး၊ ဘာမှမသိုအပ်တော့ပါဘူး၊ ကျုပ်ကြောင့် အနှောင့်အယှက် ဖြစ်နေပါမယ်၊ လုပ်စရာရှိတာ သွားလုပ်ပါ"

"ကောင်းပါပြီဗျာ"

ဆိုင်ရှင်သည် စင်းလုံအား ခွင့်တောင်းပြီး ထွက်သွားသလို စင်းလုံကလည်း မြိန်ရည်ယှက်ရည် စားသောက်လိုက်လေတော့သည်။



စင်းလုံးသည် စားသောက်ပြီးစီးသွားလျှင် ဆိုင်ရှင်နှင့် ဆိုင်လုလင်များအားနှုတ်ဆက်ကာ ထမင်းရှုံးစားသောက်ဆိုင်မှ ထွက်ခွာသွားလေသည်။

သူသည် ကြယ်တံခွန်ဂိုဏ်းသို့ မရောက်မချင်း ရပ်နားမည် မဟုတ်ဘဲ ခရီးပြင်းနှင်တော့မည် ဖြစ်လေသည်။

ဆိုင်ရှင်သည် ဆိုင်ထဲမှထွက်သွားသော စင်းလုံ၏ ကျောပြင်ကို ငေးကြည့်ရင်း ပင့်သက်ရှိုက်လိုက်မိသည်။

သူသိထားသော အကြောင်းအရာတချို့ကို ပြောမပြဖြစ်လိုက်သည့်အတွက် စိတ်မကောင်း ဖြစ်နေသည်။

ကြယ်တံခွန်ဂိုဏ်းအပါအဝင် ထိပ်သီးသိုင်းဂိုဏ်းကြီးများ အဖြူရောင် သိုင်းသမားများက ဒုစရိုက်သမားများအား နှိမ်နင်းကာ တရားဥပဒေစိုးမိုးရေးအတွက် ကူညီဆောင်ရွက်နေသည့်ကြားမှ အနက်ရောင် သိုင်းအဖွဲ့အစည်း တစ်ခုက ခေါင်းထောင်လာသည်။

ထိုအဖွဲ့အစည်းသည် ကြေးစား လူသတ်သမားများနှင့် ဖွဲ့စည်းထားပြီး လူသတ်လုပ်ကြံမှုများကို ပိပိရိရိလုပ်ကိုင်နေကြသည်။

ကြယ်တံခွန်ဂိုဏ်းအား ထိုကြေးစားများက ဒုက္ခပေးလိမ့်မည်ဟုလည်း သတင်းများ ဖြစ်ပေါ်နေသည်။

ဆိုင်ရှင်သည် သူကြားသိလာသော သတင်းကို ပြောပြလိုသော်လည်း သူပြော ငါပြောဖြင့် စစ်ခဲ့ရသော သတင်းဖြစ်၍ သက်သေအထောက်အထားမပြနိုင်သဖြင့် ပြောမဖြစ်တော့ဘဲ ရေငုံနှုတ်ပိတ်နေလိုက်ခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ ယိုင်တန်း သိင်းဘွာမားကြီး တစ်ယောက်ပါ၊ မကြာခင်ကြယ်တံခွန်ဂိုဏ်းကို ဒုက္ခပေးမယ့် ကြေးစားတွေရဲ့ အကြောင်းကို သိထားမှာပါလေ"

တီးတိုးခေါ့ရှတ်ရင်း ကိုယ့်ကိုယ်ကို နှစ်သိမ့်လိုက်လေတော့သည်။

အကယ်၍ ဆိုင်ရှင်ကသာ သူသိထားသောသတင်း ခိုင်လုံသည် မဟုတ်ခဲ့သည်အပထား စင်းလုံကိုသာ ပြောပြဖြစ်ခဲ့မည်ဆိုပါလျှင်....။

❁

ထင်းရှူးတောသောက်ဆိုင်သည် အနောက်ဘက် အတော်ဝေးဝေး၌ ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

စင်းလုံသည် လမ်းမကြီးမှ ဖယ်ခွာကာ သမ်းကြားတစ်ခုအတွင်းသို့ မျှော်ဝင်လိုက်စဉ် အသက်ဆယ်နှစ်ခန့်ရှိ ကောင်မလေးတစ်ယောက်က သူ့ထံပြေးလာနေသည်ကို တွေ့လိုက်ရလေသည်။



ထိုကောင်လေးသည် အရိုးပေါ်အရေတင် ပိန်ချုံးနေပြီး ချေးညှော်အလိမ်းလိမ်းဖြင့် ညစ်ထေးနေသော အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

အနေအထားမြင်ရုံ လမ်းပေါ်၌ ကျင်လည်ကာ တောင်းရမ်းစားသောက်နေသူတစ်ယောက် ဖြစ်ပုံရပါတော့သည်။

စင်းလုံ၏ ရှေ့သို့ ရောက်လာလျှင် လက်ဝါးနှစ်ဖက်ဖြန့်ကာ....

"ဦးလေး....ထမင်းဖိုးလေး တစ်ပြားတစ်ချပ် စွန့်ကြဲပါခင်ဗျာ"

မျက်နှာငယ်လေးဖြင့် သနားစဖွယ် တောင်းရမ်းလာလေသည်။

စင်းလုံ ခြေလှမ်းရပ်သွားသည်။

ကောင်လေးအား ကရုဏာသက်ကြသည့် အကြည့်ဖြင့် တစ်ချက်ကြည့်ပြီး မေးလိုက်သည်။

"နေ့လွန်းတည့်တော့မယ်၊ မင်း ထမင်းမစားရသေးဘူးလား"

"ဟုတ်....ဟုတ်ကဲ့"

"နှကွာပါလား"

စင်းလုံက ညည်းတွားရင်း ငွေစအချို့ ထုတ်ပေးလိုက်သည်။

"ငါက တောင်းရမ်းစားသောက်တဲ့ အလုပ်ကိုအားပေးတော့မှ အားမပေးဘူး၊ ဒါပေမယ့် မင်း ငိုက်ဆာနေပြီဆိုတော့လဲ ဒီငွေစကိုယူပြီး တစ်ခုခုစားပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျေး....ကျေးဇူးပါပဲ ခင်ဗျာ"

ကောင်လေးသည် အလွန်ဝမ်းသာသွားဟန်ရှိသေသည်။

အသံတုန်တုန်လေးဖြင့်ပြောရင်း လက်နှစ်ဖက်ဖြင့် ရိုရို သေသေယူလေသည်။

သို့သော် သူ၏လက်များလည်း တုန်ယင်နေသည် ဖြစ်ရာ ကား....

"ဒေါက်"

စင်းလုံးပေးသည့် ငွေစများမှာ လမ်းပေါ်လွတ်ကျသွား တော့သည်။

"ဟင်"

ကောင်လေးသည် အပြစ်တင်ခံရမည်ကို ကြောက်ရွံ့သည့် သဘောဖြင့် ကပျာကယာ နောက်ဆုတ်ကာ စင်းလုံးအား မျက်လုံးအဝိုင်းသားဖြင့် ကြည့်လိုက်လေသည်။

စင်းလုံး မခိုးတွန့်လိုက်သည်။

"မကြောက်ပါနဲ့ကွာ၊ မင်းကို ငါ ဘာမှ မလုပ်ပါဘူး"

ကိုယ်တိုင်ပင် မြေပေါ်ကျနေသော ငွေစကလေးများကို ကောက်ယူလိုက်၏။

လမ်းပေါ်၌ ချိုင့်ကျင်းများရှိနေသကဲ့သို့ ကျောက်တုံး ကျောက်ခဲများရှိနေပါသည်။

စင်းလုံးက ငွေစများကို ကုန်း၍ကောက်ယူလိုက်ချိန်မှာ ပင် ကောင်လေးသည် စင်းလုံးအား မျက်ခြည်မပြတ် ကြည့် နေပြီး....

ရုတ်တရက်....



ကျောက်ခဲတစ်လုံးအား ခြေထောက်ဖြင့် ကန်ကျောက် ဖစ်လိုက်လေသည်။

"ဗွီး"

ကောင်လေးကန်ထုတ်လိုက်သည့် အရှိန်ဖြင့် ကျောက်ခဲ မှာ စင်းလုံး၏ မျက်နှာတည့်တည့်သို့ လွင့်စဉ်လာလေတော့ သည်။

"ဟာ"

မမျှော်လင့်သောဖြစ်ရပ်ကြောင့် စင်းလုံး အံ့ဩထိတ်လန့် သွားလေသည်။

ရှောင်တိမ်းဖို့အချိန်မရတော့သဖြင့် မျက်နှာတည့်တည့်သို့ ဖစ်လွင့်လာသော ကျောက်တုံးလေးကို လက်တစ်ဖက်ဖြင့် ကပျာကယာ ဖမ်းထားလိုက်လေသည်။

လက်တစ်ဖက်က မြေပေါ်မှငွေစများကောက်ယူနေသလို ကျန်လက်တစ်ဖက်က ကျောက်တုံးလေးအား ဖမ်းဆီးလိုက် သဖြင့် လက်နှစ်ဖက်စလုံး မအားမလပ် ဖြစ်သွားသည့် တစ်ဒင်္ဂ အချိန်လေးအတွင်းမှာပင် လမ်းဘေးရှိသစ်ပင်ကြီး ဟပင်ပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာကာ တိုက်ခိုက် လာပြန်လေတော့သည်။

အတွေ့အကြုံ ရင့်ကျက်သည့် စင်းလုံးသည် တစ်စုံတစ် ယောက်က တောင်းရမ်းစားသောက်သော ကောင်လေးဖြင့် ဘောင်ချောက်ဆင်ကာ သူ့အား လုပ်ကြံဖို့ ကြံစည်နေ ကြောင်း နားလည်သဘောပေါက်လိုက်လေသည်။

ထို့အပြင်....

www.burmeseclassic.com

www.burmeseclassic.com



အမှုမဲ့အမှတ်မဲ့ ဖြစ်သွားရသည့် တဒင်္ဂအချိန်လေးမှာ အသက်အန္တရာယ်ရှိနေသဖြင့် ခုခံရန်အချိန်မရတော့ဘဲ မြေပေါ်လှဲချကာ သုံးလေးပတ်လှိမ့်၍ ရှောင်တိမ်းလိုက်ရလေသည်။

“ယား”

သစ်ပင်ပေါ်မှခုန်ဆင်းလာသူသည် အသံပေးကာ ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်လေသည်။

သူ၏ ဓားချက်များသည် ပြင်းထန်သော်လည်း အစီအစဉ်အကျမရှိဘဲ ဖြစ်သလိုတိုက်ခိုက်ပုံမျိုးနှင့်တူနေ၏။

တောင်းရမ်းခဲ့သော ကောင်လေးကလည်း ပြေးလိုက်လာပါသည်။

စင်းလုံ ဒေါပွသွားလေသည်။

“မင်းတို့ဘယ်သူတွေလဲ၊ဘာကြောင့် ကျုပ်ကိုအကောက်ကြံချင်ရတာလဲ၊ ကျုပ်က သည်းခံနေမှာမဟုတ်ဘူး”

အော်ဟစ်ရင်း မြေပေါ်မှ လျှပ်တစ်ပြက် ခုန်ထကာ ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်လေသည်။

“ဝုန်း....ဝုန်း”

သစ်ပင်ပေါ်မှ ခုန်ဆင်းလာသူကော တောင်းရမ်းသည့်ကောင်လေးပါ စင်းလုံ၏ ခြေထောက်ကန်ချက်မိကာ လွင့်စဉ်သွား၏။

ထိုင်တန်းသိုင်းပညာရှိပြီး အတွေ့အကြုံ ရင့်ကျက်သော စင်းလုံက ချက်ချင်းအခြေပေါ်စီးပြန်လည်ရရှိသွားခြင်း ဖြစ်လေသည်။



သစ်ပင်ပေါ်မှ ခုန်ဆင်းတိုက်ခိုက်လာသူမှာ ဓားရှင်ဓားသမား တစ်ယောက် မဟုတ်ဘဲ အသက်ဆယ့်ငါးနှစ်ခန့်ရှိ လူငယ်လေးတစ်ယောက် ဖြစ်လေသည်။

စင်းလုံ၏ကန်ချက်ကြောင့် နှစ်ယောက်သားလွင့်စဉ်သွားကြသော်လည်း ထွက်ပြေးရှောင်တိမ်းသွားခြင်းမပြုဘဲလူးလိမ့်ထကာ ထပ်မံတိုက်ခိုက်ရန် ကြိုးစားလာကြပြန်လေသည်။

စင်းလုံအတွက်ကား သူတို့၏တိုက်ခိုက်မှုသည် ကလေးကစားစရာပမာ ရှိနေပါတော့သည်။

“မင်းတို့ ဘာတတ်နိုင်မှာမို့လဲ”

စင်းလုံက မဲ့ပြုံးပြုံးကာပြောရင်း လက်နှစ်ဖက်ဆန့်ထုတ်ပြီး လူငယ်နှင့် ကောင်လေးတို့၏ လက်တစ်ဖက်စီကို ဖမ်းဆွဲ၍ လိမ်ချိုးထားလိုက်လေသည်။

“အား....”

“အမယ်လေး ...”

လူငယ်ကော ကောင်လေးပါ နာကျင်မှုကြောင့် ဒူးရှိုက် အော်ဟစ်လိုက်ကြလေသည်။

သူတို့၏မျက်နှာများ ရှုံ့မဲ့သွားသလို စင်းလုံ၏ဖမ်းချုပ်မှု ခံလိုက်ရလေသည်။

“ပြောစမ်း၊ မင်းတို့ဘယ်သူတွေလဲ၊ ဘာကြောင့် ငါ့ကို သတ်ကြံဖို့ကြိုးစားရတာလဲ”

ကောင်လေးကော လူငယ်ပါ အဖြေမပေးဘဲ ရုန်းကန်ကာ လွတ်လပ်နေသော လက်တစ်ဖက်စီဖြင့် တိုက်ခိုက်ရန် ကြိုးစားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှုငယ်က ဓားမြှောင်တစ်လက်ဆွဲထုတ်ကာ စင်းလုံး၏ဝမ်းဗိုက်ကို လက်ပြန်ထိုးစိုက်လိုက်သည်။

ကောင်လေးကလည်း မမီမကမ်းဖြင့် စင်းလုံး၏မျက်နှာကို ကုတ်ဆွဲလေသည်။

စင်းလုံး အော်ဩသွားသည်။

"မင်းတို့ ဘာကြောင့် ဒီလောက်တောင် သဲကြီးမဲကြီး ဖြစ်နေကြကာလဲ"

ကောင်လေးကောလှုငယ်ကပါ သူ၏စကားကိုအမှုမထားဘဲ ရှုန်းကန်ရင်း တိုက်ခိုက်ရန် ကြိုးစားနေကြသဖြင့်....

"သွားစမ်း"

စင်းလုံက ကောင်လေးကို တွန်းထုတ်ပစ်ကာ လှုငယ်လေးကို ပိုင်ပိုင်နိုင်နိုင် ဖမ်းချုပ်ထားလိုက်လေသည်။

ကောင်လေးသည် ပိန်ချည့်နဲ့နေသလို အသက်ငယ်လွန်းသဖြင့် လှုငယ်ကပိုအန္တရာယ်ပြုနိုင်မည်ဟုတွေးကာ ယင်းသို့ ပြုလုပ်လိုက်ခြင်းဖြစ်သည်။

ကောင်လေးမှာငယ်သော်လည်း အရွယ်နှင့်မလိုက်အောင် အန္တရာယ်ပေးမည့်သူ ဖြစ်နေသည်။

သူ၏အဖော်လှုငယ် လွတ်ကျခဲ့သော ဓားရှည်ကို ပြေး၍ ကောက်ယူလိုက်ပြီးလျှင်....

"သေပေတော့"

စင်းလုံထံ ပြေးဝင်လာလေသည်။

စင်းလုံ မဲ့ပြုံး ပြုံးလိုက်သည်။



"တော်တော်စွာတဲ့ကောင်လေးပါလား၊ မင်းဒီလောက် တောင် သွေးဆာနေရင်လဲ မင်းရဲ့အဖော်ကို အရင်ဆုံးမြည်း ကြည့်လိုက်ပေတော့"

အမင်အတိုက်သည့်ရဲ့ သဘောဖြင့် လှုငယ်ကို ချုပ်ကိုင် ...

သူ၏ရင်ဝရှေ့၌ ဒိုင်းသဖွယ်ကာရံရင်း ကောင်လေးထံသို့ ...ပေးလိုက်လေသည်။

ကောင်လေးက ဆက်၍တိုက်ခိုက်မည်ဆိုပါလျှင် လှုငယ် ကို ဦးစွာတိုက်ခိုက်မိလိမ့်မည်ဖြစ်ရာ အချင်းချင်းတိုက်ခိုက်ရ ...က်အောင် မိုက်မဲမည်မဟုတ်ဟု စင်းလုံး တွေးထားခြင်း ...လေသည်။

သို့သော် သူ၏အတွေး တကယ်တကယ်စင်အောင် မှားယွင်း ...ပါတော့သည်။

ကောင်လေးသည် ဘာကိုမျှအမှုမထားဘဲ ဓားရှည်ကို ...နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ရှေ့သို့ဝါးလုံးထိုး ထိုးသွင်း ...လျှင် သူသည် လှုငယ်ဝမ်းဗိုက်ကို ထိုးစိုက်ချမိလိုက် ...တော့သည်။

"အား...."

လှုငယ်မှာ ပြင်းထန်သောဝေဒနာကြောင့် ကြောက်ခမန်း ... အော်ဟစ်လိုက်လေသည်။

...င်းလုံသည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးသည် သူ၏ခေါင်းချက်က အဖော်လူငယ်အား ထိုးမိလိုက်သည့်တိုင် မည်သို့မျှခံစားရပုံမရှိဘဲ စင်းလုံးအား ဆက်လက်တိုက်ခိုက်ဖို့သာ ကြိုးစားနေသည်။

"ယား...."

ကြောင်လေးကာ မြေပေါ်ခြေထောက် ခုန်ပြီးလျှင် ခေါင်းရိုးကို ခြေအစုံဖြင့် တအားကန်ကျောက်ပစ်လိုက်လေသည်။

ခေါင်းသည် လူငယ်အား ထိုးဖောက်သွားသည့်အဖြင့် အနောက်ဆက်၌ရပ်နေသော စင်းလုံးကိုပင် ဝိုက်ဝင်သွားလေတော့သည်။

အလွန်ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှု ဖြစ်ပါတော့သည်။

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဤမျှ ရက်စက်ကြမ်းကြုတ်လိမ့်မည်ဟု ထင်စရာမရှိပေ။

အတွေ့အကြုံများလှသော စင်းလုံးသည်ပင်လူတစ်ယောက်အား လုပ်ကြံရန် ကောင်လေး၏ရက်စက်စွာ ကြိုးစားအားထုတ်ပုံမျိုး မကြုံဖူးခဲ့ပါ။

ရင်ဝ၌ပြင်းပြသောနာကျင်မှုကို ခံစားလိုက်ရသဖြင့်ကပျာကယာ နောက်သို့ခုန်ဆုတ်လိုက်သည်။

သူ၏အဝတ်အစားများ၌ သွေးခြင်းခြင်းနီရဲသွားသည်။

"ဝှန်း...."

သူ၏ရှေ့၌ ဒိုင်းသဖွယ် ကာရံထားခဲ့သော လူငယ်မှာ မြေပေါ်လဲကျသွားကာ တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်သွားသည်။



ကောင်လေးနှင့် စင်းလုံးတို့နှစ်ယောက်ကြား၌ အသအတား အဆီးမျှ မရှိတော့ဘဲ ရှင်းရှင်းလင်းလင်း ဖြစ်သွားသည်။

သို့သော်....

ဉာဏ်များပြီး ရက်စက်သော ကောင်လေးအား ဆုံးမနိုင်မည့် စင်းလုံးထံ၌ မရှိတော့ပါ။

"မင်း"

ကောင်လေးကို အော်ငေါက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် နှုတ်ခမ်းထောင့်မှသွေးများ ယိုစီးကျလာကာ....

"ဝေါ့.."

ပါးစပ်ထဲမှသွေးများ အန်ထွက်ရင်း မြေပေါ်သို့အိပ်ပြီ လဲကျသွားလေသည်။

ကောင်လေးက ထွက်မသွားသေးပါ။

ခံစားချက်ကင်းမဲ့သောအသွင်ဖြင့် စင်းလုံးအား ကြည့်နေပြီး စင်းလုံး သေဆုံးသွားပြီဖြစ်ကြောင်း သေချာတော့မှပဲ ဓားအနဲ့လှည့်ကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

လျှမ်းလျှမ်းတောက် ကျော်ကြားသည့် ကြယ်တံခွန်ဂိုဏ်းမှ အသည်ကြီး ဌာနမှူးတစ်ဦးဖြစ်သည့် စင်းလုံးမှာ အလွန်အောက်ကျစ်သောနည်းဖြင့် လုပ်ကြံခံခဲ့ရလေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

## "မိုးခါ"

ရောင်စုံပန်းများ ဝေဝေဆာဆာ ပွင့်ဖူးနေသည့် တောင်ကုန်းလေးပေါ်၌ ရှေးဟောင်း ဘုံကျောင်းလေးတစ်ခု ရှိနေပါသည်။

ထိုဘုံကျောင်းလေးသည်ဆိတ်ငြိမ်အေးချမ်းပြီးဆုတောင်းပြည့်သည်ဟု သတင်းကြီးရကား လာရောက်ဖူးမြော်လည်ပတ်သူများဖြင့် စည်ကားသိုက်မြိုက်နေတော့သည်။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော ကျူးရှိသည် ဘုံကျောင်းလေးသို့ ရောက်လာသည်။

အခြားသူများကဲ့သို့ ဘုံကျောင်း၌ ဝတ်ပြုရန်မဟုတ်ဘဲ အတစ်ယောက်နှင့် ချိန်းထား၍ လာခဲ့ခြင်းဖြစ်ပါသည်။

ကျူးရှိသည် ဘုံကျောင်းလေး၏ ဝဲဘက် ပန်းဥယျာဉ်အတွင်းမှ ရောက်လာသူများ အနားယူ အပန်းဖြေနိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ထားသော လေသာဆောင်လေးများဆီသို့လှည့်ရင်း....

တတိယလေသာဆောင်တွင် သူနှင့်ချိန်းထားသူက အရောက်နှင့်နေသည်ကို တွေ့ရှိသွားလေသည်။

"သူဌေးကြီးက အတော်ကို ဝီရိယကောင်းတာပဲ၊ ကျုပ်တို့နှစ်ယောက်ချိန်း ဆိုထားတဲ့အချိန်ကိုတွက်ကြည့်ရင် အနည်းဆုံး ထမင်းတစ်အိုးချက်အချိန်လောက်တော့ လိုဦးမယ်ဗျာ"

ကျုံးရှိ နှုတ်ခွန်းဆက်ပြောဆိုရင်း လေသာဆောင်လေးအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

လေသာဆောင်ထဲ၌ ရောက်နှင့်နေသူကား မြေလတ်ပိုင်းတစ်ခွင်မှ စီးပွားရေး လုပ်ငန်းပေါင်းများစွာကို ချုပ်ကိုင်ထားသော သူဌေးလောင်ကျုန်း ဖြစ်သည်။

လောင်ကျုန်းသည် ထိုင်ရာမှမထဘဲ ကျုံးရှိအား မျက်တောင်မခတ် အကဲခတ်ကြည့်နေ၏။

အဖိုးတန် ပိုးဖဲအင်္ကျီ ဝတ်ဆင်ထားပြီး မျက်နှာထားတင်းထင်းရှိလေသောကြောင့် ချမ်းသာကြွယ်ဝသည့် ဂုဏ်ရှိန်ဖြင့် အလွန်မာနကြီး ခက်ထန်သူဖြစ်ကြောင်း ပေါ်လွင်နေပါသည်။

ပြုံးရွှင်ရယ်မောနေသော ကျုံးရှိအား ကြည့်နေသောအကြည့်မှာ မနှစ်မြို့သောအကြည့် ဖြစ်လေသည်။

"ချိန်းထားတာ လွဲသွားမှာစိုးရိမ်လို့ တမင်စောပြီး လာတာ၊ ဒီလောက်လူစည်ကားတဲ့နေရာမှာ ကျုပ်ကိုတစ်ယောက်တည်းလာခဲ့ဖို့ ချိန်းလိုက်တာ မလွန်လွန်းဘူးလား"



သူ၏အသံကလည်း ဒေါသသံပါနေသည်။

ကျုံးရှိ ရယ်မောလိုက်ပြန်သည်။

"လက်စသတ်တော့ ဒီနေရာမှာ ချိန်းလိုက်တဲ့အတွက် သူဌေးကြီး မကျေမချမ်းဖြစ်နေတာကိုး"

သူဌေးကြီး လောင်ကျုန်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

"လောကပေါ်မှာ လျှို့ဝှက်ချက်ဆိုတာ မရှိနိုင်ပါဘူး၊ လျှို့ဝှက်လေလေ ပိုပြီး ပေါက်ကြားဖို့ လွယ်လေလေပါပဲ၊ လူသူဝေးတဲ့နေရာကို ချိန်းလိုက်ရင် ပိုပြီးတော့တောင် လူသိဖို့လွယ်ပါသေးတယ်၊ ဒီလိုနေရာမျိုးမှာတော့ ရှုတ်တရက် သတိထားမိကြမှာမဟုတ်လို့ တော်သေးတာပေါ့၊ သူဌေးကြီး စဉ်းစားကြည့်ပါ၊ လူတိုင်းသိကြတဲ့ သူဌေးကြီးတစ်ယောက် ဒီဘုံကျောင်းကိုလာတာ မဆန်းပေမယ့် လူမရှိ သူမရှိတဲ့နေရာကို တစ်ယောက်တည်းသွားရင် ဆန်းနေလိမ့်မယ်၊ ဘာသွားလုပ်တာလဲလို့ စိတ်ဝင်စားမယ့်လူတွေ ရှိလာလိမ့်မယ်"

သူဌေးကြီးလောင်ကျုန်း ခေါက်ငွေ့ ယမ်းလိုက်သည်။

"မင်းရဲ့ ခံယူချက် သဘောတရားတွေကို နားထောင်ဖို့ ကျုပ်လာခဲ့တာမဟုတ်ဘူး၊ ကျုပ်ခိုင်းထားတဲ့ကိစ္စ ဘယ်လိုအခြေအနေရှိသလဲဆိုတာ သိချင်လို့ လာခဲ့တာ"

တင်းမာသော မျက်နှာထားဖြင့် ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ကျုံးရှိ၏အသွင်သည် တည်ကြည် လေးနက်သည့် အမူအရာသို့ ပြောင်းလဲသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကြီး အချိန်မဖြုန်းချင်သလို ကျုပ်လဲ အချိန်မဖြုန်းနိုင်ပါဘူး၊ ကြယ်တံခွန်ဂိုဏ်းကို ဖျက်ဆီးပစ်ဖို့ ကျုပ်ကြိုးစားနေတာ အတော်ကလေး ခရီးရောက်နေပြီလို့ ပြောပါရစေ"

သူဌေးကြီးလောင်ကျွန်းက နှာခေါင်းရှုံ့လိုက်သည်။

"မင်းကသာ ခရီးရောက်နေပြီ ပြောတယ်၊ ကြယ်တံခွန်ဂိုဏ်းဟာသိုင်းလောကမှာ အောင်လံလွှင့်နေတုန်းပါပဲလား"

"ဂိုဏ်းချုပ်ကျင်းစန်းဖုံးနဲ့ သူ့ဇနီး လင်းလင်းတို့ကို ဟိုတစ်နေ့က ကျင်းပခဲ့တဲ့ ချန်နန်းမြို့တော်ရဲ့ မွေးနေ့ပွဲမှာတောင် တွေ့ခဲ့သေးတယ်၊ ပြုံးရွှင်ရယ်မောနေကြတာပဲ၊ ဘာမှ မဖြစ်သလိုဘဲ"

ကျူးရှီ ပြုံးလိုက်သည်။

"ဝါရင့် ဂိုဏ်းချုပ်ကြီးဆိုတော့လဲ ဟန်ဆောင်ကောင်းတာပေါ့ဗျာ၊ ကြယ်တံခွန်ဂိုဏ်းထဲမှာတော့ အတွင်းကျိတ်ပြီး စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်နေပါပြီ၊ ကျုပ်ရဲ့ ကောင်လေးတွေက ကြယ်တံခွန်ဂိုဏ်းချုပ်ရဲ့ အားထားရတဲ့ လူယုံတော်တွေကို လုပ်ကြံနေကြပါပြီ"

သူဌေးကြီး လောင်ကျွန်းသည် စိတ်မရှည်နိုင်တော့သည့်အသွင်ဖြင့် ကျောက်စားပွဲပေါ်သို့ ဖြန်းခနဲ မြည်အောင် လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ကျုပ်က ကြယ်တံခွန်ဂိုဏ်းချုပ်ကို လုပ်ကြံခိုင်းတာ မင်းဘာကြောင့် လျှောက်လုပ်နေတာလဲ"



သူ၏အသံကျယ်လောင်သွားသဖြင့် ကျူးရှီက နှုတ်ခမ်းရှေ့၌ လက်ညှိုးထောင်ကာ သတိပေးလိုက်လေသည်။

"သူဌေးကြီးရယ်....တိုးတိုးပြောစမ်းပါ၊ ဘာကြောင့်များဒီလောက်တောင် လောကြီးနေရတာလဲ၊ ဖြည်းဖြည်းပေါ့ဗျာ"

"သူဌေးကြီးခုလိုအောင်မြင်လာတာ စီးပွားရေးလုပ်ငန်းတွေ အမြတ်တွေ ချက်ချင်းရခဲ့လို့လား၊ ဒါမှမဟုတ် ရှင်းနှီးမြှုပ်နှံမှုတွေနဲ့ရတဲ့ အမြတ်ငွေတွေကို တိုးပွားအောင် လုပ်ခဲ့လို့လား"

"ဟော ....အပိုတွေပြောမနေနဲ့"

"ကျုပ်က သူဌေးကြီး သဘောပေါက်အောင် ရှင်းပြနေတာပါ၊ ကြယ်တံခွန်ဂိုဏ်းချုပ်ဟာ ထိပ်သီးသိုင်းသမားတစ်ယောက်ပါ၊ သူ့ကိုလုပ်ကြံဖို့မပြောနဲ့ သူ့အနီးကိုချဉ်းကပ်ဖို့ဆိုတာတောင် မလွယ်ပါဘူး"

သူဌေးကြီးလောင်ကျွန်းသည် ကျူးရှီအား ပို၍ သဘောမကျနိုင်အောင် ဖြစ်လာပုံရလေသည်။

"ဒါနဲ့ ကြေးစား လူသတ်သမားတွေထဲမှာ မင်းဟာအတော်ဆုံးလို့ သတင်းကြီးနေတာ ကျုပ် နားကြားမှားတာပဲ ဖြစ်လိမ့်မယ်"

"သူဌေးကြီး မမှားပါဘူး၊ ကျုပ်လောက် တော်တဲ့ ကြေးစား ဘယ်နေရာမှာမှ မရှိနိုင်ပါဘူး၊ သူဌေးကြီးအနေနဲ့ ကျုပ်ကို ငှားရမ်းလိုက်တာ အမှန်ကန်ဆုံးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းလောက်တော်တဲ့လူမရှိရင် ကြယ်တံခွန်ဂိုဏ်းချုပ်ကို လုပ်ကြံနိုင်ရမှာပေါ့"

ကျူးရှိကခပ်အေးအေးပင် ရှင်းပြလေသည်။

"ကျုပ်ပြောပြီးပါပြီ၊ သူဌေးကြီး စီးပွားရေးလုပ်သလိုပါပဲ၊ ကြယ်တံခွန်ဂိုဏ်းချုပ်ကို လုပ်ကြံနိုင်ဖို့ရာ သူ့ရဲ့ အနီးမှာ ခြံရံနေတဲ့ အားထားရတဲ့ ကိုယ်ရံတော်တွေကို အရင်ဆုံး ရှင်းပစ်ရပါလိမ့်မယ်၊ အကိုင်းအခက်တွေကို ခုတ်ထွင်ရှင်းလင်းပြီးမှ ပင်စည်ကိုလှဲတဲ့သဘောပါ၊ ကိုယ်ရံတော် ဌာနမှူးတွေကို လုပ်ကြံခံရအောကြောင့် ကြယ်တံခွန်ဂိုဏ်းဟာ တဖြည်းဖြည်း စိုးရိမ်ပူပန်လာပြီး ဗျာများလာပါလိမ့်မယ်၊ လူသတ်သမားကို ဖော်ထုတ်လို့ မရနိုင်ပါဘူး၊ ဒါဆိုရင် ဘယ်လိုဖြစ်လာမယ်လို့ သူဌေးကြီးထင်သလဲ"

သူဌေးကြီး လောင်ကျန်းသည် ကျူးရှိ၏ အမေးကို အဖြေမပေးနိုင်ဘဲ ဖြစ်သွားလေသည်။

ကျူးရှိကပင် ဆက်၍ ရှင်းပြလိုက်လေသည်။

"ကြယ်တံခွန်ဂိုဏ်းချုပ်ဟာ သိုင်းလောကမှာ အရှက်ရလာမယ်၊ ရန်သူကိုဖော်ထုတ်နိုင်အောင် ပိုပြီးကြိုးစားမယ်၊ ဒီလိုနဲ့ စိုးလာပြီး အမှားတွေ ပြုလုပ်လာလိမ့်မယ်၊ ကျုပ်အနေနဲ့ သူအမှားလုပ်လာတဲ့အချိန်အထိ ဘာကြောင့်စောင့်နိုင်ရမှာလဲ၊ သူအမှားလုပ်လာအောင် ဘာကြောင့် မဖန်တီးနိုင်ရမှာလဲ၊ အမှားလုပ်လိုက်ပြီဆိုတာနဲ့ ကြယ်တံခွန် ဂိုဏ်းချုပ်ဆိုတာ လောကပေါ်မှာရှိတော့မှာ မဟုတ်ပါဘူးဗျာ"



သူဌေးကြီးလောင်ကျန်း မျက်မှောင်ကြုတ်သွား လေသည်။

ကျူးရှိ၏ စကားမှာ ကျိုးကြောင်းညီညွတ်နေကြောင်း တွေ့မိ၏။

ထင်ရှားလှသော ကြယ်တံခွန်ဂိုဏ်းချုပ်အား လုပ်ကြံပစ်ဖို့ဆိုသည်မှာကား ငှက်ပျောသီး အခွံနွှာစားရသကဲ့သို့ လွယ်ကူမည်တော့ မဟုတ်ပါချေ။

'ကျုပ်ပြောတာ လက်ခံနိုင်တယ် မဟုတ်လားဗျာ"

ကျူးရှိက မေးလိုက်သောအခါ သူဌေးကြီးလောင်ကျန်း ပခုံးတစ်ချက်တွန့်ပြီး ပြန်လည်မေးခွန်းထုတ်လိုက်သည်။

'မင်းပြောတဲ့အတိုင်း လက်တွေ့ဖြစ်လာအောင် တကယ်လုပ်နိုင်လို့လား"

"စိတ်ချ၊ ကျုပ်က အတော်ဆုံးကြေးစားတစ်ယောက်ပဲ၊ ဘာကြောင့် မလုပ်နိုင်ရမှာလဲ"

သူဌေးကြီးလောင်ကျန်းသည် ကျူးရှိအား လက်ခံလိုက်လေသည်။

"ကောင်းပြီလေ၊ မင်း လုပ်စရာရှိတာ ဆက်လုပ်ပါ၊ ငွေရေးကြေးရေး ဘာမှမပူနဲ့၊ မင်း လိုသလောက် ကျုပ်ထုတ်ပေးမယ်၊ အချိန်တန်ပြီ ကြယ်တံခွန်ဂိုဏ်းချုပ်ကို လုပ်ကြံနိုင်ရင်ပြီးတာပဲ"

ကျူးရှိ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဗျာ၊ သိပ်အကြာကြီးမစောင့်ရပါဘူး၊ သူဌေးကြီးရဲ့ ဆန္ဒပြည့်ဝသွားမှာပါ၊ ကျုပ်ရဲ့ကောင်လေးတွေကလည်း အစွမ်းကုန်ကြိုးစားနေကြပါတယ်"

ထိုစဉ်....

လေသာဆောင်လေးအနီးသို့ သူတောင်းစားနှင့်တူသော ကောင်လေးတစ်ယောက် လာရပ်လေသည်။

ဌာနခွဲမှူးစင်းလိုအား လုပ်ကြံခဲ့သည့် ရက်စက်သော ကောင်လေးဖြစ်ပါသည်။

အရေးကြီးသောစကားများပြောနေချိန်ဝယ် လာရောက်တောင်းရမ်းသည်ဟု ယူဆသောသူဌေးကြီး လောင်ကျန်းက ငွေတုံးလေးတစ်တုံးထုတ်ကာ ပစ်ပေးလိုက်သည်။

"ဒီအနားက မြန်မြန်ထွက်သွား"

ဟုလည်း မောင်းထုတ်လိုက်လေသည်။

ကောင်လေးက ငွေတုံးလေးအားကောက်ယူခြင်းမပြုဘဲ ထွက်သွားခြင်းလည်းမရှိပါ။

သူဌေးကြီးလောင်ကျန်းအား အမှုမထားဘဲ ကျူးရှိကိုသာကြည့်ရင်း မလှုပ်မယှက်ရပ်နေ၏။

"ဟေ့....ကောင်လေး၊ ပြောနေတာ မကြားဘူးလား၊ ထွက်သွားစမ်း"

သူဌေးကြီးလောင်ကျန်း စိတ်မရှည်နိုင်ဘဲ ခပ်ထန်ထန် အော်ငေါက်လိုက်လေသည်။

ကောင်လေးက တုတ်တုတ်မျှမလှုပ်ချေ။

ကျူးရှိ ရယ်မောလိုက်လေသည်။



"ကျုပ်အမိန့်မရရင် သူဌေးကြီးက သတ်ပစ်မယ်ဆိုရင်သော် သူထွက်သွားမှာ မဟုတ်ပါဘူး"

သူဌေးကြီး လောင်ကျန်းသည် ကျူးရှိအား စိုက်ကြည့်လိုက်၏။

ထိုကောင်လေးမှာ ကျူးရှိနှင့်ပတ်သက်နေကြောင်းလည်း ချက်ချင်း ရိပ်မိသွားလေသည်။

"လက်စသတ်တော့ ဒီကောင်လေးဟာ မင်းရဲ့ လူတစ်ယောက်ဖြစ်နေတာကိုး"

"ဟုတ်ပါတယ်ဗျာ၊ သူ့နာမည် 'မီးခဲ' လို့ ခေါ်တယ်။ ကျုပ်ရဲ့ အားထားရတဲ့ ကောင်လေးတစ်ယောက်ပေါ့"

ကျူးရှိ၏ အားထားရသော ကောင်လေး တစ်ယောက်ဆိုသည်မှာ ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်သည်ဟု ဆိုလိုခြင်းပင်တည်း။

သူဌေးကြီးလောင်ကျန်း မအံ့သြဘဲမနေနိုင်အောင် ဖြစ်သွားလေသည်။

သူတောင်းစားပမာ ညစ်ပေနေသော ကောင်လေးအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"ဒီကောင်လေးဟာကြေးစားလူသတ်သမားတစ်ယောက်တဲ့လား"

ကျူးရှိက တဟားဟားရယ်မောလိုက်သည်။

"သူဌေးကြီးက ကျုပ်ရဲ့ကောင်လေးတွေကို အထင်သေးနေတာကိုး၊ ကျုပ်က သူနဲ့ သရဲဆိုတဲ့ ကောင်လေး တစ်ယောက်ကိုလွှတ်ပြီး ကြယ်တံခွန်ဂိုဏ်းချုပ် ကျင်း[illegible]န်းဖုံးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အားထားရတဲ့ လက်ရုံးတစ်ဆူဖြစ်တဲ့ ဌာနခွဲမှူး စင်းလုံးကို လုပ်ကြံခိုင်းလိုက်တာဗျ"

သူက မီးခဲဆိုသော ကောင်လေးဘက်သို့ လှည့်မေးလိုက်သည်။

"မီးခဲ...အခြေအနေဘယ်လိုလဲ၊ သရဲကော..."

မီးခဲဆိုသောကောင်လေး အခုမှ အသက်ဝင်လာသည်။

"သရဲ သေသွားပါပြီ၊ စင်းလုံးဆိုတဲ့လူလဲ သေသွားပါပြီ ခေါင်းဆောင်ကြီး"

"မင်း...သေချာတယ်နော်"

"စင်းလုံး အသက်ထွက်သွားတဲ့အထိ ကျွန်တော် စောင့်ကြည့်နေခဲ့ပြီးမှ ထွက်လာခဲ့တာပါ"

လူတစ်ယောက် သေဆုံးသွားရသည့်အကြောင်းကို ပြောဆိုနေသည့် မီးခဲမှာ မည်သို့မျှ ခံစားရပုံမပေါ်ချေ။

သူဌေးကြီးလောင်ကျန်းသည် မီးခဲကိုကြည့်ရင်း အဆိပ်ပြင်းသော မြွေတစ်ကောင်ကို တွေ့ရသည့်မမာ ကျောချမ်းတစ်လှောက်အေးစိမ့်သွားပါတော့သည်။

ကျူးရှိကား အခကျွနပ်ကြီး ကျေနပ်နေသည်။

"ကဲ...မီးခဲ၊ စင်းလုံးကို မင်းတို့ဘယ်လိုလုပ်ကြံခဲ့ကြတယ်ဆိုတာ သူဌေးကြီးကို ပြောပြလိုက်စမ်းပါ"

မီးခဲသည် ကျူးရှိ၏ စကားကို တစ်သဝေမတိမ်း နာခံလေသည်။



သူဌေးကြီး လောင်ကျန်းဘက်သို့လှည့်ကာ လှမ်းနေသော အမ်းကြားလေးအတွင်း၌ ဌာနမှူးစင်းလုံးအား အဆိုက်ဖမ်းပြီး လုပ်ကြံခဲ့ပုံကို အသေးစိတ် ရှင်းပြလိုက်လေသည်။

မီးခဲ၏ စကားအဆုံးတွင် သူဌေးကြီးလောင်ကျန်းသည် သူ၏နှုတ်ခမ်းပြင်ကို ဖြန့်းခနဲမည်အောင် လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"အတော်ကို ကြောက်စရာကောင်းတဲ့ ကြေးစားလူသတ်သမားတွေပါလား"

ကျူးရှိ ရယ်မောလိုက်သည်။

"ဟဲ...ဟဲ...စင်းလုံးဟာ ကြယ်တံခွန်ဂိုဏ်းချုပ်ရဲ့ လူယုံတော်တွေထဲမှာ သိုင်းပညာ အတော်ဆုံးပဲ၊ သူ့ကိုလဲ လုပ်ကြံနိုင်ခဲ့ပြီဆိုတော့ ကျန်လဲလူယုံတော် ဌာနမှူးတွေကို လုပ်ကြံဖို့ ခဲယဉ်းပါဘူး၊ ပြီးရင် ကြယ်တံခွန်ဂိုဏ်းချုပ်ရဲ့ အလှည့် ဆိုက်လာပါလိမ့်မယ်ဗျာ"

သူဌေးကြီးလောင်ကျန်းက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"ကောင်းတယ်...သိပ်ကောင်းတယ်၊ ကျုပ်တော့ သဘောကျသွားပြီ၊ ရော့ ကောင်လေး၊ ဒါ မင်းအတွက် သီးသန့်ဆုငွေ"

ငွေစအများအပြားထုတ်ကာ မီးခဲဆိုသော ကောင်လေးအား ဆုချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူဌေးကြီးလောင်ကျန်းသည် ထပ်မံတွေ့ဆုံကြမည့်နေ့ရက်ကို ကျူးရှိန့်နှင့် ညှိနှိုင်းသတ်မှတ်ပြီး လေသာဆောင်လေးထဲမှ ဦးစွာထွက်ခွာသွားလေသည်။

သူဌေးကြီး ထွက်သွားပြီး တစ်အောင့်မျှ ကြာတော့မှ ကျူးရှိန့်နှင့်မီးခဲတို့သည်လေသာဆောင်မှထွက်ကာ ဘုံကျောင်းလေးသို့ လာရောက်ကြသည့် ပရိသတ်များကြား၌ကိုယ်ရောင်ဖျောက်သွားကြလေတော့သည်။

❖

## “အမုန်းတရား၏ အကြောင်းခံ”

အရာရာတိုင်း၌ ခမ်းနားကြွယ်ဝမှုအပေါင်း ဖုံးလွှမ်းနေသော ကြယ်တံခွန်ဂိုဏ်း၏ အဆောက်အအုံကြီးအတွင်း၌ ဂုဏ်မဟာသနကင်းစင်သော အခန်းငယ်တစ်ခန်းရှိနေပါသေး၏။

ဂိုဏ်းချုပ်ကျင်းစန်းဖုံး၏ စာဖတ်ခန်း ဖြစ်ပါသည်။

စာဖတ်ခန်းအတွင်း၌ ထိုင်ခုံတစ်လုံး စားပွဲတစ်လုံး အစီအရီထားသော စာအုပ်ပုံများသာ ရှိလေသည်။

ဂိုဏ်းချုပ်ကျင်းစန်းဖုံးသည် စာဖတ်ခန်းအတွင်းရှိ ထိုင်ခုံ၌ လှုပ်မယှက် ထိုင်နေ၏။

အသက်လေးဆယ်ကျော် အရွယ်မှာပင် သိုင်းလောက၌ မ်းလျှမ်းတောက် ကျော်ကြားသောဂိုဏ်းချုပ်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် စွမ်းဆောင်ကြိုးစားနိုင်ခြင်းက ကျောင်းစန်းဖုံး၏ အရည်အချင်းကို ဖော်ပြနေသကဲ့သို့ တည်ငြိမ်ရင့်ကျက်ခြင်းသည်လည်း ကျောင်းစန်းဖုံး၏ ပြယုဂ်တင်ချက်ဖြစ်လေသည်။

ရုတ်တရက် ညင်သာပေါ့ပါးသော ခြေသံ ထွက်ပေါ်လာ၏။

လူတစ်ယောက်သည် ကျောင်းစန်းဖုံး၏ စာဖတ်ခန်းထဲသို့ ဝင်ရောက်လာလေသည်။

ကျောင်းစန်းဖုံး လှည့်မကြည့်ဘဲ ဝင်လာသူမှာ သူ၏ဇနီးသည် လင်းလင်းဖြစ်ကြောင်း သိထား၏။

သူ၏ သီးသန့်စာဖတ်ခန်းအတွင်းသို့ ခွင့်မတောင်းဘဲ ဝင်ခွင့်ရှိသူမှာ လင်းလင်းတစ်ယောက်တည်းသာ ရှိသည်မဟုတ်ပါလား။

သူ၏ တစ်ဦးတည်းသောသားလေး ကျောင်းကျားရဲကိုပင် ခွင့်တောင်းပြီးမှ ဝင်ရမည်ဟု စည်းကမ်းချပေးထားလေသည်။

ခြေသံရှင်မှာ ချောမောခန့်ညားသော အမျိုးသမီးတစ်ယောက်(၀၁)ကျောင်းစန်းဖုံး၏ ဇနီးသည် လင်းလင်းပင် ဖြစ်လေသည်။

လင်းလင်းသည် ကျောင်းစန်းဖုံး၏ ဘဝခရီးအဖော်မွန်ဖြစ်သလို ကျောင်းစန်းဖုံး ယခုကဲ့သို့ ထင်ရှားကျော်ကြားလာခြင်းသည် လင်းလင်း၏ အကြံဉာဏ်နှင့် ဖေးမကူညီမှုများကများစွာ အထောက်အကူဖြစ်ခဲ့ရလေသည်။

လင်းလင်းသည် မလှုပ်မယှက်ရှိနေသော ကျောင်းစန်းဖုံး၏ နံဘေး၌ တိတ်ဆိတ်စွာ ရပ်လိုက်သည်။



ကျောင်းစန်းဖုံးမှာ သတိဝင်လာပုံဖြင့် သက်ပြင်းချလိုက်လေသည်။

ဇနီးသည်လင်းလင်းကို မော့ကြည့်၍ ပြောလိုက်၏။

"ညီမလိုက်လာပုံထောက်ရင် ကျုပ်ဒီမှာလာပြီးထိုင်နေတာ အတော်ကြာသွားပြီထင်တယ်"

လင်းလင်းက ပြုံးလိုက်သည်။

"မနက်စာ စားပြီးကတည်းက အစ်ကိုထိုင်နေတာကိုး၊ အခု နေ့ဝင်တော့မယ်လေ"

သူမသည် စားပွဲပေါ်မှမီးအိမ်ကို မီးညှိလိုက်ပြီးမှ စကားဆက်လိုက်လေသည်။

"နေ့တစ်ဝက်စာ အချိန်ဟာ တကယ်တော့ ဘာမှကြာလှတာမဟုတ်ပါဘူး၊ အစ်ကို့ အနေနဲ့ တစ်နေ့လုံး တစ်ညလုံး တွေးတောစဉ်းစားရမယ့် အခြေအနေမျိုး ကြုံနေရတာမဟုတ်လား"

ဇနီးသည်၏ နှစ်သိမ့်သောစကားကြောင့် ကျောင်းစန်းဖုံး စိတ်သက်သာရာရသွားဟန်ရှိသည်။

"အင်း.... ကြုံနေရတဲ့အဖြစ်က အတော်ကို အံ့သြစရာကောင်းနေတယ်၊ ကျုပ်က ဘာများအမှား လုပ်ခဲ့မိသလဲလို့ စဉ်းစားနေတာ"

လင်းလင်း ခေါင်းခါယမ်းလိုက်သည်။

"အစ်ကို ဘာမှအမှားမလုပ်ခဲ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးညီမ၊ ခုတစ်လော ကြယ်တံခွန်ဂိုဏ်းက အားထားရတဲ့ ဌာနမှူးတွေ လုပ်ကြံခံနေရတယ်၊ဒါကြောင့် အမှားအယွင်းတစ်ခု ရှိနေတာ သေချာပါတယ်"

လင်းလင်းက တည်ငြိမ်ရင့်ကျက်သော လေသံဖြင့် ပြော လေသည်။

"အစ်ကို့ အနေနဲ့ ဘာတစ်ခုမှ အမှားမလုပ်ခဲ့ဘူးဆိုတာ ကျွန်မသိပါတယ်၊ ကျွန်မသဘောပြောရရင် အစ်ကိုဟာ သိုင်းလောကအကျိုး၊ အများအကျိုး သယ်ပိုးဆောင်ရွက်နေ တဲ့ လူတစ်ယောက် မဟုတ်လား၊ လူကောင်းတွေက အစ်ကို့ တို့ ချီးကျူးကြလိမ့်မယ်၊ လူဆိုးတွေကတော့ မုန်းတီးကြ လိမ့်မယ်၊ အမှန်အမှားကို သူတို့သဘောနဲ့သူတို့ ဆုံးဖြတ် သတ်မှတ်ကြလိမ့်မယ်၊ အစ်ကိုက မှားယွင်းမှုရှိနေပြီ ထင်နေ တာ အစ်ကို့အပေါ် မလိုမုန်းထားသူတွေက မှန်ကန်တဲ့ လုပ်ရပ်တွေကို အမှားလို့ မြင်နေကြတာကို ဆိုလိုတာပဲဖြစ် မယ်"

ကျင်းစန်းဖုံး၏မျက်နှာ ကြည်ကြည်လင်လင် ဖြစ်လာ သည်။

"တစ်ယောက်ယောက်က အစ်ကို့အပေါ်မှာ အထင် အမြင် လွဲမှားပြီး အကောက်ကြံနေတာပဲဖြစ်မယ်၊ အင်း ညီမပြောမှပဲ အစ်ကိုလဲ ရှင်းရှင်းလင်းလင်း ဖြစ်သွားတော့ တယ်"

လင်းလင်းက တည်ကြည်စွာဖြင့် ဆက်ပြောလိုက်သည်။



"မကြာသေးခင်ကရထားတဲ့သတင်းက ကျွန်မရဲ့ အယူအဆ မှန်တယ်ဆိုတာ ဖော်ပြနေပါတယ်၊ အစ်ကိုက စင်းလုံ တို့ နယ်ခြားလွှတ်လိုက်တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ နယ်ခြားမှာ သောင်းကျန်းနေတဲ့လူဆိုး ဓားပြတွေကို နှိမ်နင်းဖို့လွှတ်လိုက်တာ၊ သူ့ရဲ့ဆောင်ရွက်ချက်တွေ အောင်မြင်တယ်လို့ သတင်းရတယ်၊ မကြာခင် သူပြန်လာလိမ့်မယ်"

လင်းလင်း ခေါင်းခါယမ်းလိုက်သည်။

"သူ ဘယ်တော့မှပြန်လာနိုင်တော့မှာ မဟုတ်ပါဘူး"

"ဟင်....ညီ....ညီမ ဘယ်လိုပြောလိုက်တာလဲ"

"စင်းလုံဟာ ကြယ်တံခွန်ဂိုဏ်းကိုပြန်လာရင်း လမ်းခရီးမှာ လုပ်ကြံခံလိုက်ရပါတယ်"

ကျင်းစန်းဖုံး၏မျက်နှာ တင်းခနဲ ဖြစ်သွားလေသည်။

"ကျုပ်အပေါ်မှာ သစ္စာရှိတဲ့ဌာနမှူးတွေ တစ်ယောက်ပြီး တစ်ယောက် လုပ်ကြံခံနေရပါလား၊ စင်းလုံနဲ့ဆိုရင် ငါးယောက်ရှိသွားပြီ၊ ဒီအတိုင်းလက်ပိုက်ကြည့်နေလို့မဖြစ်တော့ဘူး၊ တရားခံကိုဖော်ထုတ်ရမယ်၊ ဒါမှမဟုတ်ရင်တော့ ကြယ်တံခွန်ဂိုဏ်းဟာ တဖြည်းဖြည်းလုံးပါးပါးပြီး ပျက်စီးသွားလိမ့်မယ်"

ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ခြင်းဖြင့် ထိန်းချုပ်ထားသည့်ကြားမှ ဒေါသပေါက်ကွဲလာကြောင်း ထင်ရှားနေသည်။

လင်းလင်းက ဖျောင်းဖျလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို၊ ကြယ်တံခွန်ဂိုဏ်းအစောင့်ကားခံနေရတာ ခံပြင်းစရာပါပဲ၊ ဒါပေမယ့် ခုချိန်ဟာ အင်မတန် အရေးကြီးတဲ့အချိန် ရောက်နေပြီဆိုတာကို ကျွန်မတို့ မေ့ထားလို့မဖြစ်ပါဘူး၊ ခေါင်းအေးအေးထားပြီး ဖြေရှင်းရမှာပါ၊ သွေးပူနေမယ်၊ ဒေါသထွက်နေမယ်ဆိုရင် ရန်သူပိုပြီးသဘောကျသွားပါလိမ့်မယ်"

ကျောင်းစန်းဖုံးက လင်းလင်းအား စိုက်ကြည့်လိုက်၏။

တစ်စုံတစ်ခုပြောရန်ဟန်ပြင်ပြီးမှ ဘာမှမပြောဘဲ ထိုင်ခုံသို့ ပြန်လည်ထိုင်ချလိုက်လေသည်။

လင်းလင်းက စားပွဲပေါ်၌ အသင့်ရှိနေသည့်ရေနွေးကြမ်းအိုးထဲမှ ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်သည်။

"သောက်လိုက်ပါဦး အစ်ကို"

"ကျေးဇူးပဲညီမ"

ကျောင်းစန်းဖုံးက မငြင်းဘဲ အသာလှမ်းယူပြီး တစ်ငုံငုံလိုက်သည်။ လက်ဖက်ခြောက်ကောင်းကောင်းဖြင့် နှပ်ထားသော ရေနွေးကြမ်းကိုသောက်သုံးလျှင် ဦးနှောက်ကြည်လင်သည်ဟု ဆိုစကားရှိပါသည်။

လင်းလင်းက ကျောင်းစန်းဖုံး သွေးအေးသွားစေရန် အချိန်ဆွဲလိုက်ခြင်း ဖြစ်ပါသည်။

ကျောင်းစန်းဖုံးက ရေနွေးကြမ်းကို တစ်ငုံသောက်ရင်း တစ်ပန်းကန် ကုန်သွားသောအခါ လင်းလင်း မျှော်လင့်ထားသည့်အတိုင်း တည်တည်ငြိမ်ငြိမ် ဖြစ်လာလေသည်။

လင်းလင်းကို အကဲခတ်ကာ မေးလိုက်သည်။



"ဒီကိစ္စမှာ ညီမ တွေးတောစဉ်းစား[illegible]မယ်လို့ အစ်ကိုယူဆတယ်၊ ဟုတ်ရဲ့လားညီမ"

လင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကို"

"ကျုပ်ကို ပြောပြစမ်းပါဦး"

လင်းလင်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်။

"ကြယ်တံခွန်ဂိုဏ်းကို အများသူငါက ချီးကျူးကြတယ်၊ ကြည်ညိုလေးစားမှုလဲ ရှိပါတယ်၊ အမှောင်နယ်က လူတွေ သောင်းမှ မလေးမစား မလုပ်ပံ့ပါဘူး၊ ကြယ်တံခွန်ဂိုဏ်းဆိုတဲ့ အသံကြားတာနဲ့ ဝေးဝေးကရှောင်သွားလေ့ရှိပါတယ်"

ကျောင်းစန်းဖုံး ခေါင်းညိတ်လိုက်သည်။

"ညီမပြောတာ မှန်ပါတယ်"

လင်းလင်းက ဆက်ပြောသည်။

"သိုင်းလောကမှာ ကြယ်တံခွန်ဂိုဏ်းဝင်ကြားနာရပ်တည်နိုင်ခဲ့တာလဲ နှစ်အတော်ကြာပါပြီ၊ ယေဘုယျပြောရရင်တော့ သိုင်းလောကမှာ ရန်သူမရှိဘူး၊ ကြယ်တံခွန်ဂိုဏ်းကို ဒုက္ခပေးချင်တာ၊ သိုင်းလောကထဲမှာမရှိဘူးလို့ ဆိုနိုင်ပါတယ်"

ကျောင်းစန်းဖုံး ခေါင်းညိတ်လိုက်ပြန်သည်။

"ညီမပြောတာဖြစ်နိုင်ပါတယ်၊ ကျုပ်တို့ကို ဒုက္ခပေးချင်တယ်ဆိုရင် ဒုက္ခပေးကြတာ ကြာပြီပေါ့"

သူက လက်ခံနေသည်ဖြစ်၍ လင်းလင်း ကျေနပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မအနေနဲ့ ကြယ်တံခွန်ဂိုဏ်းကို ဘယ်သူကများဒုက္ခပေးချင်သလဲလို့ သေသေချာချာ စဉ်းစားကြည့်တဲ့အခါ ပြီးခဲ့တဲ့ နှစ်က အဖြစ်အပျက်တစ်ခုကို သတိရမိလိုက်ပါတယ်"

ကျောင်းစန်းဖုံး စိတ်ဝင်စားသွားသည်။

"ညီမ ဘယ်ကိစ္စကိုဆိုလိုတာလဲ"

"အစ်ကို မှတ်မိမှာပါ။ သူဌေးကြီးလောင်ကျွန်းနဲ့ဖြစ်ခဲ့တဲ့ကိစ္စပါ"

"သူဌေးကြီး လောင်ကျွန်း"

ကျောင်းစန်းဖုံးက တီးတိုးရေရွတ်လိုက်ပြီးမှ....

"သူဌေးကြီးလောင်ကျွန်းဟာ မြေလတ်ပိုင်းက ကျေးရွာတစ်ရွာမှာ လယ်သမားတွေဆီက သယ်ခမြေတွေကိုသိမ်းယူတဲ့ကိစ္စမှာ အစ်ကိုဝင်ပြီး ဖြေရှင်းပေးခဲ့တာပဲ၊ အစ်ကိုရဲ့ညှိနှိုင်းဆောင်ရွက်မှုနဲ့ နှစ်ဦးနှစ်ဖက် ပြေပြေလည်လည်ဖြစ်သွားကြတာပဲလေ"

လွန်ခဲ့သောနှစ်က မိုးနည်းသဖြင့် မြေလတ်ပိုင်းဒေသ၏ အချို့နေရာများ၌ လယ်ခမြေများ ဖြစ်ထွန်းအောင်မြင်ခြင်းမရှိဘဲ အပျက်အစီးများခဲ့လေသည်။

ထို့ကြောင့်လည်း လယ်သမား၊ ယာသမားများသည် သီးနှံပေါ်မှပေးရန် သူဌေးကြီးလောင်ကျွန်းထံမှ ကြိုတင်ယူထားသော ချေးငွေများကို ပြန်မဆပ်နိုင်ဘဲရှိကြ၏။

သူဌေးကြီးလောင်ကျွန်းကလည်း ချေးငွေပြန်မဆပ်နိုင်သဖြင့် လယ်ယာမြေများကို သိမ်းပိုက်ရန်စီစဉ်သည်။



ဤတွင် လယ်သမား ယာသမားများနှင့် သူဌေးကြီးလောင်ကျွန်းတို့ပြဿနာ ဖြစ်ပေါ်ခဲ့ကြလေသည်။

ပြဿနာသည် တစ်စထက်တစ်စ ကြီးမားလာကာ သွေးထွက်သံယိုမှုများဆီသို့ ဦးတည်နေသောကြောင့် မိတ်ဆွေတစ်ယောက်၏ အကူအညီတောင်းမှုဖြင့် ကျောင်းစန်းဖုံးက ကြားဝင် ဖြေရှင်းပေးခဲ့ရသည်။

လယ်သမား ယာသမားအများစုမှာ ဆင်းရဲနွမ်းပါးကြပြီး လယ်ယာမြေများမရှိလျှင် ပို၍အတိဒုက္ခရောက်ရမည့်အကြောင်း သူဌေးကြီးလောင်ကျွန်းအနေနှင့်လည်း ငွေကြေးအလျှံပယ် ချမ်းသာသူပီပီ တစ်နှစ်သည်းခံ၍ အတိုးမယူဘဲ အလှူအတန်းပြုသည်ဟု သဘောထားကာ နောင်နှစ်မှယူရန် လယ်ယာမြေများအား သိမ်းယူခြင်းမပြုရန် မေတ္တာရပ်ခံခဲ့သည်။

ကြယ်တံခွန် ဂိုဏ်းချုပ် ကျောင်းစန်းဖုံး၏ အရှိန်အဝါကို လေးစားကာ သူဌေးကြီးလောင်ကျွန်းက သဘောတူခဲ့လေသည်။

လယ်သမား ယာသမားများသည် ကျောင်းစန်းဖုံးအား သောင်းသောင်းဖြဖြ ချီးကျူးခဲ့ကြလေသည်။

ထိုကိစ္စသည် ပြဿနာကြီးတစ်ခုမဟုတ်ဟု ယူဆထားရကား ကျောင်းစန်းဖုံးက မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့လေသည်။

ဇနီးသည်လင်းလင်းက အစဖော်ပေးမှ ပြန်သည်စဉ်းစားကာ သတိရလာခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ကျွန်မလဲ ဒီကိစ္စကို မေ့မေ့ပျောက်ပျောက် သဘောထားခဲ့မိတာပါ။ ဒါပေမယ့် ကျွန်မစိတ်ထဲ ထင့်နေတာက ချန်အန်းမြို့တော်ဝန်ရဲ့ မွေးနေ့ပွဲမှာ တွေ့ခဲ့ရတဲ့ သူဌေးကြီးလောင်ကျုန်းရဲ့ အပြုအမူပါပဲ"

"သူက ဘာဖြစ်လို့လဲ၊ ပြောပါဦး"

ကျင်းစန်းဖုံးက စိတ်ဝင်စားစွာ မေးလိုက်သည်။

လင်းလင်း ဆက်ပြင်းချလိုက်သည်။

"မြို့တော်ဝန်ရဲ့ မွေးနေ့ပွဲကို ကျွန်မတို့လဲ တက်ခဲ့ကြသေးတယ်မဟုတ်လား၊ မွေးနေ့ပွဲမှာ ဆုံတွေ့ကြတော့ သူဌေးကြီးလောင်ကျုန်းက ကျွန်မတို့ကို ဘယ်မှာတွေ့ဖူးဆက်လို့လဲ၊ ညွှန်ပရိသတ်တွေများနေလို့ မတွေ့မမြင်သလို နေခဲ့တာ။ အမှန်တော့ ထမင်း မမြင်ချင်ဟန်ဆောင်နေတယ်ဆိုတာ ကျွန်မသိတယ်၊ ကျွန်မပြောရင် အစ်ကိုစိတ်ဆိုးသွားမှာ စိုးရိမ်လို့ မပြောဘဲနေခဲ့တာ၊ သူဟာ ကျွန်မတို့ကိုတွေ့ပြီး မျက်နှာကြီးမည်းသွားပြီး တစ်ဖက်လှည့်ပြီး ထိမ်ရှောင်ချလိုက်သေးတယ်"

"ဟင်...."

ကျင်းစန်းဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဒီလောက်တောင်ပဲလား၊ ကျုပ်ကို မုန်းတီးနေလိမ့်မယ်မထင်မိခဲ့ဘူး"



"လယ်ယာမြေကိစ္စမှာ မတတ်သာလို့ ချိုးမျက်နှာနဲ့ အလျှော့ပေးခဲ့ရပေမယ့် ဒီကိစ္စဟာ ခင့်ကြေးသူရဲ့မှာ သူ့ရဲ့ဂုဏ်သိက္ခာထိခိုက်တယ်လို့ ပိုပြီးသဘောထားပုံရတယ်"

ကြယ်တံခွန်ဂိုဏ်းသည် သိုင်းလောက၌ ထင်ရှားသကဲ့သို့ သူဌေးကြီးလောင်ကျုန်းသည် သူဌေးသူကြွယ် အသိုင်းအဝိုင်းနှင့် စီးပွားရေးနယ်ပယ်တွင် ဩဇာတိက္ကမကြီးမားသူတစ်ဦး ဖြစ်လေသည်။

သူ၏သိက္ခာနှင့် မာနကိုထိပါးသည်ဟု သူဌေးကြီးလောင်ကျုန်းက သဘောထားမည်မှာ ကျိန်းသေသည်ဟု ကျင်းစန်းဖုံး ယခုမှ တွေးမိသလေတော့သည်။

"သူက ကျုပ်ကိုလုပ်ကြံဖို့၊ ကြယ်တံခွန်ဂိုဏ်းကို ဖျက်ဆီးပစ်ဖို့အထိတောင် ကြိုးစားမယ်တဲ့လား"

ကျင်းစန်းဖုံး ညည်းတွားလိုက်သောအခါ လင်းလင်းက လက်ညှိုးနှင့် လက်ခလယ်ကို ကွေးပြလိုက်လေသည်။

"သူဟာ ငွေကိုရေလိုသုံးနိုင်တဲ့ လူတစ်ယောက်မဟုတ်လား၊ သိုင်းလောကမှာ ငွေမက်တဲ့ အကျင့်ပျက်သိုင်းသမားတွေကလဲ ရှိနေကြတယ်၊ ဒီတော့ သူဌေးကြီးလောင်ကျုန်းကို ပေါ့ပေါ့တန်တန်သဘောထားရင် ကျွန်မတို့ မှားသွားမှာပဲ"

ကျင်းစန်းဖုံးက တည်ကြည်သော မျက်နှာထားဖြင့် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုဖြစ်ပျက်နေတဲ့ကိစ္စတွေဟာသူဌေးကြီးလောင်ကျန်းရဲ့ လက်ချက်ပဲလား၊ တခြားတစ်ယောက်ယောက်ရဲ့လက်ချက်ကော မဖြစ်နိုင်ဘူးလား"

လင်းလင်း ခေါင်းခါယမ်းလိုက်သည်။

"တခြားတစ်ယောက်ယောက်ဆိုတာကို ကျွန်မ အခုထိ စဉ်းစားလို့ မရသေးဘူး"

"ကောင်းပြီလေ၊ သူဌေးကြီးလောင်ကျန်းရဲ့ လက်ချက်လို့ပဲ ထားလိုက်ပါတော့၊ သူ့ရဲ့ မကောင်းတဲ့ အကြံကို အကောင်အထည်ဖော်ပေးမယ့်လူ တစ်ယောက်ယောက်ကို သူရှာရမှာပဲ၊ အဲဒီလူကကော ဘယ်သူဖြစ်မလဲ"

ကျောင်းစန်းဖုံးသည် လင်းလင်း၏စကားကို လက်ခံလိုက်ခြင်းဖြင့် ရှေ့ဆက်တွေးတောစရာများ ပေါ်ပေါက်လာ၏။

လင်းလင်း၏မျက်နှာ ပို၍ တည်ကြည်လေးနက်လာလေသည်။

"ကျွန်မ သတင်းတစ်ခု ရထားတယ်၊ တောင်ပေါ် ဆုတောင်းပြည့်ဘုရားကျောင်းမှာ သူဌေးကြီး လောင်ကျန်းဟာ လူတစ်ယောက်နဲ့ တွေ့ဆုံခဲ့တယ်၊ အဲဒီလူဟာ သိုင်းလောက သားတစ်ယောက်ပဲ၊ နှာမည်ပျက်ရှိတဲ့လူပေါ့"

ကျောင်းစန်းဖုံးက ချီးကျူးသောအကြည့်ဖြင့် ကြည့်လိုက်သည်။



"ကျောင်ကဒီမှာထိုင်ပြီးငိုင်နေတဲ့အချိန်မှာညီမက အတော်ကြီးစားထားတာကိုး၊ အဲဒီလူဘယ်သူလဲဆိုတာ ပြောပါဦး"

"မှော်ဆရာ ကျူးရှိပါ"

"ဟင်"

ကျောင်းစန်းဖုံး အံ့ဩသွားသည်။

"မှော်ဆရာကျူးရှိဆိုတာ မျက်လှည့်ဆရာ တစ်ယောက် မဟုတ်လား၊ လမ်းပေါ်မှာ လေလွင့်နေတဲ့ ကလေးသူငယ်တွေကို စည်းရုံးသိမ်းသွင်းပြီးခိုင်းစားလို့ ဟိုတစ်ချိန်တုန်းက ထောင်ဒဏ်သုံးနှစ် အပြစ်ပေးခံရတဲ့လူ မဟုတ်လား"

"ဟုတ်ပါတယ် သူပါပဲ၊ မှော်ဆရာကျူးရှိဟာ အပြစ်ပေးခံရတာတောင် သူ့ရဲ့မကောင်းတဲ့အကျင့်က ပျောက်သွားတာ မဟုတ်ဘူး၊ လေလွင့်နေတဲ့ ကလေးသူငယ်တွေကို သိမ်းသွင်းပြီး ခိုးခိုင်း ဝှက်ခိုင်းနဲ့ ခေါင်းပုံဖြတ်စားနေတာ၊ သူ့ရဲ့ ကောင်လေးတွေကို ကြေးစားအလုပ်တွေမှာ အသုံးချနိုင်အောင် လေ့ကျင့်ပေးနေတယ်လို့ သတင်းထွက်ခဲ့သေးတယ်၊ ခုလဲ သူဌေးကြီးလောင်ကျန်းဆီက ငွေယူပြီး ကျွန်မတို့ကို ဒုက္ခပေးနေတာ သူပဲဖြစ်မယ်၊ စင်းလုံ လုပ်ကြံခံရတဲ့ ကိစ္စမှာ အသက်ဆယ်နှစ်လောက် ကောင်လေးတစ်ယောက်နဲ့ ဆယ့်ငါးနှစ်လောက်ရှိတဲ့ ကောင်လေးတစ်ယောက်တို့ ပါဝင်ခဲ့ကြတယ်လို့ သက်သေအထောက်အထားတွေ ရထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစန်းဖုံး ဒေါပွသွားလေသည်။

"ကျုံးရှိုးခွတင့်ရဲလှချည်လား၊ သူ့ကိုမှတ်လောက်သား လောက်အောင် ဆုံးမရမယ်"

လင်းလင်း ပြုံးလိုက်သည်။

"စိတ်ချပါ၊ ဒီကိစ္စကိုလဲ ကျွန်မစီစဉ်ပြီးပါပြီ"

ကျောင်းစန်းဖုံးက သူမအားစိုက်ကြည့်လိုက်ပြီး စိတ်မသိန်း နိုင်တော့သည့်အလား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝ ပြုလိုက်လေတော့သည်။

❖

"ထိုကလေး"

မျက်လှည့်ပညာတွင် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ကာ အများသူငါ ဩချရလောက်အောင် မှော်ဆရာကမ်ိယောက် အလား စွမ်းဆောင်နိုင်သည်ဟူ၍ ကျုံးရှိုးက အခဲ့ကြေး ကြော်လေ့ရှိသဖြင့် သူ့အား မှော်ဆရာကြီးဟု နောက်ပြောင် ကျီစယ်ခဲ့ကြရာမှ နောက်ပိုင်းတွင် မှော်ဆရာဟု လွယ်လွယ် နှင့် ခေါ်ခဲ့ကြခြင်း ဖြစ်လေသည်။

မှော်ဆရာကျုံးရှိုသည် သူဌေးကြီးသေခင်ကျန်းနှင့် ပူး ပေါင်းကာ ကြယ်တံခွန်ဂိုဏ်းအား ဒုက္ခပေးနေပြီဖြစ်သည်။

ကြယ်တံခွန်ဂိုဏ်းအား လုပ်ကြံရသည်မှာ လွယ်ကူသော အလုပ်တော့ မဟုတ်ပါ။

ကြိုးတန်းပေါ် လမ်းလျှောက်ရသကဲ့သို့ ပရိယာယ်များ သည်ဖြစ်၍ ကျုံးရှိုသည် သူ၏လှုပ်ရှားမှုကို မည်သူမျှမရိပ်မိ

www.burmeseclassic.com

www.burmeseclassic.com



နိုင်စေရန် လမ်းဘေး၌ မျက်လှည့်ဝိုင်းကို ပြသလျက် ဟန်မပျက် နေခဲ့လေသည်။

ယနေ့....

ကျူးရှိသည် လမ်းဆုံလမ်းခွတစ်နေရာ၌ မျက်လှည့်ဝိုင်းခင်းကျင်းကာ ပညာစွမ်းပြခဲ့ရာမှ အာတွေ့လက်တွေ့လှသဖြင့် နေမွန်းတည့်ချိန်ရောက်မှ မျက်လှည့်ဝိုင်းကို သိမ်းဆည်းနိုင်တော့သည်။

မျက်လှည့်ပြရာ၌ အသုံးပြုရသော ပစ္စည်းပစ္စယများကို သိမ်းဆည်းနေစဉ် ကောင်လေးမီးခဲက သူ၏အနီးသို့ရောက်ရှိလာလေသည်။

"ဆရာ"

ကျူးရှိ ခေါင်းညိတ်လိုက်သည်။

"ပြော....ဘာဖြစ်လို့လဲ"

"ကြယ်တံခွန်ဂိုဏ်းချုပ် ဒီဘက်ကို လာနေပါတယ်"

"ဟင်"

ကျူးရှိ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ပစ္စည်းများချကာ ခေါင်းထောင်ကြည့်လိုက်လျှင် ကြယ်တံခွန်ဂိုဏ်းချုပ် ကျင်းစန်းဖုံးသည် မြင်းဖြူကြီးတစ်ကောင်ကို စီးနင်းကာ လမ်းမကြီးအတိုင်း သူတို့ထံသို့ ဦးတည်လာနေသည်ကို တွေ့လိုက်ရလေသည်။

ကျူးရှိ ပျာပျာသလဲ ဖြစ်သွားသည်။

"အားလုံးလာကြစမ်း"



သူလက်ထပ်မွေးထားသော ကောင်လေးများအား အနီးခေါ်လိုက်၏။

ကျူးရှိ၏ မျက်လှည့်ဝိုင်း၌ တောက်တိုမယ်ရ ကူညီလုပ်ကိုင်ပေးကြသည့် ကောင်လေးများမှာ ရှစ်ယောက်ခန့်ရှိ၏။

ထိုကောင်လေးများသည်ပင် ကျူးရှိ လက်သင်ခံမွေးထားသော ကြေးစားလူသတ်သမားလေးများ ဖြစ်ကြပါတော့သည်။

မီးခဲအပါအဝင် ကောင်လေးရှစ်ယောက်က ချက်ချင်း ကျူးရှိအနီးသို့ ရောက်ခဲ့လာကြလေသည်။

ကျူးရှိက တီးတိုးပြောလိုက်သည်။

"အားလုံး သတိရှိယန်နေကြပါ၊ ကြယ်တံခွန်ဂိုဏ်းချုပ် ဒီဘက်ကို လာနေတယ်၊ ငါတို့အကြောင်းကို သိသွားလို့ ဖြစ်နိုင်တယ်၊ သူရောက်လာရင် အခြေအနေကြည့်ပြီး ပြောဆက်ဆံမယ်၊ မင်းတို့လဲ မီးစင်ကြည့်ကရမယ်၊ ငါပြောတာ မင်းတို့ နားလည်ကြတယ် မဟုတ်လား"

ကောင်လေးများက ဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။

"ကဲ....ဟန်မပျက်နေကြ"

"ဟုတ်ကဲ့"

ကောင်လေးများသည် ကျူးနှင့်အနီး၌ ဝိုင်းဝန်းလုပ်ကိုင်း ဟန်မပျက်နေလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်တံခွန်ဂိုဏ်းချုပ်ကျောင်းစန်းဖုံးသည် မြင်းဖြူကြီးကို ဖြည်းဖြည်းမှန်မှန်စီးနင်းရင်း မျက်လှည့်ဝိုင်းအနီးသို့ ရောက်မှန်းမသိ ရောက်ရှိလာလေသည်။

ကျူးရှိက ထိုင်နေရာမှထကာ ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးပါလား၊ ဘယ်များသွားမလို့လဲဗျ"

ကျောင်းစန်းဖုံးက မြင်းပေါ်မှမဆင်းဘဲ ပြုံး၍ ပြန်လည်နှုတ်ဆက်ဖြေကြားလိုက်လေသည်။

"ကျုပ် အပျင်းပြေမြင်းစီးထွက်လာတာ၊ မျက်လှည့်ဝိုင်းတော့ သိမ်းတော့မလို့ကိုး၊ နောက်ကြုံတော့မှပဲ မျက်လှည့်ပွဲကြည့်တော့မယ်၊ ကဲ....ကျုပ်သွားမယ်"

"ကောင်းပါပြီ....ကောင်းပါပြီ"

ကျောင်းစန်းဖုံးသည် နှုတ်ဆက်ကာ မြင်းဖြူကြီးကိုစီးနင်းပြီး ထွက်သွားလေသည်၊

ကျူးရှိက လက်ခုပ်ယမ်းပြကာ နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့လေသည်။

ကျောင်းစန်းဖုံး ခပ်လှမ်းလှမ်းသို့ ရောက်သွားလျှင် ကျူးရှိ၏ မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်သွားသည်။

"မြန်မြန်လာကြစမ်း"

မျက်လှည့်ပြရာ၌အသုံးပြုသောပစ္စည်းများကို သိမ်းဆည်းနေကြဟန်ဖြင့် ဟိုရှေ့သည်ရှေ့ လုပ်နေကြသော ကောင်လေးများအား ခေါ်လိုက်လျှင် ကောင်လေးများချက်ချင်း စုရုံးရောက်ရှိလာကြလေသည်။

ကျူးရှိ စိတ်လှုပ်ရှားနေသည်။



"ကျောင်းဖုံးစန်းဟာ တစ်ယောက်တည်း မြင်းစီးထွက်သွားတယ်၊ သူကအရှေ့ဘက်ကိုဦးတည်ပြီးသွားနေတော့ ရွက်လှတောအုပ်ထဲကို ရောက်သွားမှာ သေချာတယ်"

ကောင်လေးများ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် လင်းလက်တောက်ပလာလေသည်။

ရွက်လှတောသည် သူတို့ကျောင်လည်ကျက်စားရာ အရပ်ဖြစ်နေသည် မဟုတ်ပါလား။

"ကျောင်းစန်းဖုံးက သေချင်လို့ ကျားဂူထဲကိုမှ တန်းတန်းမတ်မတ်ဝင်လာတာပဲ၊ ပစ္စည်းတွေ ထားခဲ့ကြ၊ တို့တစ်တွေ ရွက်လှတောအုပ်ကို ရောက်နှင့်အောင် ဖြတ်လမ်းကသွားပြီး စောင့်နေကြမယ်၊ ကျောင်းစန်းဖုံးရောက်လာရင် တစ်ခါတည်း သတ်ယင်လိုက်ကြတာပေါ့"

"ကောင်းပါပြီ ဆရာ"

ကောင်လေးများသည် ချက်ချင်းထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

"နေဦး"

ကျူးရှိက ဟန့်တားလိုက်သည်။

ကောင်လေးများက သူ့အား ကြည့်လိုက်သောအခါ ခဏလေးအနက်ထားကာ မှာကြားလိုက်သည်။

"မင်းတို့ တစ်စုတစ်ဝေးတည်းသွားမယ်ဆိုရင် ရိပ်မိသွားမယ်၊ ဒီတော့ လူစုခွဲပြီးသွားကြ၊ ရွက်လှတောထဲရောက်မှ တစ်နေရာစီခွဲပြီးပုန်းနေကြ၊ ငါ့အချက်ပေးမှ ထွက်ကြမယ်၊ မင်းတို့ မှတ်မိတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့၊ မှတ်မိပါတယ် ဆရာ''

''ဒါဖြင့် သွားကြပေတော့''

ကောင်လေးများသည် ချက်ချင်းပင်လူစုခွဲကာ ပြေးလွှား ထွက်ခွာသွားကြလေသည်။

ကျူးရှိက ကျောင်းစန်းဖုံထွက်သွားရာဘက်သို့ လှမ်းမျှော် ကြည့်လိုက်သည်။

''ကျောင်းစန်းဖုံး ..ခင်ဗျား သေနေ့စေ ပြီပေါ့''

တီးတိုးရေရွတ်လိုက်ပြီးလျှင် သဘောကျစွာဖြင့် ဟား တိုက်ရယ်မောလိုက်လေတော့သည်။

ကျောင်းစန်းဖုံးသည် ကျူးရှိ၏ မျက်လှည့်ဝိုင်းသို့ လည် ကောင်း၊ ရွက်လှတောသို့လည်းကောင်း တစ်ယောက်တည် သွားခြင်းသည် ဇနီးသည် လင်းလင်း၏ အစီအစဉ်ဖြစ်ပေ သည်။

လင်းလင်းသည် ကျူးရှိနှင့် သူဌေးကြီးလောင်ကျန်းတို့ မကောင်းသော အကြံအစည်များကို ဖော်ထုတ်ရန် စီ သားပြီးဖြစ်လေသည်။



ကျူးရှိ၏ကောင်လေးများ သို့မဟုတ် ကြောက်မက်ဖွယ် ကောင်းလှသော ကြေးစားလူသတ်သမားလေးများသည် လူစုခွဲကာ ရွက်လှတောအုပ်ဆီသို့ ထွက်သွားကြလေသည်။

ထိုကောင်လေးများ ရွက်လှတောအုပ်အတွင်းသို့ ဝင် ရောက်သွားကြသောအခါ ကြိုတင်၍ စောင့်ဆိုင်းနေသော လင်းလင်းနှင့် ကြယ်တံခွန်ဂိုဏ်းသားများက ဆီး၍ဖမ်းဆီး သားလိုက်ကြလေတော့သည်။

နီညိုရောင်ရွက်လှပင်များ ကြီးစိုးနေသောတောအုပ်လေး သည် မီးခဲတို့ ကျင်လည်ကျက်စားရာ တောအုပ်တစ်ခု ဖြစ် ပါသည်။

ကျူးရှိသည် မီးခဲ အပါအဝင် ကောင်လေးများအား ဘိုတောအုပ်သို့ခေါ်ဆောင်ကာ အကောက်ကြံ၍ လုပ်ကြံ သတ်ဖြတ်နည်းများကို သင်ပေးခဲ့သည်။

လက်တွေ့လေ့ကျင့်စေသည်။

ဤသို့ဖြင့် ရွက်လှတောအုပ်သည်မီးခဲတို့နှင့် ရင်းနှီးကျွမ်း ဝင်သော တောအုပ်အရပ်ဒေသ ဖြစ်လာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခဲသည် တစ်ယောက်တည်း ထွက်လာခဲ့ပြီး ရွှက်လှ တောအုပ်သို့ ရောက်လာခဲ့လေသည်။

ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်ကာ သာယာလှပ နေပါသည်။

မီးခဲသည် တောအုပ်ရှေ့၌ရပ်ကာ ပတ်ဝန်းကျင်ကိုအကဲ ခတ်လိုက်ပေသည်။

သူက ဖြတ်လမ်းကိုအသုံးပြုကာ ပြေးလွှားလာခဲ့သဖြင့် ရွှက်လှတောအုပ်သို့ ကျင်းစန်းဖုံးတို့ထက် အရင်ရောက်လာ ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့်ကျင်းစန်းဖုံးရောက်လာလျှင်မည်သည့်နေရာမှ ချောင်းကြို တိုက်ခိုက်လျှင် ကောင်းမည်နည်းဟု တွေးရင်း ပုန်းအောင်းနေရမည့် နေရာကို ရှာဖွေလိုက်ခြင်း ဖြစ်လေ သည်။

သူ၏မျက်လုံးအစုံသည် ရွှက်လှတောအုပ်သို့ အဝင်လမ်း နံဘေးရှိ ချုံပုတ်ကြီးဆီသို့ ရောက်ရှိသွား၏။

"ဒီချုံပုတ်ကြီးထဲ ဝင်ပုန်းနေပြီး ကျင်းစန်းဖုံး ရောက် လာတဲ့အခါ သူစီးနင်းထားတဲ့ မြင်းကို တိုက်ခိုက်လိုက်ရင် ဖရိုဖရဲနဲ့ မြင်းပေါ်ကပြုတ်ကျလာမှာပဲ၊ ဒါဆို သူ့ကိုလုပ်ကြံဖို့ ပထမအဆင့် အောင်မြင်သွားပြီပေါ့"

သူ၏ အဖော်ကောင်လေးများနှင့် ကျူးရှီသည်လည်း ရွှက်လှတောအုပ်ထဲ၌ လှုပ်ရှားကာ နေရာယူထားကြမည်ဖြစ်ရာ ကျင်းစန်းဖုံးအား ချက်ချင်းပင် ဝိုင်းဝန်းတိုက်ခိုက်နိုင်ကြ မည်ဟု ယုံကြည်ထားလေတော့သည်။



မီးခဲသည် ချုံပုတ်ကြီးဆီသို့သွားရန် ခြေလှမ်းပြင်လိုက် ရာမှ ချက်ချင်းရပ်တန့်လိုက်သည်။

ကျင်းစန်းဖုံးကဲ့သို့ ဝါရင့်သိုင်းသမားကြီး တစ်ယောက် သည် တောအုပ်ထဲဝင်လျှင် လမ်းဘေးချုံပုတ်ထဲမှ နေ၍ ချောင်းမြောင်းတိုက်ခိုက်လာနိုင်သည့် အန္တရာယ်ကို မသိ ဘဲနေမည်မဟုတ်၊ သိမည်သာ ဖြစ်သည်ဟု တွေးမိလာခြင်းကြောင့် ဖြစ်သည်။

တစ်ဆက်တည်းပင်...

"ကြယ်တံခွန်ဂိုဏ်းက ထိပ်တန်းသိုင်းသမားတွေ လုပ်ကြံ ခံနေရတယ်၊ ဂိုဏ်းချုပ်ကျင်းစန်းဖုံးကို ကြည့်ရတာ ဘာမှ မသိသလို အေးအေးဆေးဆေး ရှိနေတယ်၊ လူပြတ်တဲ့ရွှက်လှ တောအုပ်ဘက်ကို အပျင်းပြေ မြင်းစီးထွက်လာတယ်ဆိုတာ ဘာသဘောလဲ၊ ဒါ ရိုးသားတဲ့ကိစ္စတစ်ခု မဖြစ်နိုင်ဘူး"

ဟူ၍ တွေးမိလာခြင်းကြောင့် ဖြစ်လေသည်။

မီးခဲ မျက်နှာပျက်သွားလေသည်။

ကျင်းစန်းဖုံးအား လုပ်ကြံနိုင်တော့မည်ဟု ကျူးရှီ မှတွေး သည့် မတွေးဘဲ သူတို့လူစုသည် ကျင်းစန်းဖုံး၏ ထောင် ချောက်တဲ့သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း နားလည်သွား လေသည်။

"မဖြစ်ဘူး"

မီးခဲသည် ရွှက်လှတောအုပ်ထဲသို့ဝင်ဖို့ စိတ်မကူးတော့ဘဲ နှင့် လှည့်ကာ အဝေးသို့ ထွက်ပြေးသွားရန် ကြိုးစားလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ အဖော်ကောင်လေးများကော ကျူးရှိအတွက် မစဉ်းစားတော့ပါ။

ကျူးရှိတို့အား စွန့်ပယ်ပြီး ကိုယ်လွတ်ရုန်းပြေးဖို့ ကြိုး လိုက်ခြင်းဖြစ်မေတော့သည်။

မီးခဲ ထွက်ပြေးရန် ကြိုးစားလိုက်သည်နှင့်....

"မင်း ဘယ်သွားမလို့လဲ"

စကားသံနှင့်အတူ လူရိပ်များ ထွက်ပေါ်လာပြီး ဝိုင်း ထားလိုက်ကြလေသည်။

လင်းလင်းနှင့် ကြယ်တံခွန်ဂိုဏ်းမှ ထိပ်တန်းသိုင်းသ များပင် ဖြစ်လေသည်။

မီးခဲသည် ဝါရင့်သိုင်းသမားကြီးများ၏ ဝိုင်းရံမှုခံ ရသဖြင့် ထွက်ပြေးနိုင်စွမ်း မရှိတော့ပါ။

လင်းလင်းသည် မီးခဲအား ခြေဆုံးခေါင်းဆုံး ကြည့် မဲ့ပြုံးပြုံးလိုက်လေသည်။

"မင်း တော်တော်ပါးနပ်တဲ့ ကောင်လေးတစ်ယော ရှက်လှတောအုပ်ထဲမှာ ငါတို့ ကြိုတင် စောင့်ဆိုင်းနေကြ ဆိုတာကို မင်းတွေးမိလိုက်တယ်ပေါ့ ဟုတ်လား"

မီးခဲက ခေါင်းညိတ်ကာ မကြောက်မရွံ့ ပြောလိုက် သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ ယောင်ချော ရောက်နေပြီဆိုတာ ရိပ်မိလိုက်ပါတယ်"

"မင်းတို့ ရှက်လှတောအုပ်ကို လာခဲ့ကြတာ ဂိုဏ်း ကျောင်းစန်းဖုံးကို သုတ်ကြဖို့ဖြစ်တယ်လား"



"ဟုတ်ပါတယ် ခင်ဗျာ"

ဆိုစဉ်....

ဆူဆူညံညံအသံများ ထွက်ပေါ်လာလေသည်။

ကျောင်းစန်းဖုံးက ကျူးရှိအား ဖမ်းဆီးခေါ်ဆောင်လာ သည်ကို တွေ့မြင်လိုက်ရလေသည်။

"လွှတ်...လွှတ် ကျုပ်ကိုလွှတ်ပါဗျာ၊ ကျုပ်က ပရဆေး ရှာဖို့ ဒီကိုလာခဲ့တာ၊ ဂိုဏ်းချုပ်ကြီးက ကျုပ်ကိုဘာကြောင့် ဖမ်းဆီးရတာလဲ"

ကျူးရှိက မကျေမနပ် အော်ပြောနေသည်။

ကျောင်းစန်းဖုံးက လွှတ်မပေးပါ။

"ကျုပ်က ခင်ဗျားအတွက် ပရဆေးပင်တွေ ခိုင်းကူး ပေးမှာပေါ့၊ ဘာကြောင့် လောနေရတာလဲ"

သူတို့၏ဖြစ်ပျက်နေပုံကိုကြည့်ကာ လင်းလင်းက ရယ်မော လိုက်လေသည်။

"အစ်ကို၊ ခုချိန်ထိ သူက ငြင်းချင်နေတုန်းပဲလား"

ဟူ၍ လှမ်းမေးလိုက်လေသည်။

ကျောင်းစန်းဖုံးလည်း ရယ်မောလိုက်သည်။

"သူက မျက်လှည့်ဆရာပဲ ညီမရယ်"

လင်းလင်းက....

မီးခဲ၏လက်ကိုဆွဲကာ ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

"ကျူးရှိ ဒီမှာ ရှင့်ရဲ့မကောင်းတဲ့လုပ်ရပ်တွေကို ဖေ ထုတ်ဖို့ သက်သေအထောက်အထားရှိနေပြီဆိုတာ ကြည့်စ ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျူးရှိသည် မီးခဲကိုမြင်လျှင် မျက်နှာပျက်သွားလေသည်။

သူ၏ လက်သပ်မွေးထားသော ကောင်လေးများတွင် မီးခဲသည် လင်းလင်း၏လက်ထဲ ရောက်ရှိနေပြီဖြစ်သည်။

"မီးခဲ"

ကျူးရှိ လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

လင်းလင်း ပြုံးလိုက်သည်။

"သူ့နာမည်က မီးခဲတဲ့လား"

ကျူးရှိ ပါးစပ်ပိတ်ထားလိုက်၏။

မီးခဲက အဘယ်ကြောင့် လင်းလင်းအား တိုက်ခိုက်ခြင်းမပြုသည်ကို သူ စဉ်းစား၍မရပေချေ။

မီးခဲသည် အရှုံးပေး အညံ့ခံမည့်သူမဟုတ်ဘဲ အသက်အသေခံရန် ဝန်မလေးသူဟု နားလည်ထားခဲ့သည်။

ယခုတော့....

"မီးခဲ ဂိုဏ်းချုပ်ကြီးကိုလုပ်ကြံဖို့ သူက ခိုင်းစေခဲ့တယ်မဟုတ်လား"

လင်းလင်း၏မေးမြန်းသံ ထွက်ပေါ်လာလေသည်။

မီးခဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

"ဟေ့ ကောင်၊ မင်းဘာပြောတာလဲ"

ကျူးရှိက အထိတ်တလန့် အော်လိုက်လေသည်။

မီးခဲက ကျူးရှိအားမကြည့်ဘဲ လင်းလင်းမေးမြန်းသမျှ ဖြေကြားနေလေသည်။



ကျူးရှိ၏ မကောင်းသောလုပ်ရပ်များကို မီးခဲက ထုတ်ဖော်ဝန်ခံနေခြင်းဖြစ်ရကား ကျူးရှိ ဒေါပွလာတော့သည်။

"မီးခဲ မင်းသေချင်ပြီထင်တယ်"

သူက အော်ဟောက်လိုက်သော်လည်း မီးခဲကို လက်ဖျားနှင့်ပင် တို့နိုင်မည်မဟုတ်သည့်အပြင် သူ၏အသက်ကိုကာကွယ်စောင့်ရှောက်ဖို့ပင် မလွယ်တော့မှန်း နားလည်လာ၏။

မီးခဲကား အပြောင်းလဲကြီး ပြောင်းလဲသွားပြီ ဖြစ်ပါသည်။

"ကျွန်တော်တို့ မိဘမဲ့ကလေးတွေဟာ ဆရာကျူးရှိရဲ့အမိန့်ကို တစ်သဝေမတိမ်း နာခံရပါတယ်၊ ပေးသမျှယူကျွေးသမျှ စားခိုင်းသမျှ လုပ်ရပါတယ်၊ စကားနားမထောင်ရင် ရက်ရက်စက်စက် အပြစ်ပေးခံရပါတယ်၊ သူ့ကိုကြောက်လို့ သူခိုင်းသမျှ မညည်းမညူ လုပ်ပေးခဲ့ရပါတယ်"

မီးခဲ၏စကားများသည် ကျူးရှိအား အပြစ်ဖို့ပြီးရှင်းဖို့နေပါသည်။

ကျူးရှိ၏အပြစ်က ပို၍ပို၍ကြီးမားလာသည်။

မီးခဲအပါအဝင် ကြေးစားကောင်လေးများကား အနှိပ်စက်ခံရသူများ အပြစ်မရှိသူများပမာ ဖြစ်လာသည်။

အားလုံးသည် မီးခဲ၏စကားကို နားထောင်ရင်း ကရုဏာသက်လာကြသည်။

ကျူးရှိသည် အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခဲကြောင့် ကျောင်းစန်းဖုံးတို့က သူ့အား ချမ်းသာ
ခေတ္တမည်မဟုတ်ကြောင်း နားလည်လိုက်သည်။

ကျူးရှိ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါ။

''ဟိတ်''

ခြောသံပေးရင်း ကျောင်းစန်းဖုံး၏ လက်ထဲမှ အတင်းရှ
ဆွဲလိုက်သည်။

''မပြေးနဲ့''

ကျောင်းစန်းဖုံးနှင့် ကြယ်တံခွန်ဂိုဏ်းမှ ထိပ်တန်းသိုင်းသမ
များက ကျူးရှိ လွတ်မြောက်မသွားရအောင် အတပ်ထ
ဝိုင်းရံထားလိုက်ကြလေသည်။

လွတ်မြောက်မည်မဟုတ်ကြောင်း နားလည်ထားသေ
ကျူးရှိသည် ဓားခြောင်တစ်လက်ဆွဲဆုတ်ကာ သူ၏ရင်ဝ
ပြန်လည်ထိုးစိုက်ချလိုက်လေသည်။

''ဟင်....''

''ဟာ....''

ကျောင်းစန်းဖုံးတို့ အံ့ဩသွားကြ၏။

ကျူးရှိသည် မြေပေါ်ဒူးထောက်ကျသွားသည်။

သူက မီးခဲကိုလှမ်းကြည့်လိုက်သောအခါ မီးခဲကလည
ကြည့်နေသဖြင့် မျက်လုံးချင်းဆုံမိလေသည်။

ဤတွင်....

မီးခဲ၏အတွင်းသဘော မည်သို့ရှိသည်ကို ကျူးရှိနားလည
သွားလေတော့သည်။



အရွယ်ရောက် ကြီးပြင်းလာလျှင်လည်း မိဘအမွေကို
ဆက်ခံကာ ကြယ်တံခွန်ဂိုဏ်းချုပ်အဖြစ် သိုင်းလောကတွ
င်သည်စွာ ရပ်တည်နိုင်ဦးမည် ဖြစ်ပေသည်။

ကျောင်းကျားရှိ၏ဘဝနှင့် မီးခဲ၏ဘဝသည် မိုးနှင့်မြေပမာ
ကွာခြားနေပါတော့သည်။

လူလူချင်းအတူတူ ဘဝခြင်းကွာခြားပုံကိုတွေးတောရင်း
လင်းလင်း၏ရင်ထဲ သားသမီးချင်း ကိုယ်ချင်းစာသည့် စိတ်
များ ဖြစ်ပေါ်လာလေသည်။

''မီးခဲ....မင်းနာမည်က မီးခဲတဲ့လား၊ တခြားနာမည်မရှိ
ဘူးလား''

မီးခဲ ခေါင်းခါယမ်းလိုက်သည်၊

''မရှိပါဘူး ခင်ဗျာ''

''နေပါဦး၊ မီးခဲဆိုတဲ့နာမည်ကို ဘယ်သူပေးတာလဲ''

''ဆရာကျူးရှိ ပေးတာပါ''

''မင်းရဲ့မိဘတွေကကော''

''ကျွန်တော် မသိပါဘူး''

မီးခဲသည် မိဘများအမည် မည်သူမည်ဝါ ဖြစ်သည်ပင်
မသိခဲ့ရသည့် ဘဝဆိုးကြုံခဲ့ရသူဖြစ်သည်။

သူ လူမှန်းသိတတ်သည့်အချိန်၌ လမ်းပေါ်ရောက်ရှိနေ
သော ကလေးသူငယ်များအား ကိုယ်ကျိုးအတွက် အသုံးချ
တတ်သောကျူးရှိ၏လက်တွင်းသို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း
သင်ရှားနေပါတော့သည်။

လင်းလင်းက ခင်ပွန်းသည်ဘက် လှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို သူ့ကို ကျွန်မတို့ ခေါ်သွားကြရင် မကောင်းဘူးလားဟင်"

ကျောင်းစန်းဖုံးက မျက်မှောင်ကုတ်သွားသည်။

"ညီမရဲ့ သဘောက"

"သူ့ကို ကျွန်မတို့ မွေးစားလိုက်ကြရင် မကောင်းဘူးလား၊ သားလေးကျောင်းကျွားရီနဲ့လဲ အဖော်ရတာပေါ့"

"ဖြစ်ပါ့မလား ညီမရယ်"

ကျောင်းစန်းဖုံးက စိုးရိမ်မကင်းသော လေသံဖြင့် ပြော၏။ လင်းလင်းသည် မီးခဲ့အား သဘောကျနေပြီ ဖြစ်ပါသည်။

"ဖြစ်ပါတယ် အစ်ကိုရယ်၊ မီးခဲလေး သနားပါတယ်။ မကောင်းတဲ့ လူယုတ်မာရဲ့လက်ထဲ ရောက်ခဲ့ရလို့ ခုလိုဖြစ်ရတာပါ၊ ကျွန်မတို့ရဲ့ ပြုစုစောင့်ရှောက်မှုကို ခံယူရမယ်ဆိုရင် လူတော်လူကောင်းလေး တစ်ယောက် ဖြစ်လာမှာပါ။ သူဟာ အကင်းပါးပြီး ဉာဏ်ရည်ထက်မြက်တဲ့ ကောင်လေးပါ။ တစ်နေ့ လူတော်လူကောင်း တစ်ယောက် ဖြစ်လာမှာပါ။ သူ့ကို မွေးစားခွင့် ပြုပါရှင်"

ဇနီးသည်၏ ဆန္ဒပြင်းပြနေသည်မို့ ကျောင်းစန်းဖုံး မတားဆီးလိုပါတော့ချေ။

မီးခဲအား မွေးစားခြင်းဖြင့် တိမိုက်နှစ်နာမှု ရှိမည်မဟုတ်ဘဲ လူတစ်ယောက်၏ ဘဝကို ကယ်တင်နိုင်ခြင်းဖြစ်သည်ဟု တွေးပြီး သဘောတူလိုက်လေတော့သည်။

"ညီမသဘောပဲလေ"

"အို....ဝမ်းသာလိုက်တာရှင်"

လင်းလင်း၏မျက်နှာ ပြုံးရွှင်သွားလေတော့သည်။

မီးခဲ၏လက်ကို ဆုပ်ကိုင်ကာ ပြောလိုက်သည်။

"မီးခဲ မင်းဝမ်းမသာဘူးလား"

မီးခဲ ခေါင်းညိတ်လိုက်သည်။

"ဝမ်းသာပါတယ် ဒေါ်ဒေါ်"

"အို...ဒေါ်ဒေါ်လို့ မခေါ်ရဘူး၊ မေမေဟာ မွေးစားခံဆိုပေမယ့် သားအရင်းလို အမှတ်ထားမှာကွယ့်၊ ဒါကြောင့် ခုချိန်ကစပြီး မေမေလို့ ခေါ်ရမယ်"

"ဟုတ်....ဟုတ်ကဲ့ မေမေ"

မီးခဲသည် သင်လွယ်တတ်လွယ်သောသဘော ရှိသလို ကင်းပါးသူလည်း ဖြစ်ပါသည်။

လမ်းပေါ်၌ လေလွင့်ရမည့်အစား အပြစ်ဒဏ်ပေးခြင်း ခံရမည့်အစား တိုးတက်မြင့်မားသည့် ဘဝတစ်ခု ရင်ဆိုင်ရတော့မည်ကို သိရှိကာ စိတ်လှုပ်ရှားနေသည့် သဘောလည်း ရှိသည်။

လင်းလင်း ပြုံးလိုက်သည်။

"မီးခဲဆိုတဲ့ မင်းနာမည်က ခေါ်လို့မကောင်းဘူး၊ မေမေ့သားဖြစ်လာတော့မယ် ဆိုတော့ သားနဲ့ လိုက်ဖက်မယ့် နာမည်တစ်ခု ပေးလိမ့်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစန်းဖုံးကား လင်းလင်းနှင့် မီးခဲတို့ သဟဇာတ မျှနေကြပုံကို ပြုံး၍ကြည့်နေပါသည်။

လင်းလင်းသည် မီးခဲအား မွေးစားလိုက်သဖြင့် မီးခဲမှာ အရှင်မွေးက နေ့ချင်းကြီးသည်ဆိုသကဲ့သို့ ကြယ်တံခွန်ဂိုဏ်း ဒုတိယသခင်သေးဘဝသို့ နေ့ချင်းညချင်း ရောက်ရှိသွား၏။

သူ၏အမည်မှာလည်း....

ကျောင်းစန်းဖုံး၏ သားအကြီး ကျောင်းကျားရိနှင့် မဝိမ် မယိမ်းပင့် ကျောင်းကြီးခက် ဟူ၍ ဖြစ်လေသည်။

မှော်ဆရာကျူးရှိသည် သေဆုံးသွားကာနီးအချိန်၌ မီးခဲ ၏ မျက်ဝန်းအစုံမှနေ၍ ရင်ထဲ၌မည်သို့ရှိနေသည်ကိုအဓိပ္ပာယ် ဖော်နိုင်ခဲ့သည်။

ကျောင်းစန်းဖုံးနှင့် လင်းလင်းတို့ကား အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့ ကြသည်ဟု ဆိုနိုင်ပါသည်။

မီးခဲအား မွေးစားလိုက်ခြင်းကြောင့် သူတို့နှစ်ယောက်၏ ဘဝသည်လည်းကောင်း၊ ကြယ်တံခွန်ဂိုဏ်း၏ အခြေအနေ သည်လည်းကောင်း အပြောင်းလဲကြီး ပြောင်းလဲသွားမည် ဖြစ်ကြောင်း ယိုစဉ်က မည်သူမျှသိနိုင်ကြလိမ့်မည် မဟုတ် ချေ။

# "ရင်ထဲကစကား"

"ဂျိန်း ..."

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

လှိုင်နွယ်လျှပ်ပန်းများ ပြိုးခနဲပြက်ခနဲ ဝင်းလက်သွားပြီး နောက်များ တဖြောက်ဖြောက် ကျဆင်းလာသည်။

သစ်ပင်ပန်းမန်များသည် မိုးစက်အထိအတွေ့ကြောင့် ပို၍ စိမ်းလန်းလာသည် တင်ရ၏။

ညှိုတက်နေသော ကျောက်တုံးကြီးများသည် အစိမ်း ညိုသန်းနေကာ မိုးရေစိုရွှဲသွားလျှင်...

အရောင် ပို၍တောက်ပလာလေသည်။

ကျောက်တုံး ကျောက်ခဲများ သစ်ပင်ပန်းမန်များကြား မြွေကွက်လပ်တစ်ခု ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြေကွက်လပ်သည် ချိုင့်ကျင်းခလုတ် ကန်သင်းများ ညီညာပြန့်ပြူးခြင်း မရှိသည့်အပြင် နေရာခပ်ကျဉ်းကျ လေးမျှသာ ဖြစ်လေသည်။

မြေကွက်လပ်ပေါ်၌ လူငယ်တစ်ယောက်ရှိနေ၏။

လူငယ်သည် အသက်နှစ်ဆယ်ခန့်ရှိပြီး ငယောကျ်ားပီသ ချောမောခန့်ညားသည့်ရုပ်သွင် ရှိသူဖြစ်သည်။

အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားကာ ၌ ခါးတစ်လက်ချိတ်ထားပြီး မြေကွက်လပ်ပေါ်သို့ ရှိနေခြင်းသည် သိုင်းလေ့ကျင့်ဖို့ဖြစ်ကြောင်း ထင်ရှား လေသည်။

လူငယ်သည် ခြေစုံရပ်၍ မလှုပ်မယှက်ရှိနေသကဲ့သို့ တောက်ပသော မျက်လုံးများက ရှေ့တူရူသို့ မမိုတ်မ ကြည့်နေ၏။

"ဂျိန်း...."

မိုးခြိမ်းသံ ထွက်ပေါ်လာပြန်သည်။

မိုးစက်မိုးပေါက်များ ခပ်စိပ်စိပ်ကျလာ၏။

လူငယ်၏အဝတ်အစားများ ပို၍စိုရွှဲလာသည်။

ရုတ်တရက်....

"ယား...."



ဟြသံပေးကာ ငြိမ်သက်နေသော လူငယ်က စတင်လှုပ် လေသည်။

သူ၏လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်ကာ သိုင်းကွက် ဖော်ရင်း....

ခြေထောက်များကလည်း တစ်ပါတည်း လှုပ်ရှားသွား ။

ကျဉ်းမြောင်းသော မြေကွက်လပ်လေးပေါ်မှာပင် လျင် စွာ လှုပ်ရှားရွေ့လျားရင်း ကိုယ်နေဟန်ထား အမျိုးမျိုး င်းလဲကာ သိုင်းကွက်များ ဖော်ထုတ်လေ့ကျင့်လိုက် သည်။

သူ၏လေ့ကျင့်မှုမှာ အလွန်ကြည့်၍ကောင်းလှသလိုပညာ းပါသော သိုင်းကွက်များ ဖြစ်နေသည်။

လူငယ်သည် မပေါနိုင် မပန်းနိုင်အောင် မိုးထဲရေထဲအား မာန်တက် လေ့ကျင့်နေရင်း ပတ်ဝန်းကျင်တစ်ခုလုံးကို လျော့နေတော့သည်။

ထိုလူရွယ်ကား တစ်ချိန်က လမ်းပေါ်၌ လေလွင့်ခဲ့ရမှ ဆရာကျူးရှို၏ စည်းရုံးသိမ်းသွင်းမှုဖြင့် ကြေးစားဖြစ်ခဲ့ရ ာ မီးခဲဆိုသည့်ကောင်လေးပင် ဖြစ်လေသည်။

မီးခဲသည် လင်းလင်း၏ ကောင်းမှုကြောင့် ကြယ်တံခွန် းသို့ ရောက်လာခဲ့ပြီး ထခင်လေးတစ်ယောက် ဖြစ်ခဲ့ရ ည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းက သူ့အားမွေးစားပြီးနောက် သားအရင်းနှင့် မခြား ကြည့်ရှုစောင့်ရှောက်ခဲ့သည်။

စာပေပညာနှင့် သိုင်းပညာများ သင်ပေးသည်။ လိမ္မာ ရေးခြားရှိလာအောင် သွန်သင်ဆုံးမသည်။

သိုင်းလောက၌လည်းကောင်း၊ လူကို ထံအသိုင်းအဝိုင်း၌ လည်းကောင်း ဝင်ဆန့်နိုင်အောင် ပန်တီးခဲ့သည်။

ထို့ပြင်....

အချိန်ကြာလာသောအခါ မီးခဲတစ်ဖြစ်လဲ ကျင်းကြီးခက် အား အများက ကြယ်တံခွန်ဂိုဏ်းချုပ်၏ မွေးစားသားဖြစ် သည်ကိုပင် မေ့လျော့သွားကြလေသည်။

မီးခဲသည် ကျင်းကြီးခက်အဖြစ် ကြီးကျယ်မြင့်မြတ်သော ဘဝကို ပိုင်ဆိုင်လာခဲ့လေတော့သည်။

ကျင်းကြီးခက်သည် သိုင်းကွက်များကို အားမာန်အပြည့် ဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်လိုက်သဖြင့် မိုးရေထဲမှာပင် ချွေးများ ထွက်လာလေသည်။

သို့သော်....

သူက ရင်နှာခြင်းမပြုသေးဘဲ လက်နက်မဲ့သိုင်းပညာ လေ့ကျင့်ပြီးသည်နှင့် ဓါးမှခေါးကိုဆွဲထုတ်ကာ ကြယ်တံခွန် ဓားပညာကို ဆက်၍လေ့ကျင့်လိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များသည် လျှပ် အလင်းရောင်နှင့်အပြိုင် ပြိုးပြိုးပြက်ပြက် ထွက်ပေါ်လာ သည်။



ယခင်ကလို အရိုးပြိုင်းပြိုင်း ဗိုက်ပူနံကားကောင်လေး တစ်ယောက် မဟုတ်တော့ဘဲ ခန္ဓာကိုယ်ကျစ်လျစ်သန်မာပြီး ကျားကျားယားယားရှိနေသော ကျင်းကြီးခက်၏ဓားပညာ လေ့ကျင့်မှုသည် မိုးကောင်းကင်မှနေ၍ မြေပြင်သို့ အရှိန် အဟုန်ပြင်း ဆင်းသက်လာသည့် ကြယ်တံခွန်တစ်ခုပမာ မာန် ပါန် ပြင်းလှတော့သည်။

သူ၏ဓားချက်များကြောင့် သစ်ပင်ပန်းပင်များ အပိုင်း ပိုင်း ဖြစ်သွား၏။

ကျောက်တုံးကျောက်ခဲများ ခြွင်းခနဲ ခြွင်းခနဲ ပဲ့ထွက် ကုန်၏။

မြေကွက်လပ်လေးတွင် ခလးပြင်းမုန်တိုင်း တိုက်ခတ်နေ သည့်နှယ်ပင် တူနေတော့သည်။

နောက်ဆုံး....

"ယား...."

"ခြွင်း...."

ဩသံပေးသံ ထွက်ပေါ်လာသော ကျင်းကြီးခက်၏လက် မှ ဓားသည် ရှေ့သို့ ဝှစ်ခနဲ ပြေးထွက်သွားပြီး ကျောက်တုံး ကြီး တစ်တုံး၌ ထက်ဝက်ခန့်မြုပ်သည်အထိ စိုက်ဝင်သွား သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြုံးခက်၏ သိုင်းလေ့ကျင့်မှုသည်လည်း ပြီးဆုံးသွားလေတော့သည်။

❖

ကျောက်တုံးကြီး၌ ခါးစိုက်ဝင်သွားသည့်အရှိန် ပြင်းထန်လွန်းသဖြင့် ခါးရိုးမှာ တဆတ်ဆတ်တုန်ခါနေပါတော့သည်။

ကျောင်းကြုံးခက်သည် သေသေချာချာ စိုက်ကြည့်လိုက်ပြီး တီးတိုးရေရွတ်လိုက်လေသည်။

"ဒါလောက်ပဲလား"

သူ၏လေသံမှာ စိတ်ပျက်အားလျော့သည့်အသံ ရှိနေ၏။

ထိုစဉ်....

"ဖြောင်း...ဖြောင်း....ဖြောင်း"

လက်ခုပ်တီးသံများ ထွက်ပေါ်လာလေသည်။

ကျောင်းကြုံးခက် လှည့်ကြည့်လိုက်သောအခါ ဆီစိမ်းထီး တစ်လက်ဆောင်းထားသော လူရွယ်တစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။



ထိုလူရွယ်ကား ကြယ်တံခွန်ဂိုဏ်းချုပ် ကျောင်းစန်းဖုံးနှင့်ဇနီးသည် လင်းလင်းတို့သားအရင်း ကျောင်းကျားရီ ဖြစ်ပါသည်။

ကျောင်းကျားရီကိုတွေ့ရလျှင် ကျောင်းကြုံးခက် ချက်ချင်း ဦးညွှတ်လိုက်လေသည်။

"အစ်ကိုကြီး ရောက်လာတာကိုမသိခဲ့လို့ မကြိုဆိုမိတာကို ခွင့်လွှတ်ပါ"

ကျောင်းကြုံးခက်သည် ကြယ်တံခွန်ဂိုဏ်းသို့ ရောက်ခဲ့ပြီးနောက် ကျောင်းစန်းဖုံးတို့ ဇနီးမောင်နှံအား လွန်စွာမှပင် ရိုသေကိုင်းရှိုင်းကာ အမြဲတမ်း ဦးထိပ်ပန်ဆင်ခဲ့သည်။

ကျောင်းကျားရီကိုလည်း ရိုကျိုးစွာဆက်ဆံသည်။

ကြယ်တံခွန် ဂိုဏ်းသားများနှင့်လည်း သင့်တင့်အောင် ပေါင်းသင်းဆက်ဆံသည်။

ထို့ကြောင့်လည်း အားလုံးက လမ်းဘေးမှ ကြေးစားကောင်လေးတစ်ယောက် ဖြစ်ခဲ့ဖူးသည်ကို မေ့ပစ်ကာချစ်ချစ်ခင်ခင် ဆက်ဆံကြလေသည်။

အများ၏ချစ်ခင်မှုကို ခံယူနိုင်ခြင်းနှင့် လိမ္မာရေးခြားရှိသူအဖြစ် သတ်မှတ်ခံရခြင်းတို့ကြောင့် အစစအရာရာ တိုးတက်လာကာ ကျောင်းစန်းဖုံး၏အရေးပေးမှုကိုပင် ခံယူနိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁

သားအရင်းဖြစ်သော ကျောင်းကျားရီနှင့်လည်း တကယ့် ညီအစ်ကိုအရင်းပမာ ဖြစ်လာခဲ့ကြလေသည်။

ကျောင်းကျားရီ လက်ကာပြလိုက်သည်။

"ကိစ္စမရှိဘူးညီလေး၊ မေမေက ညီလေးကို ခေါ်ခိုင်းလိုက်လို့ လာခေါ်တာ၊ မကြာခင် မေဟွားတောင်က ဧည့်သည်တွေ ရောက်လာကြတော့မှာမို့ ကြယ်တံခွန်ဂိုဏ်းမှာ ညီလေးကိုလဲ ရှိနေစေချင်တယ်လေ"

ကျောင်းကြီးခက် ပြုံးလိုက်သည်။

"မေဟွားတောင်က ဧည့်သည်တွေ ရောက်လာကြတော့မယ် ဟုတ်သား"

"ဟုတ်တယ် ညီလေး"

"ဒါဖြင့်...."

ကျောင်းကြီးခက်က ဆက်မပြောဘဲ ရယ်ကဲ့ကဲ့လုပ်နေသဖြင့် ကျောင်းကျားရီ အစ်ပွားယ်မေါက်သွားသကဲ့သို့ မျက်နှာနီရဲသွားလေသည်။

"ညီလေး ဘာရယ်နေတာလဲ"

ဟုလည်း ရှက်ကိုးရှက်ကန်းဖြင့် ပြောလိုက်သည်။

မေဟွားတောင်ကိစ္စသည် ကြယ်တံခွန်ဂိုဏ်း တစ်ခုလုံး သိနေပြီးသောကိစ္စ ဖြစ်ပါသည်။



အသက်နှစ်ဆယ့်လေးနှစ် ရှိနေပြီဖြစ်သော ကျောင်းကျားရီအား မိဘများက အိမ်ထောင်ချပေးလိုကြသည်။

နောင်တစ်ချိန်၌....

ကြယ်တံခွန်ဂိုဏ်းချုပ်ရာထူးကို အမွေဆက်ခံရမည့် ကျောင်းကျားရီ၊ ကျောင်းမျိုးဆက် အမွန်ရှည်တည်တံ့ရေးအတွက် အိမ်ထောင်ပြုရမည် ဖြစ်လေသည်။

မိခင် လင်းလင်းကပင် ကမကထပြုကာ ချွေးမလောင်းရှာဖွေခဲ့ရာမှ မေဟွားတောင်မှ သခင်မလေး ကျူးရွှယ်ကို မျက်စိကျခဲ့ကြခြင်း ဖြစ်လေသည်။

လင်းလင်းသည် ခင်ပွန်းသည် ကျောင်းစန်းဖုံးနှင့် တိုင်ပင်ပြီးနောက် အောင်သွယ်တော်များကို မေဟွားတောင်သို့စေလွှတ်ကာ ကမ်းလှမ်းခဲ့ရာ မေဟွားတောင်မှလည်း မငြင်းနိုင်ဘဲ လက်ခံခဲ့ကြသည်။

ကြယ်တံခွန်ဂိုဏ်းနှင့် မေဟွားတောင်တို့ ရွှေလမ်းငွေလမ်းဖောက်သည့်အနေနှင့် မေဟွားတောင် သခင်မလေးသည် အလည်အပတ် လာလိမ့်မည်ဖြစ်သည်။

ထိုအကြောင်းများကို ကျောင်းကြီးခက်က သိထားသည့်အစ်ကိုဖြစ်သော ကျောင်းကျားရီကိုရယ်ကဲ့ကဲ့ဖြင့်နောက်ပြောင်ကျီစယ်နေခြင်း ဖြစ်ပါတော့သည်။

ကျောင်းကျားရီ ရှက်ကိုးရှက်ကန်း ဖြစ်သွားသောအခါ ကျောင်းကြီးခက်က ပို၍ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ရဲ့တူကလေးကို ဘယ်တော့များထိန်းကျောင်းရပါမလဲလို့ကွေးပြီး"

"ဟော့....ဟော့ တော်တော့"

ကျင်းကြီးခက်က ထပ်မံနောက်ပြောင်ကျီစယ်ရန် ဟန်ပြင်လိုက်လျှင် ကျင်းကျားရီ ကပျာကယာ ဟန့်တားလိုက်လေသည်။

"ဟား....ဟား....ဟား"

ကျင်းကြီးခက်က သဘောကျစွာ ရယ်မောနေသည်။

ကျင်းကျားရီ နှာခေါင်းရှုံ့လိုက်သည်။

"အေး... ညီလေး ဒီလောင်တောင် သဘောကျနေရင်သဲ မေဟွားတောင် သခင်မလေးကျူးရှယ်ကို ညီလေးနဲ့ပေးစားလိုက်ဖို့ မေမေ့ကိုပြောလိုက်မယ်"

"ဟား....ဟား.... ဒီလိုတော့ မလုပ်လိုက်ပါနဲ့ အစ်ကိုကြီးရာ၊ ကျွန်တော် သိုင်းပညာသင်ယူလို့ မဝသေးပါဘူး၊ အိမ်ထောင်ပြုဖို့ မစဉ်းစားပါရစေနဲ့"

ကျင်းကြီးခက် ဆက်၍မရယ်ဝံ့တော့ဘဲ တောင်းပန်လိုက်ရလေတော့သည်။

ကျင်းကျားရီဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။



"ငါ့သိက သိုင်းပညာတကယ်ကိုဝါသနာပါတော့ ဒါကြောင့်လဲ ကွယ်ရာမှာ ဖေဖေကိုယ်တိုင် ချီးကျူးနေတာဖြစ်ရမယ်"

သူက ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်ပြီး မေးခွန်းထုတ်လိုက်လေသည်။

"ဒါထက် နေစမ်းပါဦး၊ တို့ကြယ်တံခွန်ဂိုဏ်းမှာ လိုလေသေး မရှိအောင် ပြင်ဆင်ထားတဲ့ သိုင်းလေ့ကျင့်ခန်းမဆောင်ကြီးရှိတာပဲ၊ ဘာကြောင့်ဒီလောက်ကျဉ်းကျဉ်းကြုတ်ကြုတ်နေရာမှာ လာပြီးလေ့ကျင့်နေရတာလဲ"

ကျင်းကြီးခက်သည် သိုင်းလေ့ကျင့်ရန် လိုလေသေးမရှိ ပြင်ဆင်ထားသော ခန်းမဆောင်ကြီး၌ လေ့ကျင့်ခြင်းမပြုဘဲ လုံးဝသင့်လျော်ခြင်း မရှိသည့်နေရာ၌ လာရောက်လေ့ကျင့်သည်ကို အားလုံးကနားမလည်နိုင်အောင် ဖြစ်နေကြပါသည်။

ကျင်းကျားရီက မေးလိုက်သောအခါ ကျင်းကြီးခက်က တည်ကြည်သောမျက်နှာထားဖြင့် ရှင်းပြလိုက်လေသည်။

"လေ့ကျင့်ဆောင်ထဲမှာ အစစအရာရာ အသင့်ရှိနေတော့ လေ့ကျင့်ရတာ အင်မတန် အဆင်ပြေလှပါတယ်၊ ဒီနေရာမှာတော့ အခက်အခဲတွေ ရှိပါတယ်၊ ဒါပေမယ့် ခက်ခဲထန်ကြမ်းတမ်းမှုနဲ့ အနှောင့်အယှက်တွေ ရှိနေတဲ့ကြားက အောင်မြင်အောင် လေ့ကျင့်နိုင်ခဲ့ရင် ပိုပြီးထိရောက်မှုရှိမယ်လို့ ကျွန်တော်ယူဆမိလို့ပါ အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကျားရှီ ပြုံးလိုက်သည်။

"ညီလေးရဲ့အယူအဆ မဆိုးပါဘူး၊ လက်တွေ့ဘဝမှာ အခက်အခဲ အကျဉ်းအကျပ်တွေနဲ့ ရင်ဆိုင်ရတတ်တာပဲ မဟုတ်လား"

ခက်ထန်ကြမ်းတမ်းသည့်ဘဝမှ လာခဲ့ရသော ကျောင်းကြိုးခက်အား ကရုဏာပိုမိရှေ့သည်။

အတိတ်မှ အဖြစ်ဆိုးများအား မေ့ပစ်စေလိုသော သဘောလည်း ရှိလေသည်။

"ကဲ...ညီလေးရေ၊ မမစောင့်နေလိမ့်မယ်၊ တို့ သွားကြရအောင်"

ကျောင်းကျားရှီက ကျောင်းကြိုးခက်၏ပခုံးကို သိုင်းဖက်ရင်း ခေါ်ဆောင်သွားရန် ဟန်ပြင်လိုက်လေသည်။

"အစ်ကိုကြီး ခဏနေဦး၊ ကျွန်တော့် ဓားကိုယူရဦးမယ်"

ကျောင်းကြိုးခက်သည် ကျောက်တုံးကြီး၌ ထက်ဝက်မြုပ်အောင် သုံးစိုက်ထားသော ဓားဆီသို့ လှမ်းသွားလိုက်လေသည်။

ကျောင်းကျားရှီကလည်း နံဘေးမှ လိုက်ပါလာသည်။

ကျောက်တုံးကြီး၌ စိုက်ဝင်နေသောဓားကို ကြည့်ရင်း ချီးကျူးလေသည်။



"ညီလေးရဲ့သိုင်းပညာ အဆင့်ကို တိုးတ... စေဖို့ မမတို့ကလဲ အားရကျေနပ်နေကြတယ်၊ အစ်ချိန်ကို ညီအစ်ကိုနှစ်ယောက် လက်တွဲပြီး သိုင်းလောကမှာ အများအကျိုး ဆောင်ရွက်နိုင်ကြမယ်ဆိုရင် ကြယ်တံခွန်ဂိုဏ်းရဲ့ ဂုဏ်သိက္ခာပိုပြီး တိုးတက်လာမှာပဲလို့ ပြောဆိုနေကြတယ်"

ကျောင်းကြိုးခက်က သူ၏ဓားကိုဆွဲနုတ်ဖို့ ကြိုးစားလိုက်သည်။

ကျောက်တုံးထဲ အရှိန်ဖြင့် ထိုးစိုက်ထားသောဓားကို ဆွဲနုတ်ယူရန် ရုတ်တရက် ခက်ခဲလှပေသည်။

ကျောင်းကျားရှီ ပြုံးလိုက်သည်။

"ညီလေးလဲ သိုင်းလေ့ကျင့်နေရတာနဲ့ ပင်ပန်းနေပါပြီ၊ ကဲ...ကဲ...အစ်ကိုပဲ နုတ်ပေးမယ်"

ပြောပြောဆိုဆို ကျောက်တုံးကြီး၌ စိုက်ဝင်နေသော ဓားကို ဆွဲနုတ်လိုက်လေသည်။

"ချပ်...."

ကျောင်းကျားရှီက အသာအယာ ဆွဲနုတ်လိုက်သည်နှင့် ဓားရှည်မှာ လက်ထဲပါလာတော့သည်။

"ရော့....ညီလေး"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကျားရိုက ခါးကိုပေးသောအခါ ကျောင်းကြုံးခက်က မယူသေးဘဲ ငေးကြည့်နေ၏။

"ယူလေညီလေး၊ ဘာငိုင်နေတာလဲ"

"ဟို...ဟို"

"ဘာလဲ၊ ညီလေးနုတ်ရခက်နေတဲ့ခါးကို အစ်ကိုကြီးက အလွယ်တကူ ဆွဲနုတ်နိုင်ခဲ့လို့လား"

ကျောင်းကြုံးခက်က ဘာမှမပြောဘဲ ဆိတ်ဆိတ်နေသဖြင့် ဝန်ခံရာရောက်လေသည်။

ကျောင်းကျားရိုက ရှင်းပြလေသည်။

"သိုင်းပညာကို လေ့ကျင့်တဲ့နေရာမှာ အတွင်းအား ပညာရပ်ဟာ အခရာကို အရေးပါပါတယ်၊ အတွင်းအား ကောင်းရင်ကောင်းသလို မိမိ အသုံးပြုတဲ့သိုင်းကွက်တွေဟာ ထက်မြက်တယ်၊ ပိုပြီးထိရောက်မှုရှိတယ်၊ သာမန် သိုင်းကွက်လေးတစ်ကွက်တောင်မှပဲ အတွင်းအား ကောင်းနေတဲ့ အခါ ထိပ်တန်းသိုင်းကွက်လို ဖြစ်လာနိုင်တယ်၊ ညီလေးဟာ အသက်ဆယ်နှစ်ကျော်မှ သိုင်းပညာကို စတင်လေ့ကျင့်ခဲ့ ရတာဆိုတော့ အချိန်တိုတိုအတွင်းမှာ ထက်မြက်သူ တစ်ယောက် ဖြစ်လာအောင် ထိပ်တန်းသိုင်းကွက်တွေကို ဦး စားပေး သင်ပေးဖို့ ဖေဖေတို့ကစီစဉ်ခဲ့ကြတာ၊ အတွင်းအား ပညာနဲ့ပတ်သက်လို့တော့ အခြေခံရအောင် လေ့ကျင့် နိုင်းပြီး ဆေးဝါးအထောက်အကူနဲ့ တိုးပွားလာအောင်



ပေးဖို့ ရည်ရွယ်လာတာပဲဖြစ်တယ်၊အတွင်းအားတိုးပွား တဲ့ဆေးတွေ ညီလေးကိုမှန်မှန်တိုက်ကျွေးနေတာပဲ မဟုတ် လား"

ကျောင်းကြုံးခက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုကြီး"

ကျောင်းကျားရိုက ဆက်၍ ရှင်းပြလေသည်။

"အစ်ကိုကြီးက ညီလေးထက် အတွင်းအား ကောင်း တာက ငယ်စဉ်လသားအရွယ်ကပဲ နေ့စဉ်ဆေးရည်စိမ် တာတို့၊ ဆေးဝါးတိုက်ကျွေးတာတို့နဲ့ ခန္ဓာကိုယ် တည် ဆောက်ပုံသေးအားနဲ့ အကြောအချဉ်တွေကို ပြုပြင် ပြီး ခင်စီမံခဲ့ကြလို့ပါပဲ၊ သိုင်းပညာ လေ့ကျင့်နိုင်တဲ့အရွယ် ရောက်မီကတဲ သတွင်းအားအခြေခံ ရခဲ့တယ်ဆိုပါတော့၊ ကြောင့်လဲ အရွယ်ရောက်လာတဲ့အခါ အဘက်ဘက်က ခံမှု ရှိလာတာပဲ၊ ညီလေးလဲနောက်ထပ် ဆယ်နှစ် လောက် အပင်ပန်းခံ ကြိုးစားလိုက်ရင် ဘက်စုံတော်တဲ့ သမားတစ်ယောက် ဖြစ်လာမှာ မြေကြီးလက်ခတ်မလွဲ ဘူး"

ဆယ်နှစ်ဆိုသောအချိန်သည် နည်းနည်းနောနောအချိန် မဟုတ်ဟု ကျောင်းကြုံးခက် တွေးလိုက်မိလေသည်။ နောက်ထပ် ဆက်နှစ် လေ့ကျင့်ရမည်ဆိုလျှင် အသက် ဆယ့်အရွယ်ရောက်မှ သိုင်းပညာ ပြည့်စုံသူတစ်ယောက် လာနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းသော သူ၏ဘဝနှင့် လိုလေသေးမရှိ ပြည့်စုံခဲ့သော ကျောင်းကျားရီ၏ဘဝမှာ နှိုင်းယှဉ်၍ မရနိုင်ပါ။

"ငါ့သိုင်းပညာပြည့်စုံပြီဆိုတဲ့ အချိန်မှာ အစ်ကိုကြီး ကျောင်းကျားရီက ငါ့ထက်ပိုပြီး ပြည့်စုံနေပြီပေါ့"

ကျောင်းကြုံးခက် ဟောဒေါခနစဉ် ကျောင်းကျားရီက ပခုံး ပုတ်လိုက်လေသည်။

"ငိုင်မနေနဲ့ညီလေး တို့ သွားကြစို့"

"ကောင်းပါပြီ အစ်ကိုကြီး"

ကျောင်းကြုံးခက်ဟာ အဝေးစကို ဖြတ်တောက်ကာ ကျောင်း ကျားရီနှင့်အတူ ပါသွားလေသည်။

သူ၏ရင်သဲမှ အဝေး နှင့်ခံစားချက်များ ကိုသာ သိနိုင် ကြမည်ဆိုပါလား။

သူသည်မည်သို့သောသူစား ဖြစ်ခဲ့ကြောင်းကို အလှ လည်သော ကျူးရီသည်ပင် သေဆုံးကာနီးမှ တစ်စွန်းတစ် ရိပ်မိခဲ့လေတော့သည်။

"ငယ်ပေါင်း"

ကြယ်တံခွန်ဂိုဏ်း၌ ယခုရက်ပိုင်းအတွင်း တစ်ဦး တစ် ခေါက်မျှ မအားမလပ်ရလေအောင် အလုပ်များလျက်ရှိကြ သည်။

ကြယ်တံခွန်ဂိုဏ်း၏ အဆောက်အအုံများကို ပြုပြင်မွမ်းမ သည်။ ပန်းဥယျာဉ်များကို ရှင်းလင်းကြသည်။

နန်းဆောင်ကြီးတမျှ အလွန်ကြီးကျယ်ခမ်းနားပြီး သာ လှပသော ဂိုဏ်းကြီးတစ်ခု ဖြစ်လာရလေအောင် အခွမ်း ဆောင်ရွက်နေကြခြင်းလည်း ဖြစ်သည်။

မကြာမီ....

ခမဟွားတောင်မှ သခင်မလေးကျူးရွယ်လည် အလည် တော် ရောက်ရှိလာမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းစန်းဖုံးနှင့် လင်းလင်းတို့သည် အလုပ်များနေသည့် [...]ကြားမှ ကျောင်းကြုံးခက်ကို ခေါ်ယူကာ တိုင်ပင်ကြလေသည်[...]

အတွင်းအားပညာရပ် တစ်ချိန်လုံး တွေးတောစဉ်းစား[...] နေခဲ့သည့် ကျောင်းကြုံးခက်သည် ကျောင်းစန်းဖုံးနှင့် လင်းလင်း[...]တို့၏ ရှေ့သို့အရောက်တွင် အလွန်လိမ္မာရေးခြားရှိသူ တ[...]ယောက်အသွင် ပြောင်းလဲသွားလေသည်။

ကြမ်းပြင်ပေါ်၌ ဒူးထောက်ချကာ ဦးသုံးကြိမ်ချ ရှိခိုး[...] ကန်တော့လိုက်သည်။

တစ်ဖန်....

အလွန်ရိုကျိုးသော လေသံဖြင့် လင်းလင်းအား မေးလိုက်[...]လေသည်။

"မေမေ ကျွန်တော့်ကိုခေါ်တယ်ဆို၊ ကျွန်တော် သို[...] လေ့ကျင့်ထားလို့ တစ်ကိုယ်လုံး ညစ်ပတ်ပေကျံ နေတာနဲ့ [...] မိုးချုပ် သန့်စင်နေတာ အချိန်နည်းနည်းကြာသွားတာ [...] လွှတ်ပါ"

ကျောင်းကြုံးခက်သည် သစ်လွင်တောက်ပသောအပြာရော[...] အဝတ်အစားများကို ဝတ်ဆင်ကာ ဆံပင်များကိုလည်း အ[...]အန ဖြီးလိမ်းထားပြီး အလွန်သန့်ရှင်းသပ်ရပ်သော လူ[...]လေး တစ်ယောက်အသွင် ပြောင်းလဲသွားပြီ ဖြစ်ပါသည်[...]

အမှန်ဆိုရလျှင် ကျောင်းကြုံးခက်သည် ကျောင်းကျားရီထ[...]ပင် ပို၍ချောမောခန့်ညားသူ ဖြစ်ပေသည်။



ငယ်စဉ်က ဗိုက်ပူနံကား ကြောင်ချေးရုပ်လေးဘဝဖြစ်ခဲ့သည်ကို စိတ်အနှောကြီးနှောလျက် သန့်ရှင်းစင်ကြယ်မှုကို လေးလေးအနက်ထား ဂရုစိုက်သူအဖြစ် ပြောင်းလဲသွားသော ကျောင်းကြုံးခက်ကိုကြည့်ကာ ကျောင်းစန်းဖုံးတို့ဇနီးမောင်နှံ ပြုံးလိုက်ကြလေသည်။

တစ်ဖန်....

လင်းလင်းက စကားစလိုက်လေသည်။

"သားကို အရေးကြီးတဲ့ကိစ္စတိုင်ပင်စရာရှိလို့ ခေါ်ခိုင်းလိုက်တာ၊ အင်း....အရေးကြီးတယ်ဆိုပေမယ့် ဒီကိစ္စကိုသားလဲ သိနေလောက်ပါပြီလေ"

ကျောင်းကြုံးခက်က ပြုံးလိုက်သည်။

"အစ်ကိုကြီးရဲ့မင်္ဂလာကိစ္စ မဟုတ်လား၊ မေမေ သားတို့ညီအစ်ကိုနှစ်ယောက် အမြဲတိုင်တိုင်ပင်ပင်ရှိကြတော့ ဒီကိစ္စကို အစ်ကိုကြီးပြောပြလို့ သိပြီးပါပြီ မေမေ"

ကျောင်းကြုံးခက်နှင့် ကျောင်းကျားရီတို့သည် တကယ့်ညီအစ်ကို အရင်းများပမာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိနေကြသည်ကို ကျောင်းစန်းဖုံးတို့ဇနီးမောင်နှံ က ကျေနပ်လျက်ရှိလေသည်။

လင်းလင်း ရယ်မောလိုက်သည်။

"လက်စသတ်တော့ သားအစ်ကိုကြီးက ပြောပြထားပြီးပြီကိုး၊ ကဲ....ဒီကိစ္စကိုသားဘယ်လိုသဘောရသလဲ ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က...."

"ကိစ္စမရှိပါဘူး၊ ဘာမှမစိုးရိမ်နဲ့၊ ပြောစရာရှိတာ ရဲရဲသာ ပြော၊ သားအစ်ကိုကြီး အိမ်ထောင်ပြုမှာကို သားသဘော ရဲ့လား"

"ဟုတ်ကဲ့၊ ကျွန်တော် သဘောတူပါတယ်မေမေ၊ အစ်ကို ကြီးဟာ အိမ်ထောင်ပြုရမယ့်အရွယ် ရောက်နေပါပြီ၊ ပြီး တော့...."

"ပြီးတော့ ဘာဖြစ်သလဲသားရဲ့"

"ကျွန်တော်လဲ တူလေး တူမလေးတွေကို ချီချင်လှပါပြီ"

ကျောင်းကြီးခက်၏ စကားကြောင့် ကျောင်းစန်းဖုံးတို့ ဇနီး မောင်နှံ တဝါးဝါးရယ်မော သဘောကျသွားကြလေတော့ သည်။

သူတို့လည်း မြေးချီလိုနေကြပြီ ဖြစ်သည်။

မိဘဝတ္တရားရှိသည့်အတိုင်း အရွယ်ရောက်နေပြီဖြစ်သော ကျောင်းကျော်အား အိမ်ထောင်ချပေးလိုကြပေသည်။

လင်းလင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြော လေသည်။

"မေမေတို့ဟာ သားတို့နှစ်ယောက်ကို ငယ်စဉ်တော ကျေး ကလေးဘဝကတည်းကပြုစုပျိုးထောင်ပေးခဲ့တာ နော တစ်ချိန်မှာ လူတော်လူကောင်းလေးတွေဖြစ်လာပြီး မေမေ



ကိုယ်စား ကြယ်တံခွန်ဂိုဏ်းကို တာဝန်ယူပြီး ဆိုင်း တာဝန်ဝတ္တရားတွေ ထမ်းဆောင်စေချင်လို့ပါပဲ"

ကျောင်းစန်းဖုံးကလည်း ဝင်ပြောလေသည်။

"သားတို့ညီအစ်ကိုနှစ်ယောက်ကို အားကိုးအားထားပြု ပြီဆိုရင် မေမေတို့လဲ အသက်ကြီးလာပြီ၊ အေးအေးဆေး ဆေး အနားယူပြီး တရားဘာဝနာအားထုတ်တော့မယ်လို့စိတ် ကူးထားတယ်"

"ဟုတ်တယ်သား၊ မေမေတို့အနားယူချင်ပြီ၊ ဒါကြောင့် သားကြီးကို အိမ်ထောင်ချပေးဖို့စီစဉ်ရတာ၊ သားကြီးအတွက် အစစအရာရာပြည့်စုံအောင် စီမံပေးပြီးရင် သားငယ်ရဲ့အလှည့် ရောက်လာတဲ့အခါ အစ်ကိုကြီးကတစ်လှည့်ပြန်ပြီးတာဝန်ယူ စီစဉ်ပေးလိမ့်မယ်ပေါ့ ဟုတ်လားသား"

ကျောင်းကြီးခက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် မေမေ၊ အစ်ကိုကြီးကို အမြန်ဆုံးသာအိမ် ထောင်ချပေးလိုက်ပါ"

ကျောင်းစန်းဖုံးနှင့်လင်းလင်းတို့သည်ကျောင်းကြီးခက်၏စကား ကို သဘောကျသွားသည့်အလေး ပြုံးတူရယ်မောလိုက်ကြ သည်။

တစ်ဖန်....

www.burmeseclassic.com

www.burmeseclassic.com



"သားငယ်ရဲ့မရီးတော် မကြာခင် ရောက်လာလိမ့်မယ်၊ ဒီရက်ထဲမှာ သိုင်းလေ့ကျင့်မှုတွေ ခဏရပ်ထားပြီး အစ်ကိုကြီး အနီးမှာဘဲ ရှိနေစေချင်တယ်"

သူ့ကိုမှာကြားလိုက်လေသည်။

ကျင်းကြုံးခက်သည် သိုင်းပညာလေ့ကျင့်လျှင် အရာရာကို မေ့လျော့သွားတတ်သည်။

တစ်ခါတစ်ရံ....

သုံးလေးရက်တိုင် အိမ်မပြန်ဘဲ လေ့ကျင့်နေတတ်သဖြင့် လင်းလင်းက သတိပေးလိုက်ခြင်း ဖြစ်လေသည်။

ကျင်းကြုံးခက် ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါမေမေ၊ အစ်ကိုကြီးအနီးမှာ ကျွန်တော်နေပါ့မယ်၊ အစ်ကိုကြီးရဲ့ မင်္ဂလာကိစ္စပြီးတဲ့အထိ သိုင်းလေ့ကျင့်မှုကို ရပ်ထားပါ့မယ်"

"လိမ္မာလိုက်တဲ့ သားလေးရယ်"

ကျင်းစန်းဖုံးနှင့် လင်းလင်းတို့သည် ကျင်းကြုံးခက်အား ချီးကျူးသောအကြည့်ဖြင့်ကြည့်ကာ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြလေတော့သည်။



တစ်ရက်....

နှစ်ရက်....

သုံးရက်....

ကျင်းကြုံးခက်မှာ သိုင်းလေ့ကျင့်မှုကို ရပ်ထားကာ မင်္ဂလာကိစ္စအဝဝအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည်မှာ သုံးရက်ရှိသွားပြီ ဖြစ်ပါသည်။

ကျင်းကျားရီ၏မင်္ဂလာပွဲတွင် သူကိုယ်တိုင်သည်း သတို့သားအရံအဖြစ် ပါဝင်ဆင်နွှဲရမည်ဖြစ်ရကား...

သူ့အတွက် လိုအပ်သော အဝတ်အစားများကို ကျန်းမေမြို့မှ နာမည်ကျော်အထည်ဆိုင်ကြီး၌ မှာယူထားပြီးဖြစ်သော်လည်း အချိုးအစားကျနရန် ကိုယ်တိုင်းပေးဖို့ မြို့လယ်ရှိ အထည်ဆိုင်သို့ ကျင်းကြုံးခက် လာခဲ့ရလေသည်။

နာမည်ကျော်အထည်ဆိုင်ကြီးသို့ သွားရာလမ်း၌ပန်းများရောင်းနေသော ပန်းဈေးလေးတစ်ခုရှိပါသည်။

ထိုပန်းဈေးလေး၌ စပယ်၊ နှင်းဆီ၊ ဂန္ဓမာ စသည် စသည်ဖြင့် အရောင်အသွေးစုံ ပန်းမျိုးစုံ ရောင်းချလေသည်။

ပန်းဈေးသည် ရင့်အေးဖွယ်ရာ သာယာနွေးသက်သို့ မွှေးကြိုင်သော ပန်းရနံ့များ ဖုံးလွှမ်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းသည်များသည်လည်း အလွန်ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုတတ်ကြလေသောကြောင့် ပန်းဈေးသို့ရောက်လာသူတိုင်း စိတ်ချမ်းသာရလေသည်။

ကျောင်းကြီးခက်က ပန်းဈေးလေးမှ ဖြတ်သန်းလာစဉ် ပန်းဝယ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရလေသည်။

ကျောင်းကြီးခက် ပြုံးလိုက်သည်။

"ငါက ဘာကြောင့်သူများတွေလိုပန်းမကြိုက်ရတာလဲ"

တိုးတိုးရေရွတ်လိုက်၏။

ခက်သည်ကြမ်းတမ်းသောသဘောမှ လာခဲ့သူပီပီ ပန်းများကို စိတ်မဝင်စားခဲ့ပေ။

လှပသော ရောင်စုံပန်းများသည် လူ၏စိတ်လှုပ်ရှားလာအောင် ဘယ်တုန်းကမှ မစွမ်းဆောင်နိုင်ခဲ့ပေ။

ကျောင်းကြီးခက်က ပန်းများကိုအမှုမထားဘဲ ရှေ့ဆက်လျှောက်လှမ်းလာစဉ်...

"ခွပ်...ခွပ်"

"ခွပ်...ခွပ်"

"ခွပ်...ခွပ်"

"ခွပ်...ခွပ်"



မြင်းခွာသံများ စည်းချက် ဝါးချက်ကျကျ ထွက်ပေါ်လာကာ လှပသော မြင်းလှည်းတစ်စီးသည် ပန်းများဖြင့် လှပနေသော ပန်းဈေးသို့ ဝင်ရောက်လာလေသည်။

ကျောင်းကြီးခက်သည် ထိုမြင်းလှည်းကိုတွေ့မြင်လျှင် စိတ်ထဲ၌ ထူးခြားမှုများ ဖြစ်ပေါ်လာကာ အလိုလိုခြေလှမ်းရပ်လိုက်မိလေသည်။

မြင်းလှည်းသည် ဖြည်းဖြည်းမှန်မှန် မောင်းနှင်လာကာ ကျောင်းကြီးခက်နှင့် မလှမ်းမကမ်းသို့ရောက်လျှင်...

"ခေါ ခေါ မြင်းလှည်းကိုခဏရပ်ပါဦးရှင်"

မြင်းလှည်းအိမ်ထဲမှ ချိုလွင်သာယာသော စကားသံလေး ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျောင်းကြီးခက်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားကာ ကြက်သီးဖျန်းဖျန်းထသွားလေသည်။

ကြားလိုက်သောအသံချိုလေးက ကျောင်းကြီးခက်၏တစ်ခါမျှ မခံစားဖူးသော ခံစားချက်များကို ဖြစ်ပေါ်လာစေသည်။

ကျောင်းကြီးခက်သည် လှပသောမြင်းလှည်းကို ငေးကြည့်နေမိလိုက်လေတော့သည်။

မြင်းလှည်းမောင်းလာသော အမျိုးသမီးကြီးသည် မြင်းများကို စုပ်သပ်ကာ ချော့မော့ပြီး ရင်တန့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းတံခါးပွင့်သွားပြီး အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဆင်းလာလေသည်။

ထိုမိန်းကလေး ထွက်ပေါ်လာသည်နှင့် တစ်လမ်းလုံး၌ ရာထောင်ချီမနေသောပန်းများသည် အရောင်အဆင်း မှေးမှိန်သွားသည် ထင်ရတော့သည်။

သို့မဟုတ်လျှင် လှပသော ပန်းတော်ထဲသို့ နတ်မိမယ်လေး တစ်ပါး ရောက်ရှိလာသည် ထင်ရပေသည်။

ကျင်းကြိုးခက် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ခက်ထန်ကြမ်းတမ်းသောခံစားချက်ကာကင်းမဲ့မာကျော ကျစ်လစ်နေသော သူ၏နှလုံးသားမှာ ချက်ချင်းအရည်ပျော် ကျသွားသည်ဟု ခံစားရ၏။

မိန်းမချောလေးကပန်းများဝယ်ယူပြီးမြင်းလှည်းပေါ်သို့ ပြန်တက်ကာ ထွက်ခွာသွားသည်အထိ ကျင်းကြိုးခက်မှာ ကျောက်ရုပ်ကြီးအလား တောင့်တောင့်ကြီးရပ်၍ ငေးငိုင် နေမိလေတော့သည်။



အထည်ဆိုင်ကြီးသို့ လာခဲ့သော ကျင်းကြိုးခက်သည် ပန်းဈေးလမ်းကြားမှထွက်လာခဲ့ပြီးနောက် စားသောက်ဆိုင် တစ်ဆိုင်သို့ ရောက်ရှိသွားလေသည်။

မထင်မရှား စားသောက်ဆိုင်လေးဖြစ်သည်။

အချိန်ရှိတိုင်း သိုင်းလေ့ကျင့်နေခဲ့ပြီး အကြောင်းမရှိက အပြင်မထွက်သော ကျင်းကြိုးခက်အား အများက အမှုမဲ့ အမှတ်မဲ့ ဖြစ်ခဲ့ကြလေသည်။

ယခုသည်း....

ဆိုင်လုလင်များသည် ကြယ်ဘုံနန်းဂိုဏ်းမှ ဒုတိယသခင် လေးဖြစ်မှန်း မသိကြဘဲ သာမန်စားသောက်သူတစ်ယောက် ဟု သဘောထားကာနေကြလေသည်။

ကျင်းကြိုးခက်သည် အသားဟင်းတစ်ပွဲနှင့်အရက်တစ်အိုး မှာလိုက်လေသည်။

ဆိုင်လုလင်များက လာရောက် ပို့ဆောင်ပေးသည်နှင့် အရက်သုံးခွက်ဆင့်ကာ သောက်ချလိုက်လေသည်။

အရက်ဝင်သွားလျှင် တစ်ကိုယ်လုံး ပူရှိန်းလာသည်။

သူသည် ကျူးချိုထံ၌ နေခဲ့စဉ်ကပင် အရက်သောက်တတ် ခဲ့ပါသည်။

ဘာမဆိုလည်း လုပ်ဝံ့အောင် ကျူးရှိက အရက်တိုက်ကာ ရဲဆေးတင်ပေးခဲ့ရာမှ အကျင့်ပါခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်တံခွန်ဂိုဏ်းသို့ ရောက်လာပြီးနောက် မကောင်းသော အကျင့်စရိုက်များကို စွန့်ပယ်ပြီး ကောင်းမွန်စွာနေခဲ့ရာ အားလုံးက လူတော်လူကောင်းလေးတစ်ယောက်အဖြစ် ချီးကျူးခဲ့လေသည်။

ကျင်းကြီးခက်၏ရင်ထဲမှ စိတ်ရင်းအမှန်ကိုမည်သူမျှသိနိုင်ကြမည် မဟုတ်ပါချေ။

ယခုလည်း....

နင်းမိမယ်အလား ချောမောလှပသော မိန်းကလေး တစ်ယောက်အား မမျှော်လင့်ဘဲ တွေ့ခဲ့ရပြီးနောက် ဟန်ဆောင်နိုင်စွမ်းမရှိတော့ဘဲ အရက်သောက်ကာ စိတ်ကိုနှစ်သိမ့်လိုက်ခြင်း ဖြစ်သည်။

ကျင်းကြီးခက် အရက်သောက်နေသည်ကိုသာ ကျင်းစန်းဖုံးတို့ဇနီးမောင်နှံ တွေ့မြင်သွားမည်ဆိုပါက ကျင်းကြီးခက်သည် ဘဝတစ်ခုလုံးကို အနှန်တကယ် ပြောင်းလဲပစ်ရန် ကြိုးစားခြင်းမရှိဘဲ အပေါ်ယံ ဟန်ဆောင်နေခြင်းမျှသာ ဖြစ်သည်ဟု ရိပ်မိသွားကြမည် ဖြစ်ပါသည်။

ကျင်းကြီးခက်၏ နှလုံးသားသည် ခက်ထန်မာကျောနေပြီး သွေးဆိုးများဖြင့်ပြည့်နှက်စွက်နေသည်ဟုပင်ထင်သွားကြလိမ့်မည် ဖြစ်ပါတော့သည်။

အရက်သုံးခွက် သောက်ပြီးသောအခါ ကျင်းကြီးခက်၏ ဦးခေါင်းထဲ ရီဝေဝေဖြစ်လာသည်။



အရက်ရှိန်ဖြင့် သွေးကြွလာသည်။

"သူ့ကို ငါရအောင်ယူမယ်"

ပန်းချီကားထဲမှ တွေ့ခဲ့ရသော မိန်းမချောလေးအား စွဲလန်းပြီးဖြစ်ကား ရအောင်ယူမည်ဟု ဆုံးဖြတ်လိုက်သည်။

"ငါ့စိမှာ အချိန်ဖြုန်းနေလို့ မဖြစ်သေးဘူး၊ သူ ဘယ်သူလဲ၊ ဘယ်မှာနေသလဲဆိုတာ သိရအောင် စုံစမ်းဦးမှ ဖြစ်မယ်"

ကျင်းကြီးခက်သည် ဂနာမငြိမ်ဘဲ ထိုင်ခုံမှထ ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်...

"သနားကြပါဦးချာ"

သနားသဖွယ် တောင်းရမ်းသံနှင့်အတူ လူတောင်းစားတစ်ယောက် ဆိုင်ထဲဝင်ရောက်လာလေသည်။

ထိုသူတောင်းစားသည် ကျင်းကြီးခက်ထံသို့ တည့်တည့် မတ်မတ်လျှမ်းသွားပြီး လက်ထဲမှခွက်ကို တစ်ချောက်ချောက် မြည်အောင်ခေါက်ရင်း တောင်းရမ်းလေသည်။

ကျင်းကြီးခက် ပြုံးလိုက်သည်။

ထွက်သွားရန် ဟန်ပြင်နေစဉ် လာရှုပ်သည်ဟု [illegible]ထားကာ သုံးခွက်သာကျန်သေးသော အရက်အိုးကို မ ယူ

www.burmeseclassic.com

www.burmeseclassic.com

ပြီး သူတောင်းစား၏ခွက်ထဲသို့ လောင်းထည့်ပေးလိုက်လေသည်။

"ကဲ…ကျုပ်က အရက်ကိုစွန့်ကြဲလိုက်မယ်၊ အားရပါးရသာ သောက်ပေတော့"

သူ၏လုပ်ရပ်ကား လူကြီးလူကောင်းမဆန်ဘဲ မနှစ်မြို့စရာကောင်းသော လုပ်ရပ်ဖြစ်နေပါတော့သည်၊

သို့သော်…

သူတောင်းစားက အကျေနပ်ကြီး ကျေနပ်သွားပြီး…

သူ၏ခွက်ထဲ ပြည့်သွားသော အရက်များကို တစ်စက်မကျန်အောင် မော့သောက်ပစ်လိုက်လေသည်။

"ဟား…ဟား…ဟား…ကောင်းလိုက်တဲ့ အရက်၊ မီးခဲအရက်လား၊ မီးတောက်အရက်လား ပြောစမ်းပါဦး"

တဟားဟားရယ်မောရင်း ကျင်းကြုံးခက်အား မေးလေသည်။

မီးခဲဆိုသော စကားလုံးပါလာသဖြင့် ပမာမခန့် ပြောလာသော သူတောင်းစားကို ကျင်းကြုံးခက်မျက်လုံးပြူးကာ ကြည့်လိုက်မိလေသည်။

ညစ်ပေကျံနေသော သူတောင်းစား ငယ်ရုပ်သွင်ကို ကြည့်ရင်း ရင်းရင်းနှီးနှီးရှိခဲ့သည်ဟုခံစားလာရသည်။



သူတောင်းစားက ဝါကျင်ကျင်သွားများ ပေါ်အောင် ပြုံးလိုက်သည်။

"မီးခဲ၊ မင်းက ဒုတိယသခင်လေး ဖြစ်နေတော့ ကျုပ်ကိုတောင်မမှတ်မိတော့ဘူးလား၊ ကျုပ်တို့လေးယောက်ကအကို သိင်သတိရမိကြတယ်၊ တို့တတွေငယ်စဉ်က မှော်ဆရာကြီးရဲ့ မျက်လှည့်ပစ္စည်းတွေ ထည့်ထားတဲ့ သေတ္တာတွေထဲမှာ အိပ်စက်ရင်း တစ်နေ့ကျရင် လက်သုံးညွှန်ရာဖြစ်စေတဲ့ ဘဝမျိုးပိုင်ဆိုင်နိုင်အောင် ကြိုးစားကြမယ်လို့ ကျုးယဉ် ပြောဆိုခဲ့ကြဇာတွေကို မမေ့နိုင်ကြသေးဘူး"

"ဟင်…ခင်…ခင်ဗျား"

ကျင်းကြုံးခက် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူတောင်းစားက ရယ်မောလိုက်သည်။

"မီးခဲ…ကျုပ်ကိုတောင်မမှတ်မိတော့ဘူးလား၊ ကျုပ်ကဝှိုကူးလေ"

"ကျား…ကျားနက်"

ကျင်းကြုံးခက် ဗလုံးဗထွေးဖြစ်နေသည်။

မှော်ဆရာကျူးနှိုလက်သင်မွေးထားသော အခြေအနေမဲ့ ကြိုးစားကလေးများတွင် ကျင်းကြုံးခက် ဖြစ်နေသော မီးခဲသည် ဆင့်ကူး၊ ဝါးပင်၊ ပန်းစင်း၊ ဝမ်းအင်း ဆိုသော ကောင်လေးလေးယောက်နှင့် အရင်းနှီးဆုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ငါးယောက်အား မီးခဲ၊ ကျားနက်၊ လူသန်ကြီး၊ သွေးအေးနှင့် သံမဏိဟူ၍ ကျူးရှိကအမည်ပေးခဲ့သည်။

သူတို့ ငါးယောက်အား စေခိုင်းလိုက်သည့် ကိစ္စတိုင်း အောင်မြင်မှု ရှိခဲ့သည်ချည်း ဖြစ်လေသည်။

ကြယ်တံခွန်ဂိုဏ်းချုပ်အား လုပ်ကြံရန် ကြိုးစားကြရင်း မှော်ဆရာကျူးရှိ၏လုပ်ရပ် ပေါ်ပေါက်သွားလေသောအခါ ကျူးရှိသေဆုံးသွားသလို မီးခဲတို့ ကြေးစားအဖွဲ့ကလေးသည်လည်း ပျက်စီးသွားခဲ့ရလေသည်။

မီးခဲ (၀၁) ကျောင်းကြီးခက်အား ကျောင်းစန်းဖုံးတို့ ဇနီးမောင်နှံက မွေးစားရန်ခေါ်ယူသွားခြင်းကြောင့် ကံကောင်းခဲ့သော်လည်း ကျန်လေးယောက်မှာ ကံမကောင်းခဲ့ကြပါချေ။

ထိုက်သင့်သော အပြစ်ဒဏ်များ ခံရပြီး မိဘမဲ့ကလေးဂေဟာသို့ရောက်သွားကြ၏။

မီးခဲနှင့် သူတို့လေးယောက် ကွဲကွာသွားကြသည်မှာ နှစ်ပေါင်းအတော်ကြာသွားပြီ ဖြစ်လေသည်။

ယခု....

မီးခဲ(၀၁)ကျောင်းကြီးခက် ရှေ့သို့ရောက်နေသူမှာ ကျားနက်ဆင့်ကူး ဖြစ်လေသည်။

"မီးခဲ၊ မင်းက ကောင်းစားနေတယ်ဆိုတော့ ငါတို့ကို မေ့သွားပြီပေါ့ ဟုတ်လား၊ ငါတို့က အပြစ်ဒဏ် ခံရတယ်၊



...ခဲ့ဂေဟာကို အပို့ခံရတယ်၊ နောက်ဆုံး ငါတို့ ...တိတ် ထွက်ပြေးလွတ်မြောက် လာခဲ့ကြပေမယ့် ခုချိန်ထိ ...င်းပေါ်မှာ ကျင်လည်ကျက်စားနေရတုန်းပဲ၊ တို့အချင်း ...င်း ဆုံမိကြရင် မင်းအကြောင်းကိုပြောပြီး အားကျနေကြ ...ကွ"

ကျောင်းကြီးခက် မျက်နှာပျက်မသွားရလေအောင် မနည်း ...နိုးထားရလေသည်။

ထိပ်တန်းဘဝသို့ ရောက်ရှိနေပြီ ဖြစ်ရကား ခါးသီးစရာ ...ကောင်းလှသည့် အတိတ်ကို ပြန်မဖော်လိုတော့ပါ။

ကျားနက်ဆင့်ကူးတို့ကြောင့် သူ၏ဆိုးဝါးသော အတိတ် ...ဝပြန်ပေါ်လာပြီး ဂုဏ်သိက္ခာ ထိခိုက်မည်ကို စိုးရိမ်လာ ...သည်။

အမည်းစက်ရှိနေသူတစ်ယောက် သိုင်းလောကဌ် လျှမ်း ...မ်းတောက်ကျော်ကြားဖို့ အများ၏ ကြည်ညိုလေးစားမှု ...ရှိဖို့ဆိုသည်ကား လွယ်မည်မဟုတ်ဟု ယုံကြည်ထား၏။

"ဘယ်သိုလဲ၊ ငါတို့အချင်းချင်း ပြန်ပြီးဆုံတွေ့ကြတာ ...ကောင် မင်း ဝမ်းမသာဘူးလား၊ ဘာလဲ၊ ခင်းက သွေးကြီး ...သွားပြီလား၊ ငါတို့ကို မေ့သွားပြီလား"

ကျားနက်စကားကြောင့် ကျောင်းကြီးခက် ဦးနှောင်းသွင် ...သွင် ခါယမ်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကာ...ဒီလို မဟုတ်ပါဘူး၊ ကျုပ်အနေနဲ့ ဝမ်းသာ လွန်းလို့ စကားမပြောနိုင်အောင် ဖြစ်နေရတာပါ"

"ခြော်...ဒီလိုလား၊ ကောင်းတယ် သိပ်ကောင်းတယ် လူသန်ကြီးတို့က မင်း သတိရသေးတယ်ဆိုရင် ဝမ်းသာကြ လိမ့်မယ်၊ မကြာခင်သူတို့လဲ ဒီမြို့ကိုရောက်လာကြလိမ့်မယ်"

ကျင်းကြီးခက် အသက်ရှူကျပ်သလိုဖြစ်သွားသည်။

မကောင်းဆိုးဝါးဆန်သော ငယ်ပေါင်းများနှင့် ပြန်လည် ပေါင်းသင်းဆက်ဆံမည်ကို ကျင်းစန်းဖုံးတို့က သဘောကျ လိမ့်မည် မဟုတ်ပေ။

တစ်စုံတစ်ခုမှားယွင်းသွားလိုက်သည်နှင့် စုတ်ပြတ်နွံ့ချာစွာဖြင့် လမ်းပေါ်သို့ ပြန်လည်ရောက်ရှိသွားမည် ဖြစ်ပါသည်။

"သူတို့ဟာ ငါ့အတွက် အန္တရာယ်ဖြစ်နေပြီ၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ"

ကျင်းကြီးခက် စိုးရိမ်စိတ်များဝင်လာသည်။

သူ၏ ပင်ကိုယ်စိတ်ရင်းလည်း ထွက်ပေါ်လာတော့သည်။

"တစ်နေရာရာကို လှည့်စားခေါ်သွားပြီး နှုတ်ပိတ်ပစ်မှ ဖြစ်မယ်"

ကျားနက်တို့သည် ယခင်က သူ့ ထက်ပို၍ တိုက်ခိုက်ရေး ကျွမ်းကျင်ခဲ့ကြလေသည်။



ယခုအချိန်တွင် သူ ကျားနက်တို့အား မှုစရာ မလိုတော့ ခြင်း နောက်ကြောင်း အေးစေဖို့နှုတ်ပိတ်ပစ်ရန် ဆုံးဖြတ် ချက်ချခြင်း ဖြစ်လေသည်။

"မီးခဲ...မင်း ကောင်းစားနေပြီ ဆိုတော့ ငါတို့ကိုလဲ မေ့မသွားသင့်ဘူး၊ ငါတို့ ဆရာကျုံးရှီဟာ ကြယ်တံခွန်ဂိုဏ်း ကြောင့် သေသွားရတာ၊ ဒီကိစ္စကိုလဲ မေ့ပစ်လိုက်လို့ ဘူး၊ ခုချိန်မှာ ကြယ်တံခွန်ဂိုဏ်းချုပ်ကို ဆုံးမဖို့ အခွင့် အရေးရနေပြီ၊ သူတို့က မင်းကို ယုံကြည်စိတ်ချနေကြပြီ မဟုတ်လား"

ကျားနက်၏ စကားသံ ထပ်မံထွက်ပေါ်လာသောအခါ ကျင်းကြီးခက်၏ နဖူးပေါ်၌ ချွေးများ စို့ရွဲလာလေတော့ သည်။

ကျားနက်တို့ကို နှုတ်ပိတ်ပစ်မည်ဟု ဆုံးဖြတ်ချက်သည် ခိုင်မာလာသည်။

"မြို့ထဲမှာ ကျုပ်ကိုသိတဲ့သူများ တော်ကြာကြာ စကား ပြောလို့မကောင်းဘူး၊ လူရှင်းတဲ့ မြို့ပြင်ကိုသွားပြီး အေး အေးဆေးဆေး စကားပြောရအောင်"

"ကောင်းသားဘဲ သွားရအောင်"

ချက်ချင်းသဘောတူလေသည်။

ကျင်းကြီးခက်က ထိုင်ရာမှထရန် ဟန်ပြင်လိုက်စဉ်...

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်....

အတွေးတစ်ခုက သူ၏ဦးခေါင်းထဲ ဝင်ရောက်လာ၏

ကြယ်တံခွန်ဂိုဏ်း၌ သူ၏ဘဝသည် ဒုတိယသခင်လေ
အဖြစ် ထည်ဝါစွာရှိမည်ဖြစ်သော်လည်း ထိုအဆင့်အတန်း
ထက် ဘယ်သောအခါမှ ပိုလာမည်မဟုတ်ပါ။

ကျောင်းစန်းဖုံးတို့ ဇနီးမောင်နှံ မရှိတော့သည့် နောက်ပိုင်း
တွင် ကျင်းကျားရီက ဂိုဏ်းချုပ်ဖြစ်လာလေသည်။

ကျင်းကျားရီ အိမ်ထောင်ပြုလိုက်ပြီး သားသမီးများ
မွေးဖွားလာခဲ့လျှင် ထိုကလေးများကပင် ကျင်းကျားရီ၏
အရိုက်အရာကို ဆက်ခံကြရမည်သာ ဖြစ်ပါသည်။

အခြေအနေမှဲ့ လူပေလူတေလေးဟူ၍ လည်းကောင်း
မွေးစားသားဟူ၍လည်းကောင်း ကျင်းကြူးခက် တုန်လှု
လာသည်။

''ငါမျှော်လင့်ထားတဲ့ဘဝမျိုး ဘယ်တော့မှ ရနိုင်မှာ
မဟုတ်ပါလား''

စိတ်ပျက်အားငယ်မှုများ၏ နောက်ကွယ်တွင် မနာ
မရှုစိမ့်ခြင်းနှင့်အတူ မုန်းတီးမှုများ ရှိနေသည်။

''ငါမျှော်လင့်တဲ့ဘဝမျိုး ဘာကြောင့် မရနိုင်ရမှာလဲ

သူ လိုလားတောင့်တသော ဘဝမျိုး ပိုင်ဆိုင်လိုသည်
ဆိုပါလျှင်....



ကျင်းကြူးခက်အတွေး ချက်ချင်း ပြောင်းလဲသွားလေ
သည်။

ကျားနက်အား နှုတ်ပိတ်ပစ်မည့် အစီအစဉ်ကို စွန့်လွှတ်
လိုက်သည်။

ကျားနက်သာမက ကျန်အဖော်သုံးယောက်ကိုပါ အသုံးလို
လာသည်။

သူ့တွင် ကြီးမားသော အကြံအစည်ရှိနေပြီး အောင်မြင်
မှုသို့ ဆောင်ရွက်နိုင်ရန် ကျားနက်တို့အားအသုံးချဖို့ ဆုံးဖြတ်
လိုက်တော့သည်။

''လူသန်ကြီးတို့ကိုပါ ခေါ်လိုက်ပါ၊ လူစုံရင် ထင်ထင်
ပေါ်ပေါ်မနေဘဲ တစ်နေရာရာမှာ လျှို့ဝှက်နေကြပါ၊ လို
အပ်တာ မှန်သမျှ ကျုပ်ကူညီထောက်ပံ့သွားမယ်၊ ကဲ....
ကျန်တာတွေဆက်ပြီး ဆွေးနွေးကြရအောင် သွားကြစို့''

ကျင်းကြူးခက်က စားသောက်ခ ကျသင့်ငွေပေးချေပြီး
ဆိုင်ထဲမှ ထွက်သွားလျှင် ကျားနက်လည်း ကောက်ကောက်
ပါအောင် လိုက်ပါသွားလေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကြား၌နက်နှင့်တွေ့ခဲ့ပြီး ကြယ်တံခွန်ဂိုဏ်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ကျင်းကြီးခက်မှာ ကိုယ့်ကိုယ်ကို မလုံမလဲ ဖြစ်နေခဲ့လေသည်။

ကျွန်ုပ်ကြားနက်တို့အား ဖုက်ဖဲတပ်ချုပ်အဖြစ် ထားရှိရင်း သူ၏ မဟာအကြံအစည်ကို တစ်ချိန်ချိန်၌ အကောင်အထည်ဖော်ရန် ကြံစည်ခဲ့လေသည်။

မကောင်းသောအကြံသည် ယခုမှမဟုတ် ဟိုအရင်ကပင် ရှိနေခဲ့သည်ကို သူသာအသိဆုံးဖြစ်လေသည်။

ကျင်းကြီးခက် ကြယ်တံခွန်ဂိုဏ်းသို့ ရောက်ရှိလာသောအခါ တိုင်းနှင့်မတူဘဲ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ဟု သတိပြုမိလိုက်လေသည်။

"ဂိုဏ်းသားတွေ ပျားသီးပျားယာနဲ့ သွားလာလှုပ်ရှားနေပုံထောက်ရင် ထူးခြားမှုတစ်ခုခုရှိနေပြီ"

သူနှင့်ကျွန်ုပ်ကြားနက် တွေ့ဆုံခဲ့ခြင်းကို သိသွားချေလော....

ကျင်းကြီးခက်မှာ ခြေဆက်လှမ်းသွားရန်ပင် မဝံ့မရဲ ဖြစ်သွားလေသည်။

ထိုစဉ်...

"သခင်လေး ရောက်လာပြီ"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာပြီး ဦးညွှတ်လိုက်လေသည်။



ထိုလူမှာလူရွယ်တစ်ယောက်ဖြစ်ပြီး အသက်သုံးဆယ်ခန့် ရှိသည်။

ကျင်းကြီးခက်၏အနီးကပ်ကိုယ်ရံတော်များအဖြစ်တာဝန်ထမ်းဆောင်ရသည့် 'ထင်းယု'ဆိုသူ ဖြစ်သည်။

ထင်းယုနှင့်ညီအစ်ကိုဖြစ်သော 'ထင်းဖုံး'သည် သည်းကောင်း၊ ဝမ်ကျိနှင့် ချင်းဝေဆိုသူတို့သည် လည်းကောင်း နောင်တစ်ချိန်တွင် ဂိုဏ်းချုပ်ဖြစ်လာမည့် လက်ရုံးကိုယ်ရံတော်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ဂိုဏ်းချုပ်ကျင်းစန်းဖုံးက အမြော်အမြင်ကြီးစွာဖြင့် ယခုကတည်းက သြစုံ ပျိုးထောင်ပေးထားခြင်း ဖြစ်သည်။

"သခင်လေးကို ကျုပ်တို့လိုက်ရှာနေကြတာ အသည်ဆိုင်ကိုတောင် ရောက်ခဲ့ပါတယ်"

ထင်းယု၏စကားကြောင့် ကျင်းကြီးခက် မျက်နှာပျက်သွားလေသည်။

"ကျုပ်....ကျုပ်က...."

ဆင်ခြေပေးရန် ကြံရွယ်သော်လည်း မည်သို့ပြောရမှန်းမသိ ဖြစ်နေပါတော့သည်။

ထင်းယုက ထပ်မံဦးညွှတ်လိုက်သည်။

"မယ်ကွားတောင်က သတို့သမီးလောင်းဟာ အမျှော်သင့်ကဲ အချိန်အစောကြီး ရောက်လာတာကြောင့် ညှော်ခံဖို့

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ရင်း ဂိုဏ်းချုပ်ကြီးတို့ အလုပ်များနေကြပါသယ်။ ခုချိန်မှာ မိသားစုဝင်တွေ လုစုံတက်စုံရှိရလေအောင် သခင်လေးကို စောင့်မျှော်နေကြပါတယ်"

ထိုစကားကြားလိုက်ရတော့မှ ကျင်းကြုံးခက်၏ ရင်ထဲမှ အပူလုံးကြီး ကျသွားလေသည်။

သူ၏အကြောင်းကို မသိဘဲ သတို့သမီးလောင်း စောစီးစွာ ရောက်လာခြင်းကြောင့် ဗျာများနေကြခြင်း ဖြစ်ရကား ကျင်းကြုံးခက် ရယ်မောမိလိုက်လေသည်။

"လက်စသတ်တော့ ကျွန်တော့်ရဲ့ မရီးတော် ရောက်လာတာကိုး၊ကောင်းပါပြီဗျာ၊ကျွန်တော်ခုချက်ချင်းသွားပြီး ဂါရဝပြုလိုက်ပါမယ်"

ကိုယ်ရံတော် ထင်းယူအား နှုတ်ဆက်ကာ ခပ်တည်တည်ပင် ထွက်လာခဲ့လေတော့သည်။

❖

"ကြမ္မာဆိုးအငြိုးနှင့်လာ"

ကျင်းကြုံးခက်သည် ကြယ်တံခွန်ဂိုဏ်း၏အဆောက်အအုံကြီးအတွင်းသို့ လှမ်းမိလိုက်သည်နှင့် မွေးစားမိခင် လင်းလင်းက ကြိုဆိုလာပါသည်။

"သားလေး၊ အချိန်မီပြန်ရောက်လာလို့ တော်ပါသေးရဲ့၊ မေမေကတောင် လိုက်ရှာခိုင်းမိသေးတယ်"

"ဟုတ်တယ်မေမေ၊ သားလဲအထည်ဆိုင်ကိုသွားရင်းလမ်းတစ်ဝက်မှာပဲ လိုက်ရှာနေကြတဲ့သတင်းကြားလို့ ချက်ချင်းပြန်လာခဲ့တာ၊ သားရဲ့ မရီးလောင်းရောက်နေတယ်ဆို"

ကျင်းကြုံးခက်က အလိုက်သင့်ကလေးပြောရင်း သူ၏အဖြစ်မှန်ကို ဖုံးကွယ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်း မည်သူမျှမရိပ်မိသလို သင်းလင်းလည်း မရိပ်မိပါချေ။

"သားရဲ့မရီးလေးက မေမေတို့ ကြိုဘင်တိုင်ဘင်ထား ကြသလို ချိန်းတဲ့ရက်မှာ လာနိုင်မှာမဟုတ်လို့ တောင်းပန် စကားပြောရင်း ကြိုတင်လာခဲ့တာ၊ ဗြုန်းစားကြီးရောက်လာ တော့ မေမေတို့ ဗျာများသွားရတာပေါ့"

လင်းလင်း ရယ်မောလိုက်သလို ကျောင်းကြူးခက်လည်းရယ် မောလိုက်လေသည်။

"မေမေရယ်၊ သားလဲမရီးလေးကိုကြည့်ချင်လို့ ချက် ချင်း ပြန်ပြေးလာခဲ့တာပါ။ အခု ဘယ်မှာလဲဟင်"

"ဧည့်ခန်းထဲမှာ သားအစ်ကိုနဲ့ဖေဖေ့ဘို့ဧည့်ခံနေကြတယ်၊ လာ...သွား မေမေနဲ့လိုက်ခဲ့"

လင်းလင်းသည် ကျောင်းကြူးခက်၏လက်ကိုဆွဲကာ ခေါ် သွားလေသည်။

ကျောင်းကြူးခက် လိုက်သွားပြီး ဧည့်ခန်းအတွင်းသို့ရောက်ရှိ သွားသည်နှင့် ဧည့်သည်များ ရောက်ရှိနေသည်ကိုတွေ့ရ၏။

အဖြူရောင်ဝတ်ထားသော မိန်းကလေးတစ်ယောက်အား ဂိုဏ်းချုပ်ကျောင်းစန်းဖုံးနှင့် သားဖြစ်သူ ကျောင်းကျားရှိတို့က ဧည့်ခံနေကြခြင်း ဖြစ်သည်။

ကျောင်းကြူးခက်ကိုမြင်လျှင် ကျောင်းကျားရှိက လှမ်းခေါ် လိုက်သည်။



"ညီလေး ကျောင်းကြူးခက်၊ ဟောဒီမှာ [illegible] သောင်းကို လာပြီးဂါရဝပြုလိုက်ပါဦး"

သူ၏စကားကြောင့် အဖြူရောင်ဝတ်ထားသော မိန်း ကလေးက လှည့်ကြည့်လာ၏။

ဤတွင် နတ်မိမယ်အလား ချောမောလှပသည့် မျက်နှာ လေးကို တွေ့မြင်လိုက်ရသည်။

"ဟာ...."

ကျောင်းကြူးခက် လွှတ်ခနဲ ရေရွတ်လိုက်ပြီး ဣန္ဒြေမဆည် နိုင်အောင် ဖြစ်သွားရသည်။

အကြောင်းမှာ ထိုမိန်းကလေးသည် ပန်းဈေး၌တွေ့ခဲ့ရ သော မိန်းမချောလေးဖြစ်နေခြင်းကြောင့်တည်း။

ထိုမိန်းကလေးသည်ပင် ကျောင်းကျားရှိ၏ ဇနီးလောင်း (ဝါ) သူ၏မရီးလောင်း ဖြစ်နေတော့သည်။

ကျောင်းကြူးခက်တာဝသည် ကြမ္မာမုန်တိုင်း တိုက်ခတ်ပြီး တစ်စစီနှင်းခြေဖျက်ဆီးခြင်း ခံလိုက်ရသကဲ့သို့ ရှိနေပါတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သူမည်ဝါမှန်း မသိသေးခင်ကပင် တစ်ကြိမ်တစ်ခါ တွေ့ရရုံမျှဖြင့်ပင် ဘဝတစ်သက်တာအတွက် စွဲလမ်းမိခဲ့သော မိန်းမချောလေးသည် မရှီးလောင်း ဖြစ်နေသည်။

နာကြည်းမှုများကို ဖုံးလွှမ်းထားသော နှလုံးသားသည် အေးစက်မာကျောသွားခဲ့သလို ရက်စက်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းများ အမြစ်တွယ်ခဲ့ပြီး အလွန်ဟန်ဆောင်ကောင်းသူဖြစ်ခဲ့သော ကျင်းကြူးခက်မှာ မမျှော်လင့်ဘဲမိန်းမချောလေး တစ်ယောက်အား သံယောဇဉ် ဖြစ်မိခဲ့သည်။

သို့သော် ထိုမိန်းကလေးအား သူဘယ်တော့မှ ရရှိနိုင်တော့မည် မဟုတ်ပေ။

ကြယ်တံခွန်ဂိုဏ်းချုပ်ရာထူးသည်လည်းကောင်း၊ မိန်းမချောလေးသည်လည်းကောင်း၊ ကျင်းစန်းဖုံး၏ သားအရင်းဖြစ်သည့် ကျင်းကျားရီအတွက် ဖြစ်နေသည်။

ဤတွင် ကျင်းကြူးခက်၏ပင်ကိုယ်စရိုက်မှန် ပေါ်လွင်လာလေတော့သည်။



မြို့စွန်တွင် ပန်းပင်များ စိုက်ပျိုးရောင်းချသော ပန်းခြံတစ်ခု ရှိလေသည်။

ထိုပန်းခြံပိုင်ရှင်မှာ အဘိုးအိုတစ်ယောက် ဖြစ်ခဲ့သော်လည်း ယခုအချိန်၌ အရွယ်ကောင်းသော လူလေးယောက်မှာ ပိုင်ရှင်များဖြစ်လာကြသည်။

ပန်းခြံပိုင်ရှင်သည် ဈေးကောင်းရသဖြင့် သူ၏ပန်းခြံကို ရောင်းချကာ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားခြင်း ဖြစ်သည်။

ပိုင်ရှင်အသစ်ဖြစ်သော လူရွယ်လေးယောက်သည် ပန်းခြံလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့ကြသည်။

သူတို့၏ဘဝကို ပန်းခြံထဲ၌ပင် မြှုပ်နှံထားကြသည်။

အများကလည်း သူတို့အား ပန်းစိုက်ပျိုးရောင်းချသူများအဖြစ် လက်ခံလာကြသည်။

အကယ်၍....

ထိုပန်းခြံအား အမှန်တကယ်ဝယ်ယူလိုက်သူမှာ ကြယ်တံခွန်ဂိုဏ်းမှ ဒုတိယသခင်လေး ကျင်းကြူးခက် ဖြစ်နေသည်ကို သိနိုင်ကြမည် ဆိုပါလျှင်....

ပန်းခြံထဲ၌ ဇာတ်မြှုပ်နေသူ လေးယောက်မှာ တစ်ချိန်က မှော်ဆရာကျူးချိ၏ ကြေးစားလူသတ်သမား လေးယောက် ဖြစ်ခဲ့ကြသည်ကို သိနိုင်ကြမည်ဆိုပါလျှင်....

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြီးခက်သည် သူ၏ ရင်လဲမှ အကြံအစည်ကို အကောင်အထည်ဖော်ရန် စတင်စီစဉ်နေပြီ ဖြစ်လေသည်။

ပန်းရနံ့များဖြင့် မွှေးကြိုင်နေသည့် ပန်းခြံအတွင်း၌ အိမ်ကလေးတစ်လုံး ရှိနေသည်။

ယနေ့ ကျောင်းကြီးခက်သည် ထိုအိမ်ကလေးသို့ လျှို့ဝှက်စွာ ရောက်ရှိလာခဲ့ပြီး ကျားနက်တို့နှင့် တွေ့ဆုံခဲ့လေသည်။

ငါးယောက်သား စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

ကျောင်းကြီးခက်သည် တည်ကြည်သော မျက်နှာထားဖြင့် ကျားနက်တို့အား ဝေ့ကြည့်လိုက်ပြီး ပြတ်သားသောလေသံဖြင့် ပြောလိုက်လေသည်။

"ကြယ်တံခွန်ဂိုဏ်းကို ဆုံးမဖို့ ကျုပ်ဆုံးဖြတ်ပြီးပြီ၊ အစီအစဉ်တွေလဲ လုပ်ထားပြီးပြီ၊ ဒါပေမယ့် ကျုပ်ရဲ့အကြံအစည် ပြည့်ဝအောင်မြင်ဖို့အတွက် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ကိုင်ဆောင်ရွက်သွားရမှာမို့ အချိန်ယူရလိမ့်မယ်"

ကျားနက်တို့ ပြုံးလိုက်ကြသည်။



"ကိစ္စမရှိဘူး၊ ဆယ်နှစ်လောက် စောင့်ရမယ်ဆိုရင်လဲ စောင့်နိုင်ပါတယ်"

ကျွန်လူများကလည်း ခေါင်းညိတ်လိုက်ကြသည်။

ကျောင်းကြီးခက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အနည်းဆုံးဆယ်နှစ်လောက်တော့ စောင့်ရလိမ့်မယ်"

မိမိ၏ရည်ရွယ်ချက် အောင်မြင်ရေးအတွက် ကျောင်းကြီးခက်သည် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေမည့်သူ ဖြစ်ပေသည်။

မကြာမီ....

ကြယ်တံခွန်ဂိုဏ်း၌ သခင်လေးကျောင်းကျားမီးနှင့် မဟွားအောင်သခင်မလေးကျူးရွယ်တို့၏ မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့လေသည်။

ကျောင်းကြီးခက်သည် သတို့သားအရန်အဖြစ် ပါဝင်ဆင်နွှဲသည်။

အစ်ကိုဖြစ်သူအတွက် ပျော်မဆုံး တပြုံးပြုံး ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြီးခက်သည် အစ်ကိုဖြစ်သူ၏ မင်္ဂလာကိစ္စကို အကျေနပ်ကြီး ကျေနပ်ခဲ့သည်ဟု အားလုံး ယုံကြည်ခဲ့ကြသည်။

မင်္ဂလာပွဲတွင် ဂိုဏ်းချုပ်ကျောင်းစန်းဖုံးက မကြာမီအချိန်အတွင်း ကြယ်တံခွန်ဂိုဏ်းချုပ်ရာထူးအား ကျောင်းကျားရှီကို လွှဲပြောင်းပေးအပ်မည်ဟု လူသိရှင်ကြား လုတ်ဖော်ပြောကြားခဲ့လေသည်။

❖

" အကြံတော်မဟော "

ထစ်နှစ်။

ဆစ်နှစ်ဟူသောအချိန်သည် အုံဩစရာကောင်းလောက်အင် လျင်မြန်စွာကုန်ဆုံးသွားသည် ထင်ရလေသည်။

ကျောင်းကျားရှီနှင့် ကျူးရှယ်တို့လက်ထပ်ပြီး တစ်နှစ်အကြာ ကျောင်းစန်းဖုံးသည် ရှောက်ဖြင့် လက်ခဆေးကာ သိုင်းလောကမှ အနားယူရန် ဆုံးဖြတ်လိုက်လေသည်။

ကြယ်တံခွန်ဂိုဏ်း၏ ကိစ္စအဝဝတို့ ကျောင်းကျားရှီက တာဝန်ဆောင်ရွက်နိုင်ပြီဟု ယုံကြည်ခြင်းကြောင့်လည်း ဖြစ်သည်။

ကျောင်းကျားရှီအား ကျောင်းကြီးခက်က အနီးကပ် ကူညီနိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားသည်။

သို့ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစန်းဖုံးသည် ကျောင်းကျားရီနှင့် ကျောင်းကြီးခက်
အား ခေါ်ယူကာ ဘိုင်ပင်ပြီးလျှင် သိုင်းလောက၌ ကြေ
ချက်ထုတ်ပြန်လိုက်သည်။

ကျောင်းစန်းဖုံး အနားယူလိုက်သောအခါ ကျောင်းကျားရီ
ဂိုဏ်းချုပ်ဖြစ်လာသည်။

ကျောင်းကျားရီသည် ဖခင်၏ခြေရာကိုနင်းကာ ကြယ်တံ
ဂိုဏ်းကို ဆက်၍ဦးဆောင်နိုင်ခဲ့သည်။

တစ်ဖက်မှလည်းဇနီးသည်ကျူးရှယ်နှင့် ပျော်ရွှင်ချမ်းေ
သော အိမ်ထောင်ရေးကိုတည်ဆောက်ရင်း ချစ်စရာကော
သော ကျောင်းကျူင်းဆိုသည့် သမီးလေးတစ်ယောက် ရရှိခဲ့
သည်။

မြို့စွန်ပန်းခြံအတွင်း၌ ပန်းပင်များ ပိုမိုများပြားလာ
ခြံဝင်းအပြင်ဘက်မှကြည့်လျှင် ခြံပိုင်ရှင်၏အိမ်ကလေးက
မတွေ့မမြင်နိုင်တော့အောင် ဖြစ်ရလေသည်။



ထိုသို့ဖြစ်နေသည်ကိုပင် ကျောင်းကြီးခက်က အကြိုက်တွေ့
ခဲ့တော့သည်။

ပန်းခြံသို့သူရောက်လာသောအခါ ပန်းပင်များကအလိုလို
ထွက်ထားသကဲ့သို့ရှိသည် မဟုတ်ပါလား။

တစ်ခါးနက်တို့ လူစုသည် ကျောင်းကြီးခက်ကို အကဲခတ်
ကြည့်နေကြသည်။

ထိုအချိန်၌ ကျောင်းကြီးခက်သည် မည်သူမျှတင်မြှောက်
မလိုဘဲ ခေါင်းဆောင်တစ်ယောက်ပမာ ရှိနေချေပြီ။

ကျောင်းကြီးခက်ကလည်း အားလုံးကို ဝေ့ကြည့်ပြီးမှ
ထွက်သောလေသံဖြင့် စကားဆိုလိုက်လေသည်။

"ကျုပ်တို့ ဘာမှလုပ်စရာမလိုဘဲ ပထမအဆင့်ကို အောင်
သွားပါပြီ၊ ကျောင်းစန်းဖုံးဟာ ကျောင်းကျားရီကို ဂိုဏ်းချုပ်
ား လွှဲပြောင်းပေးအပ်ပြီး သိုင်းလောကက အနားယူ
သွားပြီ၊ ဒါဟာ ကျုပ်တို့စောင့်ဆိုင်းနိုင်တဲ့ အကျိုးကြောင့်
ဘဲ"

အခုနှိုက်တော့ ကျောင်းစန်းဖုံးသည် သိုင်းလောကမှစောစီးစွာ
အနားယူသွားခြင်းမှာ ကျောင်းကြီးခက်၏ စွမ်းဆောင်နိုင်မှု
ကြောင့်ဟု ဆိုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြီးခက်သည် ဘယ်သောအခါမှ ဂိုဏ်းချုပ်
လာနိုင်မည် မဟုတ်သော်လည်း ကြယ်တံခွန်ဂိုဏ်းနှင့်
သက်သော ကိစ္စအဝဝကို အားကြိုးမာန်တက် ဆောင်
ခဲ့သည်။

နေရာတကာ မျက်နှာလွှဲထားနိုင်သည်အထိ ရှိလာ
အခါ ကျောင်းကျားရီ၏ဂိုဏ်းချုပ်ဖြစ်လာလျှင် အနီးကပ်
ပံ့ပိုးပေးမည့်သူ ရှိနေပြီဟူ၍ ကျောင်းစန်းဖုံးကို ဇနီးမော
စိတ်ချလာကြလေသည်။

ကျောင်းကျားရီနှင့်ကျောင်းကြီးခက်တို့ ညီအစ်ကိုနှစ်ယော
စည်းလုံးညီညွတ်နေခြင်းကြောင့် ကြယ်တံခွန်ဂိုဏ်းကို တ
ယူနိုင်မည့်အပြင် ကြီးတက်ထွန်းကားအောင် စွမ်းဆော
လိမ့်မည်ဟူ၍ ယုံကြည်လေသောအခါ ကျောင်းစန်းဖုံး
သိုင်းလောကမှအနားယူဖို့အရေး နှောင့်နှေးစရာမလို
ဖြစ်လာလေတော့သည်။

ထိုသို့ဖြစ်လာချေလေအောင် ကျောင်းကြီးခက်က ကြိုး
ခဲ့ခြင်းဖြစ်ကြောင်းကိုကား မည်သူမျှ ရိပ်မိနိုင်ကြလိမ့်
မဟုတ်ပေ။

ကျောင်းကြီးခက်က ဆက်ပြောလိုက်သည်။

"ကျောင်းစန်းဖုံးတို့ ဇနီးမောင်နှံဟာ ကြယ်တံခွန်ဂို
ကျောင်းကျားရီနဲ့ လွှဲပြီးတဲ့နောက် တရားဘာဝနာ ပွား



အားထုတ်ဖို့ ရှိတော့တာမို့ သူတို့ဟာ တရားအားထုတ်ဖို့
ကြာဘော ခရီးထွက်ကြလိမ့်မယ်"

ကျားနက်က အနည်းငယ်စဉ်းစားပြီး ပြောလိုက်သည်။

"ဒီလိုဆိုရင် ကြယ်တံခွန်ဂိုဏ်းကိုဖြုံခွဲဖို့ ကျောင်းကျားရီကို
ငင်းပစ်ဖို့ပဲ လိုတော့တာပေါ့"

ကျောင်းကြီးခက် ခေါင်းခါယမ်းလိုက်သည်။

"ကျောင်းကျားရီကို ရှင်းရမယ့်အချိန် မရောက်သေးပါဘူး၊
တ်ရှည်ရှည်ထားပြီး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ကိုင်ဆောင်
က်သွားရလိမ့်မယ်လို့ ကျုပ်ပြောထားပြီးပါပြီ"

လူလန်ကြီးဝံ ါးပင်က မေးလာလေသည်။

"မီးခဲ...မင်းရဲ့သဘောထားကို ပွင့်ပွင့်လင်းလင်း ပြော
င် ကောင်းမယ်"

ကျောင်းကြီးခက် ပြုံးလိုက်သည်။

"ကျုပ်သဘောကတော့ ဘယ်လို အနှောင့်အယှက်မျိုးမှ
ရှိတော့ဘူးလို့ ယုံကြည်စိတ်ချနေကြတဲ့ ကျောင်းစန်းဖုံးတို့
နီးမောင်နှံကို သုတ်သင်ရှင်းလင်းပစ်ဖို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင် မွေးစားမိဘများအပေါ် မကောင်းကြံခဲ့ ကိစ္စအားသေးအေးအေးဖြင့် ပြောပြလိုက်လေသည်။

ကျောင်းကြီးခက်သည် ကျေးဇူးတရားကို နားမလည်သော သစ္စာမဲ့သူ၊ ကောက်ကျစ်သူ၊ ကျေးဇူးကန်းသူ ဖြစ်လာ လေသည်။

ကျေးဇူးရှင် ကျောင်းစန်းဖုံးဘို ဇနီးမောင်နှံအား ဒုက္ခ ပေးဖို့ ဆုံးဖြတ်ပြီးနောက် အခွင့်အရေး ရရှိနိုင်ရန် သုံးနှစ် တိတိ စောင့်ဆိုင်းနေခဲ့ရလေသည်။

ဤသို့ဖြင့် ဆင်ကြံ့ကြံနေသော ကျောင်းကြီးခက်အတွက် အခွင့်အရေးတစ်ခု ရရှိခဲ့လေတော့သည်။



မိုးဥတု ရောက်ရှိလာပြီဖြစ်၍ မိုးဖွဲဖွဲ ရွာသွန်း နေပြီဖြစ်ပါသည်။

ယခင်နှစ်များက မိုးကာလတွင် ကြယ်တံခွန်ဂိုဏ်း၌ပင် အနားယူကာ ဘယ်ကိုမှမသွားကြသော ကျောင်းစန်ဖုံးတို့ ဇနီး မောင်နှံသည် ယခုနှစ်တွင် မြောက်ပိုင်းတောင်ပေါ် ဒေသမှ ထင်ရှားသော ဘုရားကျောင်းတစ်ခုသို့ သွားရောက်လည်ပတ် ရန် စီစဉ်ခဲ့ကြလေသည်။

သူတို့၏ ခရီးစဉ်အတွက် လိုအပ်သည့် ကိစ္စဝဝကို ကျောင်းကြီးခက်ကပင် ဆောင်ရွက်ပေးခဲ့ရလေသည်။

ပန်းခြံအတွင်းရှိ အိမ်ကလေးသို့ ကျောင်းကြီးခက် ရောက်ရှိ လာပြန်ပြီ ဖြစ်ပါသည်။

ကျားနက်တို့သည် ကျောင်းကြီးခက်တို့ကို တစ်ကြိမ်လက် တစ်ကြိမ် ပို၍အုံကြလာကြသည်။ စိုးရိမ်လာကြသည်။ လေး စားလာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းစန်းဖုံးတို့ ဇနီးမောင်နှံ မြောက်ပိုင်းဒေသကို ခရီးထွက်သွားကြပြီ"

ထိုစကားသည် ကျွန်းနက်တို့အတွက် မင်္ဂလာစကားပင် ဖြစ်ပါတော့သည်။

ကျောင်းကြီးခက်က မေးလိုက်သည်။

"ကျုပ်...ဒီပန်းခြံကို ဘာကြောင့် ဝယ်လိုက်ရသလဲ သိတာ ခင်ဗျားတို့သိသလား"

လူဝကြီး ဝါးပင် ခေါင်းခါလိုက်သည်။

"ကျုပ်တို့ ဒီနေရာမှာနိုအောင်းနေနိုင်ဖို့ကလွဲပြီး တခြား ဘာများ ရှိဦးမှာလဲ"

ကျောင်းကြီးခက် ပြုံးလိုက်သည်။

"ရှိပါသေးတယ်ဗျ"

"ဘာကွ...."

"ခင်ဗျားတို့ ဒီမှာခိုအောင်း နေနိုင်ကြဖို့အပြင် တခြား ရည်ရွယ်ချက် ရှိပါသေးတယ်၊ ဒါကြောင့်လဲ ခင်ဗျားတို့ကို ပန်းပင်တွေ စိုက်ခိုင်းခဲ့တာပေါ့"



လူဝကြီး ဝါးပင်က နားမလည်နိုင်သည့် သဘောဖြင့် ကျောင်းကြီးခက်အား ကြည့်လိုက်လေသည်။

သေနံအေးဟန်စန်းနှင့်သိမ်ဟိုဝမ်းအင်းတို့ကလည်းအခြေ အနေကို စောင့်ကြည့်နေကြလေသည်။

ကျောင်းကြီးခက်သည် ကြောက်စရာကောင်းသူ ဖြစ်သည့် အပြင် နားလည်ရခက်သော ပဟေဠိဆန်သူ ဖြစ်ကြောင်း လည်း ပို၍သိရှိလာကြလေသည်။

ကျောင်းကြီးခက်က တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

"ဒီပန်းခြံထဲမှာ ကျုပ်စိုက်ခိုင်းထားတဲ့ ပန်းတချို့ဟာ ဆေးဘက်ဝင်နေတယ်၊ ဒီပန်းပင်တွေရဲ့ ဝတ်မှုန်တွေကို ဆန့်ကျင်ဘက်ဆေးပါးတွေနဲ့ ပေါင်းစပ်လိုက်ရင် အင်မတန် ကြောက်စရာကောင်းတဲ့ အဆိပ်တစ်မျိုးအဖြစ် ပြောင်းလဲ သွားတယ်ဆိုတာ ကျုပ်သိထားလို့ပဲ"

ကျွန်းနက်ဆင့်ကူးပုံ တစ်ယောက်ကိုတစ်ယောက်ကြည့် လိုက်ကြ၏။

ကျောင်းကြီးခက်က ဆက်ပြောသည်။

"ပန်းဝတ်မှုန်အဆိပ်ဟာ လူထက်တစ်ရွှောန်းတွေကိုပိုပြီ ဒုက္ခပေးနိုင်တယ်၊ အဆိပ်မိသွားရင်တောင် အဆိပ်ရဲ့အစွမ်း

www.burmeseclassic.com

www.burmeseclassic.com



သတ္တိဟာ ချက်ချင်း မသိသာဘဲ တဖြည်းဖြည်းမှ ပေါ်လာတတ်တယ်''

သွေးအေး ဟန်စန်းက ခပ်ပြတ်ပြတ် ပြောလေသည်။

''ကျောင်းစင်းဖုံးတို့ကို လုပ်ကြံရမယ့်ကိစ္စပဲ၊ သူတို့ဟာ တိရစ္ဆာန်တွေမှ မဟုတ်ဘဲ''

ကျောင်းကြီးခက် ခေါင်းညိတ်လိုက်သည်။

''ဟုတ်ပါတယ်ဗျာ၊ ကျုပ်က သူတို့စီးနင်းလိုက်သွားတဲ့ မြင်းလှည်းမှာ အသုံးပြုမယ့်မြင်းတွေကို ပန်းဝတ်မှုန်အဆိပ် တိုက်ကျွေးလိုက်ပါတယ်''

အဘယ်ကြောင့် ထိုသို့ပြုလုပ်လိုက်သည်ကို မည်သူမျှ နားမလည်နိုင်ကြပါချေ။

ကျောင်းကြီးခက်က အကြောင်းမရှိဘဲ အချိန်ပေးပြီးစောင့်ဆိုင်းနေမည်မဟုတ်၊ ထိုသို့ပြုလုပ်လိမ့်မည် မဟုတ်ဟုကား ယုံကြည်ထားကြလေသည်။

ကျောင်းကြီးခက်၏ စကားကြောင့် အားလုံးရှင်းရှင်းလင်းလင်း ဖြစ်သွားကြလေသည်။

''ခုလို မိုးရာသီမှာ မြောက်ပိုင်းတောင်ပေါ်လမ်းတွေဟာ အတော်ဆိုးရွားတဲ့ အခြေအနေရှိပါတယ်၊ တောင်ပြိုကျတာ



တွေ၊ လမ်းချော်တာတွေ၊ သဘာဝဘေးအန္တရာယ်တွေနဲ့ ပြည့်လျှမ်းနေတယ်၊ တောင်ပေါ်လမ်းအတိုင်း ခရီးနှင်နေတုန်း အဆိပ်မိနေတဲ့မြင်းတွေဟာ ပုံမှန်မဟုတ်ဘဲ ဖောက်ပြန်သွားကြမယ်ဆိုရင် ကျောင်းစန်းဖုံးတို့ကို ဘယ်သူကမှ ကယ်နိုင်ကြတော့မှာ မဟုတ်ဘူး''

သံမဏိဝမ်းအင်း ရယ်မောလိုက်သည်။

''မြောက်ပိုင်းတောင်တန်းတွေဟာ မြင့်မားမတ်စောက်လှတယ်၊ မိုးရေတွေနဲ့ လမ်းချော်နေတဲ့ တောင်ပေါ်လမ်းမှာ ခရီးသွားရင်း မြင်းတွေကစိတ်ဖောက်ပြန်ပြီး ကဆုန်ပေါက်လိုက်တော့ မြင်းလှည်းကို လမ်းဘေးချောက်နက်ကြီးတွေထဲကို ဆွဲချလိုက်သလို ဖြစ်သွားမှာပဲ''

လူသန်ကြီးဝါးပင် ကျေနပ်သွားသည်။

''ချောက်ထဲရောက်သွားမှတော့ ကျောင်းစန်းဖုံးတို့ ဇနီးမောင်နှံ အရိုးအသားရှာမရအောင် စိစိညက်ညက်ကြေသွားမှာပဲ''

ကျောင်းကြီးခက်က မရယ်မပြုံး မျက်နှာထားတည်တည်ဖြင့်ပင် ရှိနေပါသည်။

ကျောင်းဖုံးစန်းတို့ ဇနီးမောင်နှံသည် သူ့အား မွေးစားခဲ့ကြသော ကျေးဇူးရှင်များဖြစ်ရကား သွေးရက်သံယိုတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆင်နွှဲခြင်းမပြုဘဲ အလှူနိပ်ရိုသေသပ်သော နည်းလမ်းဖြင့် ဖယ်ရှားလိုက်ခြင်း ဖြစ်လေသည်။

အခြားသော အကြောင်းတစ်ခုဖြင့် ကျောင်းစန်းဖုံးတို့ကြွ ရောက်ခဲ့ကြလျှင် ကျောင်းကျားခိုနှင့် ကြယ်တံခွန်ဂိုဏ်းသားများ အပါအဝင် သိုင်းလောကမှမိတ်ဆွေများက ခေါင်းသောင် လာကြမည်ဖြစ်ရာ သိသာထင်ရှားနေလိမ့်မည် ဖြစ်လေသည်။

ကျားနက်ဆင့်ကူးက ကျောင်းကြီးခက်အား စိုက်ကြည့်ကာ မေးလိုက်လေသည်။

"ကျောင်းကြီးခက်၊ မင်းက ကျုပ်တို့ကိုခေါ်ပြီး ဒီမှာနေ နိုင်းဘယ်၊ ဒါပေမယ့် ကြယ်တံခွန်ဂိုဏ်းကိုဆုံးမဖို့ မင်းဘာသာ စီစဉ်လုပ်ကိုင်တယ်၊ ကျုပ်တို့ကို ဘာမှမတိုင်ပင်ဘူး၊ ကျုပ်တို့ က တစ်ခုမှမလုပ်လိုက်ရဘူး၊ ဒါက ဘာသဘောလဲဆိုတာ ရှင်းပြမှဖြစ်မယ်"

သွေးအေးဟန်စန်းက ထောက်ခံလိုက်လေသည်။

"ဟုတ်ဘယ်၊ ကျုပ်တို့ဟာ မျက်လှည့်ပွဲမှာကြည့်နေတဲ့ ပရိသတ်တော့ မဖြစ်ချင်ဘူး"

ကျောင်းကြီးခက် ရယ်မောလိုက်သည်။

"စိတ်ချပါကျာ၊ ခင်ဗျားတို့ဟာ ပရိသတ်မဟုတ်ပါဘူး၊ ကျောင်းစန်းဖုံးကိုလုပ်ကြဖို့ ပန်းဝတ်မှုန်အဆိပ်ရအောင် ပန်းပင်



သွေး စိုက်ပျိုးပေးတဲ့နေရာမှာ ပါဝင်ခဲ့ကြသလို ကျုပ်တော ကြယ်တံခွန်ဂိုဏ်းက လှုပ်လို့မရတဲ့အချိန်မှာ လုပ်စရာရှိတဲ့ကိစ္စတွေ ကို လုပ်ပေးခဲ့ကြတာပဲ၊ ကျုပ်ပြောပြီးပါပကော အချိန်ယူ မယ်၊ စိတ်ရှည်ရမယ်ဆိုတာလေ၊ ကျောင်းစန်းဖုံးအလှည့်ပြီးရင် ကျောင်းကျားခိုရဲ့အလှည့် ရောက်လာပါလိမ့်မယ်"

ကျောင်းကြီးခက်၏အသံ အေးစိမ့်လာသည်။

"ကျောင်းကျားခိုကို ရှင်းပြီးလို့ ကျုပ်က ကြယ်တံခွန်ဂိုဏ်း ချုပ်ဖြစ်လာပြီဆိုရင် ခင်ဗျားတို့ဟာ ကျုပ်ရဲ့အားကိုးရတဲ့ဌာန မှူးတွေ ဖြစ်လာကြမှာပါ၊ ဒီတော့မှ အတိုးချပြီးဆောင်ရွက် ကြတာပေါ့"

သူ၏စကားအဆုံးတွင် အားလုံးပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## "ကျွားရဲ့ကံကြမ္မာမရှိးသာ"

လျှမ်းလျှမ်းတောက်ကျော်ကြားသော ကြယ်တံခွန်ဂိုဏ်း ငြိ မမျှော်လင့်သောကြမ္မာဆိုး ကျရောက်လာလေသည်။

မြောက်ပိုင်း တောင်တန်းဒေသသို့ ခရီးထွက်သွားသော ကျင်းစန်းပုံးတို့ ဇနီးမောင်နှံမှာ တောင်ပေါ်တွင် မြင်း ချည်းတိမ်းမှောက်ပြီး ချောက်ထဲကျကာ သေဆုံးသွားကြ လေသည်။

ကျင်းစန်းပုံးတို့ သေဆုံးသွားကြသဖြင့် ကျင်းကျွားရှီမှာ ာက်တည်ရာမရ ဖြစ်ခဲ့ရလေသည်။

မိဘများအတွက် ဝမ်းနည်းကြေကွဲလှန်းသဖြင့် အရေးကို ဖော်ပြုခဲ့သည့် ကျင်းကျွားရှီက အရက်အိုးထဲ ခေါင်းစိုက် နေသောကြောင့် အသုဘကိစ္စအဝဝနှင့် ကြယ်တံခွန်ဂိုဏ်း၏

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စအဝဝကို ကျောင်းကြူးခက်ကပင် တာဝန်ယူ၍ ဆောင်ရွက်ခဲ့ရလေသည်။

ဤတွင် ကျောင်းကြူးခက်သည် အများ၏ အထင်ကြီးလေးစားစရာ ဖြစ်လာခဲ့လေတော့သည်။

ကျောင်းကျားရီက အရက်သမားလုံးလုံးကြီး ဖြစ်သွားပြီး ကျောင်းကြူးခက်က ဂိုဏ်းချုပ်ပမာဖြစ်လာခဲ့ပြီး တစ်နှစ်ခန့် အကြာမှာပင် ကျောင်းကျားရီသည် အရက်အမူးလွန်ကာ ရေကန်ထဲပြုတ်ကျ သေဆုံးသွားခဲ့ပြန်လေတော့သည်။

✿

ကျောင်းစန်းဖုံးတို့ ဇနီးမောင်နှံ ကွယ်လွန်သွားသလို ကျောင်းကျားရီလည်း သေဆုံးသွားသောအခါ ကျောင်းကြူးခက်မှာ အလိုလို ဂိုဏ်းချုပ်ရာထူး ရရှိပြီးသား ဖြစ်သွားတော့သည်။

ကျောင်းကျားရီ သေဆုံးသွားရသည့်ကိစ္စမှာ ကျောင်းကြူးခက်၏ လက်ချက်ပင် ဖြစ်သည်။



အတားအဆီးများကို ဖယ်ရှားပြီး ကြယ်တံခွန်ဂိုဏ်းချုပ် ဖြစ်လာလေသောကြောင့် ကျောင်းကြူးခက်၏ ရည်ရွယ်ချက်အား ပြည့်ဝသွားပြီဆိုနိုင်၏။

သို့သော် ကျောင်းကြူးခက်၏ဆန္ဒများ ပြည့်ဝနိုင်ခြင်း မရှိသေးပါ။

သူ၏ ရည်ရွယ်ချက်တစ်ခုထမြောက်အောင်မြင်ခြင်းမရှိဘဲ ကျန်နေသေး၏။

ထိုရည်ရွယ်ချက်မှာ သူစွဲလမ်းမိသော ကျူးရွှယ်အား သိမ်းပိုက်နိုင်ရေး ဖြစ်ပါတော့သည်။

✿

ကျောင်းကြူးခက်နှင့် ကျားနက်ဆင့်ကူးတို့ ပြန်လည်ဆုံတွေ့ကြပြီး ငါးနှစ်အကြာတွင် ကျောင်းကြူးခက်မှာ ကြယ်တံခွန်ဂိုဏ်းချုပ်ဖြစ်လာခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်တံခွန်ဂိုဏ်းချုပ် ဖြစ်လာပြီးနောက် တစ်နှစ်အကြာ တွင် ကျားနက်ဆင့်ကူးတို့လူစုသည် ကြယ်တံခွန်ဂိုဏ်း၌ ရာထူး အသီးသီး ရရှိလာကြလေတော့သည်။

❀

သုံးနှစ်....

ရှာသီစက်ဝန်းလည်ပတ်၍ ကျင်းကျားရီ သေဆုံးသွားခဲ့ သည်မှာ သုံးနှစ်တင်းတင်းပြည့်ခဲ့ပြီ ဖြစ်ပါသည်။

ကျူးရှယ်သည် သမီးလေး ကျင်းကျင်းကို လက်တွဲကာ ကျင်းကျားရီ၏ အုတ်ဂူသို့ သွားရောက်ဂါရဝပြုခဲ့လေသည်။

တောက်ပသော နေရောင်ခြည်အောက်တွင် ဝန်းကျင် တစ်ခုလုံး အေးချမ်းငြိမ်သက်နေ၏။

သေဆုံးသွားပြီး သူတို့၏ လဲလျောင်းရာနေရာသည် ပူပင် သောကများငြိမ်း၍ အေးချမ်းနေသည်မဟုတ်လား။



ကျူးရှယ်သည် ကျင်းကျားရီ၏ အုတ်ဂူပေါ်၌ ပေါင်းပင် များ ကြဲလိုက်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များကို ညှိလိုက်သည်။ ရွှေစက္ကူ၊ ငွေစက္ကူများကိုလည်း မီးရှို့၍ ပေးလိုက်လေသည်။

ကျူးရှယ်၏မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲနေသည်။

"အစ်ကိုရှယ်...ထမလွန်တဲ့ဘဝမှာ အေးချမ်းငြိမ်သက်မှု ရှိနိုင်ပါစေလို့ ညီမ ဆုတောင်းလိုက်ပါတယ်"

သူမ၏နံဘေး၌ရှိနေသော ကျင်းကျင်းလေးကိုလည်း ပြော လိုက်သည်။

"သမီး...သမီးဖေဖေရဲ့ အုတ်ဂူကို ကန်တော့လိုက်လေ"

အရွယ်နှင့်မလိုက်အောင် လိမ္မာရေးခြားရှိသော ကျင်း ကျင်းလေးက ချက်ချင်းဒူးထောက်ကန်တော့လိုက်လေသည်။

"ဖေဖေကြီး...သမီးကန်တော့ပါတယ်၊ကောင်းရာသုဂတိ ရောက်ပါစေ"

ကျူးရှယ်သည် လူ့မမယ်ဘဝလေးမှာပင် ဖတဆိုးလေးဖြစ် ရှာသည့် ကျင်းကျင်းကိုကြည့်ရင်း မျက်ရည်ဖြိုင်ဖြိုင် ကျလာ သည်။

"ကံဆိုးလိုက်တဲ့ သမီးလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကျင်းကို ထွေးဖွေ့ကာ ညည်းတွားလိုက်လေ၏
ထိုစဉ်....

"ကျင်းကျင်း ကံမဆိုးပါဘူးဗျာ"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာသဖြ
ကျူးရှယ်က မော့ကြည့်လိုက်ရာ ကျင်းကြုံးခက်ဖြစ်နေသည်ကို
တွေ့ရလေသည်။

"ဟင်...မောင်လေးလိုက်လာတယ် ဟုတ်သား"

အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိသော်လည်း ဝါ
အရ ကျူးရှယ်က အစ်ကြီး ဖြစ်နေပါတော့သည်။

ကျင်းကြုံးခက် ပြုံးလိုက်သည်။

"လာ...သမီးလေး"

ကျင်းကျင်းလေးကို ဆွဲယူကာ ပွေ့ချီလိုက်သည်။

ဘစ်ဖန်....

"ကျင်းကျင်းလေး ကံဆိုးတယ်လို့ မပြောစေချင်ဘူး
သူ့ကို သမီးအရင်းလို ကြင်ကြင်နာနာ စောင့်ရှောက်သွား
မယ်၊ ကျုပ်တစ်ယောက်လုံး ရှိနေပါသေးတယ်"

ကျူးရှယ်အား စိုက်ကြည့်ကာ ပြောလိုက်လေသည်။



ကျူးရှယ်ကား ကလေးတစ်ယောက်အမေ မုဆိုးမလေး
ဆိုသော်လည်း ငယ်ရွယ်ကာ ချောမောလှပနေဆဲ ဖြစ်ပါ၏။

ကျင်းကြုံးခက်၏စကားကြောင့် ကျူးရှယ် အံ့သြသွားလေ
သည်။

"မောင်လေး...မင်း ဘယ်လိုပြောလိုက်တာလဲ"

ကျင်းကြုံးခက် ပြုံးလိုက်သည်။

"ကျုပ်က ဖင်းတို့သားအမိရဲ့ဘဝကိုတစ်သက်လုံးတာဝန်
ယူစောင့်ရှောက်သွားမယ်လို့ ပြောတာလေ"

"ဟင်...."

"ကျုပ်ဟာ သြဇာတိက္ကမကြီးမားတဲ့ ကြယ်တံခွန်ဂိုဏ်း
ချုပ်ဖြစ်နေပြီပဲ၊ ကျုပ်တာဝန်မယူနိုင်ဘူး ထင်လို့လား"

"မဟုတ်ဘူး၊ မဟုတ်သေးဘူး မောင်လေး"

ကျူးရှယ် ခေါင်းခါယမ်းလိုက်သည်။

"မောင်လေးပြောတဲ့ စကားတွေကို မမ နားမလည်နိုင်
တော့ဘူး၊ အခုလဲ မင်းအစ်ကိုကြီး မရှိတဲ့နောက် မမတို့
သားအမိကို မင်းပဲ တာဝန်ယူထားတာမဟုတ်လား"

ကျင်းကြုံးခက် မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပင်း မသိချင်ဟန်ဆောင်မနေပါနဲ့၊ စကားကို လှည့်ပတ်ပြောမနေပါနဲ့၊ ကျောင်းကျောင်းရှိတယ်ကျောင်းရှိထက်အရင် မင်းကို ကျုပ်တွေ့ခဲ့ပြီး စွဲလမ်းခဲ့တယ်ဆိုတာ မှတ်ထားစမ်းပါ"

"ဟင်...."

"ကျန်းပိုမြို့ရဲ့ ပန်းဈေးလမ်းကြားမှာ ကျုပ်တို့တွေ့ခဲ့ကြတာ မင်းမမှတ်မိဘူးလား"

ကျူးရှယ် သက်ပြင်းချလိုက်လေသည်။

ကျောင်းကြိုးခက်က သူမအား စွဲလမ်းနေကြောင်း မိန်းမသားပီပီ ရိပ်မိခဲ့ပါသည်။

သို့သော် သူမအနေနှင့် မောင်လေးတစ်ယောက်အဖြစ်သာ သဘောထားခဲ့သည်။

ခင်ပွန်းသည် ကျောင်းကျားရှီမှလွဲ၍ မည်သူ့ကိုမျှ သူမ၏ မေတ္တာတရားကို ခွဲဝေပေးနိုင်မည်မဟုတ်ပါ။

ကျောင်းကျားရှီအပေါ်၌သာ တစ်သက်လုံးသစ္စာရှိရှိနေထိုင်သွားလိုပေတော့သည်။

ကျောင်းကြိုးခက်သည် ကျူးရှယ်ကို ကြည့်ရင်း အားမလိုအားမရ ဖြစ်လာလေသည်။



"ကျူးရှယ်....တစ်ချိန်က မတော်တဆခဲ့လို့ မင်းကို [illegible]နဲ့ လက်လွှတ်ခဲ့ရပေမယ့် ခုချိန်မှာတော့ ဘယ်နည်းနဲ့မှ လက်မလွှတ်နိုင်တော့ဘူး၊ မင်းကို ကျုပ် လက်ထပ်ယူမယ်"

ကျောင်းကျောင်းလေးကို မြေပေါ်သို့ချကာ ကျူးရှယ်ထံသို့ ချဉ်းကပ်လာလေသည်။

ကျူးရှယ်က ကပျာကယာ နောက်ဆုတ်လိုက်သည်။

"မောင်လေး....မင်းမှားမယ်၊ မင်းအစ်ကိုရဲ့ အုတ်ဂူရှေ့မှာဆိုတာ သတိထားပါဦးကွယ်"

ကျောင်းကြိုးခက်က အမှုမထားချေ။

"ကျောင်းကျားရှီဟာ ကျုပ်ရဲ့အစ်ကိုအရင်းမှ မဟုတ်တာ၊ ဒါတွေကို မင်းသိထားပြီးသားပါ"

"မင်း....မင်း"

"ကျုပ်က မင်းကို ရအောင်ယူမယ်လို့ ကျောင်းကျားရှီ ရှိစဉ်ကတည်းက ဆုံးဖြတ်ထားခဲ့တယ်"

"ဘာ"

"ကျူးရှယ် မင်း ငြင်းမနေပါနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြီးခက်က ကျူးရှယ်၏လက်ကို လှမ်းဆွဲလိုက်သောအခါ ကျူးရှယ်က ဆောင့်ရုန်းလိုက်လေသည်။

“လွှတ်မယ်!၊ မင်းကို ငါ မောင်လေးတစ်ယောက်လိုပဲ သဘောထားနိုင်မယ်၊ အစ်ကိုကျောင်းကျားရှိရဲ့နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး၊ မင်း ဆက်ပြီးကြိုးစားမယ်ဆိုရင် ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်ရမှာပဲ”

“ဟာ”

ကျူးရှယ်၏ပြတ်သားသောစကားကြောင့်ကျောင်းကြီးခက် လွှတ်ခနဲအော်ကာ နောက်ဆုတ်လိုက်လေသည်။

ကျူးရှယ်က အံကြိတ်ကာ ခပ်စိန်းစိန်းကြည့်နေ၏။

ပြောသည့်အတိုင်း လုပ်မည့်အသွင်မျိုး ဖြစ်လေသည်။

ကျောင်းကြီးခက် သက်ပြင်းချလိုက်သည်။

“ကျုပ်...ကျုပ်အမှားကြီး မှားသွားပါတယ်၊ ကျုပ်ကို အပြစ်ပေးလိုက်ပါတော့”

ကျူးရှယ်၏ရှေ့၌ ဒူးထောက်ချကာ တောင်းပန်လိုက်လေသည်။

ကျူးရှယ် ခေါင်းခါယမ်းလိုက်သည်။



“မင်းကို အပြစ်ပေးစရာ အကြောင်းမရှိဘူး၊ ဒို့တစ်တွေ မောင်နှမတွေလို နေထိုင်စောင့်ထိန်းသွားကြမယ်ဆိုရင် မင်းရဲ့ တူမလေး ကျောင်းကျောင်းဘဝဟာ တစ်သက်လုံး ပျော်ရွှင်စရာ ကောင်းသွားမှာပါ”

ကျောင်းကြီးခက် ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်သည်။

“ကျွန်တော် နားလည်ပါပြီ မမရှယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါနော်”

သူက အထင်ဆင်တောင်းပန်တိုးလျှိုးနေပြီး ကျူးရှယ်ကလည်း ခေါင်းညိတ်လိုက်လေသည်။

ကျောင်းကြီးခက် ဒူးထောက်ရာမှ ထလိုက်သည်။

ကျောင်းကျောင်း၏နဖူးကို တစ်ချက်နမ်းရှုပ်လိုက်ပြီး ကျောခိုင်းထွက်ခွာသွားလေသည်။

ကျောင်းကြီးခက် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ ကျူးရှယ်လည်း သက်ပြင်းချနိုင်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြီးခက်သည် မိမိအား ခွဲခွာနေသော်လည်း အမွေသိမ်းပိုက်ဖို့ မကြိုးစားခြင်းကြောင့် ကျူးရှယ် ကျေးဇူးတင်မိလေသည်။

"လာ...သမီး"

ကျောင်းကျောင်း၏လက်ကိုဆွဲကာ သချိုင်းမြေမှ ထွက်သွားရန်ဟန်ပြင်လိုက်စဉ်မှာပင် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ကျောင်းကျားငိ၏ သစ္စာရှိကိုယ်ရံတော်အဖြစ် အမှုထမ်းခဲ့သည့် ထင်းယု ဖြစ်လေသည်။

ကျောင်းကျားရှိ သေဆုံးသွားပြီး ကျောင်းကြီးခက် ဂိုဏ်းချုပ်ဖြစ်လာခဲ့ပြီးနောက် ထင်းယုသည် မြင်းဇောင်းမှူး တာဝန်ယူရသူဖြစ်သွား၏။

အခြားကိုယ်ရံတော်များဖြစ်သော သင်းဖုံး၊ ကျောင်းဝေနှင့် ဝမ်ကျိုဘို့သည်လည်း မီးဖိုချောင်၊ ပန်းဥယျာဉ်နှင့် တံခါးမကြီး၌ တာဝန်ယူရသော အနိမ့်ခေါင်းဆောင်များအဖြစ် ပြောင်းရွှေ့တာဝန်ချထားခြင်း ခံခဲ့ရလေသည်။

သူတို့၏နေရာ၌ ကျားနက်ဆင့်ကူးဘို့က အစားထိုးဝင်ရောက်လာခဲ့ကြသည်။



ကျောင်းကျားရှိ၏ကိုယ်ရံတော်ဘဝက အနီးကပ်ဆက်ဆံခဲ့ရသော်လည်း မြင်းဇောင်းတာဝန်ခံ ဖြစ်သွားသောအခါ ထင်းယုမှာ ကျူးရှယ်တို့နှင့် ဝေးသွားခဲ့လေသည်။

ရင်းရင်းနှီးနှီးရှိခဲ့ဖူးသော ထင်းယုအား သချိုင်းမြေ၌ မမျှော်လင့်ဘဲတွေ့လိုက်ရလျှင် ကျူးရှယ် အံ့ဩသွားလေသည်။

"ဟင်...ကိုယ်ရံတော်ကြီး ထင်းယုပါလား"

ထင်းယုက ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ဟုတ်ပါတယ် သခင်မ၊ ကျုပ် ဒီသချိုင်းမြေထဲမှာ ရောက်နေတာ ကြာပါပြီ"

"ဟင်"

"ဒီကနေ့ဟာ ဂိုဏ်းချုပ်ကြီးကျောင်းကျားရှိ ကွယ်လွန်သွားတဲ့ သုံးနှစ်ပြည့်နေ့ဖြစ်လို့ ဂိုဏ်းချုပ်ကြီးရဲ့အုတ်ဂူမှာ ဂါရဝပြုဖို့လာခဲ့တာပါ"

ထင်းယု ရောက်နေတာကြာပြီဆိုသောကြောင့် ကျူးရှယ် မျက်နှာပျက်သွားလေသည်။

"ရှင်...ရှင်"

ထင်းယု လက်ကာပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မစိုးရိမ်ပါနဲ့ သခင်မ၊ အဖြစ်အပျက်အလုံးစုံကို ကျုပ်တွေမြင်ခဲ့ပေမယ့် သခင်မ ဘာမှမမှားဘူးဆိုတာ ကျုပ်သိပါတယ်၊ ကျောင်းကြီးခက်ဟာ မွေးစားသားပီပီ အကောက်ကြံတာပါ"

"ဟင်"

ထင်းယုသည် ကျောင်းကြီးခက်အား ဂိုဏ်းချုပ်ကြီးဟု ရိုသေသမှုဖြင့်မခေါ်ဘဲ နာမည်ကိုခေါ်လိုက်ခြင်းကြောင့် သူမ ထိတ်လန့်သွားခြင်းဖြစ်လေသည်။

ထင်းယုသည် ကျောင်းကြီးခက်အား အမုန်းကြီးမုန်းနေကြောင်း ထင်ရှားနေပါတော့သည်။

"ကျောင်းကြီးခက်ဟာ ဂိုဏ်းချုပ်ကြီး သေဆုံးရတဲ့ကိစ္စမှာ မရိုးမသားပါဝင်ခဲ့မယ်လို့ ကျုပ်တို့ယူဆထားကြပါတယ် သခင်မ"

"ရှင်...ရှင် ဘယ်သို့ပြောလိုက်တာလဲ"

"ဂိုဏ်းချုပ်ကြီးကို အချက်မှုအောင်တိုက်ပြီး ချောက်နက်ထဲ တွန်းချလုပ်ကြံလိုက်တယ်လို့ပဲ ကျုပ်တို့ယူဆပါတယ်သခင်မ"

"ရှင်"



ထင်းယု၏စကားကြောင့် ကျူးရှယ် မယုံနိုင်အောင်ဖြစ်သွား၏။

"အစ်ကို...အစ်ကိုဟာ သွေးရိုးသားရိုးသေဆုံးသွားတာ မဟုတ်ဘဲ လုပ်ကြံခံလိုက်ရတာ ဟုတ်လား"

ထင်းယုက မြေပေါ် တံတွေးထွေးချလိုက်သည်။

"စကားပုံ ခပ်ရိုင်းရိုင်းနှိုင်းရရင် သူ့မယားသိုချင် သူ့ ထင် လိုနဲ့ထိုး ဆိုသလိုပါပဲ၊ ဂိုဏ်းချုပ်ကြီးကိုလုပ်ကြံပစ်မှ သူ သခင်မကို ရနိုင်မယ့်အပြင် ကြယ်တံခွန်ဂိုဏ်းချုပ်ရာထူးကို ယူနိုင်မယ်မဟုတ်လား"

ကျူးရှယ် တွေဝေသွားသည်။

ထင်းယု၏စကားကိုယုံကြည့်ဖို့ ရုတ်တရက် ခက်ခဲနေ၏။

ကျောင်းကြီးခက်သည် ကျောင်းစန်းဖုံတို့ ဇနီးမောင်နှံနှင့်တကွ ကျောင်းကျားရှီအပေါ် အလွန်ရိုသေလေးစားခဲ့သည်ကို သူမ တွေ့ခဲ့ရသည်မဟုတ်လား။

ထင်းယုက ဆက်ပြောလာသည်။

"ကျုပ်တို့ဟာ ဂိုဏ်းချုပ်ကြီးအပေါ် သစ္စာရှိသူတွေဖြစ်တော့ ကျောင်းကြီးခက်က ချောင်ထိုးထားလိုက်တယ်၊ ဒါကို မရိုးသားဘူးဆိုတာ ထင်ရှားနေတာပဲ သခင်မ၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ စောင့်ရှောက်ခြင်း မပြုနိုင်တာကို ခွင့်လွှတ်ပါ၊ ကိုယ့်ကိုယ်ကို ယိမ်းသိမ်းစောင့်ရှောက်ပြီး သတိနဲ့နေပါ”

ကျုပ်ရွှယ် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

“ကိုယ်ရံတော်ကြီးက ဘယ်သွားမလို့လဲ”

ထင်းယု၏မျက်နှာတည်ကြည်လေးနက်နေသည်

“ကျုပ်တို့ ဒီမှာနေရင် ကျောင်းကြီးခေါ်ရဲ့ အန္တရာယ်ရှိနိုင်လာမို့ ဒီကထွက်သွားပြီး ကြယ်တံခွန်ဂိုဏ်း အပြင်ဘက်ကနေပြီးတော့ ဂိုဏ်းချုပ်ကြီး လုပ်ကြံခံရတဲ့ကိစ္စကို စုံစမ်းဖော်ထုတ်သွားဖို့ ဆုံးဖြတ်ပြီးပါပြီ”

ကျုပ်ရွှယ်က တောင်းပန်လိုက်လေသည်။

“ကိုယ်ရံတော်ကြီး မသွားလို့မဖြစ်ဘူးလား”

“မဖြစ်တော့ပါဘူး သခင်မ၊ ကျုပ်တို့က သူ့အပေါ်မှာ သံသယဝင်ပြီး အဖြစ်မှန်ကို စုံစမ်းနေကြတယ်ဆိုတာ မကြာခင် ကျောင်းကြီးခေါ် ရိပ်မိသွားပါလိမ့်မယ်၊ ကျုပ်တို့ ဒီမှာဆက်နေရင် နှုတ်ပိတ်ခံရပါလိမ့်မယ်၊ သခင်မ သတိဝီရိယနဲ့နေပါ၊ မကြာခင် ကျုပ်တို့ ပြန်လာပြီး သခင်မကို ကယ်တင်ပါမယ်”



စကားဆုံးလျှင် အမလေးအနက်ထားကာ ဦးညွှတ်လိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ပြေးလွှားထွက်ခွာသွားသတော့သည်။

❀

“တောက်”

ကြားလိုက်ရသည့် သတင်းကြောင့် ကျောင်းကြီးခေါ် တက်င်းပြင်း ခေါက်လိုက်မိလေသည်။

စောင့်စေ့အောင် စီမံထားသည့်ကြားမှ ကျောင်းကျွန်းရှိ၏ အရှိ ကိုယ်ရံတော်များတို့သည် ကြယ်ဘံခွန်ဂိုဏ်းမှ တိတ်ဆိတ် ထွက်ခွာသွားကြသည် မဟုတ်ပါလား။

ထိုကိုယ်ရံတော်များတွင် ထင်းယုနှင့် ထင်းဖုံးတို့ ညီအစ်ကိုက ခေါင်းဆောင်များဖြစ်ကြပြီး ကျောင်းကျွန်း၏ ခေါင်းသွားသည့်ကိစ္စနှင့် ပတ်သက်၍ သူ့အပေါ် သံသယ ဝင်နေကြောင်း သတိပြုမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်သည်း ကိုယ်ရံတော်ရာထူးမှ ဖယ်ရှားကာ အရေးမပါသော နေရာများ၌ တာဝန်ပေးထားလိုက်ခြင်း ဖြစ်သည်။

ထင်းပုတ္တိုအား တဖြည်းဖြည်းချင်းရှင်းလင်းသွားမည်ဟု ကြံရွယ်ထားသော်လည်း ထင်းယုတ္တိ လူစုသည် အကင်းပါး စွာ ရှောင်တိမ်းသွားကြပြီဖြစ်လေသည်။

ကျောင်းကြီးခက် အံကြိတ်လိုက်သည်။

"သင်းတို့ ခြေတစ်လှမ်း ဦးသွားကြတယ်၊ ဒါပေမယ့် ဘာများ တတ်နိုင်မှာမို့လဲ၊ ဆင့်ကူး....ဒီကိစ္စကို မင်းတို့ တာဝန်ယူရမယ်၊ ထင်းယုတ္တိလူညီးကို လိုက်ချာပြီး သုတ်သင် ရှင်းလင်းပစ်ရမယ်"

ဆင့်ကူး၊ ဝါးပင်၊ ဟန်စန်းနှင့် ဝမ်းအင်းတို့သည် ကျောင်း ကြီးခက်၏ ဉာဏ်စွမ်းနှင့်သိုင်းပညာကို အသိအမှတ်မပြုဘဲ မနေနိုင်ကြတော့ချေ။

ကြယ်တံခွန်ဂိုဏ်း၌လည်း အရေးပါသောရာထူးများ ရရှိ ထားကြပြီးဖြစ်ရာ ယခင်ကလို မဆက်ဆံဝံ့တော့ဘဲ ဂိုဏ်း ချုပ်ကြီး တစ်ယောက်အဖြစ် ရိုသေလေးစားစွာ ပြောင်းလဲ ဆက်ဆံနေကြပြီ ဖြစ်လေသည်။

ကျောင်းကြီးခက်ကအမိန့်ပေးလိုက်လျှင် ဆင့်ကူးက ဦးညွှတ် လိုက်၏။



"စိတ်ချပါဂိုဏ်းချုပ်ကြီး၊ သူတို့ကို တစ်ယောက်မှမကျန် ...င် ရှင်းလင်းလိုက်ပါမယ်"

...ယ်စဉ်ကပင် ကြေးစားများဖြစ်ခဲ့ကြသောဆင့်ကူးတို့မှာ ...ယုတ္တိလူစုအား အလွယ်တကူ သုတ်သင်ရှင်းလင်းပစ်နိုင် ...မည်ဟု ကျောင်းကြီးခက် စိတ်ချသွားလိုက်တော့သည်။

"ကျူးရွယ်တို့ သားအမိကိုလဲ သီးသန့်အဆောက်အအုံ ...မှာ ထားလိုက်ပါ၊ သူတို့ကို မျက်ခြည်မပြတ် စောင့် ...ကြည့်နေရမယ်၊ ထွက်ပြေးလွတ်မြောက်သွားတာမျိုး ...င်ဘူး"

...င့်ကူးက ဦးညွှတ်လိုက်ပြန်သည်။

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး"

...ျောင်းကြီးခက်က အနည်းငယ်စဉ်းစားပြီးထပ်မံမှာကြား ...သည်။

"သူတို့ကို အကျယ်ချုပ်သဘောမျိုး ထားတယ်ဆိုပေမယ့် ...မရိုင်းမိစေချင်ဘူး၊ သတိဝီရိယနဲ့ စောင့်ရှောက်ကြရမယ်၊ ...အားလုံးသွားနိုင်ပြီ"

...င့်ကူးတို့သည် ကျောင်းကြီးခက်၏ အမိန့်အတိုင်း ဆောင် ...ရန် ချက်ချင်းထွက်ခွာသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင့်ကူးတို့ ထွက်ခွာသွားကြပြီးနောက် အခန်းတွင်း အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သ သွားလေသည်။

ကျောင်းကြီးခက်သည် အရက်တစ်အိုးသွားယူပြီး တစ် ငွဲ့သောက်ရန် ဟန်ပြင်လိုက်၏။

သို့သော် သူအရက်မသောက်ဖြစ်ခဲ့ပါ။

ကျောင်းကျားရှီအား သတိရလာခြင်းကြောင့် ဖြစ်လေသ

ကျောင်းကျားရှီသည် မိဘများကွယ်လွန်သွားသဖြင့် ထိခိုက်နေချိန်၌ ပူပင်သောကများ မေ့ပျောက်စေရန် အစ်ကိုနှစ်ယောက် အရက်သောက်ကြမည်ဟု ကျောင်းကြီး ကပင် အဖော်ဆွယ်ခဲ့ခြင်းဖြစ်သည်။

တကယ်တမ်းတွင် သူကား မသောက်ဘဲ ကျောင်းကျ ကိုသာ ပို၍တိုက်ခဲ့လေသည်။

အရက်ထဲတွင် သူ၏လက်စွဲတော် ပန်းဝတ်မှုန်အဆ ခတ်ထားခဲ့လေသည်။

ပန်းဝတ်မှုန်အဆိပ်သည် အရက်နှင့် ပေါင်းစပ်လိုက် အခါ လူကိုပါ ဒုက္ခပေးနိုင်သော အဆိပ်ဖြစ်လာလေ သည်။



ပြောင်းလဲသွားသော ပန်းဝတ်မှုန်အဆိပ်၏ အာနိသင် ရ ကျောင်းကျားရှီသည် အဆိပ်ခတ်ထားမှန်းမသိဘဲ ပန်း တ်မှုန်အဆိပ်ပါသောအရက်ကို တန်းတန်းစွဲ ဖြစ်သွားလေ ည်။

နေ့စဉ်ရက်ဆက် သောက်ပါများလာသောအခါ ခန္ဓာ ယ်ထဲမှ ကလီစာများ ပျက်စီးလာသည့်အပြင် အတွင်း ား ပျက်စီးကာ ဦးနှောက်မှာမမှန်ဖြစ်လာတော့သည်။

ကျောင်းကျားရှီအား အရက်များများ မူးအောင်တိုက်ကာ ာန်ထဲတွန်းချပြီး အဆုံးစီရင်လိုက်တော့သည်။

ကျောင်းကျားရှီအား အရက်ဖြင့် ဖျက်ဆီးလုပ်ကြံခဲ့သည်ကို ခတ်ရလိုက်လေသောကြောင့် ကျောင်းကြီးခက်က အရက် သာက်ဖို့ မကြိုးစားတော့ချေ။

ထိုင်ရာမှထကာ ပြတင်းပေါက်ဆီသို့လှမ်းသွားပြီး အပြင် က်သို့ ကြည့်လိုက်၏။

ကောင်းကင်ပေါ်၌ လမင်းထိန်ထိန်သာနေရကား ဝန်း င်ဘစ်ခုလုံး သာယာလှပနေပါတော့သည်။

ကျောင်းကြီးခက်က ကောင်းကင်ပေါ်မှ လဝန်းကို မော့ ည့်လိုက်၊ လဝန်းတွင် စွဲလမ်းမိသော ကျူးရှယ်၏ သွယ ာ မျက်နှာလေးထင်ဟပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကြုံးခက်၏ရင်ထဲ အေးမြသွားကာ ပူပင်သော အားလုံး မေ့လျော့သွားပြန်လေတော့သည်။

"ငါ ဘာကြောင့် သူ့ကို ဒီလောက်တောင် စွဲလမ်း ရတာပါလိမ့်၊ သူ့ကို ငါ အစမွှသိမ်းပိုက်လို့ ရနိုင်သား

"ဒါပေမယ့်...."

ကျုံးရယ်သည် သူ၏လက်ခုပ်ထဲမှ ဖြေဖြစ်နေသော်လ သူက လက်လျော့ထားခဲ့သည်။

သူမ၏အမုန်းကို မလိုလားခြင်းကြောင့် ဖြစ်လေသ

တစ်နေ့နေ့ တစ်ချိန်ချိန်၌ သူ့အပေါ် တိမ်းညွတ် လိမ့်မည်ဟု ယုံကြည်လာနေလေတော့သည်။

သူမျှော်လင့်ထားသလို ကျုံးရှယ်၏မေတ္တာကို ရရှိနို မည်လော။

ကျင်းကြုံးခက်သည် အရာရာ အားလုံးကို လျစ်လျူရှ ကျုံးရှယ်အကြောင်းကိုသာ တွေးတောနေလိုက်လေတော့

❖

"အလှည့်အပြောင်း"

ထင်းယုံကိုထွက်သွားကြပြီးနောက် ကျင်းကြုံးခက်အတွက် အလှည့်အပြောင်းများစွာ ဖြစ်ပေါ်လာလေသည်။

သိုင်းလောက၏ဗဟ္ဘာခီတစ်ပုဒ်အလားရှိခဲ့သောမကောင်း ...ယ် ကောင်းသူကယ်သည့် မြေမင်းသားနှင့် ပတ်သက်၍ ...နံ့းပိနယ်တွင် ပြောဆိုသံများ ထွက်ပေါ်လာလေသည်။

ဆင့်ကူး၊ဝါပေးငါ၊ဟန်စန်းနှင့် ဝမ်းအင်းတို့က ကျင်းကျားရို့ ...ပေါ် အစွာရှိသူများအား ...ဆိတ် လိုက်လံလုံကြ ...မှ အမည်မသိသော လူသတ်မှုများ ပေါ်ပေါက်လာ... ...ယ်တံခွန်ဂိုဏ်းက ထိုလူသတ်မှုများအား စုံစမ်းရန် ...တ်ခြင်းမပြုဘဲ အဘယ်ကြောင့် ခေါင်းရှောင်နေသနည်းဟု ...ခွန်းထုတ်သူများ ပေါ်ပေါက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့က ကြယ်တံခွန်ဂိုဏ်းသည်ပင် ပါဝင်ပတ်သက် လိမ့်မည်ဟု သံသယဖြင့် ပြောဆိုလာကြသည်။

ကျင်းကြီးခက်မှာ ထင်ရှားခိုင်းဝံ့ဘဲ သဘိကြီးစွာထား လုပ်ကိုင်ဆောင်ရွက်ခဲ့ရတော့သည်။

ထို့ကြောင့်လည်း ကိုယ်ရံတော်ထင်းယုတို့လူစု အသ ရှုံချောင်ခဲ့ကြသည်။

မည်သို့ဆိုစေ ကျင်းကြီးခက်တို့က အင်အားကောင်းနေ အချိန်အခါ ကြီးမားနေဆဲ....

ထင်းယုတို့လူစုသာလျှင် တိတ်တဆိတ် လုပ်ကြံခံရခြ ဖြင့် တဖြည်းဖြည်း လုံးပါးပါးလာတော့သည်။

❖

ဝါကျင်ကျင်မီးရောင်အောက်တွင် လူလေးယောက်ဝိုင်း ထိုင်နေကြလေသည်။

ကြယ်တံခွန်ဂိုဏ်းအား စွန့်ခွာလာခဲ့ကြသလို ထင်းယ ထင်းဖုံးတို့ညီအစ်ကိုနှင့် သွေးသောက်မိတ်ဆွေ ကျင်းဝေ ဝမ်ကျိတို့ ဖြစ်ကြသည်။



သူတို့၏မျက်နှာများတွင် စိုးရိမ်ပူပန်သည့်အရိပ်အရောင် များရှိနေကြသဖြင့် အရေးကြီးသော အကြောင်းကိစ္စတစ်ခု ကြောင့် ယခုကဲ့သို့ စုဝေးနေကြခြင်းဖြစ်ကြောင်း ထင်ရှား လေသည်။

ကိုယ်ရံတော်လေးယောက်တွင်အသက်အကြီးဆုံးဖြစ်သည့် ခေါင်းဆောင်လည်းဖြစ်သော ထင်းယုက ချောင်းတစ်ချက် ဟန့်ကာ စကားစလိုက်လေသည်။

"ကျုပ်တို့ထွက်လာပြီးတဲ့နောက် သူ့အပေါ်မှာ သက်ာ မကင်းဖြစ်နေတယ်ဆိုတာကို ကျင်းကြီးခက် ရိပ်မိသွားတယ်၊ ဒါကြောင့် သူ့ရဲ့လူတွေအပြင် သိုင်းလောကကြေးစားတွေကို ငှားရမ်းပြီး ကျုပ်တို့ကို သုတ်သင်ဖို့ ကြိုးစားခဲ့တာ အားလုံး အသိပဲ၊ သူ့ရဲ့လက်ချက်ကြောင့် ကျုပ်တို့ စုစည်းထားတဲ့ သွေးသောက်သိုင်းသမားတွေ တစ်ယောက်ပြီး တစ်ယောက် လုပ်ကြံခံနေရတယ်၊ ကြာရင် ကျုပ်တို့ကိုပါ ဒုက္ခရောက်မှာ သေချာနေတယ်"

သူ၏စကား သွေးထွက်အောင် မှန်ကန်နေသဖြင့် ကျန် လူများ မည်သို့မျှ မပြောနိုင်အောင် ဖြစ်နေကြလေသည်။ ကျင်းကျားရှီအတွက်မကျေနပ်သဖြင့် သစ္စာရှိသူများအား စည်းရုံးသိမ်းသွင်းကာ သွေးသောက်အဖွဲ့ဖွဲ့၍ ကျင်းကြီးခက် နှင့် ကြယ်တံခွန်ဂိုဏ်းကို အန်တုရန် စီစဉ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျင်းကျား၏ လုပ်ကြံခံရသည်မှာ ကျင်းကြီးခက်၏ လက်ချက်ဖြစ်သည်ဟူသော အထောက်အထား မပြနိုင်သေးတဲ့ ဆွေးသောက်အဖွဲ့ဝင်များ တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံခံရတော့သည်။

ကျင်းကြီးခက်မှာက အရှိန်အဝါကြီးမားနေပြီး ခြေသွက်လက်သွက်ရှိလှသဖြင့် ထင်းယုတို့ ခေါင်းဆောင်များပင် စိတ်မချရသည့် အခြေအနေ ကြုံလာရတော့သည်။

ဝမ်ကျိ ညည်းညူသွားလိုက်လေသည်။

"ကျင်းကြီးခက် ဘယ်လောက်မဲ့ အင်အားကြီးမားပါစေ သူ့ရဲ့ မကောင်းတဲ့လုပ်ရပ်ကို သက်သေအထောက်အထားနဲ့ ဖော်ထုတ်နိုင်ရင် သိုင်းလောကသားတွေက လက်ပိုက်ကြည့်နေကြမှာမဟုတ်ပါဘူး။ ကျုပ်တို့ သံသယရှိနေကြတယ်ဆိုပေမယ့် သက်သေမပြနိုင်တာ အတော်ဆိုးတာပဲ"

ဤတွင် ကျင်းဝေက ငင်ပြောလိုက်လေသည်။

"ကျုပ်တော့ သက်သေအထောက်အထားတစ်ခု ရထားတယ်"

ထိုစကားကြောင့် ထင်းယုတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ဘယ်လိုအထောက်အထားလဲ ပြောစမ်းပါဦး"



ကျင်းဝေက...

"ဗြွှန်က ပန်းခြံတစ်ခြံကို ကျင်းကြီးခက်ဝယ်ယူထားတာကြာပြီ၊ အခု ဌာနမှူးတွေဖြစ်နေကြတဲ့ ဆင့်ကူးတို့လူစုဟာ အဲဒီပန်းခြံထဲမှာ နှစ်အတန်ကြာ ခိုအောင်း နေထိုင်ခဲ့ကြဖူးတယ်၊ ကျင်းကြီးခက် ဂိုဏ်းချုပ်ဖြစ်လာတော့မှ သူတို့ဟာ ပန်းခြံထဲကထွက်ပြီး ကြယ်တံခွန်ဂိုဏ်းကို ရောက်လာခဲ့ကြတာပဲ"

ထင်းယု စိတ်ပျက်သွားလေသည်။

"ဆင့်ကူးတို့ဟာ ကျင်းကြီးခက်လို မသူတော်တွေဆိုတာ အမှန်ပါပဲ၊ ဒါပေမယ့် မင်းပြောသလောက်နဲ့ မလုံလောက်သေးဘူး၊ ဒါဟာ ဂိုဏ်းချုပ်ကြီးကို လုပ်ကြံတယ်ဆိုတဲ့ နိုင်လုံတဲ့ သက်သေအထောက်အထားမဟုတ်ဘူး"

ထင်းယု၏ ဝေဖန်စကားကြောင့် ကျင်းဝေ စိတ်ပျက်သွားတော့သည်။

"ဒါဆိုရင် ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ ကျင်းကြီးခက် မတရားလုပ်သမျှ ခေါင်းငုံ့ခံနေကြရတော့မှာလား၊ သခင်မတို့သားအမိလဲ သူ့ရဲ့လက်ထဲမှာ ကျရောက်နေတယ်"

ထင်းယု လက်ကာပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လဲ မလောပါနဲ့လေ၊ ဒီကနေ့ ဒီနေရာမှာ စုဝေးရတာ အရေးကြီးတဲ့စကား ပြောချင်လို့ပါပဲ သိုင်းလောကမှာ မကောင်းသူပယ် ကောင်းသူကယ်ဆိုတဲ့ မြွေမင်းသားရဲ့ ဒဏ္ဍာရီကို ကြားဖူးကြတယ်မဟုတ်လား"

အားလုံး ခေါင်းညိတ်လိုက်ကြသေသည်။

ထင်းယုက ဆက်ပြောသည်။

"ကျောင်းကြီးခက်ဟာ သိုင်းပညာလဲတော်နေတော့ သူ့ကို တကယ်တမ်း ဆုံးမနှိမ်နင်းနိုင်မယ့်သူ သူ့ရဲ့မကောင်းမှုတွေကို ဖော်ထုတ်နိုင်မယ့်လူဟာ မြွေမင်းသားတစ်ယောက်ပဲရှိတယ်လို့ ကျုပ်ယူဆမိတယ်"

ကျောင်းဝေက ညည်းတွားလိုက်လေသည်။

"မြွေမင်းသားအကြောင်း လူတိုင်းကြားဘူးပေမယ့်သူ့ကို ဘယ်သူကတွေ့ဘူးလို့လဲ၊ သူဘယ်မှာနေတယ်ဆိုတာ ဘယ်သူသိလို့လဲ"

ဝမ်ကျို ခေါင်းညိတ်လိုက်သည်။

"မြွေမင်းသားကို လိုက်ရှာရတာ လေကိုဖမ်းရတာထက်တောင် ခက်ဦးမယ်လို့ ကျုပ်ထင်တယ်"

မည်သို့ပင် စိတ်ပျက်စွာပြောနေစေကာမူ ထင်းယုကအား မလျှော့ပါချေ။



"လူတွေပြောနေတဲ့ ဒဏ္ဍာရီထဲက မြွေမင်းသားဟာ ရွှေးဟောင်း ရဲတိုက်ကြီးတစ်ခုထဲမှာ နေထိုင်တယ်၊ သူ့ဆီကိုအရောက်သွားပြီး အကူအညီတောင်းရင် တရားတဲ့ဘက်က ရပ်တည်ပြီး ကူညီဖြေရှင်းပေးခဲ့တာပဲ မဟုတ်လား၊ ကျုပ်တို့က ရှေးဟောင်းရဲတိုက်ကြီးကိုသာ ရှာဖွေနိုင်မယ်ဆိုရင် မြွေမင်းသားကို တွေ့ရမှာပဲ"

ထင်းယုသည် မဖြစ်နိုင်သည်ကို ပြောဆိုနေသည်ဟု ကျောင်းဝေတို့ မဝေဖန်ဝံ့ကြပါချေ။

ထင်းယုက စိတ်ပါလက်ပါ ပြောဆိုနေခြင်းကြောင့် ဖြစ်လေသည်။

"ကျုပ်တို့ သက်သေအထောက်အထား ရှာနေတာနဲ့ အချိန်ဘွေကုန်နေပြီး လုပ်ကြံခံနေရတာထက်စာရင် မြွေမင်းသားကိုလိုက်ရှာပြီး အကူအညီတောင်းတာကမှ ပိုပြီး အကျိုးရှိဦးမယ်လို့ ယူဆမိတယ်၊ ကဲ...မင်းတို့ကော ဘယ်လိုသဘောရသလဲ"

ဝမ်ကျို ပခုံးတွန့်လိုက်သည်။

"အစ်ကိုကြီးပြောတာ မဆိုးပါဘူး၊ ဒါပေမယ့် မြွေမင်းသားကို လိုက်ရှာဖို့ ဘယ်သူတာဝန်ယူမလဲ"

ထင်းယု ရင်ကော့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပဲတာဝန်ယူပြီး တွေ့အောင်ရှာကြည့်ပါ့မယ်"

ဝမ်ကျိပါးစင်ပိတ်ထားလိုက်လေသည်။

ထင်းယုကဆက်ပြောလိုက်၏။

"ကျုပ်က မြွေမင်းသားကို လိုက်ရှာနေတုန်း ညီလေး ထင်းဖုံးကကျန်းပိမြို့ထဲမှာပဲ မသင်မရှား ခြေရာဖျောက်ပြီးနေပါ၊ ဒါမှ ကြယ်တံခွန်ဂိုဏ်းရဲ့သတင်းတွေကို မျက်ခြည်မပြတ် စုံစမ်းထောက်လှမ်းနိုင်လိမ့်မယ်"

"ကျုပ်က မြို့ထဲမှာ အသားကင်ဆိုင်တစ်ဆိုင် တွေ့ထားတယ်၊ အရှုံးပေါ်နေတာကြောင့် ဆိုင်ရှင်ကဈေးပေါပေါနဲ့ပြန် ရောင်းချင်နေတယ်၊ အဲဒီဆိုင်ကိုဝယ်ထားလိုက်ရင် အစ်ကို ကြီး ပြောသလို ဆောင်ရွက်ဖို့လွယ်သွားမှာပဲ"

"ကောင်းတယ်ညီလေး"

ထင်းယုက ခွင့်ပြုလိုက်သည်။

တစ်ဖန် ကျင်းဝေတို့ဘက်သို့လှည့်ကာ ပြောလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်ကတော့ စိတ်ပျက်နေကြတဲ့သွေး သောက်တွေကိုခေါ်ပြီး တစ်နေရာရာကို ခဏရှောင်နေလိုက် ကြပါ၊ ပါမို့မှာကျစ်ရစ်ခဲ့မယ် ထင်းဖုံးနဲ့တော့ အဆက် အသွယ် မပြတ်စေနဲ့ပေါ့၊ ကျုပ်က မြွေမင်းသားနဲ့တွေ့ပြီးရင် အားလုံးပြန်ဆုံကြမယ်၊ ကျင်းကြီးခက်ကို ဆုံးမပြမယ်"



ကျင်းခဝေနှင့် ဝမ်ကျိတို့သည် ထင်းယုအား ပြန်မဆုံမီ ... ဂိုဏ်း ပို့ရှ်လေးစားလာကြလေသည်။

ကျင်းကြီးခက်အား ဆုံးမဖို့ ထင်းယုက အစွမ်းကုန်ကြိုး ...နေသည် မဟုတ်ပါလား။

"ကောင်းပါပြီ၊ အစ်ကိုကြီး ပြောတဲ့အတိုင်း ကျုပ်တို့ ...င်နေလိုက်ပါ့မယ်"

သူတို့သည် တာဝန်ကိုယ်စီခွဲဝေလိုက်ကြပြီးနောက် သွေး ...သီ ရန်မခ ပြန်လည်ဆုံတွေ့နိုင်စေရန် ဆုတောင်းကာ ဘိတ် ...တ်စွာ လမ်းခွဲလိုက်ကြလေတော့သည်။

ကျင်းကြီးခက်သည် ဆင့်ကူး ပြောသည့်စကားများကို ...စိုက်နားထောင်နေပြီးမှ မျက်မှောင်ကြုတ်ကာ ခမ်းလိုက် ...သည်။

"ထင်းယုနဲ့လူစုတွေ လှုပ်ရှားမှုလုံးဝမရှိတော့ဘဲ ငြိမ်...သွား ...ကြတယ်ဆိုတာ ဘာလဲ၊ သွေးပျက်ပြီး အစေးကိုဖွားခဲ့ပြေး ...သွားကြတာတော့ မဖြစ်နိုင်ဘူးထင်တယ်"

www.burmeseclassic.com



ဆင့်ကူး ဦးညွှတ်လိုက်သည်။

"သူတို့ရဲ့လှုပ်ရှားမှုတွေကို ခါတိုင်းလိုမတွေ့ရတော့ သုတ်သင်ပစ်ဖို့ ခက်သွားပါတယ်၊ သူတို့ငြိမ်ချက်သားကောင်းနေတာ ခေါင်းဆောင်ဖြစ်တဲ့ ထင်းယု လူတစ်ယောက်ကိုလိုက်ရှာပြီး အကူအညီတောင်းဖို့ ခရီးထွက်သွားတာကြောင့်လို့ သိရပါတယ်"

ကျင်းကြီးခက် မဲ့ပြုံး ပြုံးလိုက်သည်။

"ထင်းယုက ဘယ်သူ့ကိုများ အားကိုးဘကြီး ဖြစ်နေတာလဲ၊ ပြောစမ်းပါဦး"

ဆင့်ကူးသည် ပြောသင့် မပြောသင့် တွေဝေနေပြီးမှသက်ပြင်းချကာ ပြောလိုက်လေသည်။

"သိုင်းလောကမှာ ဒဏ္ဍာရီတစ်ပုဒ်လို သတင်းကြီးနေတဲ့ မြွေမင်းသားပါ"

"မြွေမင်းသား"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

ကျင်းကြီးခက်က မပြုံးကဲ ဝါးလုံးကွဲ ရယ်ချလိုက်လေသည်။

"ထင်းယုတော့ ရှုံးနေပြီ၊ ဟား....ဟား...."



မကောင်းသူပယ်၊ ကောင်းသူကယ်သည့် မြွေမင်းသား ကြောင်းကို ကျင်းကြီးခက်လည်း ကြားဖူးထားပါသည်။

ဒုစရိုက်သမားများ မကောင်းမှုကျူးလွန်သူများသည်မြွေ သားအား ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြပြီး အဖြူ င်သိုင်းသမားများက မြွေမင်းသားမှာ မည်သူမည်ဝါဖြစ် ောင်း စိတ်ဝင်စားနေကြသည်ကိုလည်း ကြားဖူးထား သည်။

ထင်းယုသည် သူ၏မကောင်းသောလုပ်ရပ်များကို ဖော် တ်ရန် မြွေမင်းသားထံသို့ သွားရောက်အကူအညီတောင်း ပြီ ဖြစ်သည်။

ကျင်းကြီးခက်၏ရယ်မောသံ တဖြည်းဖြည်း တိမ်ဝင်သွား ည်။ မျက်နှာလည်း တည်သွားသည်။

ထင်းယုကိုမလွှတ်စေနဲ့၊ မြွေမင်းသားနဲ့ တွေ့သွားတာမျိုး ပ်မလိုချင်ဘူး"

ဟူ၍ ခပ်ပြတ်ပြတ် အမိန့်ပေးလိုက်သည်။

သူ၏လေသံ မာကျောနေသည်။

သို့သော် အနည်းငယ်တုန်ခါနေသဖြင့် စိတ်ထဲ၌ စိုးရိမ် န့်နေကြောင်း ထင်ရှားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်လေသည်။

မာကျောလှသော ကျင်းကြိုးခက်သည်ပင် မြေမင်းသား၏ အမည်ကို ကြားရသောအခါ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လာခဲ့လေတော့သည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# တက္ကသိုလ်သီဟအောင်

## ကြယ်တံခွန်ဂိုဏ်း

(ဒုတိယပိုင်းဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

## ''ကယ်တင်ရှင်''

ည....

ညသည် မှောင်မည်းနေ၏။

ကောင်းကင်ပြင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ အကြောင်းပမာ ဖြစ်ပေါ်နေသည်။

လေဟာဟူးဟူးဘိုက်ခတ်နေပြီး လေထဲတွင် မိုးရနံ့များရှိနေ၏။

အချိန်အခါမဟုတ် မိုးရွာသွန်းပေတော့မည်။

ပတ်ဝန်းကျင်တွင် အေးစိမ့်မှုက တစ်မုဟုတ်ချင်း ယှက်နွှံ့လာလေသည်။

''ဂျိမ်း....ဂျလိန်း....လိန်း''

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကောင်းကင်ပြင်ဟွင် လျှပ်စီးလက်သွား ကာ မိုးကြိုးပစ်သံ ဟိန်းထွက်လာ၏။

လျှပ်စီးတစ်ချက် ဝင်းလက်သွားမှုအောက်တွင် လူတစ်ဦး နှင့် မြင်းတစ်ကောင်ကို မြင်တွေ့လိုက်ရလေသည်။

ထိုလူက လူသွားလူလာနည်းပါးလှသော လမ်းကျဉ်း ကလေးအတိုင်း မြင်းကို ဒုန်းစိုင်းမောင်းနှင်လာ၏။

မြင်းစီးလာသူမှာ အသက်သုံးဆယ်ကျော် လေးဆယ် နီးပါးခန့်ရှိသော လူတစ်ယောက်ဖြစ်သည်။

သူ၏ခန္ဓာကိုယ်က ကျစ်လျစ်သန်မာလှပေသည်။

"ဂျိမ်း"

မိုးခြိမ်းသံတစ်ချက်က ထပ်မံထွက်ပေါ်လာပြန်သည်။

မိုးခြိမ်းသံတစ်ချက်နှင့်အတူ မိုးစက် မိုးပေါက်များက တဖြောင်းဖြောင်း ကျဆင်းလာလေသည်။

ထို့ပြင် လေကလည်း တဝေါဝေါတိုက်ခတ်လာ၏။

မိုးသက်လေပြင်း ဆင်နေသည်မှာ လောကတစ်ခုလုံးအား ဖြိုခွဲဖျက်ဆီးပစ်တော့မည်ဟုပင် ထင်ရ၏။

မြင်းစီးသမားက မြင်းကို ဒုန်းစိုင်း၍မောင်းနှင်နေဆဲပင်



မြင်းခွာသံများမှာ မိုးသက်လေပြင်းအောက်တွင် ကွယ် ပျောက်သွားခဲ့လေသည်။

မြင်းစီးသမား၏မျက်လုံးများက စူးရှတောက်ပနေပြီး ဟော်ဝန်းကျင်တစ်ခုလုံးသို့ အဆက်မပြတ် အကဲခတ်ကြည့် လေသည်။

မိုးခိုစရာနေရာတစ်ခုမှာ သူ့အတွက် အလွန်အရေးကြီး နေပြီ မဟုတ်လား။

သူက မိုင်ပေါင်းတစ်ရာမက ခရီးပြင်းနှင်လာပြီးဖြစ်သည်။

လူကိုယ်တိုင်သာမက သူစီးနင်းလာသောမြင်းမှာလည်း ခြေကုန်လက်ပန်းကျနေရှာလေပြီ။

မိုးသက်လေပြင်း၏နှိပ်စက်မှုများကို ကြာရှည်ခံနေရမည် ဆိုပါက သူ၏မြင်းမှာ မြေပြင်ပေါ်သို့ လဲကျတော့မည် ဖြစ်လေသည်။

ထို့အတူ ထိုလူမှာလည်း ဆာသီဥတုဒဏ်ကို ကြိုးစား၍ ကြံ့ကြံ့ခံနေသော်လည်း အလွန်ပင်ပန်းနွမ်းနယ်နေပြီဖြစ်လေ သည်။

လူသားတို့၏ ကြံ့ခံနိုင်မှုစွမ်းရည်မှာ တစ်ခါတစ်ရံ သဘာဝ၏ဖြိုဖျက်ခြင်းဒဏ်ကို ခံရထက်သည်မဟုတ်ပါလား။

မြင်းစီးလာသူမှာ ထင်းယုပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းယုသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားနေသော မြွေမင်းသားအား လိုက်လံရှာဖွေနေခြင်း ဖြစ်ပါသည်။

မြွေမင်းသားသည်သာလျှင်သူတို့ကြုံတွေ့နေရသောအခက်အခဲများအား ကူညီနိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားခြင်းကြောင့် ဖြစ်ပါသည်။

အလွန်ထူးဆန်းသည့် မြွေမင်းသားအား သုံးလတိုင်တိုင် အပြင်းအထန်ရှာဖွေပြီးနောက် သဲလွန်စတစ်ခုရလာ၍ လူသူမနီးသည့် အရပ်ဒေသတစ်ခုသို့ ခရီးနှင်လာရင်း မိုးသက်လေပြင်းနှင့် ရင်ဆိုင်လိုက်ရခြင်းလည်း ဖြစ်လေသည်။

ထင်းယုမှာ ပတ်ဝန်းကျင်သို့ အဆက်မပြတ် ကြည့်ရှုအကဲခတ်လာရာမှ မြင်း၏ပြေးနှုန်းမှာ တစ်စထက်တစ်စ တဖြည်းဖြည်း အရှိန်လျော့လာခြင်းကို သိရှိလိုက်မိလေတော့သည်။

သူက ရင်ထိတ်ကာ ခေါင်းငုံ့ကြည့်လိုက်၏။

မြင်း၏ပါးစပ်မှ အမြှုပ်များ ထွက်နေပြီဖြစ်သည်။

ထိုစဉ်မှာပင် မြင်း၏ရှေ့ခြေနှစ်ချောင်း ခွေခေါက်ကာ မြေပြင်ပေါ်သို့ ဟပ်ထိုးလဲကျသွားလေသည်။

ထင်းယုက မြင်းပေါ်မှ အချိန်မီ ခုန်ထွက်လိုက်၏။



သူက မြင်းပေါ်မှ ရွှံ့ဖတ်များထလာအောင် ရွာသွန်းနေသော မိုးရေစက်များအကြားခုန်ထွက်ရင်း မြေပေါ်တွင် သုံးလေးပတ်မျှလိမ့်ကာ ထရပ်လိုက်လေသည်။

ထို့နောက် ကြေကွဲဖွယ်ရာကောင်းအောင် မြည်သံက တိုးညင်းစွာ ထွက်ပေါ်လာ၏။

မြင်း၏ လှုပ်ရှားမှုက တဖြည်းဖြည်းနှင့် နှေးကွေးကာ နောက်ဆုံး ငြိမ်သက်သွားလေသည်။

သူ၏အဖော် မြင်းညိုကြီးမှာ သေဆုံးသွားခဲ့ပြီဖြစ်သည်။

သူ၏ နောက်ဆုံးအချိန်မှာလည်း မကြာမီ ရောက်လာတော့မည်ဟု စိတ်ထဲ၌သိရှိခံစားနေမိလေသည်။

ဤမျှ လူသူခေါင်းပါးပြီးနားခိုစရာနေရာမရှိ စားသောက်စရာမရှိ မြင်းမရှိဘဲ မည်သို့ခရီးဆက်ရပါမည်နည်း။

ထင်းယု စိတ်ဓာတ်ကျဆင်းလာမိလေသည်။

သူက မြေပြင်ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချရန် ဟန်ပြင်လိုက်သည်။

"ဂျိမ်း"

ရုတ်တရက် မိုးခြိမ်းသံ ထွက်ပေါ်လာပြီး လျှပ်စီးများ ဝင်းလက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘဒင်အချိန်လေးမှာပင် ထွက်ပေါ်လာသော အလင်းရောင်ကြောင့် အရှေ့ဘက် မလှမ်းမကမ်းမှ အမည်းရောင် အရိပ်ယဏ္ဍာန်များက သူ့ထံ ပြေးလွှားလာနေခြင်းကို မြင်တွေ့လိုက်ရလေသည်။

သူ၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားသည်။

သူက မယုံကြည်နိုင်စွာဖြင့် ကြောင်ကြည့်နေစဉ်မှာပင် လူရိပ်များက သူ့အားဝိုင်းရံလိုက်ကြ၏။

သူက ဝုန်းခနဲ ထရပ်လိုက်သည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ဟား....ဟား....ဟား....မိတ်ဆွေကြီး ထင်းယု ကလဲ အတော့်ကလေး သတိမေ့တင်တာကိုး"

"ဟင်....မင်း....မင်း....သံမဏိ ဝမ်းအင်း"

"ဟုတ်ပါတယ်၊ ကျုပ်က သံမဏိဝမ်းအင်းပါ"

ထင်းယု ရင်ထဲ၌ လေးလံလာလေသည်။

သံမဏိဝမ်းအင်းသည် ကြယ်တံခွန်ဂိုဏ်း၏ အရေးပါသူ တစ်ယောက်ဖြစ်နေချေပြီ။

ကြယ်တံခွန်ဂိုဏ်းအကြောင်း တွေးမိသျှင်....



ထင်းယုမှာ ဒေါသခြောင်းခြောင်း ထွက်လာပြီး တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

သံမဏိဝမ်းအင်း မဲ့ပြုံးပြုံးလိုက်သည်။

"ထင်းယု....မင်းပြေးလို့ မလွတ်တော့ပါဘူး"

စကားဆုံးသည်နှင့် ဂြာသံမေးတာ သူ၏ ထက်မြက်သော သံမဏိသိုင်းပညာကို အသုံးပြု၍ စတင်တိုက်ခိုက်လိုက်လေသည်။

ထင်းယုလည်း ချက်ချင်း ပြန်လည် ခုခံတိုက်ခိုက်လိုက်ရာ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

❖

တိုက်ပွဲက ပြင်းထန်လှပေသည်။

ထင်းယုက သိုင်းကွက်တစ်ရာခန့် တိုက်ခိုက်ပြီးသောအခါ ကိုယ်ပေါ်တွင် ဒဏ်ရာများစွာ ရရှိနေပြီဖြစ်၏။

သံမဏိဝမ်းအင်းက ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ထင်းယု...ခင်ဗျား အသာတကြည့်အဖမ်းခံပါ၊ နောက်ပြီး ကျုပ်တို့ ခေါင်းဆောင်ကြီးဆီမှာ သစ္စာခံလိုက်ပါ"

"ဘာကွ၊ ခွေးလောက်တောင် သစ္စာတရားကို စောင့်သိရမှန်းမသိတဲ့ မင်းတို့ဆရာလိုလူမျိုးကို ဘယ်တော့မှ ခေါင်းဆောင် မတင်ဘူးကွ"

ထင်းယုက ယင်းသို့ ပြန်ပြောလိုက်သော်လည်း သူ၏ အခြေအနေ မဟန်တော့ပါချေ။

သူ၏ခန္ဓာကိုယ်ပေါ်မှ သွေးများစွာစီးဆင်းနေပြီး မိုးရေများနှင့်အတူ မျောပါနေလေသည်။

မိုးကလည်း သည်းထန်စွာရွာနေဆဲပင် ဖြစ်သည်။

နောက်ဆုံးတွင် သူလည်း ပြန်လည်တိုက်ခိုက်ရင်း ထိုမှ ဖောက်သွားရန် ဆုံးဖြတ်ချက်ချလိုက်သည်။

"ယား"

သူက မာန်သွင်းအော်ဟစ်ကာ ရှိသမျှအင်အားကို စုစည်း၍ သိမ်ကျော်ဝမ်းအင်းကို ခုခံရင်း နောက်သို့ ခြေလှမ်းသုံးလှမ်းခန့်ဆုတ်၍ သွားရ၏။

ထိုအချိန်မှာပင် သွေးအေး ဟန်စန်းက ထင်းယုအား နောက်မှ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။



ထင်းယုက ဓားကို စကြာသဏ္ဌာန်ဝှေ့ယမ်းကာ ဟန်စန်းထံသို့ ပြေးဝင်တိုက်ခိုက်လိုက်၏။

အမှန်တွင် သူက ဟန်စန်းအား ဟန်ပြတိုက်ခိုက်လိုက်ခြင်းပင်ဖြစ်သည်။

ဟန်စန်းက နောက်သို့ ခုန်ဆုတ်သွားသည်။

ထင်းယုက သိမ်ကျော်ဝမ်းအင်းထံသို့ ဓားရောလူပါ ခုန်ဝင်တိုက်ခိုက်လိုက်၏။

ထို့နောက် ကိုယ်ဖော့ပညာကိုအသုံးပြုကာ ထိုနေရာမှ ပြေးလွှားသွားလေသည်။

❁

ထင်းယုကား ရှိသမျှအင်အားကို အသုံးပြုကာ ပြေးလွှားသွားနေ၏။

သိမ်ကျော်ဝမ်းအင်း၊သွေးအေးဟန်စန်း၊လူသန်ကြီးဝါင်း၊ ကျားနက်ဆင့်ကူးတို့က နောက်မှ ထက်ကြပ်မကွာ ပြေးလွှားလိုက်ပါလာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းယုက အတန်ကြာ ပြေးလွှားလာသောအခါ အင်အားချည့်နဲ့လာပြီဖြစ်၏။

သူက ဤအတိုင်း ဆက်လက်ပြေးလွှားနေပါလျှင် မလွတ်နိုင်ကြောင်း နားလည်သိရှိလိုက်၏။

ထို့ကြောင့်....

သူက တောလမ်းဘေး၌ ချုံပုတ်ထဲသို့ တိုးဝင်ပုန်းကွယ်နေလိုက်လေသည်။

သူ ပုန်းကွယ်နေပြီး တစ်ခဏအကြာမှာပင် ထိုချုံပုတ်နေရာဆီသို့ သိမဏိဝမ်းအင်းတို့လူစုက ရောက်ရှိလာပြီး အမှောင်ထဲသို့ တိုးဝင်ပြေးလွှားသွားလေသည်။

ထင်းယုက သိမဏိဝမ်းအင်းတို့ ပြေးလွှားပျောက်ကွယ်သွားပြီဖြစ်သော်လည်း ချုံပုတ်ထဲ၌ တုတ်တုတ်မျှပင် မလှုပ်သေးပါချေ။

အချိန်အတန်ကြာ သွားသောအခါမှ သူက စိတ်ကို လျှော့ချလိုက်လေသည်။

ယင်းသို့ စိတ်ကို လျှော့ချလိုက်သောအခါ သူ၏ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲသောဝေဒနာကို ခံစားလိုက်ရ၏။



သူက အံကို တင်းတင်းကြိတ်ကာ မတ်တတ်ရပ်လိုက်လေသည်။

ထို့နောက် ခြေလှမ်းယိမ်းယိုင်စွာဖြင့် အနောက်ဘက်အရပ်ဆီသို့ ပြန်လည်လျှောက်လာလေသည်။

အတန်ကြာလျှောက်လာပြီးသောအခါ သူ၏ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများက နာကျင်လွန်းသဖြင့် ပြိုလဲကျသွားလေသည်။

သူက မြေပြင်ပေါ်တွင် ခေါင်းကိုထောက်ကာ ပတ်ဝန်းကျင်သို့ အကူအညီရလိုရငြား ရှာကြံကြည့်လိုက်မိ၏။

သို့သော် မှောင်မည်းသိပ်သည်းမှုကိုသာ မြင်တွေ့နေရလေသည်။

သူက အံကို တင်းတင်းကြိတ်ကာ ခေါင်းကိုမြေပြင်ပေါ်တွင် အားပြုထောက်၍ မတ်တတ်ရပ်လိုက်၏။

ထို့နောက် ခြေဦးတည့်ရာဆီသို့ လျှောက်လာခဲ့လေသည်။

သူ၏ခြေလှမ်းနှစ်ဆယ်ခန့် လျှောက်မိသောအခါ အမှောင်ထုကြောက် ခပ်လှမ်းလှမ်းနေရာတွင် မည်းမည်းအဆောက်အအုံ ခပ်ခုကို မြင်တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထင်းယုက မိမိ၏ဝေဒနာ ပြင်းထန်မှုကြောင့် မျက်စိထဲ တွေ့ကရာမြင်နေသည်လောဟု ယူဆကာ မျက်လုံးကို ပွတ်ကြည့်လိုက်လေသည်။

ထင်းယု၏ ခန္ဓာကိုယ်မှာ မမြင်နိုင်စွမ်းသော ခွန်အားများက သွေးကြောများမှတစ်ဆင့် တစ်ကိုယ်လုံး ပျံ့နှံ့လာသည်ဟု ခံစားလိုက်ရလေသည်။

သူ မြင်တွေ့လိုက်ရသောခပ်မည်းမည်းသဏ္ဌာန်အဆောက်အအုံကြီးဆီသို့ တစ်လှမ်းချင်း လျှောက်သွားခဲ့လေတော့သည်။

"မြေတွင်း"

မိုးသက်လေပြင်းများ ပြင်းထန်စွာ တိုက်ခတ်နေဆဲ။

ထင်းယုက မိုးစိုနေသော ကြွက်ကလေးတစ်ကောင်ပမာ အဆောက်အအုံရှေ့သို့ ရောက်ရှိလာလေသည်။

ခပ်မည်းမည်းသဏ္ဌာန် အဆောက်အအုံကြီးက မိုးသက်လေပြင်းဒဏ်ကို မမှုသည့်အလား ငြိမ်သက်စွာရှိနေ၏။

ထင်းယုက ယင်းအဆောက်အအုံအနီးသို့ ရောက်သွားသောအခါမှ ရဲတိုက်ပျက်ကြီးတစ်ခုဖြစ်နေကြောင်း တွေ့မြင်ရလေသည်။

ရဲတိုက်ပျက်ကြီးမှာ ကြီးမားလှပေသည်။

ဂဝံကျောက်များဖြင့် တည်ဆောက်ထားပြီး တစ်ချိန်က ငွေကြွားထည်ဝါခဲ့ဟန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက်ခြံဝင်းဝတွင် တံခါးများမရှိတော့ပါဘဲ ကျောက်တိုင်များသာ ကျန်ရစ်တော့သည်။

ကျောက်တိုင်များရှေ့တွင် ကျောက်လှေကားထစ်များ ရှိနေ၏။

ယင်းလှေကားထစ်များ၏ နံဘေးတွင်မူ ကြီးမားသော ရုပ်တုကြီးနှစ်ခု ရှိလေသည်။

ထင်းယုက ယင်းရုပ်တုများကို ကြည့်လိုက်မိသောအခါ မျက်လုံးအစုံက ဝိုင်းစက်ပြူးကျယ်သွားမိ၏။

'ဟင်....မြွေရုပ်ကြီးတွေပါလား'

မြွေရုပ်ကြီးနှစ်ရုပ်မှာ ထုလုပ်ထားသော လက်ရာမြောက်လှသဖြင့် သက်ရှိမြွေများနှင့်မခြား တည်ရှိနေလေသည်။

ထင်းယု၏ရင်ထဲ၌ အမျိုးအမည်မသိသော ဝေဒနာတစ်ခုကို ခံစားလိုက်မိလေသည်။

ထို့ပြင် သူ၏ကျောရိုးတစ်လျှောက် အေးစိမ့်သွားမိလေသည်။

သူက သိုင်းလောကတွင် ပြောဆိုနေကြသော ဒဏ္ဍာရီတစ်ပုဒ်ကို ရုတ်ခြည်းပင် သတိရလာမိ၏။



အလွန်နက်ရှိုင်းသော တောအုပ်ကြီးတစ်အုပ်ထဲတွင် ရဲတိုက်ကြီးတစ်ခု ရှိလေသည်။

ထိုရဲတိုက်ကြီးတွင် မြွေများနေထိုင်ကြ၏။

ယင်းမြွေများမှာ အလွန်များပြားပြီး မြွေများကိုအုပ်ချုပ်သည့် မြွေဘုရင်တစ်ပါးရှိလေသည်။

မြွေဘုရင်မှာ တန်ခိုးသိဒ္ဓိနှင့်ပြည့်စုံကာ အမှန်တရားဘက်တော်သားများအား အစဉ်သဖြင့် ကူညီစောင့်ရှောက်ပေးနေသည်ဟု ဆိုကြ၏။

ဆင်းရဲဒုက္ခရောက်နေသူများက မြွေရဲတိုက်သို့ အကူအညီသွားတောင်းပါလျှင် မြွေဘုရင်က ကူညီလေ့ရှိသည်။

မြွေရဲတိုက်တွင် အဖိုးတန်ရတနာရွှေငွေအမြောက်အများရှိနေသည်ဟုလည်း ပြောဆိုကြ၏။

ဤကား မြွေရဲတိုက်၏ဒဏ္ဍာရီသာ ဖြစ်သည်။

ဒဏ္ဍာရီမှာ ဖြစ်ရပ်မှန် မဟုတ်ပါချေ။

လူသားတို့၏ စိတ်ကူးယဉ်တွေးတော စိတ်ဝင်စားဖွယ်ရာ ပြောဆိုခြင်းသာ ဖြစ်သည်။

ထင်းယု တွေးတောစဉ်းစားနေရင်းမှ မြွေရုပ်နှစ်ရုပ်အား စိုက်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေရှပ်များကလည်း သူ့အား ပြန်ကြည့်နေသည့်အလား အသက်ဝင်လှ၏။

သူက မဝံ့မရဲ တွေးလိုက်မိသည်။

"ဒါဟာ လူပြောများလှတဲ့ သိုင်းလောက ဇာတ္တာရီထဲက မြေမြွေရဲတိုက်များ ဖြစ်နေမလား"

ရဲတိုက်ပျက်ကြီးအားကြည့်ကာ ရင်ထဲ၌ ကြောက်ရွံ့လာမိပြန်သည်။

မည်သို့ပင် ကြောက်ရွံ့စေကာမူ သူက ဤညတွင် ရဲတိုက်ပျက်ကြီးထဲ၌ မိုးခိုရတော့မည်သာဖြစ်၏။

ဤနေရာတစ်ဝိုက်တွင် ရဲတိုက်ကြီးမှအပ အခြားမိုးခိုနားစရာ အဆောက်အအုံ မရှိပါချေ။

ထင်းယူမှာ အံကိုတင်းတင်းကြိတ်၍ ကျောက်လှေကားထစ်အတိုင်း တစ်လှမ်းချင်းတက်ပြီးရဲတိုက်ကြီး၏အတွင်းဘက်သို့ လျှောက်သွားလေသည်။

ခြံဝင်းမှ ရဲတိုက်အတွင်းသို့ဝင်ရန်ကျောက်ပြားလမ်းလေးတစ်ခု ဖောက်လုပ်ထား၏။

ယင်းကျောက်ပြားလမ်းကလေးမှာ ရေညှိများတက်ကာ အလွန်ချော်နေလေသည်။



အချို့နေရာများတွင် ချိုင့်ခွက်ကလေးများဖြစ်ပေါ်လျှက်ရှိ၏။

ခမ်းနားသိုက်မြိုက်မှု၏ ကျဆုံးမှုတစ်ခုပင် ဖြစ်လေသည်။

အကျည်းတန်မြင်ကွင်းက သံဝေဂရစရာပင်ဖြစ်၏။

ရဲတိုက်တံခါးမှာမူ ခိုင်ခံ့နေဆဲပင်ဖြစ်သည်။

ထုထဲသော ကျွန်းသစ်သားတံခါးကြီးက တင်းတင်းစေ့ကာ ပိတ်ထားလေသည်။

တံခါးပေါ်တွင် ကြေးလက်ကိုင်ကွင်းတစ်ခု ရှိနေလေသည်။

ထိုကြေးလက်ကိုင်ကွင်းမှာမူ အစိမ်းရောင်ရေညှိတက်ခြင်းမရှိဘဲ ပြောင်လက်နေဆဲပင်။

ထင်းယူ မျက်မှောင်ကြုတ်လိုက်မိသည်။

ဤကြေးကွင်းအား မကြာခဏ ကိုင်တွယ်အသုံးပြုနေသောကြောင့်သာ အရောင်တောက်ပနေခြင်း ဖြစ်ရမည်ဟု သူက စဉ်းစားမိရာ ရင်ထိတ်သွားမိလေသည်။

ထိုသို့ဆိုပါလျှင် ဤနေရာသို့ မကြာခဏ ရောက်လာတတ်သူများရှိနေနိုင်မည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သူက ပတ်ဝန်းကျင်ကိုလှည့်ပတ်၍ အကဲခတ်ကြည့်ရှုလိုက်လေသည်။

သူ၏နောက်ကျောတစ်ခုလုံး အေးစိမ့်လာကာ လုံးဝစိတ်ချရမှုမရှိဟု ခံစားမိလိုက်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မှိုးသည်းထန်စွာရွာချနေပါသဖြင့် လက်တစ်ကမ်းအကွာကိုပင် သဲကွဲစွာမမြင်တွေ့ရပါချေ။

ထင်းယုက ရှေ့တိုးရအခက် နောက်ဆုတ်ရအခက် ဖြစ်နေလေသည်။

မိုးသက်လေပြင်းဒဏ်နှင့် ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများကြောင့် ပြင်းထန်သောဝေဒနာကို ခံစားမိလိုက်သည့်အခါ အတွင်းဘက်သို့ အရဲစွန့်ဝင်သွားရန် ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်လိုက်မိ၏။

သူက ကြေးလက်ကိုင်ကွင်း တပ်ဆင်ထားသော သစ်သားတံခါးကြီးအား တဒုန်းဒုန်းထုလိုက်လေသည်။

"ဒုန်း....ဒုန်း....ဒုန်း"

မိုးသံလေသံကြောင့်လည်းကောင်း၊ သူ၏ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများကြောင့်လည်းကောင်း သူ၏ တံခါးထုသံက ကျယ်လောင်စွာ ထွက်ပေါ်လာခြင်း မရှိပါချေ။



ထင်းယုက အံကိုတင်းတင်းကြိတ်ကာ ထပ်မံ၍ထုလိုက်ပြန်လေသည်။

သို့သော် ဤတစ်ကြိမ်လည်း အသံကကျယ်လောင်စွာထွက်ပေါ်လာခြင်း မရှိပါချေ။

သူက တံခါးမကြီးအား တွန်းဖွင့်ကြည့်လိုက်၏။

သစ်သားတံခါးမကြီးမှာ တုတ်တုတ်မျှပင် မလှုပ်သဖြင့် အတွင်းဘက်မှ မင်းတုပ်ချထားခြင်းဖြစ်ကြောင်း သိရှိလိုက်ရသည်။

ဤသို့ဆိုပါလျှင် အတွင်းဘက်၌လူရှိနေပြီ ဖြစ်လေသည်။

ထင်းယု ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

လူရှိလျှင် အစာရေစာရှိနိုင်သည် မဟုတ်ပါလော။

ထိုသို့တွေးမိကာ ထင်းယု၏ဝမ်းဗိုက်မှာ တကြုတ်ကြုတ်ဆာလောင်လာလေသည်။

သူက ဇွဲကြီးစွာဖြင့် တံခါးကိုဆက်၍ ထုနှက်လိုက်လေသည်။

"ဒုန်း....ဒုန်း...ဒုန်း"

www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံက မိုးသံလေသံထဲတွင် ခပ်အုပ်အုပ်[illegible]
ထွက်ပေါ်လာလေသည်။

သို့သော် ယခုတစ်ကြိမ် ထင်းယုံ ကံကောင်းသွားပြီ[illegible]
သည်။

"ဘယ်သူလဲ"

အတွင်းဘက်မှ ကျယ်လောင်စူးရှသော အသံတစ်ချ[illegible]
ထွက်ပေါ်လာခြင်းကို ကြားလိုက်ရလေသည်။

ထင်းယုံအားဘက်သွားကာ တံခါးထုနေခြင်းကို ရပ်[illegible]
လိုက်၏။

ထို့စဉ် တံခါးကြားမှ မီးရောင်တချို့ ထွက်ပေါ်လ[illegible]
ခြင်းကို တွေ့မြင်လိုက်ရလေသည်။

ထင်းယုံ ဝမ်းသာအားရဖြင့် ဗလုံးဗထွေး ပြောလိုက်[illegible]
သည်။

"ကျုပ်ဟာ ဒုက္ခရောက်လာတဲ့ ခရီးသည်ပါ၊ ကျေးဇူး[illegible]
ပြီး မိုးခိုခွင့်ပြုပါခင်ဗျာ"

သူက ဝေဒနာကြားမှ မိမိအသံကို ရဲတိုက်တွင်း[illegible]
မကြားမည် စိုးရိမ်သဖြင့် ကြိုးစား၍ အော်ပြောလိုက်သည်[illegible]



သူ၏အသံအား အတွင်းဘက်မှ ကြားသည် [illegible]
ကို မသိရပါချေ။

တံခါးမကြီးက ကျွီခနဲမြည်ကာ ပွင့်သွား၏။

တံခါးပွင့်သွားသည်နှင့် အတွင်းဘက်မှ စူးရှသော မီး
ရောင်က ထင်းယုံ၏မျက်နှာပေါ်သို့ ထိုးကျလာသည်။

ရုတ်တရက် ထွက်ပေါ်လာသော မီးရောင်ကြောင့်ထင်းယုံ
၏ မျက်လုံးများ ကျိန်းစပ်သွားရလေသည်။

သူ၏ မျက်လုံးများပြာဝေကာ မီးရောင်ကိုမကြည့်နိုင်၍
မှိတ်ထားလိုက်ရလေသည်။

ထိုအခိုက်အချိန်အတွင်း၌ တံခါးလာဖွင့်ပေးသူကသူ့ အား
ခြေဆုံးခေါင်းဆုံး ကြည့်ကာအကဲခတ်သွင့်ရှိသွားကြောင်း
သူသဘောပေါက်မိ၏။

ထိုလူကသာ သူ၏ရန်သူဖြစ်ခဲ့ပါလျှင် ဓားတစ်ချက်တည်း
နှင့် အသက်ဆုံးရှုံးသွားနိုင်ကြောင်းကိုလည်း စဉ်းစားမိလိုက်
လေသည်။

ထိုသို့စဉ်းစားမိလိုက်သောအခါ စိုးရိမ်မှုသူ၏ခန္ဓာကိုယ်
တစ်ခုလုံး လွှမ်းခြုံလာ၏။

www.burmeseclassic.com

www.burmeseclassic.com



တံခါးမကြီး ပွင့်သွားသောကြောင့် အတွင်းဘက်မှ နွေးထွေးသော အငွေ့အသက်များ လှိုင့်ပျံ့လာသည်ကို ခံစားလိုက်ရ၏။

မီးရောင်များမှာ သူ၏မျက်နှာပေါ်တွင် ရွှေ့လျားသွားလေသည်။

ထင်းယုကမျက်လုံးအစုံကိုလက်ဖြင့်ပွတ်သပ်ရင်းအနောက်ဘက်သို့ ခြေတစ်လှမ်းဆုတ်ကာ တံခါးမကြီးမှ အတွင်းဘက်သို့ လှမ်းကြည့်လိုက်၏။

တံခါးဝတွင် လူတစ်ယောက်ရှိလေသည်။

အဘော်ပါးဆယ်ခန့်ရှိသော လူတစ်ယောက်က အလင်းရောင်အားကောင်းသည့် မီးအိမ်တစ်လုံး ကိုင်ဆောင်ကာ သူ့အား အကဲခတ်ကြည့်ရှုနေခြင်းကို တွေ့မြင်လိုက်ရ၏။

ထိုလူမှာ ညစ်ထေးဟောင်းနွမ်းသော အဝတ်အစားများ ဝတ်ဆင်ထားပြီး မျက်နှာပေါ်တွင် အိုမင်းရင့်ရော်သည့်ဟန် ပေါ်လွင်လာလေသည်။

သူက ထင်းယုကို အကဲခတ်ကြည့်ခြင်းမှ မျက်မှောင်ကြုတ်လိုက်၏။

"ဩော်....မောင်ရင့်တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေနဲ့ ပြည့်နှက်နေပါလား၊ မောင်ရင်ဟာ စိတ်ထားဖြူစင်တဲ့ လူရွယ်



တစ်ယောက်ပဲ၊ ဘယ်လိုလူမျိုးက ဒီလို ဒုက္ခဝိုင်းပေးလိုက်တာလဲ"

ထင်းယုက လက်နှစ်ဖက်ဆုပ် ဂါရဝပြုလိုက်၏။

"ကျွန်....ကျွန်တော်...."

သူ၏စကားမဆုံးမီမှာပင် ထိုလူကြီးက ကြားဖြတ်ပြောလိုက်သည်။

"ဩော်.... မိုးရွာထဲမှာ ရပ်မနေပါနဲ့၊ အထဲကို ဝင်ပါကွယ်"

အသံသြဇာပြည့်ဝပြီး ချစ်ခင်ကြင်နာမှု လွှမ်းသောအသံဖြင့် ပြောလိုက်လေသည်။

ထိုအသံကို ကြားလိုက်ရသည်နှင့် ထင်းယု၏ရင်ထဲ၌ နွေးနွေးထွေးထွေး ဖြစ်လာသည်ဟု ခံစားလိုက်ရသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

သူက ယင်းသို့ပြောပြီး အတွင်းသို့ လှမ်းဝင်လိုက်သည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး ခိုက်ခိုက်တုန်အောင် ချမ်းနေပြီဖြစ်လေသည်။

အတွင်းဘက်သို့ ခြေလှမ်းသုံးလေးလှမ်း ဝင်လိုက်ပြီးလျှင် ထင်းယုမှာ အနည်းငယ် ရင်ထိတ်သွားရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ အတွင်းဘက်တွင် သူ လုံးဝမမျှော်လင့်သော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်၏။

သူ တွေ့မြင်လိုက်ရသော မြင်ကွင်းမှာ အရောင်အသွေးစုံလင်လှသော အရွယ်အစား အမျိုးမျိုးရှိသော မြွေများပင် မဟုတ်ပါလော။

မီးရောင်အောက်တွင် မြွေများမှာ စူးရှတောက်ပသော မျက်လုံးအစုံဖြင့် ထင်းယုအား ကြည့်နေတော့သည်။

❖

မြွေများက စူးရှတောက်ပသောမျက်လုံးအစုံဖြင့် ထင်းယုအား ဝိုင်း၍ကြည့်နေကြ၏။

ထင်းယု၏ ခန္ဓာကိုယ် တစ်ခုလုံးမှာ ခဲခဲ့ထားသကဲ့သို့ လေးလံနေမိလေသည်။

သူက မြွေများကို တွေ့မြင်ခဲ့ဖူးလေသည်။

သို့သော် ဤမျှများပြားသော မြွေများကိုမူ မြင်တွေ့ခြင်း မရှိပါချေ။



ထင်းယုက ကြက်သေသေ၍ ကြည့်နေရာမှ မီးအိမ်ကိုင်ဆောင်ထားသူ၏ စကားကြားမှ သတိဝင်လာလေသည်။

"ဟေ့...မောင်ရင့်ကိုကြည့်ရတာ မြွေတွေကို ချစ်တတ်တယ်ထင်ပါ့"

ထင်းယုက ထိုလူဘက်သို့ တဖြည်းဖြည်းချင်း ကြည့်လိုက်သည်။

ထိုလူက သူ့အား ပြုံး၍ကြည့်နေခြင်းကို မြင်တွေ့လိုက်ရလေသည်။

ထင်းယုက ဟန်မပျက်သောလေသံဖြင့် ပြောလိုက်၏။

"မြွေ...မြွေတွေကိုချစ်တယ် ဟုတ်လား"

ထိုလူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်မှာ အဖော်ဆိုလို့ မြွေတွေပဲ ရှိတာလေ၊ ဒါကြောင့် မြွေတွေကို ချစ်ရတာပေါ့၊ သူတို့က ကျေးဇူးလူတွေကို ဒုက္ခမပေးတတ်ပါဘူး"

သူ့စကားဆက်လိုက်၏။

"ဒါပေမယ့် အမည်းရောင် ဒုစရိုက်သမားတွေကိုတော့ ဒုက္ခပေးတတ်တယ်ကွယ့်"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကို ကြားလိုက်ရသောအခါ ထင်းယုံ၏ စိတ်ထဲတွင် အလွန်အေးစိမ့်သော အငွေ့အသက်ကို ခံစားလာရလေသည်။

"ခင်....ခင်ဗျား...."

သူ၏စကားမဆုံးမီ ထိုလူက ကြားဖြတ်ပြောလိုက်လေသည်။

"ကျုပ်က နေစရာမရှိလို့ ခြေသလုံးအိမ်တိုင် လျှောက်သွားရင်း ဒီနေရာကို ရောက်လာတော့ လူသူစွန့်ပစ်ထားတာ တွေ့ရတဲ့ ဒီရဲတိုက်ကြီးကို ကျုပ်အိမ်လို့ပဲ သဘောထားလိုက်တယ်လေ"

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

ထင်းယုံက အားပါးတရ အော်ဟစ်ပြောဆိုလိုက်မိလေသည်။

ထိုလူမျက်မှောင်ကြုတ်သွား၏။

"ဘာကောင်းတာလဲ"

ထင်းယုံက သူ့အား စူးစိုက်ကြည့်လိုက်သည်။

"တကယ်တော့ ကျုပ်က မြွေမင်းသားကို လိုက်ရှာနေတဲ့သူ၊ ခင်ဗျားဟာ ကျုပ်အကြောင်းကို သိနေတဲ့လူပဲ ဖြစ်ရမယ်"



ထိုလူက ခေါင်းခါယမ်းလိုက်၏။

"မင်း ဘာတွေပြောလိုက်တာလဲ၊ ကျုပ်က မင်းအကြောင်းကို ဘာမှမသိရပါလား"

ထင်းယုံက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား လိမ်နေတာ"

ထိုလူမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

"ဟေ....ကျုပ်ကညာပြောတယ် ဟုတ်လား၊ မင်းဘယ်လိုလူစားမျိုးလဲ၊ နေစမ်းပါဦး....ဒါနဲ့ မင်းက ဘာကြောင့် မြွေမင်းသားကို လိုက်ရှာနေတာလဲ"

"မြွေ....မြွေမင်းသားကို ကျုပ်ရှာတာက...."

ထင်းယုံက စကားမဆက်နိုင်ဘဲ ဖြစ်နေ၏။

ထိုလူမျက်မှောင်ကြုတ်လိုက်သည်။

"ဟေ....မောင်ရင် စိတ်မှန်သေးရဲ့လား၊ မောင်ရင်ပဲ မြွေမင်းသားကို လိုက်ရှာနေတယ်ဆို"

"ဟုတ်တယ်၊ သူ ဘယ်မှာလဲ"

သူ၏စကားပြောပုံမှာ အရူးတစ်ယောက်နှင့် တူလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခရီးပန်းလာသည့်ဒဏ်နှင့် စိတ်ထိခိုက်ဖွယ်ရာ ကိစ္စများကြောင့် မြေမျာ်းကိုတွေ့သည်နှင့် သတိလက်လွတ် ဖြစ်သွားရခြင်းပင် ဖြစ်၏။

ထိုလူက သက်ပြင်းတစ်ချက်ချလိုက်၏။

"မောင်ရင်...မင်း မှားနေပြီ၊ မင်း ဆေးသောက်ပြီး နေနေထွေးထွေး အနားယူဖို့ကောင်းပြီ"

ထင်းယု အံတင်းတင်းကြိတ်လိုက်၏။

"ကျုပ် မေးနေတယ်၊ မြေမင်းသားဘယ်မှာလဲ"

သူ၏အမေးကို ထိုလူက မဖြေတော့ပါချေ။

သူက စိတ်ပျက်သည့်အလား ဦးခေါင်းကို ခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ မင်းမှာ ဒဏ်ရာတွေပြင်းထန်လွန်းလို့ စိတ်မမှန်တော့ဘူး၊ ကျုပ် ဆေးသွားယူလိုက်ဦးမယ်"

သူက ယင်းသို့ပြောပြီး မီးအိမ်ကို ကျောက်စားပွဲ တင်ပေါ်တင်ကာ အခန်း၏ ဝဲဘက်ထောင့်ရှိ လမ်းကျဉ်းလေး လျှောက်သွားလေ၏။

"ခင်ဗျား မသွားရဘူး"



ထင်းယုက ယင်းသို့ပြောဆိုရင်း ထိုလူအားဖမ်းချုပ်ထား လိုက်၏။

ထိုအချိန် ရုတ်တရက် အပြင်ဘက်မှ စူးရှကျယ်လောင်သော မြင်းခွာသံများ ထွက်ပေါ်လာခြင်းကို ကြားလိုက်ရ၏။

ထင်းယု၏ လှုပ်ရှားမှုက ချက်ချင်းရပ်တန့်သွား၏။

ထိုလူမှာမူ မြင်းဟီသံများကို ကြားလိုက်ရသည့်အခါ အခန်း၏ဝဲဘက်ထောင့်သို့လျှောက်သွားပြီး လမ်းကျဉ်းလေးအတိုင်း ချီးခေါ်၍ ပျောက်ကွယ်သွားလေ၏။

ထင်းယုက ဖွင့်ထားသောတံခါးမကြီးအပြင်ဘက် မိုးရေစက်များအကြားသို့ လှမ်းကြည့်ကာ တွေဝေသွားမိ၏။

သူက ရုတ်တရက်သတိပြန်ဝင်လာပြီး လှမ်းကြည့်မိသောအခါ ထိုလူအား မတွေ့ရတော့ပါချေ။

သူက ခေါင်ခေါ်ရန် လှည့်ပြန်လိုက်စဉ် အပြင်ဘက်မှ စကားသံများထွက်ပေါ်လာ၏။

အပြင်ဘက်၌ လူသုံးယောက်ထက်မနည်း ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်တွင် ရောက်ရှိနေသူများမှာ သူ့လိုပင်မျက်စိလည်လမ်းမှားကာ ဒုက္ခတောထဲမှ ပြေးလာကြသူများလော။

သူသည် စဉ်းစားရင်း ငေးငိုင်နေစဉ် ခြေသံများ ထွက်ပေါ်လာခြင်းကို ကြားလိုက်ရ၏။

တစ်ဆက်တည်းမှာပင် အနက်ရောင်ဝတ်စုံ ဝတ်ထားကြသော လူငါးယောက်က ရဲတိုက်ထဲသို့လှမ်းဝင်လာခြင်းကို တွေ့မြင်ရလေသည်။

သူတို့၏ ကျောပေါ်တွင် ဓားတစ်လက်စီ ပိုးလွယ်ထားကြသည်။

သူတို့ မျက်နှာများမှာ ဟန်နှုရာကင်းမဲ့၍ အေးစက်တင်းမာလှပေ၏။

သူတို့ငါးယောက်အား ရှေ့မှဦးဆောင်လာသူမှာ ခန္ဓာကိုယ်ဝဖြိုးသော လူတစ်ယောက်ဖြစ်သည်။

ထင်းယု၏ ခန္ဓာကိုယ် ထိတ်ခနဲဖြစ်သွားမိ၏။

သူက ခေါင်းဆောင်ဖြစ်သော ခန္ဓာကိုယ်ဝဖြိုးသည့်လူအား ကောင်းစွာ သိရှိနေသည့်အတွက် မဟုတ်ပါလား။

ထိုလူ့နာမည်မှာ ကျင်းထိုက်ဆိုသူဖြစ်၏။

သူတို့သည် ကြယ်တံခွန်ဂိုဏ်းက ငှားရမ်းထားသော ကြေးစားလူသတ်သမားများပင် ဖြစ်၏။



ကျင်းထိုက်တို့ အဖွဲ့မှာ လူတစ်ယောက်၏ အသက်အား နှုတ်ဆိတ်တစ်ကောင်မျှပင် တန်ဖိုးမထားတတ်ကြပါချေ။

ထင်းယုကကျင်းထိုက်အား ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်၏။

ကျင်းထိုက်တို့လူစုသည် သူ့အား တွေ့မြင်သွားကြ၏။

ကျင်းထိုက်၏ မျက်နှာပေါ်တွင် အံ့ဩသော အရိပ်အယောင်များ ဖြစ်ပေါ်လာလေ၏။

သူက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်၏။

"ဩော်....လက်စသတ်တော့ ခင်ဗျားက ဒီမှာလာပြီးနေတာကိုး၊ ဟေ့....သူ့ကို ဝိုင်းထားလိုက်ကြစမ်း"

သူ၏ အမိန့်ပေးသံဆုံးသည်နှင့် ကျန်လူလေးယောက်က အား ဝိုင်းရံထားလိုက်ကြသည်။

"ခြွမ်း"

ထို့နောက် သူတို့အားလုံးသည် ဓားကိုယ်စီဆွဲထုတ်ကာ ...ယုအား တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

ထင်းယုရင်ထဲ ထိတ်ခနဲ ဖြစ်သွားလေသည်။

သူ၏ ခန္ဓာကိုယ်၌ ဒဏ်ရာများစွာ ရထားသည့်အပြင် ...ထဲ၌ အချိန်ကြာမြင့်စွာ လျှောက်လှမ်းခဲ့ရသဖြင့် ခရီး...နေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက ကျောင်းထိုက်တို့၏ တိုက်ခိုက်မှုကို ရှောင်တိမ်း၍ မရတော့ကြောင်း နားလည်မိလိုက်လေသည်။

ထင်းယုက ဓားကို ဆွဲထုတ်လိုက်၏။

ကျောင်းထိုက်က ရယ်မောလိုက်သည်။

"ထင်းယု...မင်းမှာ ခြေထောက်ဆယ်ချောင်း ရှိနေမှ ဆိုရင်တောင်မှ ကျုပ်တို့လက်ထဲက ပြေးလို့မလွတ်တော့ဘူး၊ အေးအေးဆေးဆေး အဖမ်းခံရင် အကောင်းဆုံး ပါပဲ"

ထင်းယု အံကြိတ်လိုက်သည်။

"မင်းတို့လို လူယုတ်မာတွေ လက်ထဲကို ကျုပ်အသက် ရှင်လျက် ဘယ်တော့မှ အဖမ်းမခံဘူးဆိုတာ မှတ်ပါ"

ကျောင်းထိုက်က သူ့အား စူးစိုက်၍ကြည့်လိုက်သည်။

"မင်းမှာ ဒဏ်ရာတွေ ရထားတယ်၊ ဒါကြောင့် ခုခံ... အပိုပဲ၊ ကျုပ်တို့နဲ့ ပူးပေါင်းပါ"

ထင်းယု မဲ့ပြုံးပြုံးလိုက်သည်။

"ထွီ...မင်းတို့ဟာ ငရဲပြည် သွားရမယ့် လူတွေပဲ၊ ကျုပ်က ပူးပေါင်းစရာ မလိုပါဘူး"



ကျောင်းထိုက်၏ မျက်နှာ ဒေါသကြောင့် နီရဲသွားလေသည်။

"ဒါဆိုရင် မင်း ဒီနေ့ သေနေ့စေ့ပြီ"

သူ၏ အသံက အေးစက်၍ တင်းမာလှသည်။

"လူတိုင်း တစ်နေ့ သေကြရမှာပဲ၊ ကောင်းမြတ်သော သေခြင်းနဲ့ ယုတ်ညံ့သောသေခြင်းသာ ကွာခြားမှာပါလေ"

ကျောင်းထိုက် စကားမပြောတော့ပါချေ။

သူက အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

"သူ့ကို မလွတ်စေနဲ့"

သူ၏အမိန့်သံဆုံးသည်နှင့် ဝိုင်းရံထားသူလေးယောက်က ထင်းယုအား ချက်ချင်းပင် ဝင်ရောက်တိုက်ခိုက် လိုက်ကြလေသည်။

တစ်ဆက်တည်းမှာပင် ကျောင်းထိုက်က ဓားကိုဝှေ့ယမ်း ကာ ဝင်လာသည်။

ထင်းယုမှာ ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာပြင်းထန်စွာ ရရှိထားပြီး ကျောင်းထိုက်ကဲ့သို့ပင် သိုင်းပညာအဆင့်မြင့်လှသော

www.burmeseclassic.com

www.burmeseclassic.com



ကြေးစားလူသတ်သမား ငါးယောက်နှင့် တိုက်ခိုက်ရသဖြ
သတိကြီးစွာထား၍ ကာကွယ်နေရလေသည်။

❖

တိုက်ပွဲမှာ ပြင်းထန်လှပေသည်။

ဓားရိပ်နှင့်လူရိပ်များက ခွဲခြား၍မရအောင် ရှုပ်ထွေးနေ
လေသည်။

"အား...."

ရှတ်တရက် စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်
လာလေသည်။

တစ်ဆက်တည်းမှာပင် အနက်ရောင်ဝတ်ဆင်ထားသူတစ်
ယောက်က ထင်းယု၏ဓားချက်ကြောင့် ကြမ်းပြင်ပေါ်သို့
အရှပ်ကြိုးပြတ် လဲကျသွားလေသည်။

ကျင်းထိုက်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားလေသည်။



ထင်းယုမှာ ဒဏ်ရာပြင်းထန်စွာရရှိထားပြီး ငါးယောက်
နှင့် တစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်နေသည့်တိုင်အောင် သူ၏
အဖွဲ့သားတစ်ယောက်အား သုတ်သင်တိုက်ခိုက်နိုင်ပြီ မဟုတ်
ပါလော။

မှန်ပေသည်။

ကျင်းထိုက် ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ပါ
ချေ။

"တိုက်ကြစမ်း"

သူ၏လူများအား အမိန့်ပေးလိုက်လေသည်။

"ယား...."

ကျင်းထိုက်၏လူများကလည်း ဩသံပေးကာ ရှေ့သို့တိုး
လာကြလေသည်။

ထင်းယု မဲ့ပြုံး ပြုံးလိုက်သည်။

"သေကြစမ်း"

သူက ရုတ်တရက် အော်ဟစ်ရင်း အနီးကပ်ဆုံးရှိ လူတစ်
ဦးအား ဓားဖြင့် ခုတ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခါးချက်မှာ ရိုးစင်းလှသော်လည်း ရန်သူမရှောင်နိုင်သော အချိန်အတွင်းမှာပင် လျှင်မြန်စွာ ခုတ်ချလိုက်ခြင်းဖြစ်သည်။

ဓားရောင်က ဖွေးခနဲ လျှပ်ရှားဝင်းလက်သွားသည်။

ထင်းယု၏ဓားက ထိုလူ၏ရင်ဝသို့ တည့်မတ်စွာ စိုက်ဝင်သွားလေသည်။

"အား...."

ထိုသူမှာ ဒူးရှစွာ အော်ဟစ်ရင်း လဲကျသွား၏။

ကျင်းထိုက်၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားလေသည်။

သူက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ထင်းယု မင်းအသက်ကို ကနေ့ငါရအောင်ယူမယ်"

သူကပြောပြီး ပို၍ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

ထင်းယုကမဲ့ပြုံး ပြုံးလိုက်လေသည်။

"သိပ်ကြိုက်တယ်ကွ၊ မင်းတို့လိုလူယုတ်မာတွေကို ငါ ကြည့်ပို့ဖို့ ငါစောင့်နေတာ"



သူက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး အဆက်မပြတ်ဓားကို ဇွဲ ယမ်းကာတိုက်ခိုက်လိုက်၏။

သူ၏တိုက်ခိုက်ပုံမှာ စနစ်တကျမရှိတော့ဘဲ ကြောက်မက်ဖွယ်ရာကောင်းအောင် ပြင်းထန်နေ၏။

သူ၏ရင်ထဲ၌ မိမိအသက်မသေယရွေ့ ကျင်းထိုက်အားပြီးတိုင်ခြေမှုန်းသွားမည်ဟု ဆုံးဖြတ်ခဲ့လေသည်။

ကျင်းထိုက်မှာ သူ၏တိုက်ပုံကိုကြည့်ပြီး ရင်ထဲ၌ လေးလံသွားမိလေသည်။

သူက အခြေအနေမဟန်ကြောင်း သဘောပေါက် နားလည်လိုက်လေသည်။

"ဟေ့....တစ်ယောက်နောက်ဆုတ်ပြီး အမြန်သတင်းပြန်ပို့စမ်း"

အော်ဟစ် အမိန့်ပေးလိုက်လေသည်။

သူ၏အမိန့်ပေးသံဆုံးသည်နှင့် လူတစ်ယောက်က ချက်ချင်း နောက်ဆုတ်သွား၏။

ထင်းယုရင်ထဲ ထိတ်လန့်သွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများက မိမိအား မည်သည့်နည်းနှင့်မျှ အလွတ်မပေး တော့ကြောင်း ကောင်းစွာသိရှိ နားလည်လိုက်ချေပြီ။

သူက အန္တရာယ်ကို မစဉ်းစားနိုင်တော့ပါချေ။

"မပြေးနဲ့"

သူက အော်ဟစ်ရင်း ခုန်ထွက်ပြေးသွားသော လူနောက် သို့ ရှပ်ခြည်းခုန်အုပ်လိုက်၏။

တစ်ဆည်တည်းမှာပင် သူ၏လက်ထဲမှဓားက ထိုလူ၏ရင်ဝ သို့ ထိုးစိုက်လိုက်လေသည်။

"အား...."

ထိုလူမှာ မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်းမရှိတော့ဘဲ အရှုပ် ကြီးပြတ်လဲကျသွားလေသည်။

ယင်းတဒင်္ဂအချိန်မှာပင် ထင်းယု၏ နောက်ကျောမှ လေ တိုးသံတစ်ချက် ကြားလိုက်ရ၏။

သူက ရင်ထိတ်သွားပြီး ချာခနဲလှည့်ကာ ဓားဖြင့်ပက်ထုတ် လိုက်၏။

သို့သော် နောက်ကျသွားလေပြီ။

ကျင်းထိုက် ပစ်လွှတ်လိုက်သော ဓားမြှောင်ကသူ၏ကျော ပြင်သို့ စူးစိုက်ဝင်သွားလေတော့သည်။



ထင်းယု၏ဝမ်းဗိုက်တွင် နာကျင်ပြင်းပြသော ဝေဒနာ တစ်ခု ဖြစ်ပေါ်လာခြင်းကို ခံစားလိုက်ရလေသည်။

သူ၏ဝမ်းဗိုက်မှသွေးများ တရဟောစီးဆင်း ကျလာပြီး ဒူးများကွေးညွတ်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့ သည်။

သူ၏ခန္ဓာကိုယ်နှင့် ကြမ်းပြင်မထိတွေ့နိုင်မီ သတိလစ်မေ့ မြောသွားလေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

"ပိုင်ရှင်အစစ်"

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ အရာရာမှာ မှောင်မည်းလျက်ရှိလေသည်။

ထင်းယုမှာ အမှောင်ထု၏ ဝါးမျိုမှုကို ရုန်းထွက်ရှင်းသန်ရန်ကျင်သောဝေဒနာကို ခံစားလိုက်မိလေသည်။

"အား...."

စူးရှသော အော်သံတစ်သံက အမှောင်ထုကို ဖြိုခွင်းပစ်နိုင်ခဲ့လေသည်။

ထင်းယု၏ မျက်လုံးများတွင် အလင်းရောင်ဝင်ရောက်လာခြင်းကို တွေ့မြင်လိုက်ရလေသည်။

သူ သတိပြန်ရလာပြီး မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ့အား စိုးရိမ်ကြီးစွာ ကြည့်ရှုနေသည့် လူတစ်ယောက်အား အမှတ်မထင် တွေ့မြင်လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိုးခိုနဲ့သည့် ရဲတိုက်အတွင်း၌ပင် ရှိနေသေး၏။

သူ၏ပတ်ဝန်းကျင်တွင် လူသေအလောင်းများ ပြန့်ကျဲလျှက်ပင် ရှိနေသေးသည်။

ယင်းအလောင်းများမှာ ကျောင်းထိုက်၏ အဖွဲ့သားများဖြစ်ကြလေသည်။

ကျောင်းထိုက် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

ထင်းယုက အားတင်း၍ ပြောလိုက်၏။

"ကျောင်း....ကျောင်းထိုက်ကော"

သူ့အားစိုးရိမ်စွာကြည့်နေသူ၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ထင်ဟပ်လာလေသည်။

"သူ့အတွက် မပူပါနဲ့၊ အခုချိန်မှာ စကားမပြောနိုင်တော့ပါဘူး"

သူကပြောရင်း အခန်းထောင့်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

ထင်းယုက သူညွှန်ပြရာသို့ ဦးခေါင်းလှည့်လိုက်လေ၏။

အခန်းထောင့်၌ ကျောင်းထိုက်၏ အလောင်းကို မြင်တွေ့လိုက်ရလေသည်။



ကျောင်းထိုက်မှာ တပည့်လေးယောက်နှင့်အတူ မိတ်ဇာတ်သိမ်းသွားလေပြီ။

ထင်းယုံ၏ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေ၏။

"ခင်....ခင်ဗျားက သူ့ကို သတ်လိုက်ဘာယ် ဟုတ်လား"

သူ့အား ပွေ့ထားသော လူရွယ်က သိမ်မွေ့စွာ ပြုံး၏။

"သူနဲ့ ခင်ဗျား တစ်ယောက်ယောက် သေရတော့မယ်၊ အကယ်၍ သူ့ကိုမသတ်နိုင်ဘူးဆိုရင် အခုလို ခင်ဗျားအားမပြောနိုင်တော့ပါဘူး"

ထင်းယုက လူရွယ်အား ကျေးဇူးတင်သော မျက်လုံးအစုံဖြင့် ကြည့်နေလေသည်။

"ကျုပ်အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးကို မမေ့ပါ"

လူရွယ်က ဦးခေါင်းကို ခါယမ်းလိုက်သည်။

"ကျုပ်က ခင်ဗျားကို ကျေးဇူးတင်ခံချင်လို့ ကယ်တင်တာမဟုတ်ပါဘူး၊ ခင်ဗျားက ကျုပ်ကို ကျေးဇူးမဆပ်နိုင်ဘူးဆိုဘာလဲ ကျုပ်သိပါတယ်"

ထင်းယု သွေဝေငေးငိုင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရှယ်က သူ့လက်ကို ဆုပ်ကိုင်ကာ နှစ်သိမ့်လိုက်လေ သည်။

"စိတ်အေးအေးထားပါဗျာ၊ ခင်ဗျားရထားတဲ့ ဒဏ်ရာ မကြာခင် သက်သာသွားမှာပေါ့"

ထင်းယုက မချိပြုံးပြုံးလိုက်သည်။

အခြေအနေမှန်ကို ထင်းယုက အမှန်အတိုင်း သဘော ပေါက်ပြီးဖြစ်လေသည်။

သူ၏ဝမ်းဗိုက်မှာ ပြင်းထန်စွာ ကိုက်ခဲနေပြီး စကားပြော လိုက်တိုင်း နာကျင်မှုဝေဒနာက သိသိသာသာ တိုး နေပြီ မဟုတ်ပါလော။

"ကျုပ်ရဲ့အခြေအနေကို ကျုပ်နားလည်ပါတယ်ဗျာ၊ ဒါ ကျုပ်မသေခင် ကျုပ်ကျေးဇူးရှင် ဘယ်သူဘယ်ဝါဆိုတာ သိပါရစေ"

လူရှယ်က ပခုံးတွန့်လိုက်၏။

"ကျုပ်က ဒီနေရာရဲ့ ပိုင်ရှင်ပေါ့"

ထင်းယု၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားလေသည်။

"မင်းက ဒီနေရာရဲ့ပိုင်ရှင် ဟုတ်လား"



လူရှယ်က ခေါင်းညိတ်လိုက်သည်။

ထင်းယု မျက်မှောင်ကြုတ်သွားသည်။

"စောစောတုန်းက ဒီနေရာရဲ့ပိုင်ရှင်တစ်ယောက်ကို တွေ့ ယ်"

လူရှယ်က ပြုံးလိုက်သည်။

"သူက ကျုပ်ရဲ့လူယုံတော်ပါ၊ ကျုပ်မရှိတဲ့အချိန်မှာတော့ ဒီခံတိုက်ရဲ့ပိုင်ရှင်ပေါ့၊ အခုတော့ ကျုပ်ပြန်ရောက်လာ တော့ သူက ကျုပ်ရဲ့လူယုံတော်ပေါ့၊ ကျုပ်ပြောတာ တယ်မဟုတ်လား"

ထင်းယု တွေဝေသွားသည်။

"အခု သူဘယ်မှာလဲ"

"ခင်ဗျားက သူ့ကို တွေ့ချင်လို့လား"

င်းယု ခေါင်းညိတ်လိုက်၏။

"တ်တယ်"

"ဘာကိစ္စရှိလို့လဲ"

"ခင်ဗျားပြောတာ မှန်မမှန်သိချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က အားပါးတရ ပြုံးလိုက်သည်။

"ခင်ဗျားမဆိုးဘူး၊ နောက်ဆုံးအချိန်အထိ သတ္တိအပြ ရှိနေတာပဲ"

သူက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ သူ့ကို ခင်ဗျား ခုချက်ချင်း တွေ့စေရ မယ်"

သူကပြောပြီး တစ်ဖက်သို့လှည့်ကာ အော်ခေါ်လိုက်

"အိမ်ထိန်းကြီး... အိမ်ထိန်းကြီး"

သူ၏အော်သံဆုံးသွားသည်နှင့် လူတစ်ယောက်က အခ တွင်းမှ ပြေးထွက်လာလေသည်။

ထိုလူမှာ ထင်းယုံ ဤနေရာသို့ရောက်စဉ် တွေ့ရှိခဲ့ေ လူပင်ဖြစ်သည်။

သူက သူရွယ်အား ဦးညွှတ်လိုက်သည်။

"အမိန့်ရှိပါ သခင်လေး"

ထင်းယုံမှာ အခြေအနေကို ချက်ချင်းသဘောပေါက်သ လေတော့သည်။



သူ ပထမဦးဆုံး တွေ့ခဲ့ရသူမှာ ရဲတိုက်ပိုင်ရှင် မဟုတ်ဘဲ ချင်းတိုက်အားဆုံးမလိုက်သည့် လူငယ်သည်သာလျှင်ပိုင်ရှင် စစ်ဖြစ်နေသည်။

စိတ်လှုပ်ရှားလာသဖြင့် သူ၏အသက်ရှူသံ ပြင်းထန်လာ သည်။

လူရွယ်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"အင်း... ခင်ဗျားလဲကျုပ်စကားကိုဆုံးအောင်နားထောင် င်တော့မှာမဟုတ်ဘူး"

ထင်းယုက ခေါင်းကိုဖြည်းညင်းစွာ ညိတ်လိုက်သည်။

သူက သိချင်လှန်းသောဆန္ဒကို အားယူ၍ မေးမြန်းလိုက် သည်။

"မင်း...မင်းဘယ်သူလဲ"

"ကျုပ်လား၊ ခင်ဗျားသိပ်သိချင်တော့လဲ ပြောပြရမှာ ။ ကျုပ်က ဟောဒီမြေဘောရဲ့ပိုင်ရှင်ပါ"

ထင်းယု၏ရင်ထဲ တစ်ချက်လှုပ်ရှားသွားလေသည်။

"မင်း...မင်း...ကျင်းထိုက်ကို သိုင်းဘယ်နှစ်ကွက်နဲ့အနိုင် က်တာလဲ"

လူရွယ်က လက်တစ်ချောင်းထောင်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ကွက်"

ထင်းယု၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားလေသည်။

ကျင်းထိုက်ကဲ့သို့ သိုင်းသမားအား သိုင်းကွက်တစ်ကွက် တည်းနှင့် အသေသတ်နိုင်သည့်လူရှယ်မှာ မည်သူမည်ဝါ ဖြစ် ကြောင်း သူက ခန့်မှန်းသိရှိလိုက်ပြီ မဟုတ်ပါလား။

သူ၏မျက်လုံးများ ဝင်းလက်တောက်ပလာလေသည်။

သူက လူရှယ်၏လက်အား ပြန်လည်ဆုပ်ကိုင်လိုက်သည်။

"ခင်ဗျား မြေနှဲ့ပတ်သက်ပြီး သိုင်းလောကမှာ နာမည် ကြီးနေတဲ့ ဒဏ္ဍာရီတစ်ပုဒ်ကို ကြားဖူးတယ် မဟုတ်လား"

လူရှယ်က မဲ့ပြုံး ပြုံးကာ ခေါင်းညိတ်လိုက်သည်။

"ကြားဖူးပါတယ်"

"ဒါဆိုရင် မြေတွေနဲ့အတူ နေထိုင်ခဲ့တဲ့ခင်ဗျားဟာ"

သူက ပြောရင်း မေးတိုက်လာလေ၏။

ထင်းယုက အားတင်းကာ စကားဆက်လိုက်သည်။

"ကျုပ်.... ကျုပ်သိသလောက်ဆိုရင် လွန်ခဲ့တဲ့ ငါး အချိန်ကစပြီး သိုင်းလောကမှာ ဒုစရိုက်သမားတွေကို ရှားနေတဲ့ မြေမင်းသားဆိုတာရှိတယ်"



သူက အတန်ကြာအောင်နားပြီးမှ စကားဆက်လိုက်လေသည်။

"အဲဒီမြေမင်းသားကို အင်မတန် ဒုက္ခရောက်နေကြတဲ့ အဖြူရောင် သိုင်းသမားတွေက တွေ့ချင်နေကြတယ်၊ သူတို့ရဲ့ အကြောင်းကို ခင်ဗျားစိတ်ဝင်စားမလား မသိဘူး"

လူရှယ်၏မျက်လုံးများ ရီဝေလာသည်။

သူက ထင်းယုအား တည်ကြည်လေးနက်သော မျက်လုံး အစုံဖြင့် စိုက်ကြည့်လိုက်သည်။

သူက အတန်ကြာအောင် စဉ်းစားနေသည်။

"အင်း....ကျုပ်ကစိတ်ဝင်စားတယ်ဗျာ၊ ပြောပြနိုင်သရွေ့ ပြောပြပါ"

ထင်းယု၏ဝေဒနာ ချက်ချင်းလျော့ပါးသွားသည့်သဘော ဟု ထင်မှတ်အောင် ဝမ်းသာသွားမိလေသည်။

"ကျုပ်ဟာ ကြယ်တံခွန်ဂိုဏ်းက ဌာနမှူးတစ်ယောက် ပါ၊ ကျုပ်တို့ဂိုဏ်းချုပ်ဟာ မတရားလုပ်ကြံခံခဲ့ရပါတယ်၊ ဒီ ကိစ္စကို ဖြေရှင်းပေးဖို့ မေတ္တာရပ်ခံပါတယ်"

လူရှယ်မျက်မှောင်ကြုတ်ကာ ကြယ်တံခွန်ဂိုဏ်းဟူသော အမည်ကို တီးတိုးရေရွတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းယုရှ်အသံ တဖြည်းဖြည်းတိမ်ဝင်လာသည်။

"ကျန်းပိမ္မိုက လူဝကြီးအသားကင်ဆိုင်ကိုသွားပါ၊ လူဝကြီးနဲ့တွေ့တဲ့အခါ"

ရုတ်တရက် ထင်းယုရှ်ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

"ခဝါ့..."

ပါးစပ်ထဲမှသွေးများ အန်ထုတ်လိုက်ပြီး ခေါင်းငိုက်စိုက်ကျသွားလေသည်။

လူရွှယ်စိတ်မကောင်း ဖြစ်သွားလေသည်။

ထင်းယုရှ်ဒဏ်ရာများ ပြင်းထန်လွန်းသဖြင့် သူလည်းဘာမှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေရသည် မဟုတ်ပါလား။

အိမ်ထိန်းကြီးက ရွှေတိုးလာသည်။

"သခင်လေး...သူဟာ..."

"အင်မတန်သစ္စာရှိပြီး သနားစရာကောင်းတဲ့ လူတယောက် ဖြစ်ပါလိမ့်မယ်"

လူရွှယ်က ဝမ်းနည်းသောမျက်နှာထားဖြင့် ဆက်ပြောလိုက်လေသည်။



"သိုင်းလောကထဲမှာ မတရားမှုကြီးတစ်ခုတော့ဖြစ်တော့မှာ သေချာတယ်"

ထိုစကားအရ လူရွှယ်(ဝါ)မြေမင်းသားသည် သိုင်းလောကထဲသို့ ဆင်းသွားတော့မည်ဖြစ်ကြောင်း အိမ်ထိန်းကြီး နားလည်သဘောပေါက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## "မြွေအန္တရာယ်"

ကြယ်တံခွန်ဂိုဏ်း။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ကြယ်တံခွန်ဂိုဏ်းသည် ဂိုဏ်းချုပ်ကျင်းကျားရီ ကွယ်လွန်သွားပြီးသည့်နောက်ပိုင်း ကျင်းကြိုးခက်က ဂိုဏ်းချုပ်အဖြစ် တာဝန်ယူပြီးနောက်ပိုင်း ငြိမ်ချက်သားကောင်းနေလေသည်။

ယခုတစ်ဖန် ကြယ်တံခွန်ဂိုဏ်းအား သိုင်းလောကဒဏ္ဍာရီမှ မြွေမင်းသားဆိုသူကဒုက္ခပေးလိမ့်မည်ဟူသောအသံသဲ့သဲ့ ထွက်ပေါ်လာခဲ့လေသည်။

မြွေမင်းသားသည် မကောင်းမှုပြုလုပ်သူများကိုသာ ရွေးချယ်၍ ဆုံးမသုတ်သင်လေ့ရှိသည်ဟု အများကသိထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကြယ်တံခွန်ဂိုဏ်းအား တိုက်ခိုက်မည်ဆိုသည့် သတင်းမှာ ထူးဆန်းနေပေတော့သည်။

ဂိုဏ်းချုပ် ကျင်းကျားရီ ကွယ်လွန်သွားသည့် ကိစ္စမှာလည်း မရှင်းမလင်း ဖြစ်နေသည်ဟု ဆိုသူကဆိုနေကြသည်။

ကြယ်တံခွန်ဂိုဏ်းနှင့်မြေမြင်းသားအား စိတ်ဝင်စားမိကြသည့် သိုင်းလောကသားများလည်း စိတ်ဝင်စားလာကြလေတော့သည်။

❖

သိုင်းလောက၌ ထူးခြားသော သတင်းများ ထွက်ပေါ်လာချိန်တွင် ကြယ်တံခွန်ဂိုဏ်း၌ ထူးခြားသော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာသည်။

လူရွယ်တစ်ယောက်က မြွေအသေတစ်ကောင်ကို လာရောက်ပို့ပေးသွားခြင်း ဖြစ်လေသည်။

ကြယ်တံခွန်ဂိုဏ်းသည် ထိုလူရွယ်အား စိတ်ဝင်စားကာ သဲကြီးမဲကြီး ဖြစ်ခဲ့ကြလေတော့သည်။

❖



ကျွန်းပါမြို့မှ လူဝကြီးအသားကင်ဆိုင်သို့ ညနေစောင်းတော့မှ စားသောက်မည့်လူရွယ်တစ်ယောက် ရောက်ရှိလာလေသည်။

အနားယူနေပြင်ဆင်နေသော ဆိုင်ရှင်လူဝကြီး စိတ်ပျက်သွားလေသည်။

"ဒီကနေ့ရောင်းဖို့ ကင်ထားတဲ့အသားကင်တွေ ကုန်သွားပြီ၊ မင်းစားချင်တယ်ဆိုရင် မနက်ဖြန်မှ လာပေတော့"

ဟု၍ အေးပြောလိုက်လေသည်။

လူရွယ်က ပြောလိုက်သည်။

"ကိစ္စမရှိပါဘူးခင်ဗျာ၊ခင်ဗျားမှာ ရောင်းစရာအသားကင်ရှိတယ်ဆိုရင်တောင် ကျုပ် စိတ်မဝင်စားပါဘူး"

လူဝကြီး မျက်မှောင်ကြုတ်သွားသည်။

"မင်းက ..."

"ကျုပ်က ပူပူနွေးနွေးကင်ထားတဲ့ မြွေသားဟင်းကို စားချင်တာပါ"

လူဝကြီး၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ထွန်းလက်တောက်ပလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အတော်ပဲ၊ ကျုပ်မှာ အဆိပ်ပြင်းတဲ့မြွေတစ်ကောင် ရထားတယ်၊ မီးကင်ပေးမယ်၊ မင်း စားမလား"

"သိပ်ကောင်းတာပေါ့ဗျာ"

"ဒါဖြင့် ခဏစောင့်ပါ"

လူဝကြီးက လူရှည်အား နေရာထိုင်ခင်း ပေးလိုက်လေသည်။

အငွေ့တထောင်းထောင်းထနေသော မြွေသားကင်က စားပွဲပေါ်တွင် ရောက်ရှိနေပြီဖြစ်၏။

လူရှည်က မြွေသားကင်ကိုစတင်စားသောက်နေပြီဖြစ်၏။

ဆိုင်ရှင်က နံဘေးတွင်ရပ်ကြည့်နေရင်းမှ ဝါးခနဲ တစ်ချက်သမ်းလိုက်လေသည်။

လူရှည်က သူ့အား ခေါင်းမော့ကြည့်လိုက်၏။



"ခင်ဗျား အိပ်ချင်နေပြီထင်တယ်"

ဆိုင်ရှင်လူဝကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ဗျ၊ ကျုပ် အရင်တုန်းက ဒီအချိန်ဆိုရင် အိပ်နေပြီဗျ"

လူရှည်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ဒါဆိုရင်လဲ ခင်ဗျား အိပ်ပေတော့"

ဆိုင်ရှင်လူဝကြီးက သူ့အား ကြည့်လိုက်သည်။

"မင်းကော"

လူရှည်က ပြုံးလိုက်၏။

"ကျုပ်လဲ ဒီမှာပဲ အိပ်မှာပေါ့"

ဆိုင်ရှင်လူဝကြီးက ခေါင်းခါယမ်းလိုက်၏။

"ဟာ....မဖြစ်ဘူးထင်တယ်"

လူရှည်က မျက်ခုံးပင့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

ဆိုင်ရှင်လူဝကြီးက ဆိုင်အနောက်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်အနောက်ဘက် လမ်းကြားကလေးကသွားရင် မြို့ပြင်သင်္ချိုင်းကို ရောက်တယ်"

လူရွှယ်က မျက်မှောင်ကြုတ်လိုက်သည်။

"အဲဒါဘာဖြစ်လဲ"

ဆိုင်ရှင်လူဝကြီးက သူ့အား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"အဲဒီမှာ သွားအိပ်ပေါ့"

"ဘာမအိပ်ရဲစရာ အကြောင်းရှိလို့လဲ"

"ကောင်းပြီလေ၊ မင်းအိပ်ရဲတယ်ဆိုရင်တော့ အိပ်ပေါ့၊ တစ်ခုတော့ရှိတယ်"

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလေသည်။

လူရွှယ်က သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ပြောပါ"

"ဒီလိုဗျ၊ ကျုပ်ဆိုင်မှာ အိပ်ဖူးတဲ့လူတိုင်းဟာ မနက်လင်းချိန်ကျရင် သင်္ချိုင်းကို ရောက်နေတတ်ကြလို့ပါ"



လူရွှယ်၏မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"ဒါဖြင့်....ဟုတ်လား၊ တစ်ညတည်းနဲ့ နှစ်နေရာပြောင်းအိပ်ရတာဆိုတော့ ဘယ်ဆိုးလို့တုန်း၊ ပျော်စရာကောင်းတာပေါ့"

လူဝကြီးက သူ့အား အံ့သြစွာကြည့်လိုက်၏။

"မင်းက ဒီကိစ္စကို ပျော်စရာတစ်ခုလို သဘောထားသလား"

လူရွှယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

လူဝကြီးက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ကောင်းပြီလေ၊ မင်း အမြဲတမ်းပျော်ရွှင်နိုင်ပါစေလို့ ကျုပ် ဆုတောင်းပါတယ်"

သူက ပြောပြီး ဆိုင်ရှင်အနောက်ဘက်သို့ လှမ်းဝင်သွားလေသည်။

လူရွှယ်က ဆိုင်ရှင်မှာ အိပ်ချင်နေပြီဖြစ်ကြောင်း သဘောပေါက် နားလည်လိုက်လေသည်။

ထို့ကြောင့် သဘောကျစွာပြုံးရင်း အရက်နှင့်မြေသားကို ဆက်၍စားသောက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ။

မြွေသားကင်နှင့် အရက်များမှာ တက်တက်စင်အောင် ပြောင်သွားပြီ ဖြစ်သည်။

လူရွှယ်မှာ ဗိုက်ဝသွားပြီဖြစ်သဖြင့် တဖြည်းဖြည်း ငိုက်လာလေသည်။

သူက လက်နှစ်ဖက်ကို ဆန့်တန်းရင်း ဝါးခနဲ တစ်ချက်သမ်းလိုက်၏။

"အိပ်ဖို့အချိန်တန်ပြီ၊ ပျော်စရာကောင်းတဲ့ညပဲ ဖြစ်မှာပါ"

❖

ည....

တိတ်ဆိတ်သောည....

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေလေသည်။



...လ၏ ဗိုးတဝါးအလင်းရောင်မှာ အမှောင်ထုကို အနိုင်...မရှိပါချေ။

ည၏လေက တဖြည်းဖြည်း အေးစိမ့်လာလေသည်။

ရှည်လျားသော ခွေးအူသံများက တစ်ချက် တစ်ချက် ...ပေါ်လာလေသည်။

အသားကင်ဆိုင်လေးမှာ အမှောင်ထုအောက်တွင် ငြိမ်...စွာ အိပ်မောကျနေလေ၏။

မီးရောင်များပျောက်ကွယ်သွားပြီးလှုပ်ရှားမှုတစ်စုံတစ်ရာ...ရှိတော့ပါချေ။

လူရွှယ်က ဆိုင်ကလေးအနှင့်ရှိ ဇားပွဲ ကုလားထိုင်ကို ...ဝင်၍ ကွပ်ပျစ်ပေါ်လုံးသဖွယ် ဖန်တီးလိုက်သည်။

ထို့နောက် အေးဆေးစွာ တက်အိပ်လိုက်၏။

အတန်ကြာသောအခါ ခပ်မှန်မှန် ဟောက်သံပင် ထွက်...လာလေသည်။

"တု....တု....တု"

အဝေးမှ အုန်းမောင်းခေါက်သံ ...ချက်တိတိ ထွက်...လာသည်။

ဤအချိန်မှာ လူသားတို့အတွက် အလွန်အိပ်မောကျ...ကောင်းသော အချိန်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာပြီး ချိန်၌ ဆိုင်ကလေး၏ အနောက်ဘက် တံခါးတစ်ချပ် ပွင့်လာ လေသည်။

တစ်ဆက်တည်းမှာပင် လူရိပ်တစ်ခု ဆိုင်ထဲသို့ လှွားခနဲ ပြေးဝင်လာသည်။

သူ၏ လှုပ်ရှားပုံမှာ လျင်မြန်လှပြီး ခြေသံပင် မကြားရ ပါချေ။

သူက လူရှုယ်အိပ်နေရာသို့ ဦးတည်ကာ တရွေ့ရွေ့ချဉ်း ကပ်လာသည်။

ထိုလူမှာ ဆိုင်ရှင်လူဝကြီးပင် ဖြစ်လေသည်။

သူ၏မျက်နှာမှာ ရက်စက်ကြမ်းကြုတ်သော၊ လူသတ် သမား၏ မျက်နှာကဲ့သို့ ခက်ထန်ကြမ်းတမ်းနေလေသည်။

သူက လူရှုယ်အနီးသို့ ရောက်ရှိလာသောအခါ ကောက် ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

''မင်းလဲ သင်္ချိုင်းကို သွားပါတော့''

သူက ယင်းသို့ပြောပြီး လူရှုယ်အား ပွေ့ချီလိုက်လေ၏။

သူ၏ဟန်မူရာမှာလူရှုယ်လန့်နိုးသွားမည်ကိုလုံးဝပူပန်ခြင်း မရှိပါချေ။



လူရှုယ်အား ပွေ့ချီရင်း အေးဆေးသော ခြေလှမ်းအစုံ ဖြင့် ဆိုင်အနောက်ဘက်သို့ရောက်လျှင် တံခါးတွန်းဖွင့်ကာ ခြံထောင့်ထဲသို့ ဝင်သွားလေသည်။

ထို့မှတစ်ဆင့် လမ်းကြားလေးအတိုင်း အနောက်ဘက်သို့ တည့်တည့်လမ်းလျှောက်လာသည်။

သူ၏ခြေလှမ်းဦးတည်ရာအရပ်၌ လူနေအိမ်ခြေဟူ၍ မရှိ ချေ။

ထိုလူရှုယ်အား ပြောပြခဲ့သည့်အတိုင်း သင်္ချိုင်းကိုသာ မြင် တွေ့ရလေသည်။

ဝိုးတဝါးလရောင်အောက်တွင် ဖြူဖွေးသော အုတ်ဂူများ မသဲမကွဲ တွေ့မြင်နေရသည် မဟုတ်ပါလား။

ရှုတ်တရက် ခွေးအူသံများကလည်း ထိတ်လန့်ဖွယ်ရာ ဆွဲငင်ငင် ထွက်ပေါ်လာပြန်သည်။

ဤသို့မှ ကြောက်မက်ဖွယ်ရာကောင်းသော ညမျိုးတွင် လူဝကြီးက မည်သည့်ရည်ရွယ်ချက်ဖြင့် လူရှုယ်အား သင်္ချိုင်း ကုန်းသို့ ခေါ်ဆောင်လာရပါသနည်း။

ထိုလူဝကြီးမှာ မည်သူဖြစ်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



လူဝကြီးက ဆိုင်အနောက်ဘက်တံခါးမှ ထွက်ခွာသွ
ပြီးနောက် ခေါင်မိုးပေါ်မှ ရုတ်တရက် လူရိပ်သုံးခု ထ
ပေါ်လာလေသည်။

မသဲမကွဲသောအလင်းရောင်ကြောင့် လူရိပ်နှစ်ခုမှာပိန်
ပါးပါးဖြစ်ပြီး ကျန်လူရိပ်တစ်ခုမှာ ခပ်ဝဝပုံသဏ္ဌာန်ရှိသ
ကို တွေ့ရ၏။

ထိုလူရိပ်သုံးခုမှာ အိမ်ခေါင်မိုးပေါ်မှ တစ်ဆင့်
အနောက်ဘက်ဆီသို့ လျှောက်သွားကြလေသည်။

တစ်ဖန် ကွယ်ပျောက်သွားလေသည်။

ညဉ့်နက်သန်းခေါင် လူဝကြီး အသားကင်ဆိုင်ကလေး
ခေါင်မိုးပေါ်သို့ လျှို့ဝှက်လှုပ်ရှားနေသူများမှာ မည်သူမျ
ဖြစ်ပါသနည်း။

သိုင်းလောကတွင် လူတိုင်းလူတိုင်းသည် မြေမင်းသာ
အား စိတ်ဝင်စားလျက် ရှိကြလေသည်။

မြေမင်းသားက ကြယ်တံခွန်ဂိုဏ်းအား တိုက်ခိုက်မည်
သတင်းများ ထွက်ပေါ်လာသောအခါ သိုင်းလောကသ
များသည် ကြယ်တံခွန်ဂိုဏ်းတည်ရှိရာ ကျန်းပိုမြို့သို့ တ
တဆိတ် ရောက်လာကြပြီး အကဲခတ် စောင့်ကြည့်နေခဲ့ြ
သည်။

မကောင်းသူငယ် ကောင်းသူကယ်သော မြေမင်းသ
အား သိုင်းလောကသားများက ဒုက္ခပေးကြမည်မဟုတ်



ည်သူမည်ဝါဖြစ်ကြောင်း သိလိုရှိသော စိတ်ဝင်တစား စောင့်
ည့်နေခဲ့ကြခြင်း ဖြစ်လေသည်။

ကြယ်တံခွန်ဂိုဏ်းအား မြေသေတစ်ကောင် လက်ဆောင်
ခဲ့သော လူငယ်နှင့် လျှို့ဝှက်သော အသားကင်ဆိုင်ပိုင်ရှင်
ဝကြီးသည် အများ၏ စိတ်ဝင်စားစရာဖြစ်လေသည်။

နေရာပလ္လင်အောင်စောင့်ကြည့်နေသော သိုင်းသမားများ
ကိ အချို့က လူဝကြီး၏လုပ်ရပ်ကို ခြေရာခံမိသွားခြင်း
ဖြစ်လေတော့သည်။

လူဝကြီးကလည်း တွေဝေစဉ်းစားမနေတော့ဘဲ လူရှယ်
အား ပွေ့ချီကာ အမှောင်ထုထဲသို့ လျင်မြန်စွာ ထိုးဝင်
သွက်လေတော့သည်။

❁

www.burmeseclassic.com

www.burmeseclassic.com

## ''လှည်းကွက်''

ညဉ့်။

ညဉ့်နက်လှပြီဖြစ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်မှောင်မည်းနေ၏။

''အူး....ဝူး....ဝူး''

ရုတ်တရက် ဆဲ့ဆဲ့ငင်ငင်ထွက်ပေါ်လာသော ခွေးအူသံက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေသည်။

သချိုင်း၏ညဉ့်မှာ ခြောက်သွေ့လျက် ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းလှပေသည်။

လရောင်၏ မပီဝိုးတဝါး လရောင်အောက်တွင် ဖြူဖွေးနေသော အုတ်ဂူများကို တွေ့မြင်နေရလေသည်။

တချို့အုတ်ဂူများက သစ်လွင်တောက်ပလျက် ရှိသေးသော်လည်း တချို့အုတ်ဂူများမှာ ယိုယွင်းပျက်စီးနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုဝကြီးက အုတ်ဂူများကိုကွေ့ပတ်ကာ လျှောက်သွားနေလေသည်။

သူက ဤနေရာသို့ မကြာခဏ ရောက်ခဲ့ဖူးပုံရ၏။

သချိုင်းမြေမှာ သူနှင့် အလွန်ရင်းနှီး ကျွမ်းဝင်နေသည့်အလားပင်။

သူက လူရွယ်အား အချိန်ကြာမြင့်စွာ ပွေ့ချီယူလာသော်လည်း လက်ညောင်းခြင်း၊ မောပန်းခြင်း ရှိပုံ မတွေ့ပါချေ။

အုတ်ဂူများကိုကွေ့ပတ်ရင်း အရှေ့ဘက်ရှိဇရပ်ပျက်ကြီးတစ်ခုကို ဘွားခနဲတွေ့မြင်လိုက်ရ၏။

ဇရပ်ပျက်ကြီးမှာ ညအမှောင်ထောက်တွင် မကောင်းဆိုးဝါးတစ်ကောင်အလား မသပ်မယှက်ရှိနေလေသည်။

ရုတ်တရက် လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသဖြင့် ဇရပ်ပျက်ကြီးမှာ မကောင်းဆိုးဝါးတစ်ကောင်၏ အော်မြည်သံအလား တကျွီကျွီ အီအီမြည်သံများ ထွက်ပေါ်လာလေသည်။

ယင်းဇရပ်ပျက်ကြီးမှာ သချိုင်းမြေအတွင်း အလောင်းများ မြှုပ်နှံထားသော အသုဘလုပ်ကိုင်ကြသည့် သုဘရာဇာများ၏ ကွန်းခိုအနားယူရာစခန်းကြီးဖြစ်လေသည်။



လှိုဝကြီးက လူရွယ်ကို ပွေ့ပိုက်လျက် ဇရပ်ပျက်ကြီးပေါ်သို့ ကျောက်လှေကားထစ်များအတိုင်း နင်းကာ တက်သွားလေသည်။

ဇရပ်ပျက်ကြီးတချို့နေရာများတွင် အမိုးများကျန်ရှိနေသေးသဖြင့် အောက်ဘက်တွင် အမှောင်ရိပ်က ဖုံးကျနေလေသည်။

လှိုဝကြီးမှာ ဇရပ်ပျက်ကြီးပေါ်သို့တက်ကာ အမှောင်ထုထဲသို့ တိုးဝင်ကွယ်ပျောက်သွားလေတော့သည်။

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာသည်။

တိတ်ဆိတ်ခြောက်ခြားခြင်းက သချိုင်းမြေကို လွှမ်းမိုးထားလေသည်။

ညငှက်တစ်ကောင်က အတောင်ပံ တဖျပ်ဖျပ်ခတ်ရင်း မျက်စိလည် လမ်းမှားကာ သချိုင်းမြေထဲသို့ ရောက်ရှိလာသည်။

ထိုငှက်မှာ အဝေးမှပျံသန်းလာရသဖြင့် မောပန်း၍လား မသိ။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တစ်ပင်ထိပ်တွင် နားခိုလိုက်လေသည်။

ရုတ်တရက် သချိုင်းမြေအတွင်းမှ ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာ မြင်ကွင်းကို တွေ့မြင်လိုက်ရ၍လားမသိ၊

အစ်ခနဲအော်မြည်ကာ အဝေးသို့ လျင်မြန်စွာ ပျံသန်းသွားပြီး အမှောင်ထုအတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

ညဥ့်ငှက်နားခိုသော သစ်ပင်ကြီးအောက်တွင် ကြီးမားသော အုတ်ဂူတစ်လုံးမှလွဲ၍ ထူးခြားမှု မရှိပါချေ။

ကြီးမားသောအုတ်ဂူမှာ ဟောင်းနွမ်းနေပြီဖြစ်၏။

သို့သော် ပျက်စီးယိုယွင်းမှုမရှိပါချေ။

တစ်စုံတစ်ယောက်က ယင်းအုတ်ဂူကို ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု ထင်မှတ်ရ၏။

အုတ်ဂူပေါ်တွင် ရေညှိတက်နေမှုမရှိသကဲ့သို့ အုတ်ပြားများ ကွာကျခြင်းမရှိပါချေ။

ရုတ်တရက် ယင်းအုတ်ဂူမှာ စာတန်းကမ္ဗည်း ထိုးထားသော ကျောက်ပြားက တဖြည်းဖြည်း နံဘေးသို့ ရွေ့လျားသွားလေသည်။

အတန်ကြာကျောက်ပြားရွေ့ပြီးနောက် အပေါက်တစ်ခု ဖြစ်ပေါ်လာခြင်းကို မြင်တွေ့လိုက်ရ၏။



ထို့နောက် လူတစ်ယောက်က ယင်းအပေါက်ထဲမှ လှမ်းထွက်လာခြင်းကို မြင်တွေ့လိုက်ရ၏။

ထိုလူမှာ ဆိုင်ရှင်လူဝကြီးပင်ဖြစ်သည်။

ဆိုင်ရှင်လူဝကြီးက လူရွယ်အား ပွေ့ပိုက်ထားဆဲပင်ဖြစ်သည်။

သူက အုတ်ဂူအတွင်းမှ တိုးထွက်လာပြီးနောက် လူရွယ်အား မြေပေါ်သို့ချလိုက်၏။

ထို့နောက် ကမ္ဗည်းထိုးထားသော ကျောက်ပြားကို လက်ဖြင့် ပိတ်လိုက်လေသည်။

ယင်းအချိန်ကျမှ သူက သက်ပြင်းတစ်ချက် ချလိုက်လေတော့သည်။

"အင်း....သူတို့ကို မျက်ခြည်ပြတ်အောင် လုပ်ခဲ့နိုင်လို့တော်ပါသေးရဲ့"

သူက တီးတိုးရေရွတ်လိုက်ခြင်း ဖြစ်သည်။

"ခင်ဗျား မဆိုးဘူး၊ ဒါပေမယ့် နောက်ယောင်ခံလိုက်လာတဲ့လူတွေ ရှိနေသေးတယ်ဗျ"

ရုတ်တရက် အလွန်တိုးညင်းသောအသံတစ်ခု ထွက်ပေါ်လာလေသည်။

လူဝကြီး၏ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက အနောက်ဘက်သို့ ချာခနဲလှည့်ကာ ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ရှုလိုက်၏။

သို့သော် နှစ်ခြိုက်စွာအိပ်မောကျနေသော လူ့ရှယ်မှလွဲ၍ မည်သူ တစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။

ဆိုင်ရှင်လူဝကြီး၏မျက်နှာ ကွက်ခနဲပျက်သွား၏။

သူက သမ်းချိုင်းမြေအတွင်းရှိ ပုန်းကွယ်နိုင်သော နေရာများကို ပို၍ သေချာအောင် ထပ်မံ အကဲခတ်ကြည့်ရှုလိုက်သည်။

ထိုအချိန်တွင် အလွန်တိုးညင်းသောစကားသံက ထွက်ပေါ်လာပြန်သည်။

''အုတ်ဂူရဲ့ ယာဘက်မှာ ကျောက်ကြီးခက်ရဲ့သူတွေ ရှိနေတယ်၊ သူတို့ကိုတော့ ခင်ဗျား လှည့်စားလို့ရမှာ မဟုတ်တော့ပါဘူး''

စကားသံကတိုးညှင်းလှသော်လည်း ကြည်လင်ပြတ်သားလှပေသည်။

လူဝကြီး၏ နဖူးပြင်မှ ချွေးများ စိမ့်ထွက်လာသေးသည်။

သူသည် သရဲတစ္ဆေကို ယုံကြည်သူမဟုတ်သဖြင့် သရဲခြောက်ခြင်းဟု မခံစားရပါချေ။

သူ၏ ပတ်ဝန်းကျင်၌ သတိပေးပြောဆိုနေသူ တစ်ဦးရှိနေပြီဟု သိလိုက်လေသည်။



ဤသို့ဆိုလျှင်ထိုသတိပေးပြောဆိုနေသူမှာ မည်သူဖြစ်ပါသနည်း။

လူဝကြီး၏မျက်လုံးအစုံက နှစ်ခြိုက်စွာ အိပ်မောကျနေသော လူ့ရှယ်ဆီသို့ ရောက်ရှိသွားလေသည်။

သူက ပြုံးလိုက်မိသည်။

သူက သက်ပြင်းတစ်ချက် ချလိုက်မိသည်။

''အင်း....အမှန်တော့ ကျုပ်ဟာ မင်းကို အလွယ်တကူဖမ်းလို့ရတော့ဘူးဆိုတာ သဘောပေါက်သင့်ပါတယ်၊ အခုတော့ မင်းက ကျုပ်ရဲ့လျှို့ဝှက်ချက်ကို အတော်လေး သိသွားပြီကိုး''

လူရှယ်က စုတ်တုတ်မျှမလှုပ်ပါချေ။

သူက နှစ်ခြိုက်စွာ အိပ်နေဆဲပင်ဖြစ်၏။

လူဝကြီးက တင်းမာသောမျက်နှာထားဖြင့် ပြောလိုက်၏။

''မင်းက အတော်ဟန်ဆောင်ကောင်းတာကိုး၊ ဒါပေမယ့် ကျုပ်ကို လှိမ့်လို့မရဘူးဆိုတာ နားသည်ထားပါ''

လူရှယ်က နှစ်ခြိုက်စွာ အိပ်မောကျနေဆဲပင်။

သို့သော်....

''ခင်ဗျား စကားတွေအများကြီး ပြောနေရဲ့၊ ကျုပ်ထက် ကျောက်ကြီးခက်ရဲ့လူတွေက ကြောက်စရာပိုကောင်း

www.burmeseclassic.com



တယ်ဆိုတာ သတိထားပါ၊ ကျုပ်က ခင်ဗျားကိုသတ်ချင်မှ သတ်မှာ၊ ဒါပေမယ့် ကျင်းကြီးခက်လူတွေကတော့ ခင်ဗျားကို ဝိုင်းပြီး အမဲဖျက်ကြလိမ့်မယ်"

ဆိုင်ရှင်လူဝကြီး၏ခန္ဓာကိုယ် သစ်ချက်တုန်ခါသွားလေတော့သည်။

သူက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်ရဲ့လျှို့ဝှက်ချက်တွေ ပေါ်ကုန်ပြီဆိုတော့ ကျုပ်သေလဲ မထူးတော့ပါဘူး၊ ဒါပေမယ့် ကျင်းကြီးခက်လို လူယုတ်မာကို မသတ်ရတာကိုတော့ ရင်ထဲမှာ နာကြည်းလှတယ်ကွာ"

"ခင်ဗျား ဘာဖြစ်လို့ ကျင်းကြီးခက်ကို သတ်ချင်ရတာလဲ"

"ဒါ မင်းနဲ့မဆိုင်ပါဘူး"

သူ၏အသံက တင်းမာအေးစက်နေလေသည်။

လူရွယ်ထံမှ အလွန်တိုးညင်းသောရယ်မောသံ ထွက်ပေါ်လာပြန်လေသည်။

"ခင်ဗျား သေချာပြောနိုင်သလား"

လူဝကြီးက မျက်မှောင်ကြုတ်လိုက်သည်။

"မင်းစကားက ဘာအဓိပ္ပာယ်လဲ"

"ကျုပ် ဒီကိစ္စမှာ အနည်းဆုံးတော့ ခင်ဗျားတို့ကို အကူအညီပေးနိုင်ပါတယ်"



လူဝကြီး တွေဝေသွားလေသည်၊

သူ၏ရင်ထဲ၌ လူရွယ်မှာထူးခြားမှုတစ်ခုံတစ်ရာရှိနေသူဟု ခံစားမိနေလေသည်။

သို့သော် မိမိ၏လျှို့ဝှက်ချက်ကို လူရွယ်က ကုန်စင်အောင် သိထားသောကြောင့် မိမိရန်သူဖြစ်လေသည်။

ထို့ကြောင့် သူက လူရွယ်ကိုကြည့်ရင်း မဲ့ပြုံးပြုံးလိုက်လေသည်။

"မင်းက မြွေမင်းသားကို သတ်မယ့်သူလား"

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား သေသေချာချာ သိလို့သား"

"မင်း ဘယ်သူပဲဖြစ်ဖြစ် ကျုပ်ရဲ့လျှို့ဝှက်ချက်ကို သိရှိထားတဲ့လူဆိုတော့ ကျုပ် သတ်ပစ်ရမှာပဲ"

လူရွယ်က မျက်လုံးမှိတ်ထားဆဲပင်ဖြစ်သည်၊

သို့သော် သူ၏နှုတ်ခမ်းများကမူ ပြုံးနေသေးသည်၊

"အကယ်၍သာ ထင်းယုက အကူအညီတောင်းလိုလာခဲ့တာဆိုရင်တော့ ခင်ဗျားက ကျုပ်ကို သတ်ဦးမှာလား"

ထင်းယုဆိုသော နာမည်ကြောင့် လူဝကြီး၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

သူက လူရွယ်အား မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ထင်းလေး ဟုတ်သလား"

"ဟုတ်တယ်"

"သူ အခုဘယ်မှာလဲ"

"သေပြီ"

လူရွယ်၏အဖြေက တိုတောင်းလှပေသည်။

လူဝကြီး၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး စကား မဆက်နိုင်တော့ချေ။

တစ်ခဏအကြာတွင် သူ၏မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာခြင်းကို တွေ့မြင်လိုက်ရလေတော့သည်။

"ရုတက်ပွေ့သူ"

သချိုင်းမြေတစ်ခုလုံး ငြိမ်သက်နေလေသည်။
လူဝကြီးကလည်း ငြိမ်သက်စွာ ဒူးထောက်နေလေသည်။
သူ၏ပုံသဏ္ဍာန်မှာ တစ်စုံတစ်ယောက်အား စောင့်မျှော်နေခြင်းနှင့် တူလှပေသည်။
အမှန်တွင် သူ ငြိမ်သက်စွာထိုင်နေခြင်းမှာ လူရွယ်နှင့် စကားပြောနေခြင်းဖြစ်သည်။
သို့သော် သူတို့နှစ်ယောက်အား အဝေးမှကြည့်ပါလျှင် တစ်ယောက်က မြေပြင်ပေါ်၌ ငြိမ်သက်စွာလဲလျောင်းကာ အိပ်ပျော်နေပြီး ကျန်တစ်ယောက်က ထိုင်နေသည်ဟု ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရှုယ်မှာ သတိကောင်းစွာရရှိနေပြီဟု မည်သူက[illegible]
ရိပ်စားမိမည် မဟုတ်ပါချေ။

ထို့အတူ မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်၏နောက်[illegible]
ကွယ်မှ ချောင်းမြောင်းကြည့်ရှုနေသူ နှစ်ယောက်ကလည်း[illegible]
မရိပ်မိပါချေ။

ယင်းနှစ်ယောက်မှာ ကြယ်တံခွန်ဂိုဏ်းမှ ဂိုဏ်းချုပ်
ကျင်းကြုံးခက်၏ကိုယ်ရံတော်များပင် ဖြစ်ကြလေသည်။

ကြယ်တံခွန်ဂိုဏ်း။

ကြယ်တံခွန်ဂိုဏ်းတစ်ခုလုံး မီးရောင်များ ထိန်ထိန်လင်း
နေလေသည်။

ကြယ်တံခွန်ဂိုဏ်း၏ဂိုဏ်းချုပ် ကျင်းကြုံးခက်မှာ ငြိမ်သက်
စွာထိုင်နေသည်။

သူကား ငြိမ်သက်စွာထိုင်နေသော်လည်း စိတ်အစဉ်ကမူ
ပျံ့လွင့်နေလေသည်။

လူရှုယ်၏သတင်းကိုစုံစမ်းရန် စေလွှတ်လိုက်သော လူသန်
ကြီးဝါးပင်က ပြန်လည်ရောက်ရှိလာခြင်း မရှိသေးချေ။



သူက သံမဏိဝမ်းအင်းအား လှမ်းကြည့်လိုက်သည်။

"ဝမ်းအင်း....ဝါးပင် ထွက်သွားတာကြာပြီ၊ အခု
အချိန်ထိ ပြန်မရောက်လာသေးပါလား"

"သူ ပြန်လာမှာပါ"

ကျင်းကြုံးခက် မျက်မှောင်ကြုတ်လိုက်၏။

"ဒီလောက်အချိန်တွေကြာနေတာ သူတစ်စုံတစ်ခုများ
အန္တရာယ်ရှိနေသလား မသိဘူး"

သံမဏိဝမ်းအင်း အနည်းငယ် စဉ်းစားလိုက်သည်။

"မဖြစ်နိုင်ပါဘူးခင်ဗျာ၊ လူသန်ကြီးဝါးပင်က ပါးနပ်တဲ့
လူတစ်ဦးပါ၊ ရန်သူတစ်ယောက်ကို အပိုင်ချုပ်ကိုင်လို့မရဘူး
ဆိုရင် အဝေးကစုံစမ်းမှာ သေချာပါတယ်"

ကျင်းကြုံးခက် ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီလေ၊ ကျုပ် ခု အိပ်တော့မယ်၊ အကယ်၍
ဝါးပင် ပြန်လာခဲ့ရင် ချက်ချင်းအကြောင်းကြားပါ"

သံမဏိဝမ်းအင်းက ဂါရဝပြုလိုက်၏။

"ကောင်းပါပြီ ခေါင်းဆောင်ကြီး"

ကျင်းကြုံးခက် ထိုင်ရာမှသကာ အခန်းတွင်းသို့ဝင်ရောက်
သွားလေသည်။

သံမဏိဝမ်းအင်း ကျားနက်ဆင့်ကူးနှင့်သွေးအေးဟန်စန်း
တို့က အခန်းအပြင်တွင် ရပ်၍စောင့်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကြူးခက်မှာ အခန်းတွင်းသို့ ရောက်သောအခါမှ သက်ပြင်းချလိုက်သည်။

သူက မြေမင်းသား၏ ခြိမ်းခြောက်မှုကို ခံရပြီးနောက် အလွန်အမင်း တုန်လှုပ်ချောက်ချားသော်လည်း ယခုအခါ ခေါင်းအေးအေးဖြင့် စဉ်းစားလာနိုင်ခဲ့ပြီး ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သိုင်းပညာအလွန်အဆင့်မြင့်ပြီး ထူးဆန်းသော လူရှယ်ကရောက်ရှိလာကာ မြေအသေကိုမယ် အပ်သွားခဲ့သည် မဟုတ်ပါလား။

သူက ဝါးပင် ပြန်လည်ရောက်ရှိလာမည့်အချိန်ကိုသာ စောင့်မျှော်ရပေမည်။

ဝါးပင် ပြန်ရောက်လာပါက ထူးခြားသော သတင်းများ သယ်ဆောင်လာလိမ့်မည်ဟု သူကယုံကြည်နေ၏။

သူက စဉ်းစားတွေဝေနေသဖြင့် အိပ်မပျော်နိုင်ဘဲဖြစ်နေရလေသည်။

သူ၏စဉ်းစားချက်များတွင် မြေမင်းသားအား မေ့လျော့ကာ လူရှယ်ကိုသာ စိတ်ဝင်စားနေမိလေသည်။

လူသန်ကြီးဝါးပင် အမြန်ဆုံး ပြန်ရောက်ပါစေဟုလည်း သူက ကျိတ်၍ဆုတောင်းနေမိလေသည်။

ထိုအချိန်တွင် တံခါးခေါက်သံ ရုတ်တရက်ထွက်ပေါ်လာလေ၏။



"ဒေါက်....ဒေါက်....ဒေါက်"

ကျင်းကြူးခက်က ရုတ်တရက် ခေါင်းထောင်ထလာ၏။

"ဘယ်သူလဲ"

သူ၏အသံက အက်ကွဲခြောက်သွေ့နေလေသည်။

ညာဘက်လက်ကလဲ ခါးတွင် မချတမ်းချိတ်ဆွဲထားမြဲသော ဓားရိုးကို ဆုပ်ကိုင်ထားလေသည်။

အခန်းအပြင်မှ အသံထွက်ပေါ်လာလေသည်။

"လူသန်ကြီးဝါးပင် ပြန်ရောက်လာပါပြီဂိုဏ်းချုပ်ကြီး"

ကျင်းကြူးခက်၏ မျက်လုံးများ ဝင်းလက်တောက်ပသွားလေသည်။

"ဆင့်ကူး၊ မင်းတို့အပြင်မှာ ဆက်စောင့်နေပါ၊ ဝါးပင်ကို လွှတ်လိုက်"

သူ၏ စကားဆုံးသွားသောအခါ အခန်းတံခါးပွင့်သွားလေတော့သည်။

ထို့နောက် လူတစ်ယောက် အခန်းတွင်းသို့ ဝင်ရောက်လာသည်။

လူသန်ကြီးဝါးပင် ဖြစ်လေတော့သည်။

✲

လူသန်ကြီးဝါးပင်က အခန်းဝတွင် ရပ်နေလေသည်။

သူက ခေါင်းငုံ့၍ ရပ်နေခြင်းဖြစ်၏။

ကျင်းကြူးခက်က သူ့အား အကဲခတ်ကြည့်ရှုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါးပင်မှာ အစဉ်အမြဲ တက်တက်ကြွကြွ ရှိနေသူတစ်ဦး ဖြစ်လေသည်။

ယခုကဲ့သို့ ခေါင်းငိုက်စိုက်ချထားခြင်းမှာ တစ်စုံတစ်ခုကို လက်လွှတ်အရှုံးပေးခဲ့ရသဖြင့် စိတ်ပျက်နေခြင်းဖြစ်ကြောင်း ကျောင်းကြိုးခက်က ချက်ချင်းနားလည်လိုက်သည်။

သူက ဝါးပင်အား အတန်ကြာအောင် အကဲခတ်ကြည့်ရှုလိုက်သည်။

"အခြေအနေ ဘယ်လိုလဲ"

ဝါးပင်က သက်ပြင်းချလိုက်သည်။

"ကျွန်တော် သူ့ကို မျက်ခြည်ပြတ်သွားပါတယ်"

ကျောင်းကြိုးခက်၏မျက်နှာ အနည်းငယ်တင်းမာသွားသည်။

"ဘာ....မျက်ခြည်ပြတ်သွားတယ် ဟုတ်လား"

ဝါးပင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ကျောင်းကြိုးခက် မဲ့ပြုံး ပြုံးလိုက်သည်။

"မင်းတို့ အကြားအမြင်များတယ်ဆိုတာ ဘာလဲ၊ ဒီမြို့ထဲမှာ မြွေမင်းသားရဲ့သတင်းကို ရနိုင်တဲ့နေရာ ရှိတယ်ဆိုတာတောင်မှ မသိလိုက်ကြဘူးလား"

ကျောင်းကြိုးခက်က မဲ့ပြုံး ပြုံးပြီး ပြောလိုက်လေသည်။



ဝါးပင်၏မျက်နှာ ကွက်ခနဲ ပျက်သွားမိလေသည်။

ကျောင်းကြိုးခက်က သူ့အား စူးစိုက်ကြည့်လိုက်သည်။

"ဝါးပင်"

သူ၏အသံက အေးစိမ့်နေလေသည်။

ဝါးပင်က ဦးညွှတ်လိုက်သည်။

"ပြောပါ ဂိုဏ်းချုပ်ကြီး"

ကျောင်းကြိုးခက်က သူ့အား စိုက်ကြည့်လိုက်၏။

"အသားကင်ဆိုင်ပိုင်ရှင်ကို ကျုပ်လိုချင်တယ်"

ဝါးပင်က ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ခေါင်းဆောင်ကြီး၊ ကျွန်တော် အခုချက်ချင်း သွားဖမ်းခေါ်လာခဲ့ပါမယ်"

သူက ပြောပြီး လှည့်ထွက်ရန်ဟန်ပြင်လိုက်၏။

"နေဦး"

ကျောင်းကြိုးခက်က ဟန့်တားလိုက်သည်။

ဝါးပင်၏ ခြေလှမ်းရပ်တန့်သွားသည်။

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

"အကယ်၍ အသားကင်ဆိုင်ပိုင်ရှင်ဟာ မြွေမင်းသားနဲ့ ပတ်သက်နေတယ်ဆိုရင် အလွယ်တကူ ဖမ်းလို့ရမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူက အနည်းငယ်စဉ်းစား၍ စကားဆက်လိုက်သ

"ဒီတော့ မင်း ဆင့်ကျူးကို အဖော်ခေါ်သွားပါ၊ သူ

သာ မြေမြင်းသားနဲ့ ပတ်သက်တဲ့သတင်းကိုရောင်းမယ်ဆို

ကျူးပဲဝယ်မယ်၊ ဘယ်သူမှမဝယ်ပါစေနဲ့"

ဝါးပင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

"ကောင်းပြီ၊ ကဲ...မင်းသွားတော့"

ဝါးပင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

သူက ပြောပြီး ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

သို့သော် သူက ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားလေသ

ကျောင်းကြီးခက် မျက်မှောင်ကြုတ်လိုက်သည်။

"မင်း ဘာဖြစ်လို့ မသွားသေးတာလဲ"

ဝါးပင်က မဝံ့မရဲလေသံဖြင့် ပြောလာသည်။

"ဒီ...ဒီလိုပါ၊ ကျွန်တော်တို့က လူစုလူဝေးနဲ့သွား ဆိုင်ရှင်လူဝကြီး ထွက်ပြေးသွားမှာပေါ့၊ နောက်ပြီးအသ ကင် ဆိုင်ထဲမှာ ကျော်ကြားတဲ့ သိုင်းသမားတွေ အများ ရောက်နေတဲ့အတွက် အချင်းများနိုင်စရာအကြောင်း ရှိ တယ်"



ကျောင်းကြီးခက် တွေဝေသွားသည်။

သူက တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေဟန်ဖြင့် ခေတ္တငြိမ်သက်နေသည်။

"မင်း ဘယ်လိုလုပ်ချင်သလဲ"

"ကျွန်တော် လူတစ်ယောက်ပဲ အဖော်ခေါ်သွားပြီး အခြေအနေကို အကဲခတ်ကြည့်ချင်ပါတယ်၊ အသားကင်ဆိုင်ထဲက သိုင်းသမားတွေ ရှင်းသွားတဲ့အခါကျမှ အသားကင်ဆိုင် ပိုင်ရှင်ကိုခေါ်ခဲ့ပါ့မယ်"

ကျောင်းကြီးခက် ဘဝင်မကျ ဖြစ်သွားလေသည်။

"ဒီလိုဆိုရင် မြေမြင်းသားရဲ့သတင်းကို သိုင်းသမားတွေ ရသွားမှာပေါ့"

ဝါးပင်က ပြုံးလိုက်သည်။

"သူတို့ သတင်းရသွားလေလေ ကျွန်တော်တို့အတွက် ကောင်းလေလေပါပဲ၊ သိုင်းသမားတွေဟာ မြေမြင်းသားကို ဖိတ်ခေါ်ဖို့ စုံစမ်းကြလိမ့်မယ်"

သူက စကားဆက်လိုက်သည်။

"မြေမြင်းသားလဲ သူ့ရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်ပြချင်မှာ မဟုတ်ဘူး၊ ဒီတော့ သူက သိုင်းသမားတွေဆီက လွတ်အောင်ရှောင်ရမယ်၊ ဒါမှမဟုတ်ရင်လဲ ရင်ဆိုင်တိုက်ခိုက်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကြုံးခက်က ဝါးပင်ပြောလိုသော စကားအဓိပ္ပာယ်ကို နားလည်လိုက်၏။

အသားကင်ဆိုင်ပိုင်ရှင်လူဝကြီးက မြွေမင်းသား၏သတင်းကို များများဖြန့်ချိနိုင်ပါက သူတို့အတွက် ကောင်းလေလေပင်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မြွေမင်းသားမှာ မိမိအားစုံစည်းသော သိုင်းသမားများနှင့် လုံးပမ်းရင်း အချိန်ကုန်ဆုံးသမ်းအခါ ကျင်းကြုံးခက်အား လုပ်ကြံရန် အကြံအစည် နည်းပါးသွားမည် မဟုတ်ပါလော။

ထို့ကြောင့် မြွေမင်းသားကို စုံစမ်းရန် အနယ်နယ်ရပ်ရပ်မှ သိုင်းသမားများ ရောက်လာကြခြင်းမှာ ကျင်းကြုံးခက်အား၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရန် ရောက်ဖွဲခြင်းနှင့် အတူတူပင်ဖြစ်၏။

ကျင်းကြုံးခက်က ကျေနပ်စွာ ပြုံးလိုက်သည်။

သူက ဝါးပင်အား လက်တစ်ဖက်မြှောက်ပြလိုက်လေ၏။

"မင်းမဆိုးဘူး၊ ဂဲ....ဆိုင်ရှင်လူဝကြီးနဲ့ပေါင်းသက်ပြီး မင်းကြိုက်သလို လုပ်ဆောင်နိုင်တယ်"

ဝါးပင်၏ရင်ထဲ၌ ယခုမှ အနည်းငယ် ပေါ့ပါးသွားလေသည်။

"ခုလိုခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်"



ကျင်းကြုံးခက် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ မင်းသွားတော့"

ဝါးပင်က တစ်ချက်ဦးညွှတ်ကာ ချာခနဲလှည့်ကာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

❖

ဝါးပင်က ကျင်းကြုံးခက်ထံမှထွက်လာပြီးနောက် ဆင့်ကူးအား ဝင်ခေါ်လိုက်၏။

ထို့နောက် အကျိုးအကြောင်း ရှင်းပြပြီး အသားကင်ဆိုင်ကလေးဆီသို့ ပြန်ခဲ့လေသည်။

သူတို့ အသားကင်ဆိုင်ကလေးသို့ ပြန်ရောက်သောအခါ အုန်းမောင်းသုံးချက်တိတိ ရှိပြီဖြစ်၏။

အသားကင်ဆိုင်မှာ ပိတ်ထားပြီဖြစ်၍ ခပ်လှမ်းလှမ်းမှ အကဲခတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အသားကင်ဆိုင်ကလေးထဲမှ လူရိပ်များ အမှောင်ထဲ အကာအကွယ်ယူ၍ ပုန်းလျှိုးကွယ်လျှိုးနေခြင်းကို တွေ့မြင်လိုက်ရသည်။

ထို့ကြောင့် ဝါးပင်နှင့် ဆင့်ကူးတို့က ထိုလူရိပ်များ နောက်မှ ထက်ကြပ်မကွာ တိတ်တဆိတ် လိုက်လာကြသဖြင့် မြို့ပြင်သင်္ချိုင်းဆီသို့ ရောက်ရှိနေကြခြင်းပင် ဖြစ်လေတော့၏။

ဝါးပင်က မှတ်ချက်ချလိုက်သည်။

"ဆိုင်ရှင်လူဝကြီးက မခေဘူးနဲ့တူတယ်"

ဆင့်ကူးက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝါးပင်က ဆိုင်ရှင်လူဝကြီးထံသို့ အကဲခတ်ကြည့်ရှုလိုက်သည်။

လူဝကြီးက ဒူးထောက်နေဆဲပင် ဖြစ်သည်။

ဝါးပင်က မျက်မှောင်ကြုတ်လိုက်မိသည်။

"သူ့ကိုကြည့်ရတာ တစ်စုံတစ်ယောက်ကို စောင့်နေပုံ ရတယ်ကွ"

ဆင့်ကူးက ခေါင်းညိတ်လိုက်၏။

"ကျုပ်တို့ အခုနေ ဝင်ဖမ်းရင် မကောင်းဘူးလား"

ဆင့်ကူး ခေါင်းခါလိုက်သည်။



"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

ဆင့်ကူးက မချိပြုံးပြုံးလိုက်သည်။

"လူရွှယ်တောင်မှ မဟန်ဘူးဆိုရင် ကျုပ်တို့ကတော့ ဘာများတတ်နိုင်မှာတဲ့လဲ"

ယခုတစ်ကြိမ် ပါးစပ်ပိတ်ထားရသူမှာ ဝါးပင်ဖြစ်သည်။

ဆင့်ကူး စကားဆက်လိုက်သည်။

"အကောင်းဆုံးက ဂိုဏ်းချုပ်ကြီးဆီကို မင်းပြန်သွားပြီး သတင်းပို့ပါ၊ ကျုပ်က သူ့ကို မျက်ခြည်မပြတ်အောင် စောင့်ကြည့်နေမယ်"

ဝါးပင်က ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်မသွားချင်ဘူး"

ဆင့်ကူး မကျေမနပ်ဖြစ်သွား၏။

"ဘာလဲ...ဒါဆိုရင်...ခင်ဗျားက သူ့ကို ဒီအတိုင်းကြည့် နေမှာပဲလား"

ဝါးပင်က ပြုံးလိုက်သည်။

"လက်ပိုက်ကြည့်နေမယ်ထင်ရင်တော့ မှားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူက စကားဆုံးသောအခါ အံကို တင်းတင်းကြိတ်၍ ဓားကို ဆွဲထုတ်လိုက်၏။

ထို့နောက် ဆိုင်ရှင်သူဝကြီးထံသို့ တစ်ဟုန်ထိုး ပြေးပင် သွားလေတော့သည်။

ဆင့်ကူးမှာ သူက ထွက်ပြေးသွားသဖြင့် မနေနိုင်တော့ဘဲ ခါးပင်နောက်သို့ ပြေးလိုက်သွားရလေတော့သည်။

## "အဆိပ်သင့် သွေးသောက်များ"

ညဉ့်....

နက်ရှိုင်းသောညဉ့်အချိန်ကို မကြာသေးမီက ဖြတ်ကျော်လာခဲ့ပြီးနောက် နံနက်ဘက်သို့ ကူးပြောင်းရန် အားယူနေပြီဖြစ်၏။

သို့သော် ယခုတိုင် အရုဏ်ဦးရောင်ခြည်များ ဖြိုတက်ခြင်း မရှိသေးပါချေ။

ခပ်မည်းမည်းသဏ္ဌာန်အရိပ်နှစ်ခုက အမှောင်ရိပ်ကိုအကာအကွယ်ယူကာ လျှပ်တစ်ပြက် ပြေးထွက်လာကြသည်ကို လရောင်အောက်တွင် မြင်တွေ့လိုက်ရ၏။

မြေပေါ်တွင် လဲလျောင်းနေသောလူရွယ်က မျက်စိမှိတ်ရင်းမှ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့လာနေကြပြီ"

လူဝကြီးက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ကျုပ် သူတို့ကို သတ်ပစ်မယ်"

"ခင်ဗျား မှားသွားမှာပေါ့"

လူဝကြီး၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ဘာဖြစ်လို့လဲ"

"ကျောင်းကြီးခက်ဆီမှာ ခင်ဗျားတို့ လူတော်တော် များများကို ဖမ်းထားကြတယ်လေ"

လူဝကြီး၏ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

သူက လူရှည်အား စိုက်ကြည့်လိုက်၏။

"မင်း...."

လူရှည်၏ မျက်နှာပေါ်တွင် အပြုံးရိပ်များ ထင်ဟပ်လာလေသည်။

"ခင်ဗျား အံ့သြနေသလား၊ ကျောင်းကြီးခက်က ကျောင်းကျွန်ရဲ့ လူတွေအများတော်များများကို ဖမ်းဆီးထားပြီးပြီလေ၊ အခု သူက အခြေအနေကိုစောင့်ကြည့်နေတာ"

သူက စကားဆက်လိုက်သည်။

"ခင်ဗျားတို့ရဲ့ အဖွဲ့က ထင်ထင်ရှားရှား လှုပ်ရှားလာတာနဲ့ တစ်ပြိုင်နက် ယှဉ်ပြိုင်ခဲ့တဲ့လူတွေက သတ်ပစ်လိမ့်မယ်၊



ာပြီး ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်ကြီးကျောင်းကျွဲရိုရဲ့ ဇနီးနဲ့ ကို ဒုက္ခပေးကြမှာ သေချာနေပြီ"

ူဝကြီး၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်ချောက်ချားလေသည်။

"မင်း....မင်း....ဒါတွေ ဘယ်လိုသိ...."

ူ၏ စကားမဆုံးမီ လူရှည်က ကြားဖြတ်ပြောလိုက်လေ

"ခုအချိန်မှာ ခင်ဗျား ဒါတွေသိချင်နေရင် အနည်းဆုံး ယောက်နဲ့ တိုက်ခိုက်ရပါလိမ့်မယ်၊ ရုတို့က ခင်ဗျားကို ရှေ့ရ အရှင်ရရ လိုချင်နေတယ်၊ ဒီတော့ ခင်ဗျားက က်ခိုက်ရင်း လက်လျှော့ခဲ့မယ်ဆိုရင်"

ူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်သည်။

ူဝကြီး၏ မျက်နှာပေါ်မှ ချွေးသီး ချွေးပေါက်များ င်းလာလေသည်၊

"ဒါ...ဒါဖြင့် ကျုပ် ဘာလုပ်ရမလဲ"

ူရှည်က အေးဆေးသောလေသံဖြင့် ပြောလာ၏။

"ဘာမှ မလုပ်နဲ့၊ ကျုပ်ကို ပွေ့ချီပြီး ပြေးပေတော့"

လူဝကကြီးက စောဒကမတက်နိုင်တော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူက လူရွှယ်အားပွေ့ချီကာ မြေပြင်ပေါ်မှ ခုန်ထ
သည်။

ထို့နောက် ဝါးပင်တို့နှင့် ဆန့်ကျင်ဘက် အရပ်ဆီ
ထွက်ခွါပြေးသွားလေတော့သည်။

ဝါးပင်နှင့် ဆင့်ကူးတို့မှာ ရုတ်တရက်ကြောင်အမ်းအ
ဖြစ်သွားကြရသည်။

သူ့ကို အချိန်မီဖြင့်ပြေးလာစဉ် လူဝကြီးက မလှုပ်မယှ
ထိုင်နေဆဲပင် ဖြစ်သည်။

သို့သော် သူတို့က လူဝကြီးနှင့်ခြေလှမ်းနှစ်ဆယ်ခန့်အကွ
အဝေးသို့ ရောက်သောအခါ လူဝကြီးက လူရွှယ်အား
ချီလျက် ရုတ်တရက်ခုန်ထွက်ပြေးသွားသည် မဟုတ်ပါလာ

သူတို့က ကြောင်အမ်းအမ်းဖြစ်ကာ ခြေလှမ်းတစ်ချ
တို့ခန့်ရပ်ဆိုင်းသွားပြီးမှ ချက်ချင်းပင် ပြေးလွှားသွား
လေသည်။

သို့သော် သူတို့မှာ လူဝကြီး၏ခြေလှမ်းအား မမီနိုင်တေ
ပါချေ။



လူဝကြီးက လူရွှယ်ကိုပွေ့ချီလျက် အုတ်ဂူများကို ကျေ
တော်ပြေးလွှားရင်း ပျောက်ကွယ်သွားလေသည်။

လူဝကြီး၏ခန္ဓာကိုယ် ကိုယ်ဖော့ပညာ အဆင့်မြင့်လွန်း၍
ဖြစ်လေသည်။

ဝါးပင်နှင့်ဆင့်ကူးတို့၏ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်
သွားလေသည်။

သူတို့က လူဝကြီးမှာ သိုင်းပညာ လျှို့ဝှက်ထားသော
ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်ကြောင်း သိရှိလိုက်
ရပြီမဟုတ်ပါလော။

သူတို့က လူဝကြီး၏ ကိုယ်ဖော့ပညာကို တွေ့မြင်ရလျှင်
ဆက်မလိုက်ဘဲ ရပ်တန့်လိုက်ကြရလေသည်။

သူတို့က အတွေ့အကြုံ ရင့်ကျက်သူများပီပီ လူဝကြီးမှာ
ညည်သူမည်ဝါ ဖြစ်ကြောင်း ခန့်မှန်းသိရှိလိုက်၏။

ထို့ကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်
လိုက်၏။

''သူ့ကို မင်း အကဲခတ်မိတယ် မဟုတ်လား''

ဆင့်ကူးက ခေါင်းညိတ်လိုက်၏။

''သူဟာ ငါတို့ ဂိုဏ်းချုပ်ကြီးရဲ့ အရေးကြီးတဲ့ ရန်သူ
တော့ထဲက တစ်ယောက်အပဲ အခင်ပဲကွ''

ဝါးပင် ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ်တို့ အမြန်ဆုံးပြန်ပြီး ဂိုဏ်းချုပ်ကြီးကို သတင်းပို့မှဖြစ်မယ်"

သူတို့ကပြောပြီး လှည့်ထွက်ရန် ခြေလှမ်း ပြင်လိုက်လေတော့သည်။

ယနေ့ ကျောင်းကြီးခက်၏ မျက်နှာတစ်ခုလုံး ပြုံးရွှင်နေလေသည်။

သူ ဝမ်းသာနေခြင်းမှာ မထူးဆန်းပါချေ။

သူ၏ လူများက ထူးခြားသောသတင်းများ ရလာခြင်းကြောင့် ဖြစ်သည်။

ကျောင်းကြီးခက်က စုရုံးရောက်ရှိနေသည့် သူ၏ ကိုယ်ရံတော်များအား ပြောလိုက်သည်။

"ကဲ...မင်းတို့ ဘယ်လောက် သိခဲ့ကြပြီလဲ၊ ပြောစမ်းပါဦး"

ဝါးပင်က သက်ပြင်းချလိုက်သည်။

"တကယ်တော့ ထိပ်တန်းအဆင့်မှာရှိတဲ့ အရက်ဆိုင်ပိုင်ရှင်လူဝကြီးဟာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ပါ"

သူက စကားကိုခေတ္တရပ်ကာ ဆက်ပြောသင့် မပြောသင့် စဉ်းစားဝေနေလေသည်။



ကျောင်းကြီးခက်က ပြုံးလိုက်သည်။

"ဝါးပင်...ခင်းတို့နဲ့ကျုပ် လက်တွဲလာခဲ့တဲ့ နှစ်ပေါင်း မနည်းတော့ပါဘူး၊ မင်းတို့ရဲ့ သစ္စာရှိမှုကိုလဲ ကျုပ်က သိရှိထားပါတယ်၊ ဒါကြောင့် ပြောစရာ ရှိတာကို ရဲရဲသာ ပြောပါ"

ဝါးပင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့၊ အမှန်တော့ လူဝကြီးဟာ ကျောင်းကျား၏ရဲ့ ကိုယ်ရံတော် တစ်ယောက်ပါပဲ"

"ဘာ"

ကျောင်းကြီးခက်၏ မျက်လုံးများ ပြူးကျယ်သွားကာ ခန္ဓာကိုယ် ဆတ်ခနဲ ထွန့်ခါသွားလေသည်။

သူက မယုံကြည်နိုင်စွာဖြင့် ဝါးပင်အား ကြည့်လိုက်လေသည်။

"မင်း...မင်းပြောတာ သေချာရဲ့လား"

ဝါးပင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ပြောတာမယုံရင် ဆင့်ကူးကို မေးကြည့်ပါခင်ဗျာ"

ကျောင်းကြီးခက်၏ မျက်လုံးအစုံက ဆင့်ကူး မျက်နှာပေါ်သို့ ရောက်ရှိသွားလေသည်။

ဆင့်ကူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

ကျောင်းကြီးခက်က အတန်ကြာ ငြိမ်သက်စွာ စဉ်းစားနေပြီးမှ ခေါင်းမော့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဪ...ကျောင်းကျားရီရဲ့ကိုယ်ရံတော်တွေက ဒီကျွန်း[illegible]
မြို့လေးအထိ ခြေချလာပါရောလား"

ကိုယ်ရံတော်လေးယောက် ပါးစပ်ပိတ်ထားကြလေတော့
သည်။

ကျောင်းကြီးခက်က အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်
လမ်းလျှောက်နေ၏။

သူသည် အလွန်စိတ်လှုပ်ရှားနေပုံရလေသည်။

ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်သည်။

သူ၏မျက်နှာမှာလည်း တင်းမာခက်ထန်လာပေသည်။

"ကျုပ်လက်ထဲမှာ သူတို့လူတွေ ရှိနေတယ်ဆိုတာ သူတို့
မသိကြဘူးလား"

သူက ဝါးပင်အား ကြည့်လိုက်သည်။

"ပြောစမ်း၊ မင်းဘို့တွေ့ခဲ့တဲ့ ဆိုင်ပိုင်ရှင်လူဝကြီးက
ဘယ်သူလဲ"

"ကျောင်းကျားရီရဲ့ညာလက်ရုံး ကိုယ်ရံတော်ထင်းယုရဲ့ညီ
ထင်းဖုံးပါ"

သူ၏အသံက တိကျသေချာလှပေသည်။

ကျောင်းကြီးခက်က နှုတ်ခမ်းတစ်ချက် ကိုက်လိုက်၏။

"ဒါဆိုရင် သူတို့ကိုသုတ်သင်ခိုင်းလိုက်တဲ့ ကြေးစား
ဆယ်ယောက်က ကျုပ်ခိုင်းတာကိုမလုပ်ဘဲ ဘာတွေလျှောက်
လုပ်နေကြတာလဲ"

သူ၏အသံက ဒေါသကြောင့် တုန်ခါနေလေသည်။

"သိမကျော်ငမ်းအင်းက ကြားဖြတ်ပြောလိုက်လေသည်။



"သူတို့လဲ ဂိုဏ်းချုပ်ကြီးပြောတဲ့အတိုင်း လိုက်ပြီးရှင်း
င်းသုတ်သင်နေပါတယ်"

ကျောင်းကြီးခက် မျက်မှောင်ကြုတ်လိုက်သည်။

"ဒါဆိုရင် အခု ထင်းဖုံးက ဘာကြောင့် ဒီကျွန်းပိမြို့
ထိ ရောက်လာတာလဲ"

"ဒါကတော့ ကျန်ရှိနေသေးတဲ့လူအချို့လို့ထင်ပါတယ်"

ကျောင်းကြီးခက်၏မျက်နှာ သုန်မှုန်အေးစက်လာလေသည်။

"ဒါဆိုရင် ကျောင်းကျားရီရဲ့ကိုယ်ရံတော်တွေထဲမှာအမာခံ
င်းသမား ဘယ်နှစ်ယောက် ရှိသေးသလဲ"

ဝါးပင်က ရှင်းပြလိုက်သည်။

"ကျုပ်တို့ သုတ်သင်ရှင်းလင်းပစ်တာရော၊ ထောင်
ချောက်ဆင်ပြီး ဖမ်းဆီးခဲ့တာရော အတော်များပါပြီ၊ များ
များစားစား မကျန်တော့ပါဘူး"

သူ၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ဒါပေမယ့် ကျန်နေတဲ့လူအနည်းစုဟာ အခရေးပါသူ
တွေ ဖြစ်နေပါတယ်၊ အဓိကကျတာ ထင်းဖုံးတို့ညီအစ်ကို
ပါပဲ"

"ဒါထက် ထင်းယုကို မင်းတို့ လှုပ်ကြပြီးပြီဆို"

"ဟုတ်ပါတယ်၊ ထင်းယုဟာ ကြံရာမရဖြစ်ပြီး နာမည်
ကြီးနေတဲ့မြေမင်းသားကို လိုက်ရှာခဲ့ပါတယ်၊ ကျုပ်တို့
လိုက်လံတိုက်ခိုက်တော့ ဒဏ်ရာတွေရပြီး ထွက်ပြေးသွားပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမယ့် ကြေးစားကျင်းဆိုက်တို့လူစုက ကောင်းရဲတိုက်ကြီးတစ်ခုထဲမှာ သူ့ကို ရှာဖွေတွေ့ သုတ်သင်နိုင်ခဲ့ကြတယ်လို့ သိရပါတယ်"

"ထင်းယုံသေသွားတော့ ထင်းဖုံးက ပိုပြီးလှုပ်ရှား တာဟုတ်လား"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

ကျင်းကြုံးခက်သည် မျက်ခမောင်ကြုတ်၍ သနည်း စဉ်းစားလိုက်သည်။

သူသည် မြေမြင်းသားနှင့်ပတ်သက်သော သိုင်းလော ဒဏ္ဍာရီတစ်ပုဒ်အား ကြားဖူးသားသူဖြစ်ပါသည်။

ကျင်းကြုံးခက် မဲ့ပြုံးပြုံးလိုက်သည်။

"ထင်းယုံ ပျောက်သွားပြီး မကြာခင်မှာဘဲ မြေမြင်း သားရဲ့သတင်း ပေါ်ပေါက်လာတယ်၊ ဟင်း....ဟင်း....သူ ဒဏ္ဍာရီထဲက ရှေးကောင်းရဲတိုက်ကြီးကို ရောက်သွား မြေမြင်းသားနဲ့ တွေ့ခဲ့ပြီထင်တယ်"

သူက ဝါးပင်ကိုစိုက်ကြည့်ပြီး မေးလိုက်သည်။

"ထင်းဖုံး တစ်ယောက်ထဲပဲလား၊ တခြား ဘယ် တွေရှိသေးသလဲ"

ဝါးပင် ခေါင်းညိတ်လိုက်သည်။

"နောက်ထပ်နှစ်ယောက် ရှိပါသေးတယ်"

"ဝမ်ဘျိုနဲ့ကျင်းဝေ မဟုတ်လား"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

ကျင်းကြုံးခက် သက်ပြင်းချလိုက်သေသည်။



"သူတို့သုံးယောက်ဟာ ကျုပ်ရဲ့အစ်ကိုတော် ကျင်းကျားရှိရဲ့လက်ထက်ကတည်းက ကြယ်တံခွန်ဂိုဏ်းမှာ သစ္စာရှိရှိအမှုထမ်းခဲ့တဲ့ ကိုယ်ရံတော်တွေပါပဲ"

သူသည် သေဆုံးသွားပြီဖြစ်သော ကျင်းကျားရှိ၏မျက်နှာကို မြင်ယောင်လာလေသည်။

သူ၏မျက်နှာ တင်းမာခက်ထန်သွားသည်။

"ကျင်းကျားရှိ သေသွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး သူတို့ဟာ ကျုပ်အပေါ်မှာ သံသယဝင်နေကြတယ်၊ အဖြစ်မှန်ကို ဖော်ထုတ်ဖို့ ကြိုးစားကြတယ်၊ ကြယ်တံခွန်ဂိုဏ်းကနေပြီး သူတို့ နှုတ်ထွက်သွားတော့ သူတို့ရဲ့သဘောသားကို ကျုပ် မသိဘဲနေပါ့မလား၊ ကောင်းပြီ၊ သူတို့သုံးယောက်ကို ကျုပ် လိုချင်တယ်"

ဝါးပင် ဦးညွှတ်လိုက်သည်။

"လူဝကြီးထင်းဖုံး ဒီမြို့မှာ အခြေစိုက်ခဲ့တော့ ဝမ်ဘျိုနဲ့ ကျင်းဝေလဲ ရောက်လာကြမှာ သေချာပါတယ်"

ကျင်းကြုံးခက် အံကြိတ်လိုက်သည်။

"ဒါဆိုရင် မင်းတို့အားလုံး မြို့ဝင်မြို့ထွက် တည်းခိုခန်းနဲ့ ချောင်ကြိုချောင်ကြားတွေပါ မကျန်အောင် လူလွှတ်ပြီး စုံစမ်းထားပါ"

ဝမ်းအင်းက တည်ကြည်သောမျက်နှာသားဖြင့် ပြောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီးက ကျန်တဲ့လူတွေဟာ လူဝကြီးထင်းဖုံး
က်ခွာသွားတာမသိသေးလို့ တိတ်တဆိတ်ဝင်ရောက်လာပြီး
ဝကြီးထင်းဖုံးနဲ့ ဆက်သွယ်မယ်လို့ ယူဆထားတယ် ထင်
ယ်"

ကျောင်းကြီးခက်က ကောက်ကျစ်စဉ်းလဲစွာပြုံးလိုက်၏။

"သိပ်ဟုတ်တာပေါ့"

ဝမ်းအင်း၏မျက်နှာ တင်းမာခက်ထန်သွား၏။

သူက မဲ့ပြုံးပြုံးလိုက်သည်။

"သူတို့က ဂိုဏ်းချုပ်ကြီးပြောသလို ကျန်းပိမြို့ထဲကိုသာ
ဝ်ရောက်လာတယ်ဆိုရင် ကိုယ့်သေတွင်း ကိုယ်တူးသလို
စ်သွားမှာပေါ့"

ကျောင်းကြီးခက်က ခေါင်းခါယမ်းလိုက်သည်။

"သူတို့လိုလူစားတွေက ကိုယ့်သေတွင်း ကိုယ်တူးမှာ
ဟုတ်ဘူးကွ"

ဝမ်းအင်း မျက်ခုံးနှစ်ဖက် မြင့်တက်သွားရလေသည်။

"ဒါဖြင့်...."

ကျောင်းကြီးခက်က အလွန်အေးစိမ့်သောအသံဖြင့် တစ်
နုံးချင်း ပြောလိုက်လေသည်။

"သူတို့ရဲ့သေတွင်းကို မင်းတို့က တူးပေးရမှာကွ"

ဝမ်းအင်း၊ ဝါးပင်၊ ဆင့်ကူးနှင့် ဟန်စန်းတို့က ပြိုင်တူ
ခေါင်းညိတ်လိုက်ကြ၏။



ကျောင်းကြီးခက်က အတန်ကြာအောင် ငြိမ်သက်စွာစဉ်းစား
ပြီးနောက် ရုတ်တရက် အကြံတစ်ခု ရရှိလာရလေသည်။

"ဟာ....ဟုတ်ပြီ"

သူက သူ၏ကိုယ်ရံတော်များကို မော့ကြည့်လိုက်သည်။

"မင်းတို့အားလုံးကို အရေးကြီးတဲ့ တာဝန်တစ်ရပ် ထပ်
ပေးလိုက်ဦးမယ်"

ဝါးပင်၊ ဟန်စန်း၊ ဆင့်ကူးနှင့် ဝမ်းအင်းတို့က ပြိုင်တူ
ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့....အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

"မင်းတို့တွေ ဒီကနေ့ညမှာ ကျူးရွှယ်နဲ့ သူ့သမီးကျင်း
ကျင်းတို့ကို ဖမ်းဆီးခေါ်ခဲ့"

ဝါးပင်တို့လေးယောက်က အံ့သြလွန်း၍ ပြိုင်တူ ခေါင်း
မော့ကာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် ကျောင်းကြီးခက်သည် ကျင်းကျား
ရီ၏ဇနီး ကျူးရွှယ်အပေါ် တစ်ဖက်သတ် စွဲလမ်းနှစ်ခြိုက်ခဲ့
ခြင်းကို သူတို့အားလုံး သိရှိထားသည် မဟုတ်ပါလော။

သူက ကျူးရွှယ်အပေါ် စွဲလမ်းသောစိတ်ကြောင့်လည်း
ကျင်းကျားရီကို မုန်းတီးကာ သတ်ပစ်ခဲ့ခြင်းဖြစ်ကြောင်း
သူတို့အားလုံး နားလည်ထားကြလေသည်။

လို့ အပြင် သူတို့အားကျူးရွှယ်တို့သားအမိအားမည်သူမျှ
မစော်ကားရန် စောင့်ရှောက်ရမည်ဟုလည်း ကျောင်းကြီးခက်
က အမိန့်ချထားသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခု သူမတို့အား ကျောင်းကြီးခက်ကိုယ်တိုင်က ဖမ်းဆီးခိုင်းနေလေပြီ။

ထို့ကြောင့် သူတို့အားလုံး စကားမပြောနိုင်ဘဲ ကျောင်းကြီးခက်အား ကြောင်အမ်းအမ်းဖြင့် ကြည့်နေလေသည်။

ကျောင်းကြီးခက်က သက်ပြင်းတစ်ချက်ချလိုက်၏။

"အမှန်တော့ ကျုပ် သူတို့ကို မဖမ်းထားချင်ပါဘူး၊ ဒါပေမယ့် သူတို့ကို တည်ကြက်အဖြစ် အသုံးပြုပြီး ထင်းဖုံးတို့လူစုကို ဆက်ပြီး လှုပ်ရှားမလာအောင် အကျုပ်ကိုင် ထိန်းချုပ်မလို့ပါပဲ"

ဝါးပင်တို့လေးယောက်က ကျောင်းကြီးခက်မှာ ထင်းဖုံးတို့လူစုကို အကျုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် နောက်ထပ် ရည်ရွယ်ချက်တစ်ခု ရှိနေသေးကြောင်း နားလည်မိကြသော်လည်း စကားမပြောတော့ပါချေ။

ကျောင်းကြီးခက်က စကားဆက်လိုက်သည်။

"ထင်းဖုံးတို့လူစုက နောက်ထပ် တစ်စုံတစ်ခု လှုပ်ရှားလာတာနဲ့ ကျုပ်တို့က ဖမ်းထားတဲ့ကျူးရွှယ်နဲ့ ကျောင်းကျောင်းကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်လိုက်ရင် သူတို့ရှေ့ကိုခြေတစ်လှမ်းတိုးဖို့မှာ မဟုတ်တော့ပါဘူးလေ"

ဝါးပင်က ကြားဖြတ်ပြောလိုက်သည်။

"ဒါနဲ့ ကျွန်တော်တို့ ကျူးရွှယ်တို့သားအမိကို ဘယ်တော့သွားဖမ်းရမှာလဲ ဂိုဏ်းချုပ်ကြီး"



ကျောင်းကြီးခက်က သူ့အား စိုက်ကြည့်ကာ တစ်ခွန်းချင်း ပြောလိုက်လေသည်။

"ဒီည သန်းခေါင်ယံချိန်...."

ဝါးပင်တို့လေးယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်ကြရလေသည်။

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

ကျောင်းကြီးခက်က လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

ဝါးပင်တို့လေးယောက်က အခန်းထဲမှ ပြိုင်တူထွက်ခွာသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"သတ္တာရှိသူများ"

မွန်းတည့်ချိန်....

မွန်းတည့်နေက ခြစ်ခြစ်တောက် ပူလောင်လှပေ၏။

သူရိယနေမင်းကြီးက ကောင်းကင်၏ အလယ်ဗဟိုတည့်တည့်တွင်နေရာယူကာ သတ္တလောကကြီးတစ်ခုလုံးကို အလင်းရောင်ဖြန့်ပေးနေလေသည်။

လူဝကြီးထင်းဖုံးက လူရွယ်အား ပွေ့ချီကာ ပြေးလွှားနေဆဲပင် ဖြစ်ပါသည်။

သူသည် ဝဖြိုးသောခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် လှုပ်ရှားမှုများမှာ သွက်လက်လျင်မြန်လှပေသည်။

သူက သချိုင်းမြေမှ အရှေ့ဘက်စူးစူးသို့ ပြေးလွှားခဲ့ရာ ယခုအခါ ဆယ်မိုင်ခန့်ကွာဝေးသော အရပ်ဆီသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက ဆက်၍ပြေးလွှားနေဆဲပင်။

တစ်ခဏကြာသောအခါ သူက တောအုပ်ကလေးတစ်ခုသို့ ရောက်ရှိလာသည်။

ထိုအခါမှ သူက ခြေလှမ်းရပ်တန့်လိုက်သည်။

"ဟူး...ကျုပ် မင်းကို ဆက်ပြီး ပွေ့ချီမသွားနိုင်တော့ပါဘူး"

သူက ယင်းသို့ပြောပြီး လူရွှယ်အား မြေပြင်ပေါ်သို့ ချလိုက်လေသည်။

လူရွှယ်က ပြုံးလိုက်ကာ မှိတ်ထားသော မျက်လုံးကို ဖွင့်ကြည့်လိုက်လေသည်။

"ခင်ဗျားက ကျုပ်ကိုဆက်ပြီး ပွေ့ချီသွားချင်တယ်ဆိုရင်တောင်မှ ကျုပ်က လက်မခံတော့ပါဘူးလေ"

သူကပြောပြီး မြေပြင်ပေါ်မှ ထရပ်လိုက်သည်။

ထင်းဖုံး၏ ခန္ဓာကိုယ်တစ်ခုလုံး ချွေးများစိုရွှဲနေလေ၏။

သူက လူရွှယ်အား ကြည့်လိုက်သည်။

"ဒါနဲ့ ထင်းယုက သေဆုံးသွားပြီဆိုတာ တကယ်ပဲလားဗျ"

လူရွှယ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီစကားဟာ နောက်ပြောင်ပြောဆိုလို့ကောင်းတဲ့ ရယ်စရာစကားမျိုးမှ မဟုတ်တာဘဲ"

ထင်းဖုံး၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။



"ကျုပ်ဘယ်သူလဲဆိုတာရော ခင်ဗျားသိသလား"

လူရွှယ်က ခေါင်းညိတ်လိုက်၏။

"သိတယ်"

"ဒါဖြင့် ပြောပါ"

"ခင်ဗျားဟာ ထင်းယုရဲ့ညီ ထင်းဖုံးပါပဲ"

ထင်းဖုံး၏မျက်နှာပေါ်တွင် လူရွှယ်အပေါ် သံသယဖြစ်သော အရိပ်အယောင်များ ကွယ်ပျောက်သွားလေသည်။

သူက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ကျုပ်အစ်ကိုကို ဘယ်သူသတ်လိုက်တာလဲ"

"ကျင်းကြီးခင်ရဲ့ လျှို့ဝှက်စေလွှတ်ထားတဲ့ ကြေးစားသတ်သမားတွေနဲ့ သိုင်းသမားတွေက ခင်ဗျားအစ်ကိုကို သတ်လိုက်တာပါပဲ"

ထင်းဖုံးက သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းကရော ဘယ်သူလဲ"

သူက ရုတ်တရက် ကောက်ကာငင်ကာအငိုက်ဖမ်း၍ မေးလိုက်ခြင်း ဖြစ်လေသည်။

သို့သော် လူရွှယ်၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ထင်နေပြီး စကားသံထွက်မလာပါချေ။

ထင်းဖုံးက လူရွှယ်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"မင်းနာမည် ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က မှခုံးတစ်ချက်ကျွန့်သိုက်သည်။

"ကျုပ်က မပြောချင်ဘူးဆိုရင်ရော"

ထင်းဖုံး မချိပြုံး ပြုံးလိုက်သည်။

"ဒါဆိုရင် နောက်ထပ်မေးခွန်းတစ်ခုထပ်မေးမယ်၊ ဒါကိုတော့ မင်းမဖြေချင်လို့မရဘူး"

လူရွယ်က သူ့အား ပြုံးစိစိဖြင့် ကြည့်နေလေသည်။

ထင်းဖုံး၏ချက်နှာ တည်ကြည်အေးစက်လာ၏။

"မင်းက ကျုပ်အစ်ကိုနဲ့ ဘယ်လိုပတ်သက်သလဲ"

လူရွယ်က ရယ်ခမောလိုက်သည်။

"ဒီမေးခွန်းကိုလဲ ကျုပ်က မဖြေချင်ဘူးဆိုရင်ရော"

ထင်းဖုံးက သူ့အား စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် ကြည့် လိုက်သည်။

သူက လက်ဝါးနှစ်ဖက်အား လက်သီးနှစ်လုံးအသွင်သို့ ကူးပြောင်းကာ၊ နှုတ်တရက် တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

"ဒါဆိုရင် ရှင်းပါတယ်၊ မင်းဟာ ကျုပ်အစ်ကိုသတ်တဲ့လူလို့ ယူဆရမှာပေါ့"

လူရွယ်က မျက်လုံးပြူးကာ လက်ကာပြလိုက်သည်။

"ဟာ...ဒီလိုတော့ မထင်လိုက်ပါနဲ့၊ ခင်ဗျားမေးတဲ့မေးခွန်းတွေကို ကျုပ်အဖြေပေးပါမယ်၊ ကျုပ်နာမည် ကာကောင်းလီလို့ ခေါ်ပါတယ်"

သူက စကားဆက်လိုက်၏။



"ခင်ဗျား အစ်ကိုကို ကျုပ်ကမမြော်လင့်ဘဲတွေ့ကြုံရင်းနှီးခဲ့တာပါ"

"ကောင်းလီ"

ထင်းဖုံးက တီးတိုးရေရွတ်ရင်း မျက်မှောင်ကြုတ်လိုက်မိသည်။

ကောင်းလီဆိုသောနာမည်မှာ သိုင်းလောကတွင်ထင်ရှားကျော်ကြားခြင်း မရှိပါချေ။

သို့သော် ကောင်းလီ၏သိုင်းပညာမှာ ထိပ်တန်းအဆင့်သို့ ကျော်လွန်ခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် သူက ကောင်းလီအပေါ်တွင် သံသယများဖြစ်ပွားနေမိလေသည်။

ကောင်းလီမှာ ကျင်းကြီးခဲ့မှ တိတ်တဆိတ် ခေါ်သွားလိုက်သော သူလျှိုတစ်ယောက် ဖြစ်နေမည်လော။

သူက ယင်းသို့ စဉ်းစားလိုက်မိသဖြင့် ကောင်းလီအား စူးစိုက်စွာ ကြည့်လိုက်၏။

သူ၏အကြည့်မှာ စူးဆိုက်လွန်းပြီး တစ်ပါးသူ၏နှလုံးသားထဲရှိ ခံစားချက်များကို သိုးဖောက်မြင်တွေ့နိုင်သောအကြည့် ဖြစ်သည်။

ကောင်းလီကလည်း သူ၏မျက်လုံးအကြည့်ကိုနားလည် သိရှိလိုက်လေသည်။

"ခင်ဗျား ကျုပ်ကိုသံသယဖြစ်နေတာသိတယ်"

ထင်းဖုံးက ခေါင်းညိတ်လိုက်၏။

ကောင်းလီက ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ၊ ခင်ဗျားဟာ ခုချိန်မှာ လူတွေအားလုံးကို မယုံကြည်ရဲတဲ့ဘဝဆိုတော့ ကျုပ်အပေါ် သံသယဖြစ်တာ မဆန်းပါဘူး"

သူက ပခုံးတစ်ချက်တွန့်ကာ စကားဆက်လိုက်သည်။

"စိတ်ချပါ၊ ကျုပ်ကတော့ ဒုက္ခပေးမယ့်လူမျိုး မဟုတ်ပါဘူး"

ထင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား ဒုက္ခပေးမယ်၊ မပေးဘူးဆိုတာ ကျုပ်မစဉ်းစားဘူး၊ အကယ်၍ ခင်ဗျားက ကျုပ်ကိုဒုက္ခပေးလာရင်လဲ ရင်ဆိုင်ဖို့အသင့်ပါပဲ၊ ကျုပ်တစ်ခုသိချင်တာ ခင်ဗျားဟာ ကျုပ်ဆီကို ဘာကြောင့် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသလဲ ဆိုတာပဲ"

ကောင်းလီ၏မျက်နှာ တည်ကြည်သွားလေသည်။

"ဒါရှင်းပါတယ်၊ ကျုပ် ခင်ဗျားဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာနိုင်တာဟာ ခင်ဗျားအစ်ကိုထင်းယုလမ်းညွှန်လိုက်လို့ပါ၊ အကယ်၍ ကျုပ်ဟာသာ ကျင်းကြုံးခက်ကလွှတ်လိုက်တဲ့ သူလျှိုတစ်ယောက်ဆိုရင် ခင်ဗျားဆီမှာမြွေသားကင် ဝင်စားနိုင်မှာ မဟုတ်ပါဘူး"

ထင်းဖုံးရင်ထဲထိတ်ခနဲ ဖြစ်သွားမိလေသည်။

သူက ကျန်းပိမြို့ကလေးတွင် အသားကင်ဆိုင်ကိုဖွင့်ကာ မထင်မရှားနေထိုင်ခဲ့ပြီး ကြယ်တံခွန်ဂိုဏ်း၏သတင်းများကို စုံစမ်းခဲ့လေသည်။



သူ၏အသားကင်ဆိုင်သို့ ထင်းယုက မကြာခဏ တိတ်တဆိတ် ရောက်လာကာ စုံစမ်းရရှိထားသော သတင်းများကို မေးမြန်းလေသည်။

ထို့အပြင် ထင်းယုက အရေးကြီးသောကိစ္စများကိုလည်း တိုင်ပင်ဆွေးနွေးလေ့ ရှိ၏။

တစ်နေ့တွင်....

ထင်းယုက သူတို့ထံရောက်လာပြီး မိမိတို့၏ခေါင်းဆောင် ကျင်းကျားရီ၏လုပ်ကြံမှုကို ဖော်ထုတ်နိုင်ရန် လူတစ်ဦးထံသို့သွား၍ အကူအညီတောင်းခံမည်ဟု ဆိုလာလေသည်။

ယင်းအတွက်ကြောင့် ကျန်းပိမြို့ကလေးရှိ ကျင်းကျားရီ၏ သမီးနှင့် ဇနီးဖြစ်သူအား စောင့်ရှောက်ရန်နှင့် ကျင်းကြုံးခက်အား မျက်ခြည်မပြတ် စောင့်ကြည့်ရန်မှာကြားခဲ့၏။

သူက ထင်းဖုံးနှင့်ဆက်သွယ်ရန် လျှို့ဝှက်အမှတ်အသားတစ်ခုနှင့် လျှို့ဝှက်စကားတစ်ခုကို အချိန်းအဆက် ပြုလုပ်နိုင်ရန် မှာကြားခဲ့လေသည်။

သူက ထင်းဖုံး၏အသားကင်ဆိုင်သို့ ရောက်ရှိလာပါက မြွေသားကင်ကို မှာစားမည်။

အကယ်၍ သူမဟုတ်ဘဲ အခြားလူရောက်ရှိလာလျှင်လည်း မြွေသားကင် မှာစားလိမ့်မည်ဖြစ်သည်၊

ကောင်းလီ မြွေသားကင်မှာစားခြင်းမှာ တိုက်ဆိုင်မှု မဟုတ်ပေချေ။

သူက ထင်းဖုံးမှာကြားသည့်အတိုင်း ထင်းဖုံးနှင့်လျှို့ဝှက် ဆက်သွယ်လိုက်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထင်းဖုံးက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်...မင်းကို ယုံပါပြီ"

ကောင်းလီက ပြုံးလိုက်သည်။

"ကျွန်ုပ်ကို ထင်းယုက ခင်ဗျားတို့ ကြုံတွေ့နေရတဲ့ အခြေအနေတွေ အကုန်ပြောပြပြီး အကူအညီတောင်းခဲ့ပါတယ်၊ ဒါကြောင့် ကျွန်ုပ်က ခင်ဗျားတို့ကို အကူအညီပေးဖို့ ဒီကျွန်းပိမြို့ကလေးကို ရောက်လာခဲ့တာပါ၊ ဒီမြို့ကို အဝင်မှာ ကြယ်တံခွန်ဂိုဏ်းက ကျင်းကြီးခက်ဟာ မြေမြင်းသားကို ကြောက်ရွံ့နေတယ်ဆိုတော့ ကျွန်ုပ်ကသူ့ စိတ်ထဲမှာ သို့ယောင် သို့ယောင်ဆိုတဲ့ အတွေးတွေဖြစ်လာအောင် အလုပ်လုပ်ဆိုက်တာပါ"

ထင်းဖုံးက ဝမ်းသာနေသည်။

မိမိ၏အဖွဲ့တွင် ကောင်းလီကဲ့သို့ သိုင်းပညာ အဆင့်မြင့်လှသောလူရှယ်က ပါဝင်ကူညီလာမည်ဆို ဖြစ်နေလေသည်။

သူက ထင်းယုကို သတိရမိလေသည်။

"ဒါနဲ့ ကျုပ်အစ်ကိုက ဘယ်လိုသေသွားရတာလဲဆိုတာ ပြောပြမလားဗျာ"

ကောင်းလီက သူ့အားကြည့်ကာ သက်ပြင်းချလိုက်လေသည်။

"စိတ်ပျက်စရာ အကြောင်းတွေကို ခင်ဗျားက ဘာကြောင့် သိချင်နေတာလဲ၊ ဒါတွေသိလို့လဲ ခင်ဗျားအတွက် ဘာမှ အကျိုးထူးမလာပါဘူး"

ထင်းဖုံး၏မျက်နှာ တင်းမာခက်ထန်သွားလေသည်။



"ကျုပ် အကျိုးရှိတာမရှိတာထက် ကျုပ်အစ်ကို ဘယ်လိုသေဆုံးရတယ် ဆိုတာတော့ သိချင်တာပေါ့ဗျာ၊ ကျုပ်အစ်ကိုက သာမန်လူတစ်ယောက် မဟုတ်ဘူးဗျ၊ ဂိုဏ်းချုပ်အပေါ်မှာ သစ္စာရှိပြီး အမှန်တရားကို ရဲရဲတောင့် ရင်ဆိုင်ရဲတဲ့ လူတစ်ယောက်ပါ၊ ဒီလို လူတစ်ယောက်ကို အစ်ကိုတော်ရတဲ့ ကျုပ်ဟာ အမြဲတမ်း ကျုပ်ရဲ့အစ်ကိုကြီးကို လေးစားဂုဏ်ယူကြည်အားကိုးခဲ့ရတယ်လေ၊ သူ့ကို ကျုပ် အသေ့ယိုတာကို ဘယ်မေ့ပစ်လို့ရမှာတဲ့လဲ"

ကောင်းလီက ခေါင်းညိတ်လိုက်၏။

"ခင်ဗျားပြောတာ မှန်ပါတယ်"

"ဒါဆိုရင် ခင်ဗျား ကျုပ်အစ်ကိုဘယ်လိုသေဆုံးရတယ် ဆိုတာကို ပြောပြဖို့သင့်ပါတယ်"

ကောင်းလီ သက်ပြင်းတစ်ချက် ချလိုက်လေ၏။

"အင်း...ခင်ဗျားက သိပ်သိချင်တဲ့ဆန္ဒ ပြင်းပြနေမှတော့ ကျုပ်က ပြောပြရမှာပေါ့ဗျာ"

သူက ပတ်ဝန်းကျင်သို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။

"အခုပြောမယ်လို့ ကျုပ် ဒီမှာနေရာမှာ စကားမပြောချင်ဘူး"

အမှန်စင်စစ် သူက တစ်ဖက်တစ်ယောက်က ခိုးနားထောင်နေမည်ကို စိုးရိမ်၍ဖြစ်လေသည်။

ထင်းဖုံးက သူ၏သဘောထားကို နားလည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ကျုပ်တို့ မိတ်ဆွေတွေရှိတဲ့ နေရာသို့ သွားကြမယ်၊ အဲဒီမှာဆိုရင် စကားအားလုံး စိတ်ချလက်ချ ပြောနိုင်ပါတယ်"

သူက စကားဆုံးသည်နှင့် ရှေ့မှဦးဆောင်ကာ ထွက်ခွာသွားလေသည်။

ကောင်းလီက သူ့နောက်မှ လိုက်ပါသွားခဲ့လေတော့သည်။

ထင်းဖုံးက ရှေ့မှသွားနေ၏။

ကောင်းလီက နောက်မှ ထက်ကြပ်မကွာ လိုက်နေသေ သည်။

သူတို့နှစ်ယောက် တောအုပ်ကို လွန်မြောက်လာသော အခါ ရှေ့ဘက်တွင် ကွင်းပြင်များကို မြင်တွေ့ရလေ၏။

လယ်ကွင်းထဲ၌ လယ်သမားများက လုပ်ငန်းခွင်ဝင်နေ ကြပြီဖြစ်သည်။

ဖုန်ထူသော လမ်းကလေးမှာ ထင်းဖုံးနှင့် ကောင်းလီတို့ နှစ်ယောက် လျှောက်လာနေကြခြင်းကို တွေ့မြင်ရသောအခါ လယ်သမားများ တစ်ချက်လှည့်ကြည့်ပြီး ကိုယ့်အလုပ် ကိုယ် လုပ်နေကြလေသည်။

ဤအရပ်တွင် မြင်းမပါဘဲ ခရီးသွားသူများကို မကြာ ခဏတွေ့မြင်ဖူး၍ ဂရုမစိုက်ကြခြင်းဟု ကောင်းလီက စဉ်း စားမိလိုက်လေသည်။



သို့သော် သူ၏စဉ်းစားမှုမှာ တက်တက်စင်အောင် လွဲမှား နေပြီဖြစ်ကြောင်း တစ်ခဏ အတွင်းမှာပင် သိလိုက်ရလေ သည်။

အဘယ်ကြောင့်ဆိုသော် လယ်စောင့်တဲတစ်ခု အနီးသို့ ရောက်ရှိလာသောအခါ သူတို့အား လူနှစ်ယောက်က ပြေး လွှားကြိုကြလေသည်။

"ဟေး...အစ်ကိုကြီး ထင်းတို့ပါလား၊ ကြွပါဗျာ... ကြွပါ"

လူတစ်ယောက်က ထင်းဖုံးအား ဤသို့ ပြောလိုက်သော် လည်း မျက်လုံးကမူ ကောင်းလီအား အကဲခတ်ကြည့်ရှုနေ လေသည်။

ကျန်တစ်ယောက်ကလည်း ကောင်းလီအား တိတ် တဆိတ် အကဲခတ်ကြည့်ရှုနေလေသည်။

သူတို့နှစ်ယောက်၏ ခန္ဓာကိုယ်ပေါ်တွင် ဟောင်းနွမ်း သောအဝတ်အစားများ ဝတ်ဆင်ထားကြပြီး ကောက်ရိုး ဖိနပ်များ စီးထားကြလေ၏။

သူတို့၏ခန္ဓာကိုယ်မှာ လွန်စွာ သန်မာထွားကျိုင်းပြီး လှုပ်ရှားမှုမှာ ပေါ့ပါးဖျတ်လတ်နေ၏။

ကောင်းလီက ထိုလူများမှာ သိုင်းပညာအဆင့်မြင့်သော လူများ ဖြစ်ရမည်ဟု နားလည်လိုက်သည်။

ထင်းဖုံးက သူတို့အား မေးလိုက်၏။

"မင်းတို့ဆရာရော"

တစ်ယောက်က အဖြေပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှာရှိပါတယ်"

ထင်းဖိုးက လယ်စောင့်တဲကလေးဆီသို့ မျှော်ကြည့်လိုက်၏။

လယ်စောင့်တဲကလေးမှာ လယ်ကွင်းများအလွန် တောတန်းတစ်ခုအပြင်း ဆောက်လုပ်ထားခြင်းဖြစ်သည်။

ထင်းဖိုးက ကောင်းသီအား နောက်မှလိုက်ခဲ့ရန် မျက်ရိပ်ပြလိုက်၏။

ပြီးနောက် လယ်စောင့်တဲကလေးဆီသို့ ဦးတည်လျှောက်သွားလေသည်။

ကောင်းသီတို့ကလည်း နောက်မှလိုက်သွားလေတော့၏။

ထိုလယ်စောင့်တဲလေးအတွင်းသို့ ရောက်သောအခါ လူနှစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

ထိုလူနှစ်ယောက်အား မြင်တွေ့လိုက်သည့်အခါ ထင်းဖိုး၏မျက်လုံးများ ပိုင်းစက်ပြူးကာ ယိုကာ ခမြေလှမ်းအလိုက် ရပ်တန့်သွားလေသည်။

"ဟင်... မင်း...မင်းတို့"

သူက စကားမဆက်နိုင်တော့ဘဲ ထိုလူနှစ်ယောက်အား ကြောက်ရွံ့မှုဝမ်းနည်းသော မျက်လုံးများအစုံဖြင့် စိုက်ကြည့်နေလေတော့သည်။



လယ်စောင့်တဲကလေးအတွင်း၌ ဒုက္ခိတနှစ်ယောက် ရှိသည်။

တစ်ယောက်မှာ ခြောက်ရှိးများခင်းထားသော ခုတင်ပေါ်တွင် ပက်လက်ကလေး လဲလျောင်းနေလေ၏။

သူ၏ခန္ဓာကိုယ်မှာ အရိုးပေါ်အရေတင်မျှ ပိန်ချုံးနေပြီဖြစ်လေသည်။

သူ၏ခန္ဓာကိုယ် အောက်ပိုင်းတွင် စောင်တစ်ထည်ဖြင့် ထွေးခြုံထားလေ၏။

ကျန်တစ်ယောက်မှာမူ ကုလားထိုင်ပေါ်တွင် ထိုင်နေ၏။

ထိုလူ၏မျက်နှာမှာ နန္ဒင်းခဲပမာ ဝင်းဝါနေလေ၏။

သူ၏ဘယ်ဘက်လက်မောင်းရင်းတွင် တိတိကျကျ ပြတ်တောက်နေလေ၏။

လူငယ်ကိုကြည့်မြင်ရသည်မှာ စိတ်မချမ်းသာစရာ ကောင်းလှပေ၏။

သို့သော် သူတို့၏မျက်လုံးများက အရောင်မှေးမှိန်ခြင်းမရှိဘဲ ရူးရှတောက်ပနေသဖြင့် စိတ်ဓာတ်ကျဆင်းမှုမရှိကြောင်း အသိရှိနိုင်လေသည်။

သူတို့က ထင်းဖိုးအား မြင်တွေ့လိုက်သောအခါ မျက်နှာဝင်းလက်တောက်ပသွားကြ၏။

www.burmeseclassic.com



လက်တစ်ဖက်ပြတ်နေသောသူက ထိုင်ရာမှ ဝုန်းခနဲ ခုန်ထလိုက်၏။

"ဟာ....အစ်ကိုလတ် ရောက်လာပြီကွ"

ဝမ်းသာအားရ နှုတ်ဆက်လိုက်၏

ထင်းဖုံးကမူ သူတို့အားကြည့်ကာ ရီဝေခြင်းဖြစ်၍ ငေးငိုင်နေလေသည်။

"ဘယ်လို ဖြစ်ကြရတာလဲကွာ"

လက်တစ်ဖက်ပြတ်နေသော သူက ခေါင်းငုံ့သွားလေသည်။

"ဟင်....အစ်ကိုနားလည်အောင် ပြောပြပါဦး၊ ဂိုဏ်းချုပ်ကြီးရဲ့ အဓိကအားသားရတဲ့ ကိုယ်ရံတော်တွေထဲမှာ သေတဲ့လူက သေပြီး ဒဏ်ရာရတဲ့လူကဒဏ်ရာရခဲ့ကြတာကိုး"

ကျောင်းဝေ၊ ထင်းယု၊ ထင်းဖုံးနှင့် ဝမ်ကျိတို့လေးယောက်မှာ ကျောင်းကျားရီ၏ အဓိကအားထားရသော ကိုယ်ရံတော်များဖြစ်ကြလေသည်။

သူတို့က ဂိုဏ်းချုပ်ကြီးကျောင်းကျားရီအပေါ် အလွန်သစ္စာရှိကြပြီး သွေးသောက်အဖွဲ့ ဖွဲ့စည်းထားသူများလည်းဖြစ်ကြလေသည်။

ယခုအခါ သွေးသောက်များမှာလည်း ကြေးစားလူသတ်သမားများ၏ သုတ်သင်ချေမှုန်းမှုကို ခံရလေသည်။

ထင်းဖုံးက အံကို တင်းတင်းကြိတ်လိုက်မိ၏။

"ဒါနဲ့ မင်းတို့က ဘယ်မှာ တိုက်ပွဲဖြစ်တာလဲ"



"ကျွန်တော်တို့က အစ်ကိုလတ်ဆီကို သတင်းစုဆောင်းဖို့ အလာမှာ ကျွန်းပိမြို့လဲရောက်ရော မျက်နှာကို အဝတ်နက်စည်းထားတဲ့ လူတွေက ဝိုင်းရံတိုက်ခိုက်ခြင်း ခံရတော့တာပါပဲ"

ခုတင်ပေါ်တွင် လဲလျောင်းနေသော ဝမ်ကျိက ထထိုင်ရန် ကြိုးစားလိုက်၏။

"ဟာ.... ညီလေးဝမ် သက်သာသလိုနေပါကွာ၊ သိပ်လှုပ်လှုပ်ရှားရှားလုပ်ရင်..."

သူ၏စကားမဆုံးမီ ဝမ်ကျိက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း လက်ကာပြလိုက်သည်။

"ကျွန်တော့်ဘဝက မထူးတော့ပါဘူး အစ်ကိုလတ်ရယ်၊ အခုဆိုရင် ကျွန်တော်ဟာ လူသေကောင်တစ်ယောက်နဲ့မခြားတော့ပါဘူး၊ အခုပုံအတိုင်းသာဆက်ပြီး အသက်ရှင်နေဦးမှာထက်စာရင် သေတာ အကောင်းဆုံးပါပဲ"

ထင်းဖုံးက သူ့ထံသို့ လျှောက်သွားကာ လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်လေသည်။

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲကွာ၊ အစ်ကိုလတ်တို့အသက်ရှင်နေသရွေ့ ကာလပတ်လုံး ဆရာ့အတွက် ယက်စားချေမယ်မဟုတ်လား၊ညီလေးဝမ်ရဲ့ဒဏ်ရာကိုအစ်ကိုလတ်ကအကောင်းဆုံး သမားတော်ကိုခေါ်ပြီး ကုသပေးပါ့မယ်ကွာ"

သူ၏စကားမှာ ဝေဒနာခံစားရသူများအတွက် အားပေးစကားဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီလေးသည် သူ၏ နှစ်သိမ့်မှုဆိုသောစကားကို ကြားလိုက်သော အခါမှ ဝမ်ကျီနှင့် ကျင်းခဝေတို့ မျက်ရည်ကျလာတော့သည်။

"အစ်ကိုလတ်ရဲ့စကားကို ကြားရတာနဲ့ ကျုပ်တို့ဝေဒနာ တွေ လုံးဝပျောက်ကင်းသွားသလို ခံစားမိပါတယ်၊ ဒါပေ မယ့် ဂိုဏ်းချုပ်ကြီးအတွက် တာဝန်မကျေနိုင်တာကိုတော့ ရင်ထဲမှာ စိတ်မကောင်းဖြစ်မိတယ်"

ထင်းဖိုးက မချိပြုံးပြုံးလိုက်သည်။

"အမှန်တော့ ညီလေးတို့နှစ်ယောက်ဟာ အစ်ကိုလတ်ရဲ့ သွေးသောက်အဖွဲ့မှာ အားအထားရဆုံးပါကွာ၊ ဘာပဲဖြစ်ဖြစ် ဂိုဏ်းချုပ်ကြီးရဲ့ သွေးကြွေးကိုဆပ်ဖို့ ညီလေးတို့ရဲ့အင်အား လိုနေတာ အမှန်ပဲ၊ ညီလေးတို့နှစ်ယောက်က သေချာ ဆေး ကုသလိုက်မယ်ဆိုရင် တစ်နေ့မှာ အစ်ကိုလတ်တို့ရဲ့ သွေး သောက်အဖွဲ့ဟာ ဂိုဏ်းချုပ်ကြီးအတွက် လက်စားချေနိုင် မှာပဲ"

အိပ်ရာထဲတွင် လဲနေသော ဝမ်ကျီမှာ သူ၏စကားကြောင့် စိတ်ဓာတ်များ ပြန်လည်တက်ကြွလာလေသည်။

သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

"ဟုတ်တယ် အစ်ကိုလတ်၊ အစ်ကိုလတ်ပြောမှ ကျွန်တော်တို့ မှာ အင်အားပြည့်ဖြိုးလာမိတယ်၊ ကျွန်တော်တို့ကို အကောင်း ဆုံး သမားတော်ကြီးနဲ့ ကုသလိုက်ရင် စောစောပျောက်ကင်း သွားမှာသေချာပါတယ် အစ်ကိုလတ်"

ထင်းဖိုး ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့ ညီလေးရယ်"



ထိုအချိန် ကျင်းခဝေက ကြားဝင်ပြောလိုက်၏။

"ဒါနဲ့ ဧည့်သည်ကို မိတ်ဆက်ပေးပါဦးဗျ"

ထင်းဖိုး ခေါင်းညိတ်လိုက်သည်။

"သူဟာ အစ်ကိုကြီးထင်းယုံ အသက်စွန့်ရှာဖွေခဲ့တဲ့ မြေ မင်းသား ကောင်းလီပါပဲ"

ထိုစကားကြားလျှင် ဝမ်ကျီတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

အခြေအနေကို နားလည်သွားကြပြီး ချက်ချင်းဦးညွှတ် လိုက်ကြသည်။

"မကောင်းသူပယ် ကောင်းသူကယ်မယ့် မြေမင်းသား လေးကို ဂါရဝပြုပါတယ်ဗျာ"

ကောင်းလီက ပြုံးနေ၏။

ဝမ်ကျီသည် ထင်းယု အသက်စွန့်ရှာဖွေခဲ့ရသည်ဟူသော စကားကြောင့်..

"အစ်ကိုကြီးထင်းယုရော ပါမလာဘူးလားဗျာ"

စိုးရိမ်ပူပန်စွာ မေးလိုက်လေသည်။

ကောင်းလီ သက်ပြင်းချလိုက်သည်။

"ဝမ်းနည်းစရာပါပဲ၊ သူသေဆုံးသွားခဲ့ရှာပြီ"

ဝမ်ကျီနှင့် ကျင်းခဝေတို့၏ မျက်လုံးများ ညိုးငယ်ကျ သွားရှာသည်။

သူတို့၏ မျက်နှာပေါ်တွင် အံ့အားသင့်သော အရိပ် အယောင်များ ပေါ်ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ခဏမျှသာဖြစ်ပြီး ပြန်လည်ပျောက်ကွယ်သွားလေသည်။

သေခြင်းတရားမှာ သူတို့အတွက် မထူးဆန်းကြောင်းကောင်းစွာ သဘောပေါက် နားလည်ထားသည် မဟုတ်ပါလား။

မှန်ပါသည်။

သူတို့မှာ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သက်တမ်းကုန်ဆုံးကာ သေဆုံးကြရမည်ဖြစ်၏။

မြန်မြန်သေသွားခြင်းနှင့် နောက်ကျမှ သေဆုံးသွားသည်သာ ကွာခြားလှသည်။

ထို့ပြင် သေသင့်သေထိုက်၍ သေဆုံးခြင်းနှင့် အချိန်မတန်ဘဲ သေဆုံးခြင်းဟူ၍ ခြားနားမှုရှိလေသည်။

အချိန်မတန်ဘဲ သေဆုံးရခြင်းမှာ အံ့ဩမှုကို ဖြစ်ပေါ်စေ၏။

သို့သော် သေခြင်းအတူတူ မထူးဟု သဘောပေါက်ကာ အံ့ဩသည့်စိတ် ကွယ်ပျောက်သွားရသည်။

ထင်းဖုံး၊ ဝမ်ကျိနှင့်ကျင်းဝေတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ကောင်းလီဘက်သို့လှည့်ကာ ပြိုင်တူပြောလိုက်ကြသည်။



"ကျုပ်တောင်းပန်ပါတယ်၊ ကျုပ်တို့ဂိုဏ်းချုပ်ကြီးကျင်းကျားရိကို လုပ်ကြံပြီး မတရားသဖြင့် စည်းစိမ်နဲ့ အာဏာနဲ့ ယစ်မူးနေတဲ့ ကျင်းကြုံးခက်ဆိုတဲ့လူယုတ်မာတို့အဖွဲ့ကိုမတရားမှုတွေ ရင်ဆိုင်ပြီး အမှန်တရားပေါ်ပေါက်လာအောင် ကူညီဆောင်ရွက်ပေးပါ"

ကောင်းလီက လှိုက်လှဲစွာ ပြုံးပြလိုက်လေသည်။

သူ၏အပြုံးသည် ထင်းဖုံးတို့ သုံးယောက်၏ နှလုံးသားအား နွေးထွေး၍ အင်အားပြည့်ဖြိုးလာသလို ခံစားလိုက်ရတော့သည်။

❖

ညော့်ခန်း....

အလွန်ကြီးကျယ် ခမ်းနားသော ညော့်ခန်းတစ်ခု ဖြစ်လေသည်။

ညော့်ခန်းအတွင်း အလွန်တန်ဖိုးကြီးသော ရှေးဟောင်းပန်းချီများဖြင့် မွမ်းမံထားလေသည်။

ထိုညော့်ခန်း၏ခေါင်းရင်းတွင် အလွန်ခန့်ညားသော ပုံတူပန်းချီကားတစ်ခုကို ချိတ်ဆွဲထားလေသည်။

ထိုပန်းချီကားချပ်ထဲမှ လူကြီးမှာ အသက်ငါးဆယ်ကျော်ခြောက်ဆယ်ခန့်ရှိပြီး ဥပမိရုပ်အလွန်ခန့်ညားလှသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် သူ၏မျက်လုံးအစုံမှာ ကြည်လင်တောက်ပပြီး ထူအမ်းပြည့်ဖြိုးသော နှုတ်ခမ်းအစုံမှာစိတ်သဘောထားပြည့်ဝကြောင်း သိသာထင်ရှားပေသည်။

ဤပန်းချီကား၏ အောက်ခြေတွင် ကျင်းကျားရီဟုရေးသားထားလေသည်။

မှန်ပေသည်။

ဤပုံတူကားချပ်မှာ ကြယ်တံခွန်ဂိုဏ်း၏ ဂိုဏ်းချုပ်ကျင်းကျားရီပင် ဖြစ်လေသည်။

ထိုပန်းချီကားချပ်ကြီး၏ရှေ့တွင် ကျောက်စိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်က ရပ်နေလေသည်။

သူမ၏အမည်မှာ ကျူးရွှယ်ပင်ဖြစ်သည်။

သူမ၏လက်ထဲတွင် ကျောက်စိမ်းပလွေတစ်ချောင်း ကိုင်ထားပြီး အလွန်ကြေကွဲစရာကောင်းသော သံစဉ်တစ်ခုကို မှုတ်နေလေသည်။

ကျူးရွှယ်သည် အဘယ်ကြောင့် ဝမ်းနည်းကြေကွဲဖွယ်ရာပလွေသံစဉ်ကို တီးမှုတ်နေရပါသနည်း။

သူမ၏ခင်ပွန်းသည် ကျင်းကျားရီသည် မမျှော်လင့်ဘဲသေဆုံးသွားခဲ့သည်။

ထိုကိစ္စသည် ကြေကွဲဖွယ်ကောင်းသလို မရှင်းမလင်းဖြစ်ခဲ့သည်။



ကျင်းကျားရီအား အနီးကပ်စောင့်ရှောက်ခဲ့သော ကိုယ်ရံ...ော် လေးယောက်သည် တစ်စုံတစ်ယောက်၏ ပယောဂ...ကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ယူဆထားကြသည်။

ကျင်းကျားရီ၏ရာထူးကို ကျင်းကြိုးခက်က ဆက်ခံလိုက်...သောအခါ ကိုယ်ရံတော်များမှာ ကြယ်တံခွန်ဂိုဏ်းအား စွန့်...ခွာသွားခဲ့ကြလေသည်။

အမှတ်တစ် ကိုယ်ရံတော်ထင်းယုက ကျင်းကြိုးခက်အား ...တီထားဖို့ သူမအား မှာကြားသွားလေသည်။

မရှင်းမလင်း ဖြစ်ခဲ့ရသော ခင်ပွန်းသည် သေဆုံးသွား...သည့် ကိစ္စကြောင့် ကျူးရွှယ်မှာ ပူဆွေးသောက ရောက်ခဲ့ရ...သသည်။

ကြေကွဲဖွယ်ရာပလွေသံစဉ်ကို တီးမှုတ်ရင်း သူမ၏မျက်...န်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

တဖွဲဖွဲရွာသွန်းနေသော မိုးနှင့်အေးစိမ့်မှုက သူမ၏နှလုံး...ားမှ အပူအပင်ကို မငြိမ်းသတ်နိုင်ပါတကား။

❀

အပြင်ဘက်၌ မိုးသည်းသည်းသန်စွာ ရွာသွန်းနေဆဲပင်။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ကိုင်းများ ယိမ်းထိုးလှုပ်...ားနေပုံမှာ မကောင်းဆိုးဝါးများ ကခုန်နေသည်နှင့်တူ...ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အမှောင်ထုကို ချဉ်းနင်းကျော်ဖြတ်က
အမည်းရောင် လူရိပ်နှစ်ဆယ်ခန့်တို့က ကျောင်းကျွန်းရှိ၏ခြံဝ
ဆီသို့ ဦးတည်ပြေးလွှားနေလေသည်။

သူတို့၏လှုပ်ရှားမှုမှာ မြန်ဆန်လွန်းသဖြင့်တစ်ခဏအတွ
မှာပင်ခြံဝင်းအနီးသို့ ရောက်ရှိလာကြလေသည်။

ထို့နောက် လူတစ်ယောက်ရှေ့ဆုံးမှ ဦးဆောင်က
ခြံဝင်းတံခါးကို လွှားခနဲ့ကျော်၍ ဝင်ရောက်သွားလေသ

ကျန်လူများကလည်း သူ့နောက်မှ လိုက်ပါသွားကြ
သည်။

လေးယောက်မှာမူ ခြံဝင်းတံခါး ဘယ်ညာနှစ်ယော
စောင့်ကြပ် ကျန်ရစ်ခဲ့လေသည်။

ခြံဝင်းထဲသို့ ဝင်ရောက်သွားသော လူများမှာ ပလ္လေ
ကြားလိုက်သည်နှင့် ခြေလှမ်းတို့ ခနဲ့ရပ်သွား၏။

ထို့နောက် လူလေးယောက်က တစ်ယောက်မျက်
တစ်ယောက်ကြည့်ကာ ခေါင်းတစ်ချက်စီ ငြိမ့်တူညီတ်လိ
ကြပြီး ပလ္လေသံနှင့်အနီးဆုံးနေရာသို့ မှန်းဆကာ တိတ်တ
ချဉ်းကပ်သွားကြလေတော့သည်။

❖

ကျူးရွှယ်မှာ ပတ်ဝန်းကျင်တွင် ကျရောက်လာ
အန္တရာယ်ကို သတိမပြုမိပါချေ။

သူမက ပလ္လေကိုသာ အဆက်မပြတ် မှုတ်နေမိ၏။

"ဝှန်း ..."



ရုတ်တရက် ပြတင်းပေါက်တံခါးပွင့်သွားပြီးနောက် ရေ
နံများက ပြေးဝင်လာလေသည်။

ယင်းရေစက် ရေမှုန်များနှင့်အတူ အမည်းရောင်ဝတ်စုံ
တ်ဆင်ထားသောသူများက တစ်ယောက်ပြီး တစ်ယောက်
ဝင်ရောက်ရှိလာကြ၏။

ကျူးရွှယ်က ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားပြီး
တ်ချင်းပင် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"ဝှီ....ဝှီ....ဝှီ"

ရုတ်တရက် သူမ၏ပလ္လေထဲမှ အစိမ်းရောင်အလင်းတန်း
းက လွင့်ပျံ့လာကာ အမည်းရောင်ဝတ်စုံဝတ်ဆင်ထား
သာ လူငါးယောက်ထံသို့ တည့်မတ်စွာ လွင့်ပျံ့သွားလေ
သည်။

"သဘိလား....အဆိပ်အပ်"

အမည်းရောင် ဝတ်ဆင်ထားသော ခေါင်းဆောင် လူ၏
ာ်ဟစ်အမိန့်ပေးသံမဆုံးခင်မှာပင် ကျူးရွှယ်က ပြေးလွှား
ကြသော လူငါးယောက်ထံမှ စူးရှကျယ်လောင်သော
သံများ ထွက်ပေါ်လာပြီး လဲကျသွားလေတော့သည်။

ခေါင်းဆောင်ဖြစ်သူ၏ ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်သွား
သည်။

သူက ကျူးရွှယ်အား ပေါ့ပေါ့တန်တန် သဘောထားမိ
ကြောင်း သိရှိလိုက်မိသည်။

ထို့ကြောင့် သူက ကျူးရွှယ်ထံသို့ ဝင်ရောက်တိုက်ခိုက်
ာ်လေသည်။

www.burmeseclassic.com



ထိုလူ၏သိုင်းကွက်ကို တွေ့မြင်ရလျှင် အကင်းပါးသေ... ကျူးရှယ်က မည်သူမည်ဝါ ဖြစ်ကြောင်း ရိပ်မိသွား... သည်။

"ဟင်....သိမဏိငမ်းအင်းပါလား"

ကျူးရှယ်၏စကားသံကြောင့် ထိုလူကပျာကယာ နေ... သို့ ပြန်ဆုတ်လိုက်လေသည်။

ကျူးရှယ်သည် ပိုင်းရံထားကြသောအနက်ရောင်ဝတ်... နှာဖုံးစွပ်ထားသူများကို တအံ့တသြ ဝေ့ကြည့်လိုက်သည်...

"ကျွန်မမှာ ရန်သူမရှိခဲ့ဘူး၊ ရှင်တို့ လူကိုလာပြီး ရန်... ကြတာ၊ ကျောင်းကြီးခက်ရဲ့အမိန့်ကြောင့်ပဲဖြစ်မယ်၊ မျက်နှာ... စွပ်ပြီး ရုပ်ဖျက်မထားကြပါနဲ့တော့၊ ရှင်တို့ဘယ်သူဘယ်... ရကွဲဆိုတာ ကျွန်မသိနေပါပြီ"

ဤတွင်....

"စကားမရှည်နဲ့ အညံ့ခံလိုက်"

ခေါင်းစွပ်နက်တစ်ယောက်ကအော်ပြောကာကျူး... ထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ကျူးရှယ်လည်း ပလွေဖြင့် ချက်ချင်းခုခံပေးလိုက်လေ... ထိုလူ၏ဓားနှင့် ကျူးရှယ်၏ပလွေတို့ ပြင်းထန်စွာ ထိ... မိလိုက်လေသည်။

"ထန်း"

ကျယ်လောင်သောမြည်သံ ထွက်ပေါ်လာကာ ကျူး... ၏လက်ထဲမှ ပလွေလွတ်ကျသွားတော့သည်။



ထိုလူ အသာစီးရလိုက်သည်နှင့် ကျန်ခေါင်းစွပ်နက်များ က ကျူးရှယ်အား ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

"ကျွန်မအနားကို မကပ်နဲ့"

ကျူးရှယ်သည် အခန်းတွင်း၌ လှည့်ပတ်ရှောင်တိမ်းရင်း တွေ့သမျှပစ္စည်းများကောက်ယူကာ ပစ်ပေါက်ခုခံလိုက်လေ သည်။

ဝုန်းဝုန်းဒိုင်းဒိုင်းအသံများ ဆူညံစွာ ထွက်ပေါ်လာ၏။ ကျူးရှယ်တို့သားအမိအတွက် ကျောင်းကြီးခက် ချထား ပေးသော အစောင့်များ ရောက်လာကြခြင်းမရှိပါ။

ကျောင်းကြီးခက်ကိုယ်တိုင်က သူမအား ဖမ်းဆီးခိုင်းလိုက် ခြင်းဖြစ်ကြောင်း ပို၍သေချာသွားလေသည်။

ကြယ်တံခွန်ဂိုဏ်းချုပ်ကျောင်းစန်းဖုံးတို့ ဇနီးမောင်နှံ နှင့် ကျိုင်းကျူးရှံတို့အား အကောက်ကြံခဲ့သူဖြစ်၍သာ သူ့ အပေါ်လည်း အကောင်ကြံခြင်းဖြစ်ကြောင်း နားလည်လိုက် ၏။

ကျူးရှယ် ဒေါသူလာလေသည်။

"ကျောင်းကြီးခက်၊ ရှင် တော်တော်ယုတ်မာပါလား ထွက်လာခဲ့စမ်း"

ကျယ်လောင်စွာ အော်ပြောလိုက်သောအသံသည် နံရံ လေးလံကို ထွင်းဖောက်ထွက်ပေါ်လာလေသည်။

ကျောင်းကြီးခက်ကား ဟိုယ်တိုင်ရောက်မလာပါချေ။

"စကားမရှည်နဲ့၊ အဖမ်းခံလိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစွပ်နက်တစ်ယောက်က အောင်ဂေါက်ကာ ခုန်ဝင်လာ၏။

ဓားရှည်တစ်လက်ကို ဝှေ့ယမ်းကာ ကျူးရှယ်၏ရင်ဝကို ထိုးသွင်းလာသည်။

ကျူးရှယ် အံတင်းတင်းကြိတ်လိုက်လေသည်။

"ကျွန်မကို အသက်ရှင်လျက် ဘယ်တော့မှမရဘူး"

သူမသည် ရှောင်တိမ်းခြင်းမပြုဘဲ ထိုလူ၏ဓားဦးတည့်တည့်သို့ ရင်ကော့ကာ တိုးဝင်လိုက်လေသည်။

"ဟာ"

မမျှော်လင့်သောဖြစ်ရပ်ကြောင့် ဝတ်စုံနက် လွှတ်ခနဲ အော်လိုက်လေသည်။

သံမဏိဝမ်းအင်းဖြစ်ကြောင်း ကျူးရှယ် ရိပ်စားမိခဲ့သည့် ဝတ်စုံနက်ကလည်း ကပျာကယာ ရှေ့သို့ခုန်ဝင်လာသည်။

"ဓားလွှတ်လိုက်စမ်း"

ကျူးရှယ်အား တိုက်ခိုက်ခြင်းမပြုဘဲ သူ့လူ၏လက်ထဲမှ ဓားကို ရိုက်ချလိုက်လေသည်။

"ခြွမ်း"

ဓားရှည်မှာ ကြမ်းပြင်ပေါ် လွင့်စဉ်သွားသဖြင့် ကျူးရှယ် အသက်အန္တရာယ်မှ လွတ်မြောက်သွားလေတော့သည်။

"ဟား....ဟား....ဟား"

ကျူးရှယ်က တမင် ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။



"ဘယ်လိုလဲ၊ ကျွန်မကို မသတ်ရဲကြဘူးလား၊ ပြောကြစမ်းပါဦး"

ခေါင်းစွပ်နက်တစ်ယောက်က သူ၏ခေါင်းစွပ်ကို ဒေါသတကြီး ဆွဲဖြုတ်လိုက်လေသည်။

ကျူးရှယ် အသက်မသေရလေအောင် ဟန့်တားခဲ့သူဖြစ်သည်။

ထိုလူမှာ ကျူးရှယ် မျှော်လင့်ထားသည့်အတိုင်း သံမဏိဝမ်းအင်း ဖြစ်နေပါတော့သည်။

ဝမ်းအင်းက ဦးညွှတ်လိုက်သည်။

"သခင်မကို ထိတ်လန့်အောင်လုပ်မိခဲ့ရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

ကျူးရှယ် နှာခေါင်းရှုံ့လိုက်သည်။

"ကျွန်မကို တောင်းပန်စရာမလိုဘူး၊ ကျင်းကြူးခက် ဘယ်မှာလဲ"

"ဂိုဏ်းချုပ်ကြီး သီးသန့်အဆောင်ထဲမှာ ရှိနေပါတယ်"

"ကောင်းပြီ၊ သူ့ကိုသွားတွေ့မယ်၊ ဘာသဘောနဲ့ ခုလိုလုပ်ရတယ်ဆိုတာ ဖြေရှင်းရလိမ့်မယ်၊ သူ မဖြေရှင်းနိုင်ဘူးဆိုရင် ကျွန်မ ဒီမှာ ဆက်မနေနိုင်တော့ဘူး၊ မေဟွားတောင်ကို ပြန်ရလိမ့်မယ်"

ဝမ်းအင်း ကြံရာမရဖြစ်သွားလေသည်။

သို့သော် ကျူးရှယ်အား ဖမ်းဆီးခေါ်ဆောင်လာဖို့ ကျင်းကြူးခက်ကိုယ်တိုင် အမိန့်ပေးလိုက်သည်ဖြစ်ရကား....

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ ဂိုက်းချုပ်ကြီးနဲ့တွေ့ဖို့ သခင်မ လိုက်ခဲ့ပါ"

ဟူ၍ ဖိတ်ခေါ်လိုက်လေသည်။

ကျူးရှယ်သည် ချက်ချင်းလိုက်သွားရန် ဟန်ပြင်ပြီးမှ သတိဝင်လာခဲ့လေသည်။

ကျောင်းကြီးခက်သည် သူ၏မကောင်းသောလုပ်ရပ်များ ပေါ်ပေါက်လာ၍သာ သူမ ရှောင်တိမ်းသွားမည်ကို စိုးရိမ်ကာ ဖမ်းဆီးရန် သူ၏လူများ လွှတ်လိုက်ခြင်းဖြစ်ပေမည်။

သူမလိုက်သွားလျှင် ကျားခဲ့တွင်းသို့ ဆင်းသကဲ့သို့ ရှိနေမည်မဟုတ်ပါလား။

ကျောင်းကြီးခက်နှင့်တွေ့ ... သူမ ဘယ်သောအခါမှ လွတ်မြောက်နိုင်တော့မည် မဟုတ်ပါ။

အခွင့်အရေးရခိုက် ထွက်ပြေးရှောင်တိမ်းသွားခြင်းက အကောင်းဆုံးဖြစ်သည်ဟု ဆင်ခြင်လာမိလေတော့သည်။

ကျူးရှယ်က ထိတ်လန့်သွားသည်ကို မည်သူမျှမရိပ်မိအောင် ဣန္ဒြေဆည်လိုက်ပြီး အသံမာမာဖြင့် ပြောလိုက်ခဲ့လေသည်။

"ကောင်းပြီ၊ သွားကြမယ်"

သူမသည် ခြေသံပြင်းပြင်းနှင်းကာ ရှေ့မှ လှမ်းထွက်သွားလိုက်သည်။

ဝမ်းအင်းနှင့် သူ၏လူများ နောက်က လိုက်လာကြလေသည်။



ကျူးရှယ်သည် ခြေလှမ်း လေးငါးလှမ်းမျှလှမ်းလိုက်ပြီး ပြတင်းပေါက်အနီးသို့ ရောက်လာသည်နှင့်....

"ဟိတ်"

ဝြာသံပေးကာ ကပ်လျက်လိုက်ပါလာသော ဝမ်းအင်း၏လူတစ်ယောက်ကို ဘွန်းထုတ်လိုက်ပြီး ပြတင်းပေါက်တစ်ဆင့် အပြင်သို့ ခုန်ထွက်လိုက်လေသည်။

"ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ ကျူးရှယ်မှာ အပြင်ဘက်သို့ ရောက်သွားတော့သည်။

ဝမ်းအင်းမှာ မျက်လုံးပြူးသွားလေသည်။

"ဟော....ဟော....ဒါဘာလုပ်တာလဲ"

သူက အော်ပြောလိုက်သည့်တိုင် ကျူးရှယ်ကား ရပ်နားခြင်းမပြုဘဲ ရှေ့သို့ဆက်၍ ပြေးလွှားသွားတော့သည်။

"ဟာ....ထွက်ပြေးပြီ၊ မဖြစ်ဘူး...လိုက်ကြစမ်း"

ဝမ်းအင်းသည် သူ၏လူများကို အမိန့်ပေးရင်း သူကိုယ်တိုင်လည်း တစ်ဟုန်ထိုး ပြေးလိုက်သွားခဲ့လေတော့သည်။

ညဉ့်နက်ပြီဖြစ်ပါသည်။

မိုးစဲသွားပြီး ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ် ခြင်းကြောင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါတော့

ကျောင်းကြီးခက်သည်ကျောက်ပြားလမ်းပေါ်၌လက်နှစ်ဖ နောက်ပစ်ကာရင်လျှက် လဝန်းကို ငေးမောကြည့်နေ၏။

www.burmeseclassic.com



လဝန်းတွင် ကျူးရှယ်၏အရိပ်သဏ္ဌာန် ထင်ဟပ်နေခြင်း မရှိတော့ပါ။

ရုတ်တရက် သူနှင့်မလှမ်းမကမ်းသို့လူတစ်ယောက်ရောက်ရှိလာလေသည်။

ထိုလူမှာ ကျူးရှယ်အား သွားရောက်ဖမ်းဆီးခဲ့သော ဝမ်းအင်းဖြစ်၏။

ဝမ်းအင်းသည် ကျင်းကြိုးခက်ကို မဝံ့မရဲကြည့်လိုက်သည်။

ကျင်းကြိုးခက်က သူ့အား အမှုမထားပါ။

"ကျူးရှယ် ထွက်ပြေးသွားပြီမဟုတ်လား"

ထိုစကားကြောင့် ဝမ်းအင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

"ဟုတ်...ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

ကျင်းကြိုးခက်က ယခုမှ ဝမ်းအင်းကို မျက်မှောင်ကြုတ်က ကြည့်လာလေသည်။

"သူ လွတ်သွားလို့မဖြစ်ဘူး၊ သေသေချာချာ ဖမ်းခေါ်လာခဲ့ဖို့ ကျုပ်မှာလိုက်တယ်မဟုတ်လား"

"ကျုပ်ကလဲ ဂရုစိုက်ပြီး...."

ဝမ်းအင်းက ရှင်းပြရန်ကြိုးစားစဉ် ကျင်းကြိုးခက်ကကြားဘ် ပြောလိုက်လေသည်။

"ခင်ဗျား ဂရုစိုက်တယ်ဆိုရင် ကျူးရှယ် လွတ်သွားစရာကြောင်းရှိပါ့မလား"

ဝမ်းအင်း မျက်နှာပျက်ကာ ပါးစပ်ပိတ်ထားလိုက်လေသည်။



ကျင်းကြိုးခက် မဲ့ပြုံးပြုံးလိုက်သည်။

"ဒဏ္ဍာရီထဲက မြေမင်းသားကလဲ့ တကယ်ပဲ ပေါ်ပေါက်လာနေပြီ၊ ကျွန်းပိမြို့ကိုရောက်လာပြီး ကျုပ်ကိုဆုံးမမယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေတယ်၊ ဒီအချိန်မှာ ခင်ဗျားက ကျူးရှယ်ကိုတောင် ဖမ်းခေါ်မလာနိုင်ဘူးဆိုရင် ခင်ဗျားကို ဘယ်လိုလုပ်ပြီး အားကိုးရတော့မှာလဲ"

ဝမ်းအင်းမှာ အပြစ်တင်ခံလိုက်ရသဖြင့်ဒေါသထွက်သွားသည်။

"မိုးခဲ...,မင်းက ဂိုဏ်းချုပ်ကြီးတစ်ယောက်ဆိုပြီး ဘဝင်မြင့်မနေနဲ့စမ်းပါနဲ့၊ မင်းဟာ ငါ့လိုလို လမ်းဘေးက အခြေအနေမဲ့ ကြေးစားလူသတ်သမား ဖြစ်ခဲ့ဖူးတယ်ဆိုတာကိုမမေ့စမ်းပါနဲ့"

ခံပြင်းစွာ အော်ပြောလိုက်လေသည်။

ကျင်းကြိုးခက် မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ဟာ ဂိုဏ်းချုပ်တစ်ယောက် ဖြစ်နေပြီး ကျုပ်ရဲ့ ဘဝအကြောင်းသိတဲ့လူ လက်တစ်ဆုပ်စာလောက်ပဲ ရှိတော့တယ်၊ ဒီလူတွေမရှိတော့ရင် ကျုပ်အကြောင်းကို ဘယ်သူက သိနိုင်တော့မှာလဲ"

"မင်း....မင်း"

"ဝမ်းအင်း...ခင်ဗျားဟာ တစ်နေ့ ကျုပ်ကို ဒုက္ခပေးမယ့်လူပဲ၊ ဒါကြောင့် ခင်ဗျားကို ချမ်းသာပေးလို့မဖြစ်တော့ဘူး"

ကျင်းကြိုးခက်က စိုက်ကြည့်ရင်း ရှေ့တိုးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအင်း ယခုမှ ထိတ်လန့်သွား၏။

အခြေအနေမဟန်မှန်း ရိပ်မိလျှင် ငြာသံပေးကာ စတင်
ါက်ခိုက်ပေါ့ကလေသည်။

"ယား..."

ကျင်းကြုံးခက် မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား ဘာများတတ်နိုင်မှာလဲ"

သူ၏လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လျှင် စွန်ကုတ်လက်
ည်းသဏ္ဌာန် လက်ငါးချောင်းသည် ဝမ်းအင်း၏ရင်ဝဆီသို့
း၀င်သွားလေသည်။

ဝမ်းအင်း ထိတ်လန့်ကာ ရှောင်တိမ်းရန် ကြိုးစားလိုက်
သော်လည်း နောက်ကျသွားပြီဖြစ်သည်။

ကျင်းကြုံးခက်၏ ကြောက်မက်ဖွယ်ကောင်းသော ကုတ်ဆွဲ
ါက်ခိုက်မှုကြောင့်...

"အား..."

ဝမ်းအင်း စူးရှစွာ အော်ဟစ်လိုက်လေသည်။

သူ၏ရင်ဝ၌ သွေးခြင်းခြင်း နီရဲသွားကာ မြေပေါ်သို့
သက် ကျသွားလေသည်။

"သွားပေတော့"

ကျင်းကြုံးခက်က ဝမ်းအင်း၏ ဦးခေါင်းပေါ်သို့ လက်
ါးဖြင့် ရိုက်ချကာ အဓိက်ဇာတ်သိမ်းပေးလိုက်တော့သည်။

"အသက်ကိုရှင်း၍"

"ဘာဖြစ်တာလဲ...ဘာဖြစ်တာလဲ"

အော်ဟစ် မေးမြန်းသံများနှင့်အတူ ပြေးလွှားလာသော
ခြေသံများ ထွက်ပေါ်လာလေသည်။

ဟန်စန်း၊ ဝါးပင်နှင့် ဆင့်ကူးတို့ ပြေးလွှားရောက်ရှိလာ
ကြလေသည်။

အနီးသို့ ရောက်ရှိလာကြသောအခါ ကျင်းကြုံးခက်က
ထောင်မယှက်ရပ်နေပြီး ဝမ်းအင်းမှာ သွေးအိုင်ထဲ လဲကျကာ
အသက်ပျောက်နေကြသည်ကို တွေ့ရလျှင် နား မလည်နိုင်
အောင် ဖြစ်သွားကြလေသည်။

"ဂိုဏ်းချုပ်ကြီး...ဘယ်လိုဖြစ်တာလဲ"

ဟန်စန်းက လွတ်ခနဲ မေးလိုက်လေသည်။

ကျင်းကြုံးခက် ပခုံးတွန့်လိုက်လေသည်။

"ဒီမြွမင်းသားဟာ ကျုပ်နွယ်ကိုလာပြီး ကယ်လိုမှ
ယ်ဆိုတဲ့ သတင်းကြောင့် ကျုပ်က သူ့ကို ကျုပ်ရွယ်ဆီကို
လွှတ်လိုက်တယ်၊ သူဟာ မြွမင်းသားနဲ့ တွေ့သွားပုံရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟန်စန်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

''မြေမင်းသား ဘယ်မှာလဲ''

''ကျူးရှယ်ကိုခေါ်ပြီး ထွက်ပြေးသွားပြီ''

ကျင်းကြူးခက်က မှင်သေသေဖြင့် ပြောလိုက်သည်။

ဟန်စန်းတို့ မကျေနပ်ဖြစ်သွားကြလေသည်။

''ကျုပ်တို့ လိုက်သွားမယ်''

ကျင်းကြူးခက် ဟန့်တားလိုက်သည်။

''နေဦး၊ ကျူးရှယ်က ဝေးဝေး မပြေးနိုင်ပါဘူး''

ဟန်စန်းတို့က ကျင်းကြူးခက်ကို လှည့်ကြည့်လိုက်စဉ်မှာပင် မလှမ်းမကမ်းမှ ကလေးငိုသံ ထွက်ပေါ်လာ၏။

ကျူးရှယ်၏သမီး ကျင်းကျင်းငိုသံ ဖြစ်ပါသည်။

ကျင်းကြူးခက်၏ မျက်နှာပေါ်၌ ဟန်အမူအရာ ကင်းမဲ့နေသည်။

''ကျူးရှယ် ပြန်လာပါလိမ့်မယ်၊ အင်း....ကျုပ်အထင်ကို ပြောရရင် မြေမင်းသားပါ ပါလာလိမ့်မယ်''

ထိုစဉ်....

''လူယုတ်မာ''

ဒေါသတကြီး အော်ဟစ်သံနှင့်အတူ ကျူးရှယ်က အမှောင်ရိပ်ထဲမှ ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။



ကျူးရှယ်မှာ ဒေါသထွက်ကာ မျက်နှာနီရဲနေလေသည်။

ထင်းယုပြောခြင်းက ဇဝေဇဝါဖြစ်ခဲ့သော်လည်း ယခုအချိန်တွင် ကျင်းကျားရှီအား အကောက်ကြံကာ သတ်ပစ်လိုက်သူမှာ ကျင်းကြူးခက်ဖြစ်ကြောင်း ယုံကြည်လာပြီ ဖြစ်လေသည်။

''လူယုတ်မာ''

ကျူးရှယ်က ကျင်းကြူးခက်အား တိုက်ခိုက်ရန် ကြိုးစားလိုက်၏။

ကျင်းကြူးခက် မဲ့ပြုံးပြုံးလိုက်သည်။

''မင်း ဘာကြောင့် ဒီလောက်တောင် ဒေါသကြီးနေရတာလဲ၊ ကျင်းကျင်းလေးကိုတောင် မငဲ့ညှာတော့ဘူးလား''

''ဟင်''

သမီးငယ်ကျင်းကျင်းမှာ ကျင်းကြူးခက်၏ လက်ထဲ ရှိနေကြောင်းဆင်ခြင်မိပြီး ကျူးရှယ် ငိုင်ကျသွား၏။

တိုက်ခိုက်ရန် မကြိုးစားဝံ့အောင် ဖြစ်သွားလေတော့သည်။

ကျင်းကြူးခက် ရယ်မောလိုက်သည်။

''မင်း ဒီက ထွက်သွားချင်တယ်ဆိုရင် ကျင်းကျင်းကိုပါ ခေါ်သွားမှဖြစ်မှာပေါ့၊ သူ့ကို မင်းမခွဲနိုင်ဘူး မဟုတ်လား''

''ရှင်....ရှင်''

ကျူးရှယ် ဘာမှမတတ်သာဘဲ အရှုံးပေးလိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြီးခက်ကား အလွန် သဘောကောင်းသူတစ်ယောက်၏အသွင်မျိုး ရှိနေပါ၏။

"ကဲ...ခင်ဗျားပဲ ကျောင်းကျောင်းကို သွားခေါ်ပေးလိုက်ပါ"

သွေးအေးဟန်စန်းဘက်သို့လှည့်ကာ ပြောလိုက်ရာ ဟန်စန်းက ချက်ချင်းပြေးထွက်သွားလေသည်။

ကျူးရှယ်ကား မှင်တက်မိသလိုရှိနေ၏။

ဟန်စန်းခေါ်လာမည့် သမီးငယ်ကျောင်းကျောင်းအား စောင့်မျှော်နေလိုက်မိလေတော့သည်။

❖

ဟန်စန်းသည် ကျောင်းကျောင်းထံသို့ ခပ်သွက်သွက် ထွက်သွားလေသည်။

သို့သော် အချိန်များသာ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ ဟန်စန်းရော ကျောင်းကျောင်းပါ ပေါ်မလာချေ။

ကျူးရှယ် စိတ်ပူလာလေသည်။

ကျောင်းကြီးခက်လည်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဟန်စန်း ဘာကြောင့် ဒီလောက်ကြာနေရတာလဲ"

စိတ်ထဲမှတွေးရင်း လူသန်ကြီးဝါးပင်ဘက်သို့ လှည့်လိုက်သည်။

"ဝါးပင် ခင်ဗျား လိုက်သွားစမ်းပါ"

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"



ဝါးပင်က ချက်ချင်းပြေးထွက်သွားလေသည်။

ကျောက်ပြားခင်းထားသော လမ်းအတိုင်း ပြေးသွားကာ သစ်ပင်ပန်းပင်များကို ချိုးကွေ့၍ မြင်ကွင်းမှပျောက်သွား၏။

ဟန်စန်းအား စိတ်မချရသဖြင့် ဝါးပင်ကို လွှတ်လိုက်ခြင်းကြောင့် စိတ်ချရပြီဟု ထင်မှတ်နေကြစဉ်မှာပင်....

"ဝုန်း"

မလှမ်းမကမ်းမှနေ၍ အလွန်လေးလံသောအရာဝတ္ထုတစ်ခု မြေပေါ်သို့ပြိုကျသွားသည့်အသံကို အတိုင်းသားကြားလိုက်ရလေသည်။

လူသန်ကြီးဝါးပင်၏ ခြေသံလည်း ပျောက်ကွယ်သွား [illegible]

ထို့နောက် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားတော့၏။

ကျောင်းကြီးခက် မျက်နှာပျက်သွားလေသည်။

"မြွေမင်းသား ခင်ဗျားရောက်နေမှတော့ ဘာကြောင့် ထွက်မလာရသေးတာလဲ"

ဟူ၍ အော်ပြောလိုက်လေသည်။

❖

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသော ညဉ့်ယံဟွင် ကျင်းကြုံးခက်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မှရွေးမနှောင်းမှာပင် အမှောင်ထုထဲမှ ရယ်မောသံတစ်ချက် ထွက်ပေါ်လာလေသည်။

ရယ်သံသည် မြေတွန်သံအလား ထင်မှတ်ရသဖြင့် ကျွန်ုပ်နက်ဆင့်ကူး၏ကျောရိုးတစ်လျှောက်အေးစိမ့်သွားလေသည်။

ကျူးရှယ် ဝမ်းသာသွားသည်။

မကောင်းသူပယ် ကောင်းသူကယ်သည့် မြေမင်းသားဟူသည် သိုင်းလောကဥ္စရှိနေသည်မှာ ဒဏ္ဍာရီမဟုတ်ဘဲ အမှန်စင်စစ်ဖြစ်သည်ဟု ယုံကြည်လိုက်၏။

''မြေမင်းသား၊ ကျွန်မတို့သားအမိကို ကူညီပါရှင်''

ကပျာကယာ အော်ပြောလိုက်လေသည်။

ကျင်းကြုံးခက်က ဒေါသထွက်သွားလေသည်။

''မြေမင်းသား၊ ခင်ဗျားဟာ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ လူတစ်ယောက်ပါ၊ ဘာကြောင့် ခိုးကြောင်ခိုးဝှက် လုပ်နေရတာလဲ''

သူ၏စကားသံနှင့် မရွေးမနှောင်းမှာပင်....

''ရှီး''

မြေတွန်သံတစ်ချက် ထွက်ပေါ်လာကာ ခပ်မည်းမည်း အရာဝတ္ထုတစ်ခု ရိပ်ခနဲ ပစ်လွှင့်လာလေသည်။



ကျင်းကြုံးခက် ကပျာကယာ လက်ဝှေ့ယမ်းလိုက်လျှင် ထိုအရာဝတ္ထုသည် လွင့်ထွက်သွားပြီး နံဘေး၌ရပ်နေသော ဆင့်ကူးထံသို့ ရောက်ရှိသွားလေသည်။

''ဟာ''

ဆင့်ကူး အထိတ်တလန့်အော်ကာ ရှောင်တိမ်းရန် ကြိုးစားလိုက်ပါသော်လည်း နောက်ကျသွားပြီဖြစ်ပါသည်။

ထိုအရာဝတ္ထုသည် ဆင့်ကူး၏လည်ပင်း၌ ရစ်ပတ်ထားလိုက်သကဲ့သို့ ဖြစ်သွားလေသည်။

ကျင်းကြုံးခက် သေသေချာချာ ကြည့်လိုက်သောအခါ အဆိပ်ပြင်းလှသည့် မြွေတစ်ကောင်ဖြစ်နေသည်ကို တွေ့ရ၏။

ထိုမြွေသည် ဆင့်ကူး၏လည်ပင်း၌ ရစ်ပတ်မိသည်နှင့် ဒေါသတကြီး ကိုက်ခဲလိုက်လေသည်။

''အား''

ဆင့်ကူး အသံနက်ကြီးဖြင့်အော်ဟစ်ကာ မြေပေါ် တုံးခနဲ လဲကျသွားလေတော့သည်။

သူ၏လည်ပင်း၌ ရစ်ပတ်နေသောမြွေသည်လည်း ပန်းပင်များကြားသို့ လျှောခနဲတိုးဝင်သွားကာ မြင်ကွင်းမှ ဘွယ်ပျောက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကြုံးခက် ပင့်သက်ရှိုက်လိုက်သည်။

အသက်ပြင်းပြင်းရှူရှိုက်ကာ စိတ်ကို တည်ငြိမ်အောင် ထားလိုက်သည်။

ကြောက်မက်ဖွယ်ကောင်းသည့်ရန်သူနှင့် ရင်ဆိုင်ရသော အခါ စိတ်တည်ငြိမ်နေမှဖြစ်မည်ဟု ငယ်စဉ်ကပင် နားလည် ထားခဲ့သည်မဟုတ်ပါလား။

"ကျင်းကြုံးခက်၊ ခင်ဗျားဟာ ကျေးဇူးရှင် မွေးစား မိဘတွေကို လုပ်ကြံခဲ့တဲ့အပြင် ကျင်းကျားရီကိုလဲ လုပ်ကြံခဲ့ တယ်၊ ခင်ဗျားရဲ့အပြစ်တွေကို ဒီကနေ့ညပေးဆပ်ရလိမ့်မယ်"

ကြည်လင်ပြတ်သားသောစကားသံက အမှောင်ထုထဲမှ ထွက်ပေါ်လာသည်။

"ဟား....ဟား....ဟား"

ကျင်းကြုံးခက် ဟားတိုက်ရယ်မောလိုက်လေသည်။

"မြေမင်းသားက ကျုပ်အကြောင်းတွေ သိနေတာကိုး၊ ခင်ဗျားပြောတာ အမှန်ပဲ၊ ကျုပ်ဘဝတိုးတက်အောင်မြင်ဖို့ ခလုတ်ကန်သင်းတွေကို ရှင်းပစ်လိုက်တာပဲ"

မြေမင်းသား၏အသံ ထွက်ပေါ်လာပြန်သည်။

"မင်းရဲ့အပြစ်တွေကို ဘယ်လိုမှ ခွင့်လွှတ်စရာမရှိဘူး"

"ဒါဖြင့် ခင်ဗျား ဘာကြောင့် ထွက်မလာသေးတာလဲ"



"ခင်ဗျားရဲ့ ရက်စက်ယုတ်မာမှုတွေအားလုံး သိသွားစေ ချင်သေးလို့ပေါ့၊ ကျင်းကျင်းကိုဖမ်းထားပြီး သခင်မကျူးရှယ် ကို ခြိမ်းခြောက်သိမ်းပိုက်ဖို့ ကြံစည်ခဲ့တာကိုရော မငြင်း ချင်သေးသလား"

ကျင်းကြုံးခက် ဟားတိုက်ရယ်မောလိုက်သည်။

"ကျူးရှယ်ကိုရဖို့ ကျုပ်ဘာမဆိုလုပ်ရမှာပဲ"

ရုတ်တရက် အရပ်လေးမျက်နှာတွင် မီးရောင်များထွက် ပေါ်လာကာ ဝန်းကျင်တစ်ခုလုံး ထိန်ထိန်လင်းသွားလေ သည်။

မီးတုတ်များ ကိုင်ဆောင်ထားသော ကြယ်တံခွန်ဂိုဏ်း သားများ ထွက်ပေါ်လာကာ မလှမ်းမကမ်းမှနေ၍ အထပ် ထပ် ဝိုင်းရံထားလိုက်ကြလေသည်။

ကြယ်တံခွန်ဂိုဏ်းသားများအား ဦးဆောင်လာသူမှာ ထင်းဖုံး ဖြစ်ပါတော့သည်။

ကျင်းကြုံးခက်၏ စကားများကို ထင်းဖုံး အပါအဝင် ကြယ်တံခွန်ဂိုဏ်းသားအားလုံး ကြားခဲ့ရပြီဖြစ်သည်။

ကျင်းကြုံးခက်၏ လုပ်ရပ်များအတွက် သက်သေ အထောက်အထား မလိုတော့ပါ။

ကျင်းကြုံးခက်က ကြယ်တံခွန်ဂိုဏ်းသားများအား တစ် ချက် ဝေ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အသီးကျန်ဆန်သွားပြီး လမ်းဒပေါ်သို့ ပြန်လည်ရောက်ရှိသွားသည့်ဟူသော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

ထင်းဖုံးက အော်ပြောလိုက်သည်။

"ကျောင်းကြီးခက် မင်းရဲ့အပြစ်တွေကို ဘယ်လိုမှ ဖုံးကွယ်လို့ မရတော့ဘူး"

ကျောင်းကြီးခက်က ထင်းဖုံးအား အမှုမထားပါ။

"မြေမင်းသား မင်းထွက်မလာသေးဘူးလား"

သူ့အား အစောင့်အယှက်ပေးနေသည့် မြေမင်းသားကို စိန်ခေါ်လိုက်လေသည်။

သူ၏စိန်ခေါ်သံအဆုံးတွင် မလှမ်းမကမ်းရှိ ပန်းပင်များ လှုပ်ယမ်းသွားပြီး လူရွယ်တစ်ယောက်လှမ်းထွက်လာ၏။

မြေမင်းသား ကောင်းလီ ကိုယ်ထင်ပြလာပြီဖြစ်လေသည်။

❁

ကျောင်းကြီးခက်မှာ ရည်ရွယ်ချက် ကြီးမားစွာဖြင့် သိုင်းပညာကို ကြိုးစားလေ့ကျင့်ခဲ့သောကြောင့် ထိပ်တန်းသိုင်းပညာရပ်များ တတ်မြောက်နေပြီ ဖြစ်ပါသည်။



ကြယ်တံခွန်ဂိုဏ်းသားများသည် ကျောင်းကြီးခက်အားယှဉ်နိုင်ကြလိမ့်မည် မဟုတ်ပါချေ။

ထို့အတွက်ကြောင့် မြေမင်းသား(ဝါ)ကောင်းလီကိုယ်တိုင် ထွက်လာခဲ့ရခြင်း ဖြစ်ပါတော့သည်။

ကျောင်းကြီးခက်ကသည်း မြေမင်းသား ကောင်းလီကိုသာ ဆုံးမနိုင်မည်ဆိုလျှင် ကြယ်တံခွန်ဂိုဏ်းသားများကိုသာမက သိုင်းလောကသားများကိုပင် အမှုထားစရာမလိုဟုတွေးကာ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ကောင်းလီနှင့်ကျောင်းကြီးခက်တို့ မျက်နှာချင်းဆိုင်မိလိုက်ကြသော် ကျူးရွယ်က ဘပျာကယာ နောက်ဆုတ်လိုက်လေသည်။

ကောင်းလီက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"ကျောင်းကြီးခက် မင်းရဲ့အပြစ်တွေ ကြီးမားလွန်းတယ်"

ကျောင်းကြီးခက် ပြုံးလိုက်သည်။

"ကိစ္စမရှိဘူး၊ ခင်ဗျားသာ ကျုပ်ကိုမရှုံးအောင် ဂရုစိုက်ပါ၊ ကျုပ်က ချမ်းသာပေးမှာ မဟုတ်ဘူးဆိုတာ ကြိုတင်ပြောထားပါရစေ"

ကောင်းလီ သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ နောက်ဆုံးအချိန်အထိ မိုက်တွင်းနက်နေဦးမယ့် လူစားမျိုးပဲ၊ ကဲ....သတိထားပေတော့"

သူ၏လက်နှစ်ဖက်ကို မြွေနှစ်ကောင် ပါးပျဉ်းထောင်သည့် အသွင်သဏ္ဌာန်ပြုလုပ်ကာ စတင်တိုက်ခိုက်လိုက်လေသည်။

ကျင်းကြီးခက်ကလည်း ထိပ်တန်း သိုင်းပညာရပ်များ အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာသည်။

လျှမ်းလျှမ်းတောက် ကျော်ကြားသော မြွေမင်းသား ကောင်းလီသည် ကျင်းကြီးခက်အား ဆုံးမနိုင်လိမ့်မည်ဟု အားလုံး ယုံကြည်မျှော်လင့်ထားကြလေသည်။

သို့သော် တကယ်တမ်း ရင်ဆိုင်ကြသောအခါ ကျင်းကြီးခက်၏ ဘိုက်ကွက်များမှာ ပို၍ကြောက်မက်ဖွယ်ကောင်းနေပြီး တခဏ်အချိန်လေးအတွင်းမှာပင် အထက်စီးရယူသွားခဲ့လေသည်။



ကျင်းကြီးခက်သည် တိုက်ခိုက်ရန်သက်သက် မွေးထားသော သူ တစ်ယောက်ပမာ ရှိနေသည် မဟုတ်ပါလား။

လူရွယ်မှာ မြွေမင်းသားအတွက် စိုးရိမ်လာလေတော့သည်။

"ဝုန်း...."

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ကျင်းကြီးခက်၏လက်ချက်မိသွားသော မြွေမင်းသား အယိုးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရလေ၏။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်လိုက်ကြပြီးနော များမကြာမီ မြွေမင်းသားအဲရေးနိမ့်လာခြင်း ဖြစ်လေသည်။

မြွေမင်းသား ကောင်းလီသည် နှုတ်ခမ်းထောင့်မှစီး လာသော သွေးများကိုသုတ်လိုက်ပြီး ချက်ချင်းရှေ့တိုး ရင်ဆိုင်လိုက်ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျင်းကြီးခက်၏နေရာ၌ အခြားတစ်ယောက်ဆိုပါလျှင် ကောင်းလီ အနိုင်ရသွားမည် ဖြစ်ပါသည်။

ကျင်းကြီးခက်ကား ထိပ်တန်းဝါရင့်သိုင်းသမားကြီးများ တကာပင် တိုက်ရေးခိုက်ရေး၌ သာနေသည်ဟုဆိုနိုင်၏။

သူ၏ ကောက်ကျစ်စဉ်းလဲသောညာဉ် ရက်စက်ကြမ်းကြုတ်သော စိတ်ထားတို့ဖြင့် ပေါင်းစပ်ကာ ညာဏ်နီညာဏ်နက် အမျိုးမျိုးထွင်၍ ကြမ်းတမ်းစွာ တိုက်ခိုက်ခြင်းမျိုးကိုတော်ရုံ တန်ရုံလူ ခံနိုင်ကြမည် မဟုတ်ပါချေ။

မြွေမင်းသားသည်ပင် ကျင်းကြီးခက်၏ထောင်ချောက်ထဲသို့ မကြာခဏ ကျရောက်သွားကာ အရှုံးနိမ့်နေရခြင်းဖြစ်ပါတော့သည်။

"ယား"

ကျယ်လောင်သော ဖြာသံပေးသံများ ထွက်ပေါ်လာသည်။

ကျင်းကြီးခက်နှင့် ကောင်းလီတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြန်သည်။

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ကောင်းလီ ယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရ၏။

ကျင်းကြီးခက်၏ ကောက်ကျစ်သော သိုင်းကွက်များကို ည့်သို့မျှ မယှဉ်နိုင်အောင် ဖြစ်နေသည်။



သို့သော် သူက အသက်သေဆုံးသွားရမည့်တိုင်ကျင်းကြီးခက်အား ဟန့်တားဖို့ ကြိုးစားသွားမည်သာ ဖြစ်လေသည်။

"ဟား....ဟား....ဟား"

ကျင်းကြီးခက်က ဟားတိုက် ရယ်မောလိုက်လေသည်။

"မြွေမင်းသား....မင်း သေဖို့သာ ပြင်ထား"

ကြိုးဝါးရင်း ရှေ့တိုးသွားကာ ဒယီးဒယိုင်ဖြစ်နေသည့် ကောင်းလီအား လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

ကောင်းလီက ခုခံရန်ဟန်ပြင်လိုက်သော်လည်း မဟန်နိုင်တော့ပါ။

ကျင်းကြီးခက်၏ လက်ချက်ဖြင့် အသက်ဆုံးရဲတော့မည့် အချိန်လေးမှာပင်....

"လူယုတ်မာ....သေပေတော့"

အော်ဟစ်သံနှင့်အတူ လူရိပ်တစ်ခုက လျှပ်တစ်ပြက် ခုန်ဝင်လာကာ ဓားဖြင့်ထိုးသွင်းလိုက်လေသည်။

ကျင်းကြီးခက် မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကို ဒီလို အလစ်တိုက်ခိုက်လို့ရမယ်မျှား ထင်နေသလား"

ချာခနဲလှည့်ကာ လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အား ခုန်ဝင်တိုက်ခိုက်လာသူကို တွေ့လိုက်ရသောအခါ ရိုက်ချတော့မည့် သူ၏လက်ဝါးသည် လေထဲ၌ ရပ်တန့်သွားလေသည်။

သူ့အား တိုက်ခိုက်လာသူမှာ ကျူးရှယ်ဖြစ်ပါသည်။

ကျင်းကြုံးခက်က လက်ဝါးဖြင့်ဆက်၍ ရိုက်ချလိုက်မည်ဆိုပါလျှင် ကျူးရှယ် သေဆုံးသွားရမည်ဖြစ်ပါသည်။

ကျူးရှယ် ထိခိုက်မိမည်ကို စိုးရိမ်ကာ ကျင်းကြုံးခက်က လက်ဝါးကို အချိန်မီရပ်တန့်လိုက်သော်လည်း ကျူးရှယ်ကမူ ဓားဖြင့် ထိုးသွင်းတိုက်ခိုက်လိုက်လေသည်။

သူမ၏ဓားသည် ကျင်းကြုံးခက်၏ရင်ဝကို တည့်မတ်စွာ ဝိုးဖောက်စိုက်ဝင်သွားလေတော့သည်။

"အင့်"

ကျင်းကြုံးခက်သည် မသဲမကွဲညည်းညူရင်း မြေပေါ်သို့ ပြိုကျသွားလေသည်။

ကျူးရှယ် ကြောင်အမ်းအမ်းဖြစ်နေသည်။

ကျင်းကြုံးခက်၏ လုပ်ရပ်ကို နားမလည်နိုင်အောင် ဖြစ်၏။

ကျင်းကြုံးခက်သည် မြေပေါ်သို့ ခွေခွေကလေး လဲကျသည့်တိုင် သူမကို အားယူကာ ပြုံးပြလိုက်၏။

ထို့နောက် မလှုပ်မယှက် ငြိမ်သက်သွားလေတော့သည်။



ကျင်းကြုံးခက် အမိုက်ဇာတ် သိမ်းသွားပြီးနောက် ကျူးရှယ်သည် သမီးလေးကျင်းကျော်အားခေါ်ဆောင်ကာ မေဟွားတောင်သို့ ပြန်သွားလေသည်။

ယင်းဖုံး ဦးဆောင်သော သွေးသောက်များက ကြယ်တံခွန်ဂိုဏ်းကို ဦးစီးပြီး သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်ရင်း ကြယ်တံခွန်ဂိုဏ်း၏ ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြလေသည်။

အများအကျိုးအတွက် မည်သည့် အကျိုးကျေးဇူးကိုမျှ မျှော်လင့်ခြင်းမရှိ အသက်စွန့်ကူညီတတ်သော မြေခင်းသားမှာမူ....

ရှေးဟောင်းရဲတိုက်ကြီး အတွင်းမှ ထိုင်ခုံကြီးတစ်လုံး၌ ကောင်းလီက မလှုပ်မယှက်ထိုင်နေ၏။

သူ၏ မျက်လုံးများကို တစ်ဝက်ဖွင့်ထားသဖြင့် ဟာလာ ဟင်းလင်း ဖွင့်ထားသော ရဲတိုက်တံခါးမကြီးမှ တစ်ဆင့် အပြင်သို့ ငေးကြည့်နေသည်ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကောင်းလီက အသက်မှန်မှန်ရှူရှိုက်ရင်း အိပ်ပျော်နေခြင်းဖြစ်သည်။

အချို့လူများသည် အိပ်စက်ခနချိန်၌ပင် မျက်လုံးဖွင့်နေတတ်သည်မဟုတ်လား။

မြွေများသည်လည်း လှုပ်ရှားသွားလာနေသည် ဖြစ်စေ၊ အိပ်စက် အနားယူသည် ဖြစ်စေ မျက်လုံးပွင့်နေတတ်ပါတော့သည်။

ကောင်းလီသည် မြွေရဲတိုက်သို့ ပြန်လည်ရောက်ရှိနေပြီ ဖြစ်သည်။

ကျွင်းကြီးခက်၏ လက်ချက်ကြောင့် ရရှိခဲ့သည့် ဒဏ်ရာများကို ကုစားရင်း သူ့ထံလာရောက်၍အကူအညီတောင်းသူ တစ်ယောက်ယောက် ရောက်လာမည့်အချိန်ကို စောင့်မျှော်နေလိုက်လေတော့သည်။

( ပြီးပါပြီ )

www.burmeseclassic.com